www.burmeseclassic.com

# မင်းဖြတ်သူရ



ကျောင်းတောင်နှင့်ဓေဗြကြီး

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# မင်းမြတ်သူရ

## ကောင်းကင်နှင့်မြေကြီး

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၁၄၀၆၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၈၀၈၀၇၀၇

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၃၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

# မင်းမြတ်သူရ

## ကောင်းကင်နှင့်မြေကြီး



မောင်ကျော်လှိုင်–စေတနာစာပေ

မှ

စီစဉ်ထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com

## မင်းမြတ်သူရ၏
## ဒုတိယအကြိမ်ထွက်ပြီးစာအုပ်များ

၁။ ဥမ္မာစောင့်မလေးမြနှင်းဆီ

၂။ ပန်းကိုးပွင့်ခေဝီ

၃။ သုခိုယာစနှာဂိုဏ်း

၄။ ပုလဲခင်

၅။ မနော်သုခရွှေအိုး

၆။ ထမင်းဆီဆမ်းရွှေလင်ပန်း

၇။ ခုနစ်စင်ကြယ်တား



BURMESE CLASSIC .com

## ရုပ်ရှင်၊ ဗွီစီဒီ၊ ဗီဒီယိုရိုက်ကူးသော စာအုပ်များ

၁။ ဆားပုလင်းမင်းအောင်နှင့် ပုလဲခင်
၂။ ဆားပုလင်းမင်းအောင်နှင့် ခုနစ်စင်ကြယ်တား
၃။ ဆားပုလင်းမင်းအောင်နှင့် နေမင်းဆီသမီးတော်
၄။ ဆားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး မြူဝေပြီး
၅။ ဆားပုလင်းမင်းအောင်နှင့် ဘက်တုရင် လူမရှေဘူး
၆။ ဆားပုလင်းမင်းအောင်နှင့် မိုးနတ်သုဂေရှာပုံတော်
၇။ ဆားပုလင်းမင်းအောင်နှင့် အချိုးသားကောင်းမောင်မွှင့်ကောင်း
၈။ ပွဲကျောင်းသားမိုးကောင်း
၉။ ရွှေကျိုးညီနှင့် တန့်နီရှင်
၁၀။ မိုးမခရောနှာသိုက်
၁၁။ မြေဖိတ်တောင်နတ်မင်း
၁၂။ ဂူမွှာဆံတစ်ထောင်
၁၃။ ရေလယ်ခေါင်ဘောင်ထွန်း နတ်သမီးနေတဲ့ကျွန်း
၁၄။ ဆားပုလင်းမင်းအောင်နှင့် တာနေယကျ
၁၅။ လင်းနို့တောင်ကျိန်စာ
၁၆။ ဗီဝိုးရွှေလိုဏ်ဂူ
၁၇။ ဆားပုလင်းမင်းအောင်နှင့် သဝင်မြိုင်
၁၈။ လနတ်သမီး
၁၉။ ခေါင်းမင်းရာဇာ
၂၀။ နေနဲ့လနှစ်ပါးဆိုင်
၂၁။ မောင်နံ့ခုနစ်ဖော်
၂၂။ ပျောက်သောသူ ရှာလျှင်တွေ့

www.burmeseclassic.com

www.burmeseclassic.com




၂၃။ မိုးကြိုးတံခွန်

၂၄။ ပဒုလက်မောင်နှမ

၂၅။ ရွှေဖြစ်ငွေဖြစ်မပိန်ချပ်

၂၆။ ပဒုမပြောက်မိုးနတ်မယ်

၂၇။ နတ်သမီးနှင့် ရွှေခေါင်းလောင်း

၂၈။ လိုတရ ကံကြီးရှင်

၂၉။ ဥက္ကာတော့မလေး မြနှင်းဆီ

၃၀။ တိမ်ကြားမင်းခေါင်

၃၁။ တစ်ကျွန်းမြင် ဘိုးမှန်

၃၂။ ယက္ခညီနောင်

၃၃။ ပန်းကိုးပွင့်ဒေဝီ

၃၄။ ဆောင်ပင်လယ်ရွာစား

၃၅။ လေးကျွန်းမောင်ကြီး

၃၆။ နေမင်းစေတမန်

၃၇။ ရစေလ လှိုင်လေ ဒိုတရွှေ

၃၈။ မျိုးတိုင်းကြိုက်တဲ့ နှင်းဆီနိုင်

၃၉။ သုရိယစန္ဒာဂိုဏ်း

၄၀။ မြေမြှုပ်ရှင်မ

၄၁။ မြင်းရည်တက်သူရဲကောင်း

၄၂။ ပတ္တမြားဆန်ကျိုး ဆေးမိုးပြည်တန်

၄၃။ စကြာရှင်

၄၄။ မော်တန်ခိုးရှင်မ


## မင်းမြတ်သူရ၏ ရုပ်ပြထွက်ပြီးစာအုပ်များ


၁။ ဆားပုလင်းမင်းအောင်နှင့် ဥက္ကာတော့မလေးမြနှင်းဆီ

၂။ ဆားပုလင်းမင်းအောင်နှင့် ပန်းကိုးပွင့်

၃။ ဆားပုလင်းမင်းအောင်နှင့် ပုလဲခင်

၄။ ဆားပုလင်းမင်းအောင်နှင့် ဓနောသုခရွှေအိုး

၅။ ဆားပုလင်းမင်းအောင်နှင့် နေဝင်းချိုသင်းတော်

၆။ ဆားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး ရွာစေပြီ

၇။ ဆားပုလင်းမင်းအောင်နှင့် ဘက်တူရင် လူမရှုံးဘူး

၈။ ဆားပုလင်းမင်းအောင်နှင့် မိုးနတ်သူဇာရှာပုံတော်

၉။ ဆားပုလင်းမင်းအောင်နှင့် အမျိုးကောင်းသားမောင်ပွင့်ကောင်း

၁၀။ တစ်ကျွန်းမြင်ဘိုးမှန်

၁၁။ ပြည်တော်မြင်

၁၂။ ကြာပန်းသုံးနိုင် တံဆိပ်တော်

၁၃။ ပွဲကျောင်းသား မိုးကောင်း

၁၄။ နဝမပြောက်ကျမ်းစာ

၁၅။ ဆားပုလင်းမင်းအောင်နှင့် နဂါးမြို့တော်

၁၆။ မာယာကျွန်းအကာရီ

၁၇။ ဝမ္မာထက်တစ်ထောင်

၁၈။ ဆင်ဖွယ်နန်းရှင်

၁၉။ ငွေစရွာသားကောင်

၂၀။ ရေလယ်ခေါင်ဆောင်တွန်း နတ်သမီးနေတဲ့ကျွန်း

၂၁။ မဟာလူသားမောင်ခဂါး

၂၂။ မော်တန်ခိုးရှင်မ

၂၃။ ဆားပုလင်းမင်းအောင်နှင့် တာရာနောယက္ခ

၂၄။ ဆင်မြူရှင်


www.burmeseclassic.com

www.burmeseclassic.com

၂၅။ ဆေးပုလင်းမင်းအောင်နှင့် မိုးသုံ့တိမ်တိုက်
၂၆။ စကြာရှင်
၂၇။ မိုးကြိုးပတဲ့ခွန်
၂၈။ ဆေးပုလင်းမင်းအောင်နှင့် အတိုင်းအသေမဲ့
၂၉။ အတုမရှိစည်တော်
၃၀။ မိဝန်ရွှေလိုဏ်ဂူ
၃၁။ ဆေးပုလင်းမင်းအောင်နှင့် နေမင်းစေတမန်
၃၂။ ဆေးပုလင်းမင်းအောင်နှင့် မိန်ပန်းနီနီ
၃၃။ ဘာမထီသွား
၃၄။ ဆေးပုလင်းမင်းအောင်နှင့် သဇင်ပြိုင်
၃၅။ မိုးမြေသစ္စာ
၃၆။ လနတ်သမီး
၃၇။ ထစ်ကျွန်းမဲ
၃၈။ ဂျမ်းမင်းထင်နှင့် သေမင်းနာရီဝင်
၃၉။ ရွှေနတ်ဆောင်
၄၀။ ပြည်လုံးကျော်
၄၁။ ယက္ခညီနောင်
၄၂။ ထိမ်ကြာမင်းခေါင်
၄၃။ နဝရတ်ကိုးသွယ်
၄၄။ ကျို့ဂှက်ကော်ဇော
၄၅။ သေးကျွန်းမောင်ကြီး
၄၆။ မနောစကြာ
၄၇။ ပျိုတိုင်းကြိုက်တဲ့နန်းဆီနိုင်
၄၈။ ကျောက်စိမ်းအမိန့်တော်



ရွာတစ်ရွာရှိ ဆေးဆရာကြီး ဦးဘဦးသည် ဆင်းရဲနွမ်းပါးသော လူငယ်လေးတစ်ယောက်ကို ခေါ်၍ သူ၏အိမ်၌ ပင်ပန်းကြီးစွာ ခိုင်းစေလေ၏။

ဆေးဆရာကြီးသည် လူငယ်လေးအား အားရအောင် ခိုင်းစေပြီးနောက်

" ဟေ့ကောင်၊ မင်းအမေဆေးဖိုးတွေ ဘယ်တော့ဆပ်မှာလဲ၊ လူမှာကသေလို့ ငရဲပြည်တောင်ရောက်နေပြီ၊ ဆေးဖိုး အခုထိ အကျေမဆပ်သေးဘူး "

ဟု ကြိမ်းမောင်းလိုက်လေရာ နွမ်းပါးသော လူငယ်လေးက

" ဒီမှာ ဆရာကြီး၊ ကျုပ်အမေကို ငရဲပြည်ရောက်နေပြီလို့ မပြောပါနဲ့၊ ကျုပ်အမေက သူတော်ကောင်းဗျ၊ တစ်သက်မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ ဘာမှမလုပ်ဘူး၊ ကျုပ်အမေသေရင် နတ်ပြည်ရောက်မှာဗျ ”

ဟု ပြောလေ၏။ ထိုအခါ ဆေးဆရာကြီး ဦးဘဦးက

“ မင်းအမေက သေသာသေသွားတယ်၊ ငါ့ရဲ့အကြွေးတွေ အကျေမချေသွားဘူး၊ ဒါကြောင့် သံသရာမှာ အကြွေးပါသွားပြီ၊ သူဟာ အကြွေးမဆပ်သရွေ့ ဘဝဆက်တိုင်း ငါ့အိမ်မှာ ကျွန်လာဖြစ်မှာပဲ ”

ဟု ကြိမ်းမောင်းလေရာ ဆင်းရဲသော လူငယ်လေးသည် မျက်လုံးပြူးသွားပြီး

“ ဘာ... ကျုပ်အမေက ဘဝဆက်တိုင်း ဆရာကြီးအိမ်မှာ ကျွန်လာဖြစ်မယ်ဟုတ်လား၊ အမယ်လေး ဒါဆိုရင်တော့ ကျုပ်အမေ ငရဲကျတာထက်ဆိုးမှာပဲ၊ ဆရာကြီးအိမ်မှာ ကျုပ် တစ်နေ့နေရတာ ငရဲကျသလို ခံစားရတယ်၊ တစ်နေကုန် ထင်းတွေခွဲ၊ မြက်တွေ ပေါက်ပြီး မြဲတွေရှင်းနေရတာ ညနေစောင်းနေပြီ၊ ဗိုက်ထဲမှာ အစာဆိုလို့ ထမင်းတစ်စေ့တောင်မရှိဘူး၊ ကျုပ်ဗိုက်ထဲမှာ ဆာလွန်းလို့ တဂျွတ်ဂျွတ်မြည်နေပြီဗျ ”

ဟု ပြောလေရာ ဆေးဆရာကြီး ဦးဘဦးက မျက်နှာရှုံ့မဲ့၍

“ ဗိုက်ဆာရင် ရေအိုးထဲက ရေကိုသောက်၊ ဗိုက်မှောက်ပြီးနေလိုက်၊ မင်းတို့သားအမိ ငါ့အကြွေးကို အကျေမဆပ်ဘဲနဲ့





ငါက မင်းတို့ကို ထမင်းကျွေးပြီး လုပ်ခိုင်းရမှာလားကွ၊ ဗိုက်ဆာတတ်ရင် အိမ်မှာထမင်းကို အဝစားခဲ့ပါလား၊ အကြွေးကို ကျေအောင်မဆပ်ဘဲနဲ့ ငါ့အိမ်က ထမင်းကျန်၊ ဟင်းကျန်ကိုတော့ စားချင်တယ် ”

ဟု ကြိမ်းမောင်းလိုက်လေရာ လူငယ်လေးသည် ဆေးဆရာကြီး ဦးဘဦးကို မျက်နှာရှုံ့မဲ့၍ ကြည့်လိုက်ပြီး

“ မေတ္တာရှင်ဆရာကြီး ဦးဘဦးတဲ့၊ မေတ္တာရှင်ကြီး ဖြစ်ပေလို့ပေါ့၊ နာမည်နဲ့လူနဲ့ သိပ်လိုက်တယ်ဗျာ၊ ဒီမှာ ဆရာကြီး၊ ဆရာကြီး အကြွေးတွေ မဆပ်သရွေ့ ကျုပ်အမေက ဘဝဆက်တိုင်း ဆရာကြီးရဲ့ အိမ်မှာ ကျွန်လာဖြစ်မယ်ဆိုရင် ကျုပ် အကြွေးတွေကို အမြန်ဆုံးဆပ်ဖို့ ကြိုးစားပါ့မယ်၊ ဆရာကြီးအိမ်မှာ ကျုပ်အမေကျွန်ဖြစ်ရင် ကျုပ်လိုပဲ ထမင်းစားရမှာ မဟုတ်ဘူး၊ ငရဲကျတာထက် ဆိုးသိမ့်မယ် ”

ဟု ပြောကာ လူငယ်လေးသည် ဦးဘဦး၏ ခြံဝန်းထဲမှ လှည့်ကာထွက်ခဲ့လေတော့၏။

ဆေးဆရာကြီး ဦးဘဦးသည် ဆင်းရဲသော လူငယ်လေးကို ကြည့်၍ မကျေမနပ် ရေရွတ်ကာ ကျန်ရစ်ခဲ့လေတော့၏။

လူငယ်သည် ရွာပြင်ရှိ ညောင်ပင်ကြီးအောက်သို့သွားကာ ဆိုးဝါးလှသော ဘဝနောက်ကြောင်းကို တွေးတောနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်မရှိသည့်နောက်ပိုင်း မုဆိုးမမိခင်က တောက်တိုမယ်ရ အလုပ်များလုပ်ကိုင်ပြီး ရှာဖွေကျွေးမွေးခဲ့၏။ နောက်ဆုံး မိခင်ကြီး မမာမကျန်းဖြစ်သောအခါ မေတ္တာရှင် ဆေးဆရာကြီး ဦးဘဦး လက်သို့ အပ်ကာ အစွမ်းရှိသမျှ ကုသပေးခဲ့၏။

သို့သော် မီးစာကုန်ခမ်းဖြစ်နေသော မိခင်ကြီးသည် ဦးဘဦး၏ ဆေးတစ်ဖုံကိုသောက်၍ ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့၏။

ဦးဘဦး၏ အစွမ်းထက်သော ဆေးများသည် မိခင်ကြီးအား ကယ်တင်နိုင်ခြင်းမရှိချေ။ မိခင်ကြီးသည် ဇာမလွန်ဘဝသို့ရောက်ရှိပြီး ဆင်းရဲတွင်းမှ လွတ်မြောက်သွားသော်လည်း မိမိ၌ ဆေးဆရာကြီး ဦးဘဦး၏ အကြွေးများသာ အဖတ်တင်ပြီး ကျန်ရစ်ခဲ့၏။

လူငယ်သည် ညောင်ပင်ကြီးအောက်တွင်ထိုင်ရင်း သက်ပြင်းရှည်ကြီးကို ချလိုက်မိ၏။

" ဆရာကြီးရဲ့အကြွေးတွေကို ဆပ်မယ်ဆိုရင်တော့ ငါ ဒီရွာမှာ တောက်တိုမယ်ရ လုပ်နေရုံနဲ့ ဆပ်လို့ရမှာမဟုတ်ဘူး၊ ရွာကလူတွေက ငါ့ကို ထမင်း၊ ဟင်း ကျွေးမွေးရုံလောက်ပဲ တတ်နိုင်တယ်၊ ငါလိုအပ်တဲ့ ငွေကြေးကို ပေးနိုင်ကြတာ မဟုတ်ဘူး၊ သူတို့မှာလည်း ဆင်းရဲနွမ်းပါးလွန်းလို့ အခက်အခဲတွေအမျိုးမျိုး ကြုံနေရတယ်၊ ဒီတော့ အလုပ်လုပ်ပြီး ငွေလိုချင်ရင် မြို့ကိုတက်မှပဲ ဖြစ်မယ်၊ ပြောနေကြတယ်၊ နောက်နေ့ပဲ မြို့ကိုတက်ပြီး ငါ အလုပ်





လုပ်မယ်၊ အလုပ်လုပ်လို့ ရတဲ့ပိုက်ဆံကိုစုပြီးတော့ မေတ္တာရှင် ဆရာကြီး ဦးဘဦးရဲ့အကြွေးတွေကို ဆပ်ရမယ်၊ ဒါမှ ငါ့မိခင် နောင်ဘဝမှာ လွတ်လွတ်ကျွတ်ကျွတ် နေနိုင်မှာ "

ဟု တွေးတောရင်း နောက်နေ့တွင် မြို့သို့တက်ရန် ဆုံးဖြတ်လိုက်လေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ လူငယ်သည် လှည်းကြုံဖြင့် မြို့သို့လိုက်ခဲ့လေ၏။ မြို့သို့ရောက်သောအခါ မည်သည့်နေရာတွင် အလုပ်ရနိုးနိုးဖြင့် လှည့်လည်ကြည့်ရှုနေလေ၏။

ထိုသို့ကြည့်ရှုရင်း သူတို့ရွာသားများ ခေါက်ဆွဲဝယ်လေ့ရှိသော တရုတ်အပြန့်၏ ခေါက်ဆွဲဆိုင်ရှေ့တွင် ရပ်တန့်နေလိုက်၏။

ထိုအခါ အသားခြောက်များလှန်းနေသော တရုတ်အပြန့်သည် ဆိုင်ရှေ့တွင် ရပ်နေသော လူငယ်လေးကိုကြည့်၍

" ကောင်လေး…. ခေါက်ဆွဲကြော်ဝယ်မလို့လား "

ဟု မေးမြန်းလေ၏။ ထိုအခါ လူငယ်လေးက ခေါင်းခါယမ်း၍

" ခေါက်ဆွဲကြော် မဝယ်ပါဘူးဗျာ၊ အပြန့်ဆိုင်မှာ အလုပ်ရမလားလို့ မေးချင်လို့ပါ "

ဟု ပြောလေ၏။

ထိုအခါ တရုတ်အပြန့်သည် သူ၏ဆိုင်၌ စားပွဲထိုးငယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် လိုနေကြောင်း သတိရလိုက်၏။

လူငယ်သည် ထိုနေ့မှစ၍ ရွာသို့မပြန်တော့ဘဲ တရုတ်အပြန့်၏ ခေါက်ဆွဲဆိုင်၌ ဝင်ရောက်လုပ်ကိုင်လေ၏။

ရွာမှ မြို့သို့တက်လာသူများသည် တရုတ်အပြန့်၏ ခေါက်ဆွဲဆိုင်၌ အလုပ်လုပ်နေသော လူငယ်ကို မြင်တွေ့ကြ၏။

ထို့ကြောင့် ဆင်းရဲသားလူငယ် မြို့၌ အလုပ်လုပ်နေကြောင်း ရွာသို့ သတင်းပြန့်၍ သွားကြရ၏။ တရုတ်အပြန့်သည် ခေါက်ဆွဲနှင့်အတူ ချက်အရက်ကို ရောင်းချ၏။

ထို့ကြောင့် အပြန့်၏ ခေါက်ဆွဲဆိုင်၌ ညဦးပိုင်းတွင် အရက်သောက်သူများနှင့် စည်ကားနေလေ့ရှိ၏။

လူငယ်သည် အပြန့်၏ဆိုင်၌ စားပွဲထိုးဟုဆိုသော်လည်း တောက်တိုမယ်ရ အလုပ်ပေါင်းစုံကို လုပ်ရ၏။

အပြန့် အရက်လိုလျှင် မြို့ပြင်ရှိ အရက်ချက်သောခြံ၌ သွားယူပေးရ၏။ ထို့ပြင် ဆိုင်အတွက် လိုအပ်သော အသားများကိုလည်း တစ်ဖက်ကမ်းသို့ကူး၍ ဝယ်ယူပေးရသေး၏။

ခေါက်ဆွဲ၊ ကြာဇံ၊ ဆား၊ သကြား စသည်တို့ကိုလည်း ဈေးကြီးမှ ဝယ်ယူပေးရလေ၏။ ထို့ပြင် ဆိုင်အတွက် လိုအပ်သော တောက်တိုမယ်ရ အလုပ်မျိုးစုံကိုလည်း လူငယ်ပင် လုပ်ကိုင်ရ၏။

ဤသို့ဖြင့် တရုတ်အပြန့်၏ဆိုင်၌ တစ်လပြည့်အောင်





လုပ်ကိုင်ခဲ့လေ၏။ တစ်လပြည့်သောအခါ လူငယ်သည် အပြန့်၏ ရှေ့တွင်သွား၍ လက်ဝါးဖြန့်ကာ

"ထောင်ကဲကြီး၊ ကျုပ် တစ်လပြည့်ပြီ၊ လစာပေးတော့"

ဟု ပြောလေ၏။

ထိုအခါ တရုတ်အပြန့်သည် လူငယ်အား လစာပေးလိုက်လျှင် အလုပ်မလုပ်တော့ဘဲ သူ၏ဆိုင်မှ ထွက်သွားမှာ စိုးရိမ်၏။

ထို့ကြောင့် ညစ်ပတ်ချင်သောစိတ်များ ဝင်ရောက်လာပြီး

" မင်းကို ငါ့ဆိုင်မှာ နေစရာပေးထားတယ်၊ စားစရာတွေလည်း အလျှံအပယ်ကျွေးထားတယ်၊ ဒါကြောင့် ဝတ်ဖို့စားဖို့ ပုဆိုးတွေ၊ အင်္ကျီတွေ ဝယ်ပေးမယ်၊ လစာတော့ မပေးနိုင်ဘူး "

ဟု ပြောလေရာ လူငယ်သည် မျက်နှာကွက်ခနဲပျက်သွားလေ၏။

ထို့ကြောင့်

" ဒီလိုတော့ မလုပ်ပါနဲ့ ထောင်ကဲကြီးရယ်၊ ကျုပ်မိခင်ကြီးအတွက် ဆေးဆရာကြီး ဦးဘဦးကို အကြွေးဆပ်ဖို့ ပိုက်ဆံလိုလို့ပါ၊ ရွာမှာ အလုပ်မလုပ်ဘဲ ထောင်ကဲကြီးဆီမှာ အလုပ်လုပ်တာ ငွေပိုငွေလျှံလေးတွေ ရချင်လို့ပါ "

ဟု ပြောလေ၏။ ထိုအခါ အပြန့်က မျက်နှာကို တင်းမာလျက်



www.burmeseclassic.com

www.burmeseclassic.com



" ဒီမှာ မင်းကို ငါ အစားကျွေးမယ်၊ နေစရာပေးမယ်၊ အဝတ်အစား ဆင်မယ်၊ လစာတော့ မပေးနိုင်ဘူး၊ ငါ အပြတ်ပြော ပြီးပြီ၊ လစာမတောင်းနဲ့ "

ဟု ပြောလေ၏။ လူငယ်သည် တရုတ်အပြန့်၏ ညစ်ပတ် ခြင်းကို ရိပ်စားမိသွားပြီး

" ဒီမှာ ထောင်ကဲကြီး၊ ဒါ ခင်ဗျား ကျုပ်ကို သက်သက် အနိုင်ကျင့်တာပဲ၊ ကျုပ်ကို ဆင်းရဲသားနင်းပြားတစ်ယောက်ဆိုပြီး လုပ်ချင်တိုင်းလုပ်လို့မရဘူး၊ ခင်ဗျား ကျုပ်ကို လစာမပေးရင် ကျုပ် ဒီဆိုင်မှာ ဆက်ပြီးတော့မလုပ်နိုင်ဘူး၊ ကျုပ် ရစရာရှိတဲ့ လစာငွေ ကိုလည်း မရရတဲ့နည်းနဲ့ ခင်ဗျားဆီက ရအောင်ယူမှာပဲ "

ဟု ပြောလေရာ ထောင်ကဲကြီးသည် မိမိအား ရှိသေခယ ခြင်းမရှိသော လူငယ်အား မကျေမချမ်းဖြစ်သွားပြီး

" သွားစမ်း… ကျေးဇူးမသိတတ်တဲ့ကောင်၊ မင်း ငါ့ဆိုင်မှာ အလုပ်လုပ်စရာမလိုဘူး၊ ငါ့ဆိုင်က ထွက်သွားစမ်း "

ဟု မောင်းနှင်ထုတ်လိုက်လေ၏။

လူငယ်သည် ထောင်ကဲကြီး၏ဆိုင်မှ မကျေမချမ်းထွက် လာပြီး နောက် ရေဝတီမြစ်ကမ်းနဖူး၌ တစ်ကိုယ်တည်း ထိုင်နေ လေ၏။

တစ်လလုံး တရုတ်အပြန့်၏ ခေါက်ဆွဲဆိုင်၌ ပင်ပင်ပန်းပန်း





အလုပ်လုပ်ပြီး ငွေတစ်ပြားတစ်ချပ်မျှမရသော အကြောင်းကို စဉ်းစားနေမိလေ၏။

တရုတ်အပြန့်ထံမှ လုပ်ခလစာမရသဖြင့် မိခင်ကြီး၏အကြွေး ကို ဆပ်ရန် အခက်အခဲဖြစ်နေလေ၏။

သူသည် တရုတ်အပြန့် မိမိအပေါ် မတရားအနိုင်ကျင့်ခြင်းကို ရိပ်စားမိ၏။ တရုတ်အပြန့်ထံမှ ရရှိသော လုပ်ခလစာကို မည်သို့ ရယူရမည်နည်း။

လူငယ်သည် တွေးရင်း ခေါင်းခြောက်လာ၏။ သူသည် ညသို့ ရောက်သောအခါ တရုတ်အပြန့်၏အိမ်ဘက်သို့ တိတ် တဆိတ် ထွက်ခဲ့၏။

တရုတ်အပြန့်သည် ဆိုင်သိမ်းပြီးနောက် ပေသီးကို တချောက် ချောက်ခေါက်၍ တစ်နေကုန်ရောင်းရသော ငွေများကို ရေတွက် နေလေ၏။

ထိုအချိန်၌ လူငယ်လေးသည် အပြန့်၏ဆိုင်အနီးသို့ အသံ မကြားအောင် ချည်းကပ်ဝင်ရောက်လာ၏။ သူသည် ပြတင်း ပေါက်မှ ချောင်းကြည့်လိုက်သောအခါ တရုတ်အပြန့် ပိုက်ဆံ ရေနေပုံကို မြင်တွေ့ရ၏။

လူငယ်သည် ပြတင်းပေါက်မှတစ်ဆင့် အပြန့်၏ဆိုင်ထဲသို့ တိတ်တဆိတ် ခိုးဝင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် အပြန့်သည် ငွေများကို သိမ်းဆည်းပြီး သူ၏ အိပ်ခန်းအတွင်းသို့ ဝင်ရောက်သွားလေ၏။

လူငယ်သည် အပြန့်၏ ငွေသိမ်းစားပွဲရှိရာသို့ သွားကာ အံဆွဲကိုဖွင့်၍ ငွေစက္ကူများကို သိမ်းကျုံး၍ ယူငင်လိုက်၏။

ထို့နောက် ပြတင်းပေါက်မှတစ်ဆင့်ကျော်၍ ပြေးရန်ပြင်လိုက်၏။ သို့သော် ပြတင်းပေါက်မရောက်မီ အပြန့်၏ဆိုင်တွင် အလှပြထားသော ပန်းအိုးကြီးကို ဝင်တိုက်မိပြီး ပန်းအိုးကျကွဲသွားလေ၏။

ထိုအခါ အိပ်ခန်းထဲရောက်နေသော အပြန့်သည် ဆိုင်ရှေ့သို့ ထွက်လာကာ ပြတင်းပေါက်မှ ကျော်တက်ရန် ကြိုးစားနေသော လူငယ်ကို မြင်လေ၏။

အပြန့်သည် လူငယ်၏ အကြံအစည်ကို ရိပ်စားမိသွားပြီး

" သူခိုး… သူခိုး "

ဟု အော်ဟစ်လေ၏။

ထိုအချိန်တွင် လူငယ်သည် ပြတင်းပေါက်မှ အပြင်သို့ခုန်ဆင်းလိုက်၏။ သူသည် မြို့ထဲသို့ရောက်သောအခါ ခြေကုန်သုတ်၍ ပြေးလွှားခဲ့လေ၏။

တရုတ်အပြန့်သည်

" သူခိုး… သူခိုး "





ဟု ကျယ်လောင်စွာ အော်ဟစ်နေခဲ့ဖြစ်၏။

လူငယ်သည် အပြန့်ထံမှရရှိသော ငွေစက္ကူများကို ဆုပ်ကိုင်၍ ရွာသို့ လှည်းလမ်းအတိုင်း ပြန်လာခဲ့၏။

သူသည် အပြန့်က မိမိအပေါ် အကောက်ကြံပြီး လစာငွေ မပေးခြင်းကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ပြန်ယူလာနိုင်ခြင်းကို တရားသည်ဟု ထင်မြင်မိ၏။

မိမိ၏ အပြုအမူသည် ရာဇဝတ်မှုဖြစ်ကြောင်း ရိပ်စားမိခြင်းမရှိချေ။ နောက်တစ်နေ့နံနက်သို့ရောက်သောအခါ မြို့မှ ပုလိပ်များသည် ရွာသို့ ရောက်လာပြီး လူငယ်အား ဖမ်းဆီးခေါ်ဆောင်သွားကြလေ၏။

လူငယ်သည် ပုလိပ်များလက်မှ ရုန်းကန်၍

" ကျုပ်မှာ အပြစ်မရှိဘူး၊ ကျုပ် တစ်လတိတိ အပြန့်ဆိုင်မှာ အလုပ်လုပ်တာ လစာတစ်ပြားမှမပေးဘူး၊ ဒါကြောင့် ကျုပ်ရဲ့လစာကို အပြန့်ဆီက ပြန်ယူလာတာပါ "

ဟု ပြောလိုက်လေ၏။

ထိုအခါ ပုလိပ်တစ်ဦးက လူငယ်၏ခေါင်းအား ဖြောင်းခနဲမြည်အောင် ရိုက်လိုက်ပြီး

" ဟေ့ကောင်… မင်း ပါးစပ်ပိတ်ထားစမ်း၊ အပြန့်ရဲ့ ပေါက်ဆွဲဆိုင်က ငွေကို အပြန့်မသိအောင် မင်းယူလာမှ ခိုးမှုမြောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီပေါ့၊ မင်းကို အချုပ်ထဲ ထည့်ရမှာပဲ ”

ဟု ပြောကာ လူငယ်အား ဖမ်းဆီးခေါ်ဆောင်သွားလေတော့၏။

ထို့နောက်တွင်မူ ပုလိပ်များသည် လူငယ်အား အချုပ်ခန်းအတွင်းသို့ သွင်းလိုက်လေ၏။ ထိုအခါ အချုပ်ခန်းထဲသို့ ကြိုတင်ရောက်နှင့်နေသော လူကြီးသုံးဦးအနက် တစ်ဦးက

“ ကောင်လေးတစ်ယောက်ပါလား၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘုရားမကြိုက်တဲ့ အကုသိုလ်အလုပ်တွေ လုပ်ပြီနဲ့တူတယ် ”

ဟု ပြောလိုက်ရာ လူငယ်သည် မခံချင်စိတ်ဖြင့် ထိုလူကြီးကို ကြည့်၍

“ ဟေ့လူကြီး၊ ကျုပ်မှာ အပြစ်မရှိဘူး၊ ကျုပ် မတရားအဖမ်းခံရတာဗျ ”

ဟု ပြန်လည်အော်ဟစ်လိုက်လေ၏။

ထိုအခါ အချုပ်ခန်းမှ လူကြီးတစ်ဦးက လူငယ်ကိုကြည့်၍ တဟားဟား ရယ်မောကာ

“ ဟား ဟား ဟား… ပုဒ်မ (၃၇၉) နဲ့မှုနဲ့ အဖမ်းခံရတဲ့ ကောင်ကများ၊ ကျုပ်မှာအပြစ်မရှိဘူးတဲ့၊ အပြစ်မရှိရအောင် ပစ္စည်းရှင်က မင်းဘကြီးလား ”

ဟု လှောင်ပြောင်လေ၏။





ထိုအခါ လူငယ်က လက်သီးဆုပ်၍

“ ကျုပ်ရဲ့လုပ်အားခကို မတရားခေါင်းပုံဖြတ်တဲ့အတွက် ကျုပ် ရသင့်တဲ့ငွေကို ကျုပ်ပြန်ယူတာ ”

ဟု ပြောလိုက်ရာ နားထောင်နေသော လူကြီးသုံးယောက်က တဟားဟား ရယ်မော၍

“ ဟား ဟား ဟား… မင်းမခိုးဘဲ ပုလိပ်က မင်းကို သူခိုးလို့စွပ်စွဲပြီးတော့ ဖမ်းမလား၊ ရယ်စရာတွေ လျှောက်ပြောမနေနဲ့ကွာ၊ ငါတို့ ရယ်ရလွန်းလို့ အူတက်နေပြီ၊ ကဲ… လောလောဆယ် မင်းမှာ ပိုက်ဆံဘယ်လောက်ပါလဲ၊ ငါတို့ လက်ဖက်ရည်နဲ့ အီကြာကွေးလေး စားရအောင် ”

ဟု ပြောလေရာ လူငယ်က မျက်နှာရှုံ့မဲ့သွားပြီး

“ တစ်ပြားမှ မပါဘူး၊ ပါရင်လည်း ဘိန်းစားချင်းအတူတူ တစ်မူး ပိုရှုချင်တဲ့ ခင်ဗျားတို့ကို မကျွေးနိုင်ဘူး၊ မကျွေးနပ်ရင်လည်း ကြိုက်သလို လုပ်လိုက် ”

ဟု အော်ဟစ်ပြောဆိုလေ၏။

လူငယ်၏ အမူအရာကိုကြည့်၍ လူကြီးသုံးဦးသည် စိတ်မျက်လက်မျက်ဖြင့် မျက်နှာရှုံ့မဲ့သွားကြပြီး လူကြီးတစ်ဦးက

“ ညွှန့်သည်တစ်ယောက်ရောက်လာလို့ လက်ဖက်ရည်လေးသောက်မရလား အောက်မေ့တယ်၊ ဒီကောင် အတော်ဆိုးကျတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်ပဲ ”

ဟု စိတ်ပျက်လက်ပျက် ညည်းညူလိုက်လေတော့၏။





ထိုနေ့ညသို့ရောက်သောအခါ အချုပ်ခန်းထဲသို့ ရောက်နှင့်နေသော လူကြီးသုံးဦးသည် ပုလိပ်အား ပိုက်ဆံပေး၍ လက်ဖက်ရည်နှင့် နံပြားများကို ဝယ်ယူခိုင်းလိုက်လေ၏။

ခဏကြာလျှင် အချုပ်ခန်းထဲသို့ လက်ဖက်ရည်နှင့်နံပြားများ ရောက်ရှိလာလေ၏။ လူကြီးတစ်ဦးက လူငယ်လေးဘက်သို့လှည့်၍ နံပြားတစ်ချပ်ကို လှမ်းပို့လိုက်ရာ လူငယ်လေးက ခေါင်းခါ၍

“ ကျုပ်မစားဘူး ”

ဟု ငြင်းဆန်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ လူကြီးတစ်ဦးက တဟားဟား ရယ်မော၍ လူငယ်လေး၏ ပခုံးကိုပုတ်ကာ

" မင်းဆီက မိုက်ကြေးခွဲလို့ မကျေမနပ်ဖြစ်နေတာလား၊ ဒါဟာ အချုပ်တွေ၊ ထောင်တွေရဲ့ သဘာဝပါပဲကွာ၊ ရောမကိုရောက်ရင် ရောမလို ကျင့်တတ်ရတယ်ကွ၊ လောကမှာ လိုက်လျောညီထွေဖြစ်အောင် ကြိုးစား၊ လိုက်လျောညီထွေဖြစ်ရင် အရာရာဟာ တစ်သားတည်းဖြစ်သွားတတ်တယ်ကွ "

ဟု ပြောလေ၏။

လူငယ်သည် ထိုလူကြီး၏ အမူအရာကိုကြည့်၍ ငြင်းဆန်ခြင်းမရှိဘဲ နံပြားတစ်ချပ်ကိုယူ၍ အရသာခံခြင်းမရှိဘဲ တကျွတ်ကျွတ်ဝါးစားနေလေတော့၏။

လူငယ်သည် ဂတ်တဲ၌ ဒုက္ခအမျိုးမျိုးကို ရင်ဆိုင်ပြီးသောအခါ သူ၏အမှုကို စစ်ဆေးရန် နယ်ပိုင်ဝန်ထောက်မင်းရုံးသို့ ပုလိပ်များက ခေါ်ဆောင်သွားလေ၏။

နယ်ပိုင်ဝန်ထောက်မင်း၏ရုံးသည် မြို့၏ အစွန်အဖျား၌ တည်ရှိသော တိုက်ကြီးပင်ဖြစ်၏။ နှစ်ထပ်တိုက်ကြီး၏ အောက်ထပ်၌ နယ်ပိုင်ဝန်ထောက်မင်း၏ တရားခွင်ရုံးခန်းရှိ၏။

လူငယ်လေးသည် နယ်ပိုင်ဝန်ထောက်မင်း၏ ရုံးအတွင်း ဟိုသည် သွားလာနေသော လူများ၏မြင်ကွင်းကိုကြည့်၍ တရားခွင်





၌ နယ်ပိုင်မင်းက မိမိကို မည်သို့ အပြစ်ဒဏ်ချမည်ကို စဉ်းစားနေမိ၏။

သူ၏လုပ်အားခကို မိုက်ကြေးခွဲသော တရုတ်အပြန့်၏ငွေကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ပြန်လည်ရယူရန် ကြိုးပမ်းသော်လည်း ခိုးမှု မြောက်နေသည်နှင့်၏။

ထို့ကြောင့် အစိုးရမင်းကပေးသော အပြစ်ဒဏ်ကို မိမိခံရပေတော့မည်။

မကြာမီ ပုလိပ်များက လူငယ်အား နယ်ပိုင်မင်းရုံးခန်းအတွင်းသို့ ခေါ်ဆောင်သွားလေ၏။ နယ်ပိုင်မင်းရုံးခန်းထဲ၌ လူများစည်ကားနေသဖြင့် လူငယ်လေးသည် သူ၏အမှုကို မေ့နေပြီး မမြင်ဘူးသော ရှုခင်းကို ကြည့်ရှုနေမိ၏။

ပုလိပ်များက နယ်ပိုင်မင်းရောက်မလာသေးသဖြင့် တစ်ခဏမျှ စောင့်ရမည်ဖြစ်ကြောင်း ပြောလေ၏။

ခဏကြာလျှင် ရုံးရှေ့သို့ ရထားလုံးတစ်စီး ထိုးရပ်သောအသံကို ကြားရပြီး ပုလိပ်နှင့်စာရေးများ လှုပ်လှုပ်ရွရွ ဖြစ်သွား၏။

ခဏကြာလျှင် နယ်ပိုင်မင်းသည် ဘန်ကောက်လုံချည်၊ ပေတောင်ရှူးဖိနပ်နှင့် ပိုးတိုက်ပုံကို အကျအနဝတ်ကာ ရုံးခန်းအတွင်းသို့ ဝင်ရောက်လာလေ၏။

လူငယ်လေးသည် နယ်ပိုင်မင်း အလုပ်ရှုပ်နေပုံကိုကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



နယ်ပိုင်မင်း၏ ဥပဓိရုပ်မှာ တင့်တယ်ပြီး တည်ကြည်ခန့်ညားသော အမူအရာရှိသဖြင့် စိတ်နှလုံးကောင်းမွန်မည်ဟု ထင်မြင်မိလေ၏။

နယ်ပိုင်မင်းသည် သူ၏စားပွဲထိုင်၌ မှတ်ချက်များကိုရေးလျက် လက်မှတ်ထိုးလိုက်နှင့် တစ်ခဏမျှ အလုပ်များနေလေ၏။

အခန်းတွင်းရှိ ယပ်ခတ်သော ကုလားများက ယပ်တောင်ကြီးများကို တဖျပ်ဖျပ်ခတ်နေလေ၏။ ထိုအခိုက်မှာပင် ၎င်းတို့၏အနီးသို့ နယ်ပိုင်မင်း စာရေးဆိုသော လူကြီးတစ်ဦး ရောက်ရှိလာပြီး ပုလိပ်များအား

"တရားခံတွေကို အချုပ်ခန်းထဲမှာပဲ ခေါ်ထားပါ၊ စောကြာရင် အမှုစစ်တော့မှာ"

ဟု ပြောလေ၏။

ထိုအခါ ပုလိပ်များသည် လူငယ်လေးအား နယ်ပိုင်မင်းရုံးအနောက်ရှိ အချုပ်ခန်းသို့ ခေါ်ဆောင်သွားလေ၏။

နယ်ပိုင်မင်းသည် သူ၏အမှုကိစ္စများ ပြီးဆုံးသောအခါ တရားခုံပေါ်သို့တက်၍ အမှုများကို တစ်မှုပြီးတစ်မှု စစ်ဆေးလေ၏။

ထိုသို့ အမှုစစ်ပြီး လူငယ်လေး၏အလှည့်သို့ရောက်သောအခါ ပုလိပ်များသည် လူငယ်လေးအား ခြံရံ၍ တရားခွင်သို့ ဝင်ရောက်လာလေ၏။

ထို့နောက် တရားခံနေရသော ဝက်ခြံလေးအတွင်းသို့ လူငယ်





အား ထည့်သွင်းထားလိုက်လေ၏။ နယ်ပိုင်မင်းသည် သူ၏စင်မြင့်မှ တရားခံ ဝက်ခြံလေးအတွင်းရှိ လူငယ်လေးကိုကြည့်ပြီး မျက်မှောင်ကြုတ်လိုက်မိ၏။

လူငယ်၏အမူအရာသည် တည်ကြည်ပြီး မကောင်းမှု ဒုစရိုက်ကို လုပ်ကိုင်မည့် ရုပ်လက္ခဏာမရှိချေ။

ထို့ပြင် တရားခွင်သို့ရောက်ရှိသော်လည်း ထိတ်လန့်တုန်လှုပ်သော အမူအရာမျိုး မတွေ့ရချေ။ လူငယ်၏အမှုကိုကြည့်လိုက်သောအခါ (၃၇၉) ခိုးမှုဖြစ်နေကြောင်း အံ့သြဖွယ် မြင်တွေ့ရ၏။

နယ်ပိုင်မင်းသည် လူငယ်လေး၏ အမူအရာကိုကြည့်၍ ရုံးခန်းတစ်ဖက်တွင် ရောက်ရှိနေသော တရားလိုဖြစ်သူ ခေါက်ဆွဲဆိုင်ပိုင်ရှင် တရုတ်အပြန့်၏မျက်နှာကို လှမ်းကြည့်လိုက်၏။

တရုတ်အပြန့်၏ ရုပ်လက္ခဏာသည် အလွန်ယုတ်ညံ့ပြီး သူတစ်ပါးကို မတရားပြုလုပ်လိုသော အမူအရာမျိုးရှိ၏။

နယ်ပိုင်မင်းသည် တရားခံနှင့် တရားလို၏ ရုပ်လက္ခဏာကိုကြည့်ပြီးနောက် သူ၏တရားခွင်အတွေ့အကြုံအရ တရားခံလူငယ်၌ အပြစ်မရှိကြောင်း ရိပ်စားမိသွား၏။

အမှုကို စစ်ဆေးကြည့်သောအခါ တရားခံလူငယ်သည် တရုတ်အပြန့်၏ ခေါက်ဆွဲဆိုင်မှ အလုပ်သမားဖြစ်ပြီး သူ၏ လုပ်ခငွေများကို မရသဖြင့် တရုတ်အပြန့်ထံမှ ငွေ (၅) ကျပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ခိုးယူသွားကြောင်း တွေ့ရ၏။

ဧည်သို့ပင်ဖြစ်စေ ထိုအမှု၌ တရားခံလူငယ်သည် (၃၇၉) ခိုးမှု မြောက်၍နေ၏။

နယ်ပိုင်မင်းသည် အမှုကို စစ်ဆေးပြီးနောက် တရားခံ လူငယ်အား အပြစ်ကျူးလွန်ကြောင်း ထင်ရှားသဖြင့် ရုံးတော်မှ အပြစ်တစ်ခုပေးရပေတော့မည်။

နယ်ပိုင်မင်းသည် တရားခံလူငယ်၏ တည်ကြည်သောအမူ အရာကို ကြည့်၍

" မောင်မင်းမှာ အပြစ်ရှိသလား "

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ ဆင်းရဲသောလူငယ်က ခေါင်းခါယမ်းလိုက်ပြီး

" ကျွန်တော်မျိုးမှာ အပြစ်မရှိပါဘူး၊ တရုတ်အပြန့်ဟာ ကျွန်တော်မျိုးရဲ့ လုပ်ခလစာတွေကို မပေးဘဲ ခေါင်းပုံဖြတ်ထား ပါတယ်၊ တရုတ်အပြန့်ရဲ့ ခေါင်းပုံဖြတ်ထားတာကို မခံချင်တဲ့ အတွက် ကိုယ်ရသင့်ရတိုက်တဲ့ပိုက်ဆံကို တရုတ်အပြန့်ဆီက ပြန်ယူ ခဲ့တာပါ "

ဟု ဖြေလေ၏။

ထိုအခါ နယ်ပိုင်မင်းက သက်ပြင်းချ၍

" ဘာပဲဖြစ်ဖြစ် မောင်မင်းဟာ သူတစ်ပါးရဲ့အိမ်ကို ညအချိန်





မတော် ဝင်ပြီးတော့ ငွေကိုယူတဲ့အတွက် ခိုးမှုမြောက်တယ်၊ ဒါကြောင့် စီရင်ချက်ချမယ်၊ သေသေချာချာနားထောင် "

ဟု ဆိုကာ နယ်ပိုင်ဝန်ထောက်မင်းသည် လူငယ်လေး အတွက် စီရင်ချက်ချရန် ပြင်ဆင်လေတော့၏။

နယ်ပိုင်မင်း၏ စီရင်ချက်ထဲတွင် တရားခံသည် ခိုးမှုနှင့် ပတ်သက်၍ ပြစ်မှုထင်ရှားကြောင်း ဖော်ပြသဖြင့် တရုတ်အပြန့်တို့ လူစုသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေ၏။

သို့သော် နယ်ပိုင်မင်းက

" တရားခံသည် ခိုးမှုကို ကျူးလွန်သော်လည်း ယခင်က ထိုသို့ ပြုမှုကျူးလွန်ခြင်းလည်းမရှိ၊ ခိုးမှုကျူးလွန်သောငွေမှာလည်း ပြောပလောက်ခြင်းမရှိသည့်အတွက် တရားခံအား ဒဏ်ငွေအဖြစ် ရုံးတော်သို့ ငွေ (၅) ကျပ် ဆောင်နိုင်လျှင် အမှုမှ ကွင်းလုံးကျွတ် လွှတ်စေ "

ဟု အမိန့်ချလိုက်လေ၏။

နယ်ပိုင်မင်း၏ အစီရင်ကြောင့် တရုတ်အပြန့်တို့လူစုသည် မကျေမချမ်းဖြစ်သွားလေ၏။ သို့သော် ဆွေမျိုးရင်းချာမရှိဘဲ တစ်နေ့ လုပ် တစ်နေ့စားရသော လူငယ်တစ်ယောက်အနေဖြင့် ရုံးတော်သို့ ငွေ (၅)ကျပ် မဆောင်နိုင်မှာ သေချာ၏။

ထို့ကြောင့် လူငယ်လေး ထောင်ကျမည်ကိုတွေး၍ ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



သွားလေ၏။

နယ်ပိုင်မင်းသည် စီရင်ချက်ချပြီးသောအခါ တရားခွင်မှ သူ၏ ရုံးခန်းအတွင်းသို့ ဝင်ရောက်သွားလေ၏။

ရုံးခန်းထဲသို့ရောက်သောအခါ တည်ကြည်ခန့်ညားသော လူငယ်လေး၏ မျက်နှာကို မြင်ယောင်ပြီး ငွေ (၅) ကျပ် ဆောင်နိုင်ခြင်း ရှိ/ မရှိ သိချင်စိတ်များ ဖြစ်ပေါ်လာ၏။

ထို့ကြောင့် သူ၏စာရေးအား ခေါ်၍ လူငယ်လေး ငွေ(၅) ကျပ် ဆောင်ခြင်း ရှိ/မရှိ မေးမြန်းလေ၏။

ထိုအခါ စာရေးက လူငယ်သည် ဆွေမဲ့မျိုးမဲ့ဖြစ်သောကြောင့် ငွေ (၅)ကျပ်ကို မဆောင်နိုင်ဘဲ ရုံးတော်မှချမှတ်သော အပြစ်ဒဏ်ကိုခံယူမည် ဖြစ်ကြောင်း သိရလေ၏။

ထိုအခါ နယ်ပိုင်ဝန်ထောက်မင်းက စိတ်မကောင်းဟန်ဖြင့် သက်ပြင်းချလိုက်ပြီး

" သူဟာ အမှန်တကယ် ဆွေမဲ့မျိုးမဲ့ဖြစ်ပြီးတော့ ကူညီစောင့်မမဲ့ လူမရှိဘူး ထင်ပါရဲ့၊ သူ့အတွက် ဆောင်ရမဲ့ ငွေ (၅) ကျပ်ကို ငါ စိုက်ပြီးတော့ ဆောင်ပေးလိုက်ရင်ကောင်းမယ် "

ဟု ပြောလိုက်ရာ စာရေးသည် နယ်ပိုင်ဝန်ထောက်မင်းအား မယုံနိုင်ဟန်ဖြင့်ကြည့်၍

" ဟင်... ဆရာက ဒီကောင်လေးရဲ့ငွေကို စိုက်ဆောင်





ပေးမယ် ဟုတ်လား၊ ဘယ်လိုသဘောလဲ ဆရာရယ် "

ဟု မေးမြန်းလေ၏။ ထိုအခါ နယ်ပိုင်မင်းက သက်ပြင်းချ၍

" တရားခွင်မှာ ဒီကောင်လေးရဲ့မျက်နှာကို ငါ မြင်ကတည်းက သူ မဟုတ်တာမလုပ်ဘူးဆိုတာ ငါ ခံစားလို့ရတယ်၊ တရုတ်အပြန့် မဟုတ်တာလုပ်တာကို မခံနိုင်လွန်းတဲ့အတွက် ဒီလိုခိုးမှုကျူးလွန်တာဖြစ်မယ်၊ ဒါကြောင့် ကောင်လေးရဲ့ငွေ (၅)ကျပ်ကို ငါ ဆောင်ပေးလိုက်မယ် "

ဟု ဆိုကာ သူ၏နယ်ပိုင်မင်းရုံးစာရေးအား မိမိကိုယ်တိုင် ချမှတ်ထားသော ဒဏ်ငွေ (၅) ကျပ်ကိုဆောင်ရန် အမိန့်ပေးလိုက်လေ၏။

နယ်ပိုင်မင်းသည် လူငယ်၏အကြောင်းကို တွေးတောရင်း သူ၏ လုပ်လက်စအလုပ်များကို ဆက်လက်လုပ်ကိုင်နေလေ၏။

ထိုအခိုက်မှာပင် နယ်ပိုင်မင်း၏ရုံးခန်းအတွင်းသို့ စာရေးနှင့်အတူ တရားခံလူငယ်လေး ဝင်ရောက်လာလေ၏။

တရားခံလူငယ်လေးသည် အမှုမှလွတ်သဖြင့် နယ်ပိုင်မင်းအား ကျေးဇူးတင်ဟန်ဖြင့်ကြည့်၍ မပြောမဆို ရှိခိုးကန်တော့လိုက်လေတော့၏။

ထို့နောက်

" ကျွန်တော်မျိုးမဆောင်နိုင်တဲ့ ဒဏ်ငွေ (၅) ကျပ်ကို



www.burmeseclassic.com

www.burmeseclassic.com



နယ်ပိုင်မင်းကြီးက ဆောင်ပေးတဲ့အတွက် တစ်သက်လုံး ကျေးဇူးမမေ့ပါဘူးခင်ဗျာ”

ဟု ပြောလေ၏။ ထိုအခါ နယ်ပိုင်မင်းက

“ မင်းမှာ အပြစ်မရှိဘူးလို့ ငါယူဆတဲ့အတွက် ငါကိုယ်တိုင်ချမှတ်ထားတဲ့ဒဏ်ငွေကို ငါကိုယ်တိုင်ပဲ ပြန်ပြီးဆောင်ပေးခဲ့တာပဲ၊ မင်းနာမည် ဘယ်လိုခေါ်လဲ၊ မင်းဘဝနောက်ကြောင်းတွေကို ပြောပြပါဦး”

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ ဆင်းရဲနွမ်းပါးသော လူငယ်လေးက

“ ကျွန်တော်မျိုးနာမည် မောင်ကောင်းကင်လို့ခေါ်ပါတယ်၊ လွန်ခဲ့တဲ့လက ကျွန်တော်မျိုးရဲ့မိခင် မနာမကျန်းဖြစ်တဲ့အတွက် ရွာက ဆေးဆရာကြီး ဦးဘဦးဆီမှာ အင်မတန်ဈေးကြီးတဲ့ ဆေးတွေကို တစ်ဖုံပြီးတစ်ဖုံ ဝယ်သောက်ခဲ့ရပါတယ်၊ ဒါပေမဲ မီးဇာကုန်ဆီခမ်းဖြစ်နေတဲ့ မိခင်ကြီးဟာ ကျွန်တော်မျိုးကိုထားခဲ့ပြီး တမလွန်ဘဝကို ရောက်သွားခဲ့ပါတယ်၊ ဆေးဆရာကြီး ဦးဘဦးဟာ ကျွန်တော်မျိုး မိခင်ကြီးရဲ့ ဆေးကြွေးတွေကို မဆပ်ရင် မိခင်ကြီးဟာ ဘဝဆက်တိုင်း ဦးဘဦးရဲ့အိမ်မှာ ကျွန်ဖြစ်မယ်တဲ့၊ ဦးဘဦးရဲ့အိမ်မှာ ကျွန်ဖြစ်မှာကို ကျွန်တော်မျိုး အလွန်စိုးရိမ်ပါတယ်၊ ဆေးဆရာကြီးဟာ အလွန်အလိုလောဘကြီးပြီးတော့ သူတစ်ပါးအပေါ် စာနာ





ထောက်ထားမှု ကင်းမဲ့လွန်းပါတယ်၊ ဒီလိုလူကြီးရဲ့အိမ်မှာ ဘဝဆက်တိုင်းကျွန်ဖြစ်ရမယ် ဆိုရင်တော့ ကျွန်တော်မျိုးရဲ့ မိခင်ဟာ ငရဲကျတာထက်တောင် ဆိုးပါလိမ့်မယ်၊ ဒါကြောင့် ရွာမှာဆက်ပြီးတော့ တောက်တိုမယ်ရအလုပ်ကိုလုပ်ရင် မိခင်ကြီးရဲ့ ဆေးကြွေးတွေကို မဆပ်နိုင်မှာ စိုးတဲ့အတွက် မြို့ကိုတက်ပြီး အလုပ်ရှာခဲ့ပါတယ်၊ ဒီလိုနဲ့ တရုတ်အပြန့်ရဲ့ ခေါက်ဆွဲဆိုင်မှာ ကျွန်တော်အလုပ်တစ်နေရာရခဲ့ပါတယ်၊ တရုတ်အပြန့်ရဲ့ဆိုင်မှာ လုပ်ကိုင်တော့လည်း အပြန့်ကျေနပ်အောင် အစွမ်းကုန် ကြိုးစားပြီးလုပ်ကိုင်ပေးခဲ့ပါတယ်၊ သူဟာ ကျွန်တော့်ကို တစ်ဆိုင်လုံးက အလုပ်တွေကို နားမနေ နိုင်းစေပေမဲ့ မညည်းမညူဘဲ လုပ်ကိုင်ပေးခဲ့တယ်၊ ဒါပေမဲ့ စိတ်သဘောထားယုတ်မာတဲ့ တရုတ်အပြန့်ဟာ လကုန်လို့ လခရှင်းမဲ့အချိန်ရောက်တော့ ကျွန်တော့်ကို ‘မင်းကို ငါ နေစရာလည်း ပေးထားတယ်၊ စားစရာလည်း ကျွေးထားတယ်၊ ဒါကြောင့် လခ မပေးနိုင်တော့ဘူးလို့’ ပြောပါတယ်၊ ကျွန်တော်ဟာ မိခင်ကြီးရဲ့ ဆေးကြွေးတွေကိုဆပ်ဖို့ လခရမှဖြစ်မယ်၊ ဒါကြောင့် တရုတ်အပြန့်ကို တောင်းပန်ပြီးတော့ လစာရဖို့ အကြိမ်ကြိမ်ကြိုးစားပါသေးတယ်၊ ဒါပေမဲ့ အပြန့်ဟာ ယုတ်မာကောက်ကျစ်ပြီး လစာမပေးဘဲဆိုင်က မောင်းထုတ်ခဲ့တယ်၊ ဒါကြောင့် အပြန့်ရဲ့ ယုတ်မာတာကို မခံချင်စိတ်နဲ့ ဆိုင်ထဲကိုဝင်ပြီး ရသင့်တဲ့ လခကြေး



www.burmeseclassic.com

www.burmeseclassic.com



ငွေကို ယူခဲ့တာပါ ”

ဟု ပြောလေ၏။

လူငယ်၏စကားဆုံးသောအခါ နယ်ပိုင်ဝန်ထောက်မင်းက သက်ပြင်းချ၍

“ လူဟာ မခံချင်စိတ်ကြောင့် ကြီးပွားတိုးတက်နိုင်သလို မခံချင်စိတ်ကြောင့်ပဲ ဘဝမှာ ဆုံးရှုံးမှုတွေဖြစ်တတ်တယ်ဆိုတာ သင်ခန်းစာယူ ပေါ့ကွာ၊ မင်း ဒီနေ့ကစပြီး ဘဝကို ကောင်းမွန်အောင် ကြိုးစားပြီး နေထိုင်သင့်တယ် ”

ဟု ပြောလေ၏။

ထိုအခါ လူငယ်လေးက အဝေးဆီသို့ ငေးကြည့်၍

“ ဘဝမှာ ကောင်းအောင် အမြဲတမ်းနေထိုင်ခဲ့ပါတယ်၊ လောလောဆယ် အမေ့ရဲ့ဆေးဖိုးတွေရအောင် ကျွန်တော် အလုပ် ကြိုးစားလုပ်ရဦးမယ် ”

ဟု ပြောလေ၏။

ထိုအခါ နယ်ပိုင်ဝန်ထောက်မင်းက ရိုးသားသော လူငယ်လေးကို ကြည့်၍ မိမိအိမ်၌ တပည့်အဖြစ် ခေါ်ယူပြီး မွေးစားချင် စိတ်များ ဖြစ်ပေါ်လာ၏။

သူသည် တစ်ကိုယ်တည်းနေထိုင်သော လူပျိုကြီးတစ် ယောက် ဖြစ်သဖြင့် မိမိ၏ တောက်တိုမယ်ရ အလုပ်များကို





လုပ်ကိုင်ရန် လူငယ်လေးတစ်ယောက် လိုအပ်၏။

ထိုလူငယ်သည် ရိုးသားပြီး ယုံကြည်စိတ်ချရမည့်သူတစ်ဦး ဖြစ်နိုင်၏။ ရိုးသားသော လူငယ်ကို သူ၏လက်အောက်၌ ခေါ်ယူပြီး တပည့်အဖြစ် လက်သပ်မွေးချင်စိတ်များ ဖြစ်ပေါ်လာ၏။

ထို့ကြောင့် လူငယ်လေးအား

“ အလုပ်မရှိဘူးဆိုရင် ငါ့အိမ်မှာ နေမလား ”

ဟု မေးမြန်းလေ၏။ နယ်ပိုင်ဝန်ထောက်မင်း၏စကားကြောင့် လူငယ်သည် အံ့သြဟန်ဖြင့် ကြည့်၍

“ ကျွန်တော်မျိုးက နယ်ပိုင်မင်းကြီးရဲ့အိမ်မှာ နေရမယ် ဟုတ်လား၊ နယ်ပိုင်မင်းကြီးအိမ်မှာနေပြီးတော့ ကျွန်တော်မျိုးက ဘာအလုပ်တွေ လုပ်ရမှာလဲ ”

ဟု နားမလည်ဟန်ဖြင့် မေးမြန်းလေ၏။

ထိုအခါ နယ်ပိုင်ဝန်ထောက်မင်းက ရယ်မော၍

“ ငါ့မှာ မိသားစုမရှိဘူးကွ၊ ငါဟာ တစ်ကိုယ်တည်း အထီးကျန်နေတဲ့ လူတစ်ယောက်ပဲ၊ ငါ့ရဲ့ စားရေးသောက်ရေးတွေကို ထမင်းချက် တစ်ယောက်က တာဝန်ယူပြီး ချက်ပြုတ်ပေးတယ်၊ ဒါပေမဲ့ ငါ့မှာ တောက်တိုမယ်ရ ခိုင်းစေဖို့အတွက် တပည့် တစ်ယောက်မရှိဘူး၊ ဒါကြောင့် မင်းကို ငါတပည့်အဖြစ် အိမ်မှာ ခေါ်ထားလို့ရတယ် ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ထိုအခါ လူငယ်လေးက နယ်ပိုင်ဝန်ထောက်မင်း၏မျက်နှာ ကို အံ့ဩဟန်ဖြင့် ကြည့်၍

" ကျွန်တော်မျိုးဟာ ခေတ်ပညာလည်း မတတ်ဘူး၊ ဘုန်းကြီးကျောင်းစာလောက်ပဲ တတ်တယ်၊ နယ်ပိုင်မင်းကြီးဆီမှာ ကျွန်တော်မျိုးလို လူတစ်ယောက်က ဘာအလုပ်လုပ်ရမှာလဲ "

ဟု မေးမြန်းလေ၏။

ထိုအခါ နယ်ပိုင်ဝန်ထောက်မင်းက

" ခေါင်းအေးအေးထားစမ်းပါကွာ၊ ငါ့ရဲ့အိမ်မှာ မင်းလုပ်လို့ မရတဲ့ အလုပ်မရှိဘူးကွ၊ ငါဟာ တစ်ကိုယ်တည်းလူပျိုကြီးဆိုတော့ ငါ့ရဲ့ တစ်ကိုယ်ရေအလုပ်တွေကို မင်း ဝိုင်းကူပြီးတော့ လုပ်ပေး ရမယ် "

ဟု ပြောလေ၏။

ထိုအခါ လူငယ်လေးသည် မိမိအပေါ် ကျေးဇူးရှိသော နယ်ပိုင်မင်းအား လုပ်အားဖြင့် ကျေးဇူးဆပ်လိုစိတ်များ ဖြစ်ပေါ် လာ၏။

စိတ်သဘောထားပြည့်ဝသော နယ်ပိုင်မင်းအား မြင်မြင်ချင်း ခင်မင်ရင်းနှီးလိုစိတ်များ ဖြစ်ပေါ်မိ၏။ နယ်ပိုင်မင်းသည် သဘော မနော ကောင်းမွန်ပြီး မိမိအား တူသားအရင်းကဲ့သို့ ခင်မင်နေပုံရ





ရှာ၍ ဆင်းရဲစွာ နေထိုင်ရခြင်းထက်စာလျှင် နယ်ပိုင် ဝန်ထောက်မင်းနှင့်နေထိုင်ရခြင်းသည် များစွာ သာလွန်မည်ထင်၏။

ထို့ကြောင့် နယ်ပိုင်ဝန်ထောက်မင်းအားကြည့်၍

" ကျွန်တော်မျိုး၊ နယ်ပိုင်ဝန်ထောက်မင်းကြီးနဲ့နေထိုင်ဖို့ ဆုံးဖြတ်လိုက်ပါပြီ "

ဟုပြောလိုက်လေ၏။ နယ်ပိုင်ဝန်ထောက်မင်းက သဘောကျ ဟန်ဖြင့် ခေါင်းညိတ်၍

" ကောင်းပြီ၊ ရုံးဆင်းတာနဲ့ ငါနဲ့လိုက်ခဲ့ပေတော့၊ မင်းဘဝ ဒီနေ့ကစပြီး အပြောင်းအလဲဖြစ်ပြီလို့သာ မှတ်လိုက်ပေတော့ကွာ"

ဟု ပြောလိုက်လေ၏။

ထို့နောက်တွင်မူ နယ်ပိုင်ဝန်ထောက်မင်းသည် လူငယ်အား သူ၏နေအိမ်သို့ ခေါ်ဆောင်သွားလေ၏။ ဆင်းရဲသားလူငယ်လေး သည် နယ်ပိုင်ဝန်ထောက်မင်း၏ ခမ်းနားလှသော ဒေါက်ကပ်မြင်း ရထားကိုစီးရင်း သဘောအကျကြီး ကျနေလေ၏။

မြင်းရထားအတွင်း စီးနင်းသူသက်သာအောင် ပြုလုပ်ထား သော ဆိုဖာထိုင်ခုံများ၊ ပြတင်းပေါက်ကို ကာရံထားသော လှပသော ခန်းဆီးများကိုကြည့်၍ အလွန်ကျေနပ်နေလေ၏။

နယ်ပိုင်ဝန်ထောက်မင်း၏အိမ်သည် ရေဝတီမြစ်ကမ်းနားရှိ မြင့်မားသော တောင်ကုန်းကြီးပေါ်တွင် ရှိ၏။ ထိုနေရာ၌ ဗြိတိသျှ



www.burmeseclassic.com

www.burmeseclassic.com



အရာရှိကြီးများ အဆက်ဆက်နေထိုင်ခဲ့၏။

နယ်ပိုင်ဝန်ထောက်မင်း၏ အိမ်ရှေ့သို့ မြင်းရထားရပ်တန့်သွားသောအခါ လွန်စွာအသားမည်း၍ ကိုယ်ခန္ဓာတုတ်ခိုင်သော အသက် (၃၀) ဝန်းကျင် လူတစ်ဦးက လာရောက်ကြိုဆိုလေ၏။

ထိုလူသည် နယ်ပိုင်မင်း၏ ရထားလုံးပေါ်တွင် အတူလိုက်ပါလာသော စုတ်ချာချာလူငယ်လေးကိုကြည့်၍ မကြည်ဖြူဟန်ဖြင့် မျက်မှောင်ကြုတ်လိုက်လေ၏။

နယ်ပိုင်မင်းက

" ဒီကောင်လေးကို ငါတို့အိမ်မှာ အတူနေဖို့ခေါ်လာပြီ၊ မင်း သူနေထိုင်ဖို့ စီစဉ်ပေးလိုက်ကွာ "

ဟု ပြောလိုက်လေ၏။ ထိုအခါ အသားမည်း၍ တုတ်ခိုင်သော လူက လူငယ်ကို မကြည်ဖြူဟန်ဖြင့် ကြည့်၍

" ဒီစုတ်စုတ်ချာချာကောင်လေးကို ဆရာက အိမ်မှာခေါ်ထားမယ်ဟုတ်လား၊ ဒီကောင်လေးက ရာဇဝတ်သားတစ်ယောက်လား "

ဟု မေးမြန်းလေ၏။ ထိုအခါ နယ်ပိုင်ဝန်ထောက်မင်းက

" ဒီမှာ ရာဇဝတ်သားဆိုတဲ့အသုံးနှုန်းကို ငါ့ရဲ့အိမ်မှာ မသုံးနဲ့ကွာ၊ ဒီကလေးမှာ အရင်က အပြစ်တွေရှိရင်ရှိမယ်၊ ဒါပေမဲ့ သူဟာ ပင်ကိုယ်အရည်အသွေးရှိတဲ့ ကလေးတစ်ယောက်လို့ ငါထင်တယ်၊





ဒါကြောင့် သူ့ရဲ့မကောင်းမှုတွေကို ခဝါချပြီးတော့ ဖြူစင်သန့်ရှင်းသွားအောင် လုပ်မယ်လို့ ဆုံးဖြတ်ထားတယ်ကွာ၊ ဒါကြောင့် ကလေးကို နှိမ့်ချပြီး ဆက်ဆံတာ ငါမလိုလားဘူး "

ဟု ပြော၍ လူငယ်လေးဘက်သို့လှည့်၍ ပခုံးကိုပုတ်ကာ

" ဟောဒီလူမှာမည်က ကိုလှမြင့်လို့ခေါ်တယ်၊ ကိုလှမြင့်က ငါ့ရဲ့ထမင်းချက်ပဲ၊ ငါ့အိမ်မှာနေရင် ကိုလှမြင့်ရဲ့အလုပ်တွေကို ကူညီပြီး လုပ်ကိုင်ပေးရမယ်၊ ငါ့ရဲ့ရထားလုံးကို မောင်းတဲ့လူကတော့ စိန်ရိုးလို့ခေါ်တယ်၊ သူကတော့ ပျော်ပျော်ရွှင်ရွှင်နေတတ်လို့ မင်းနဲ့ ပေါင်းသင်းလို့ရမှာပါ "

ဟု ပြောလေ၏။

ထို့နောက်တွင်မူ တုတ်ခိုင်သန်မာသောလူသည် လူငယ်လေးအား အိမ်၏ အနောက်ဖက်ရှိ လွန်စွာစုတ်ချာသော အခန်းလေးထဲသို့ ခေါ်ဆောင်သွားလေ၏။

ထိုအခန်းလေးထဲ၌ အလင်းရောင်မရှိဘဲ အောက်သိုးသိုးအနံ့ ထွက်နေလေ၏။ ထမင်းချက်လှမြင့်က ဖုံအလိမ်းလိမ်းတက်နေသော အခန်းကို လက်ညှိုးညွှန်ပြ၍

" ဒီအခန်းကိုရှင်းပြီး မင်းအိပ်ရမယ်၊ ဒီအခန်းထဲမှာ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်တွေ ထားတယ်၊ ငါးပိ၊ ငါးခြောက်တွေလည်းရှိတယ်၊ ဒီအခန်းက ရိက္ခာကိုဒေါင်ကွ၊ မင်း ဒီအခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာနေရင်တော့ ပါးစပ် စည်းကမ်းရှိရမယ် ”

ဟု ပြောလေရာ လူငယ်လေးသည် ထမင်းချက်လှမြင့်ကို ကြည့်၍ မျက်မှောင်ကြုတ်လိုက်ပြီး

“ ကျုပ် နယ်ပိုင်ဝန်ထောက်မင်းရဲ့အိမ်ကို လိုက်လာကတည်းက မကောင်းမှုအလုပ်ကို ဘယ်တော့မှမလုပ်ဘူးလို့ ဆုံးဖြတ်ထားပြီးသားဗျ ”

ဟု ပြောလိုက်လေ၏။ ထိုအခါ ထမင်းချက်လှမြင့်က လူငယ်ကို အထင်သေးဟန်ဖြင့် ကြည့်၍

“ ဒါနဲ့နေပါဦး၊ မင်းက နယ်ပိုင်ဝန်ထောက်မင်းရဲ့ရုံးတော်ကို ဘယ်လိုအမှုနဲ့ ရောက်လာတာလဲ ”

ဟု မေးမြန်းလေ၏။ ထိုအခါ လူငယ်က သက်ပြင်းချ၍

“ ကျုပ် ခိုးမှုနဲ့ ရောက်လာတာဗျ ”

ဟုပြောလေ၏။ လူငယ်၏စကားကြောင့် ထမင်းချက်လှမြင့်က တဟားဟား ရယ်မောလိုက်ပြီး

“ ဟား ဟား ဟား… ခိုးမှုနဲ့ရောက်လာတဲ့ကောင်ကို ရိက္ခာကိုဒေါင်မှာ ငါက အိပ်ခိုင်းလိုက်ပြီ၊ ငါ့အိမ်ကရိက္ခာတွေ ပျောက်ပြီးတော့ နယ်ပိုင်မင်း ဆူမှာကြိမ်းမှာ မြင်ယောင်သေးတယ်ဟေ့ ”

ဟု ပြောလိုက်ရာ လူငယ်သည် မခံချိမခံသာဖြစ်သွားပြီး ထမင်းချက် လူကြီးကိုကြည့်၍





“ ဟေ့လူကြီး… ကျုပ်ရဲ့မကောင်းမှု ဒုစရိုက်တွေကို ခံဝါချလိုက်ပြီလို့ ခင်ဗျားကို ဘယ်နှစ်ခါပြောရမလဲ ”

ဟု ပြောလေရာ ထမင်းချက်လှမြင့်က

“ သူခိုးဟာ ခိုးတဲ့အကျင့်ကို ဖျောက်နိုင်ဖို့ အတော်ခက်တယ်ကွ၊ စောရနက္ခတ်ပါတဲ့လူဆိုရင် ပိုတောင်ဆိုးသေးတယ်၊ ဒါကြောင့် မင်းရဲ့ စကားကိုတော့ ယုံရခက်ခက်ပဲ ”

ဟု ပြောလေရာ လူငယ်သည် အံကိုကြိတ်၍

“ ဒါဆို ကျုပ်ကို ဒီအခန်းမှာ ပေးမအိပ်နဲ့ဗျာ၊ အိမ်အပြင်ဘက်မှာပဲ အိပ်မယ် ”

ဟု ပြောလေရာ ထမင်းချက်လှမြင့်က

“ ဒီအိမ်မှာ မင်းနဲ့တန်တဲ့အခန်း ဒီအခန်းပဲရှိတယ်၊ ဒါကြောင့် ဒီအခန်းထဲမှာပဲ အိပ်ပေတော့၊ မကောင်းတဲ့အကျင့်ကို မဖျောက်နိုင်လို့ ပြဿနာပေါ်ရင်တော့ ငါ့ကို အဆိုးမဆိုနဲ့ ”

ဟု ပြောကာ လူငယ်၏အနီးမှ ထွက်ခွာသွားလေ၏။

လူငယ်သည် ထိုအခါမှပင် ရိက္ခာကိုဒေါင်ဟုဆိုသော အနံ့အသက် မကောင်းသည့် အခန်းကို မျက်လုံးဝေ့ကြည့်လိုက်လေ၏။

အခန်းတစ်ခန်းလုံး ဖုံများထူထပ်နေပြီး လူတစ်ယောက်နေထိုင်ရန် မသင့်လျော်လောက်အောင် အနံ့အသက်များ ဆိုးဝါးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူငယ်သည် သူ၏အနီးမှ ဖြတ်သန်းသွားသော ပိုးဟပ်နှင့် ကြွက်များကို ကြည့်၍ သက်ပြင်းချလိုက်ပြီး

" မြို့ပိုင်မင်းရဲ့အိမ်ကို ရောက်ရောက်ချင်း ငါ့ဘဝအစက မကောင်းပါလား "

ဟု ရေရွတ်ကာ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေ၏။

ခဏကြာလျှင် ထမင်းချက်လုလင်မြင့် ရောက်ရှိလာပြီး

" ဟေ့ကောင် လိုက်ခဲ့၊ မင်းရေချိုးရမဲ့နေရာကိုပြမယ် "

ဟု ဆိုကာ ခြံထဲရှိ ရေတွင်းရှိရာသို့ ခေါ်ဆောင်သွားလေ၏။ လူငယ်သည် ရေတွင်းမှရေကို တစ်ဝကြီး ချိုးလိုက်လေ၏။

လူငယ် ရေချိုးနေစဉ် အနီးသို့ ရထားလုံးမောင်းသော စိန်ရိုးဆိုသော လူကြီးရောက်ရှိလာပြီး

" ရေချိုးနေလား ကောင်လေး၊ မင်းကို ငါ စေတနာ့ကောင်းနဲ့ တစ်ခုမှာထားချင်တယ်၊ နယ်ပိုင်မင်းရဲ့အိမ်မှာနေရင် ထမင်းချက်လုမြင့်ကို သတိထား၊ ဒီကောင်က စိတ်ဓာတ်ယုတ်မာကောက်ကျစ်တယ် "

ဟု သတိပေးလေ၏။ လူငယ်က ရေချိုးရင် စိန်ရိုးဆိုသော လူကြီးကို ကြည့်၍

" နယ်ပိုင်ဝန်ထောက်မင်းကရော စိတ်သဘောထားကောင်းတယ် မဟုတ်လား "





ဟု မေးမြန်းလေ၏။ ထိုအခါ စိန်ရိုးက ခေါင်းညိတ်၍

" နယ်ပိုင်မင်းကတော့ ငါတွေ့ဖူးသမျှ အရာရှိကြီးတွေထဲမှာ စိတ်သဘောထားအကောင်းဆုံးပဲကွာ၊ ဆင်းရဲသားတွေကို သိပ်ပြီးတော့ ညှာတယ်၊ မင်းတို့လို ဒုက္ခရောက်ပြီး ဒဏ်ငွေမဆောင်နိုင်တဲ့လူကို သူ့အိတ်ထဲကနေစိုက်ပြီးတော့ ဆောင်ပေးတာများတယ်၊ နောက်ပြီးတော့ နယ်ပိုင်ဝန်ထောက်မင်းက ထူးခြားတာ တစ်ခုရှိသေးတယ်၊ များသောအားဖြင့် အရာရှိတွေက ယမကာမှီဝဲတတ်တယ်ကွ၊ ဒါပေမဲ့ ငါတို့ရဲ့ ဝန်ထောက်မင်းက ယမကာကို ဝေးဝေးက ရှောင်တယ်၊ ဝန်ထောက်မင်းလို ပုဂ္ဂိုလ်မျိုးက ရှားမှရှားကွ၊ မင်း သူ့အိမ်မှာ အလုပ်လုပ်ရင် အလုပ်ကြိုးစားပြီး စေ့စေ့စပ်စပ်လုပ်၊ ဝန်ထောက်မင်းက စည်းကမ်းရှိတယ်၊ အလုပ်ကို ပေါ့ပေါ့ဆဆလုပ်တာ မကြိုက်ဘူး "

ဟု လေးနက်စွာ မှာကြားလေ၏။

ညသို့ရောက်သောအခါ သူ၏အခန်းကျဉ်းလေး၌ ခြင်များ တဝီဝီပျံသန်းနေလေ၏။ လူငယ်သည် ဗိုက်ထဲတွင် ဆာလောင်လာပြီး အခန်း ထဲတွင် တစ်ကိုယ်တည်း အထီးကျန်နေထိုင်ရသကဲ့သို့ ခံစားရလေ၏။

ခဏကြာလျှင် ထမင်းချက်လုမြင့်ရောက်ရှိလာပြီး ဝန်ထောက်မင်းက တွေ့ချင်သည်ဆိုသဖြင့် လူငယ်လေးအား လာရောက်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဝေါ်လေ၏။

ဝန်ထောက်မင်းသည် ဝရန်တာ၌ ရေနွေးကြမ်း၊ ထန်းလျက်၊ ပဲလှော်၊ စသည့် မုန့်မျိုးစုံတို့ကို စားသောက်၍ ရှိနေလေ၏။

လူငယ်သည် နယ်ပိုင်မင်း၏ မလှမ်းမကမ်းရှိ ကြမ်းပြင်ပေါ်တွင် ထိုင်ချလိုက်လေ၏။ ထိုအခါ နယ်ပိုင်မင်းက အနီးရှိ ကုလားထိုင်ကို ညွှန်ပြ၍

" ဒီမှာထိုင်ပါကွာ၊ အောက်မှာမထိုင်ပါနဲ့၊ မင်းကို မြင်မြင်ချင်း စိတ်ဓာတ်ကောင်းမယ်ထင်လို့ ငါ့ဆီမှာ အလုပ်ပေးချင်လို့ ခေါ်လာခဲ့တာကွ၊ မင်း ရွာမှာနေရင် အချိန်ကုန်ပြီးတော့ တစ်ရွာလုံးရဲ့ နိုင်းဖတ်နဲ့ပဲဘဝဆုံးမှာပဲ၊ ငါ့ဆီမှာနေရင် မင်းအတွက် ဘဝတိုးတက်မဲ့လမ်းတွေရှိတယ်၊ မင်းဘဝ ဒီနေ့ကစပြီး စိတ်သစ်၊ လူသစ်သာ သဘောထားလိုက်ပေတော့၊ မနက်ဖြန် ဧရာဝတီမြစ် သွားပြီးတော့ မင်းရဲ့အဝတ်ဟောင်းတွေ အားလုံးကို ရေမျှောလိုက်"

ဟု ပြောလေ၏။

ထိုအခါ လူငယ်လေးက နယ်ပိုင်မင်းကိုကြည့်၍ မဝံ့မရဲဖြင့်

" ကျွန်တော်မျိုးရဲ့ အဝတ်ဟောင်းတွေကို ရေမှာမျှောလိုက်တော့ ကျွန်တော်မျိုးကဘယ်လိုအဝတ်တွေကိုဝတ်ရမှာလဲ "

ဟု မေးမြန်းလေ၏။

ထိုအခါ နယ်ပိုင်မင်းက သဘောကျဟန်ဖြင့် တဟားဟား





ရယ်မော၍

" ဟား...ဟား...ဟား... မင်းရဲ့အဝတ်ဟောင်းတွေ ရေမှာမျှောတဲ့အတွက် ဝတ်စရာမရှိလို့ စိုးရိမ်နေတာလား၊ ဒီအတွက် ဘာမှမပူပါနဲ့ကွာ၊ မင်းအတွက် ငါ အဝတ်အစားအသစ်တွေ ဝယ်ပေးပါ့မယ်၊ မနက်ဖြန် မနက်စောစော ဧရာဝတီမြစ်ထဲကိုသွားပြီးတော့ အဝတ်တွေ ရေမှာမျှောလိုက်ပါ၊ ငါဟာ နယ်ပိုင်ဝန်ထောက်တစ်ယောက်ဖြစ်တဲ့အတွက် ငါ့ရဲ့ရုံးကို မင်းနဲ့ရွယ်တူ တရားခံအမျိုးမျိုး ရောက်လာခဲ့ဖူးတယ်၊ ဒါပေမဲ့ ငါတွေ့ဖူးတဲ့ လူငယ်တွေကို မယုံကြည်ဘူး၊ မင်းမှာ မဟုတ်မခံစိတ်ဓာတ်ရှိတယ်၊ ဒီစိတ်ဓာတ်ကြောင့်ပဲ ရာဇဝတ်မှုကို ကျူးလွန်တယ်လို့ ငါယုံကြည်တယ်၊ နောက်ပြီးတော့ မင်းရဲ့ ဥပဓိရုပ်ကိုကြည့်ရတာ တည်ကြည်ခန့်ညားတယ်၊ မင်းရဲ့မျက်လုံးတွေက ရိုးသားဖြူစင်တယ်၊ အပြစ်ကင်းစင်ပြီး ပွင့်လင်းမှုရှိတယ်၊ ဒီလိုမျက်လုံးပိုင်ရှင်တွေဟာ မဟုတ်တာမလုပ်ဘူးလို့ ငါယုံကြည်တယ်၊ ဒါကြောင့်လည်း ငါ့ရဲ့အိမ်မှာ တပည့်အဖြစ် လုပ်ကိုင်ဖို့ခွင့်ပြုခဲ့တာပဲ "

နယ်ပိုင်ဝန်ထောက်မင်းသည် လူငယ်၏မျက်နှာကို အကဲခတ်သလို ကြည့်၍

" မင်း ဒီနေ့ညစာ စားပြီးပြီလား "

ဟု မေးမြန်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ လူငယ်သည် ဗိုက်ထဲတွင် ဆာလောင်လာသလို ခံစားရပြီး မစားရသေးကြောင်း ပြောလိုက်လေ၏။

နယ်ပိုင်မင်းသည် နံရံတွင်ချိတ်ထားသော နာရီကို လှမ်းကြည့်လိုက်ပြီး မျက်မှောင်ကြုတ်ကာ

" ညစာစားချိန်ကိုတောင် လွန်နေပြီ၊ လှမြင့်… မင်း ဒီလူငယ်ကို ထမင်းမကျွေးသေးဘူးလား "

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ ထမင်းချက်လှမြင့်သည် နယ်ပိုင်ဝန်ထောက်မင်းကြီး၏အနီးသို့ ရိုကျိုးသော အမူအရာဖြင့် ချည်းကပ်လာပြီး

" ကျွန်တော်မျိုး သူ့ကို ညစာကျွေးဖို့ စောင့်နေပါတယ် ဆရာ၊ ဒါပေမဲ့ သူရောက်လာကတည်းက အိပ်ခန်းထဲက ထွက်မလာလို့ အိပ်နေတယ်ထင်ပြီး ညစာကျွေးဖို့ မခေါ်မိတာပါ "

ဟု ပြောလေ၏။

နယ်ပိုင်ဝန်ထောက်မင်းသည် ခေါင်းခါယမ်း၍

" နောက် ဒီလိုမဖြစ်စေနဲ့၊ ဒီကောင်လေးက မဟုတ်မခံ စိတ်ဓာတ်ရှိတယ်၊ အရည်အချင်းရှိတဲ့ လူငယ်တစ်ယောက်ဆိုတာ ငါယုံကြည်တယ်၊ ဒါကြောင့် သူ့ကို ငါ့တပည့်အဖြစ် မွေးစားဖို့ ခေါ်လာခဲ့တာပဲ၊ သူနဲ့ ပတ်သက်ပြီး ရိုးရိုးသားသား ဆက်ဆံဖို့ ကြိုးစားပါ၊ မင်းဘက်က မရိုးမသား ဆက်ဆံရင်တော့ မဟုတ်မခံ





စိတ်ရှိတဲ့လူဟာ တစ်နေ့မှာ မင်းကို တုံ့ပြန်မှာပဲ၊ ငါ ဒီလိုသတင်းမျိုးကို မကြားချင်ဘူး၊ ကြားလား "

ဟု ပြောရင်း လူငယ်ကိုကြည့်ကာ

" သူ့ကို မင်း ဘယ်မှာအိပ်ဖို့ နေရာချထားသလဲ "

ဟု မေးမြန်းလိုက်ပြန်၏။ ထိုအခါ ထမင်းချက်လှမြင့်က

" သူ့ကို ရိက္ခာကိုဒေါင်ထားတဲ့နေရာမှာပဲ နေရာချထားပါတယ် "

ဟု ပြောလေ၏။ နယ်ပိုင်မင်းက မျက်မှောင်ကြုတ်၍

" မင်း အတော်စာနာစိတ်မရှိတဲ့ကောင်ပဲ၊ ဒီအခန်းဟာ လူတစ်ယောက်နေလို့ရတဲ့ အခန်းလား၊ မင်းကို အဲဒီအခန်းမှာနေဆိုရင် မင်းသွားနေနိုင်မလား၊ သူ့ကို အိမ်ရဲ့ အနောက်ဘက်စွန်းက အခန်းမှာ နေရာပေးလိုက်၊ အခန်းထဲမှာ ခြင်ထောင်တွေ၊ စောင်တွေ အားလုံး ပြည့်ပြည့်စုံစုံရှိပါစေ "

ဟု အမိန့်ပေးလိုက်ရာ ထမင်းချက်လှမြင့်သည် ရိုးကျိုးသော အမူအရာဖြင့်

" ဟုတ်ကဲ့ပါ ဆရာ၊ကျွန်တော် စီစဉ်ပေးလိုက်ပါ့မယ် "

ဟု ပြောလေ၏။ ထိုအခါ နယ်ပိုင်ဝန်ထောက်မင်းက

" သူ့နာမည် ကောင်းကင်လို့ခေါ်တယ်၊ ကောင်းကင်ကို ညစာကျွေးဖို့ စီစဉ်ပေးလိုက်ပါ၊ ကောင်းကင်စားမဲ့ညစာဟာ



www.burmeseclassic.com

www.burmeseclassic.com



မင်းစားမဲ့ညစာထက် မညံ့စေနဲ့ ”

ဟု အမိန့်ပေးလိုက်ရာ ထမင်းချက်လှမြင့်သည် မျက်နှာ ကွက်ခနဲပျက်သွားပြီး ကောင်းကင်အား ထမင်းစားရန်အတွက် မီးဖိုဆောင်သို့ ခေါ်သွားလေ၏။

မီးဖိုဆောင်သို့ရောက်သောအခါ ထမင်းချက်လှမြင့်သည် စားပွဲခုံပုလေးဖြင့် ထမင်းပြင်ပေးလေ၏။ ထမင်းဝိုင်း၌ ကြက်သား ဟင်း၊ ကန်စွန်းရွက်ကြော်၊ ချဉ်ပေါင်ရွက်ချဉ်ရည်ဟင်းတို့ ပါရှိ၏။

လူငယ်လေးသည် ဟင်းကောင်းများဖြင့် စားရသဖြင့် မြိန်ယှက်စွာ စားသောက်လေ၏။ ထမင်းချက်လှမြင့်သည် အနီး၌ မကျေမချမ်း ကြည့်ရှုနေလေ၏။

ကောင်းကင် ထမင်းစားပြီးနောက် ထမင်းချက်လှမြင့်က

“ မင်း ရိက္ခာကိုဒေါင်မှာ မအိပ်ရတော့ဘူး၊ အခန်းပြောင်းရမယ်၊ ငါ့နောက်လိုက်ခဲ့ ”

ဟု ဆိုကာ အိမ်၏အနောက်ရှိ သော့ခတ်ထားသော အခန်း တစ်ခန်းကို ဖွင့်ပေးလေ၏။

ထိုအခန်းထဲ၌ ခုတင်ငယ်တစ်လုံးနှင့် အဝတ်ဗီရို၊ စာကြည့် စားပွဲ စသည်ဖြင့် ပါရှိလေရာ ကောင်းကင်သည် အလွန်သဘောကျ နေလေ၏။

ထမင်းချက်လှမြင့်သည် အခန်းကို လက်ညှိုးညွှန်ပြ၍





“ ဒီအခန်းထဲကပစ္စည်းတွေကို မတန်မတရာ လျှောက်မဖျက် ဆီးနဲ့နော်၊ ခြင်ထောင်တွေ၊ စောင်တွေကို မညစ်ပေစေနဲ့၊ သေသေ ချာချာသုံး၊ ညစ်ပေသွားရင် မင်းဘာသာ ပြန်လျှော်ရမယ် ”

ဟု ပြောလေ၏။

ကောင်းကင်သည် သူတို့ရွာမှ ဆရာတော်ကြီးမှလွဲ၍ ခုတင်နှင့် အိပ်စက်ခြင်းကို မမြင်ဘူးသဖြင့် ခုတင်ပေါ်သို့ တက်ထိုင်ကာ သဘောအကျကြီးကျနေလေ၏။

ခုတင်ပေါ်၌ အတော်အသင့်ထူသော မွေ့မွေ့ယာတစ်လုံးရှိ သဖြင့် မွေ့ယာပေါ်သို့ လှဲချကာ ဇိမ်အကျကြီး ကျနေလေ၏။

သူ၏တစ်သက်တွင် ဤတစ်ကြိမ်သာ မွေ့ယာနှင့် အိပ်ဖူး ခြင်းဖြစ်၏။ နယ်ပိုင်မင်းအိမ်၌ အလုပ်လုပ်ရခြင်းသည် သူ၏ ဘဝကြီးမှာ အပြောင်းအလဲပင် ဖြစ်၏။

နယ်ပိုင်မင်း သဘောကျ အလုပ်များကို အစွမ်းကုန်ကြိုးစား၍ အလုပ်လုပ်ရန်လည်း ဆုံးဖြတ်ထား၏။ ထိုအခါမှပင် မိခင်ကြီး အတွက် တင်ရှိသော ဆေးကြွေးများကို ဆေးဆရာကြီး ဦးဘဦးထံသို့ ဆပ်နိုင်မည်ဖြစ်၏။

ကောင်းကင်သည် ရောက်တတ်ရာရာတွေးရင် ညဦးနက် သွားပြီး သန်းခေါင်ကျော်သောအခါမှပင် အိပ်ပျော်သွားလေ၏။

ကောင်းကင်သည် နောက်နေ့မနက် မိုးစင်စင်လင်းသော



www.burmeseclassic.com

www.burmeseclassic.com



အခါမှပင် အိပ်ရာမှ နိုးလေ၏။ အိပ်ရာနိုးသောအခါ ခြံထဲသို့ဆင်း၍ သစ်ရွက်ကြွေများကို လှဲကျင်းလေ၏။

ထို့နောက် ခြံအနောက်ရှိ တွင်းကြီးသို့သွားကာ ရွက်ကြွေများကို စုပုံပြီး မြေဖို့လေ၏။ ပြီးနောက် ရေတွင်းမှ ရေကိုခပ်ကာ ခြံထဲရှိ အပင်များအားလုံးကို လိုက်လံ၍ ရေလောင်းနေလေ၏။

ကောင်းကင်သည် ထိုအလုပ်များကို မည်သူ့မျှ ခိုင်းစေခြင်း မရှိဘဲ လုပ်ကိုင်နေခြင်းဖြစ်၏။ ကောင်းကင် အမှိုက်များကို လှဲကျင်းပြီးသောအခါ ထမင်းချက်လှမြင့် နိုးလာပြီး မီးဖိုချောင်အလုပ်များကို စတင်လုပ်ကိုင်လေ၏။

ကောင်းကင်သည် လှမြင့်ရှိရာသို့သွား၍ မီးဖိုချောင်တွင် ကူညီရန် ကြိုးစားလေ၏။ ထိုအခါ လှမြင့်က လေသံမာမာဖြင့်

"မင်း ဘယ်တော့မှ မခေါ်ဘဲ မီးဖိုချောင်ထဲကိုဝင်မလာနဲ့ မင်းရဲ့အလုပ်က မီးဖိုချောင်ကလွဲရင် တစ်အိမ်လုံးမှာရှိတယ်၊ နား လည်လား"

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ထမင်းချက်လှမြင့်သည် ကောင်းကင်အား ခြံတွင်း၊ ခြံပြင် အမှိုက်များ လှဲကျင်းရန်၊ ပန်းပင်များကို ရေလောင်းရန်၊ အိမ်ကြီးတစ်ခုလုံးကို သန့်ရှင်းရေး ပြုလုပ်ရန် စသည် ပင်ပန်းစွာ လုပ်ရမည့်အလုပ်များကို ညွှန်ပြပေးလေ၏။





ကောင်းကင် ခြံထဲ၌ အလုပ်များ လုပ်ကိုင်နေစဉ် အနီးသို့ ရထားလုံးမောင်းသည့် စိန်ရိုးရောက်ရှိလာပြီး

"ဟား...ဟား...ဟား...အလုပ်ကြိုးစားလှချည်လားကွ၊ အရင်တုန်းက ဒီအလုပ်တွေကို လူယုတ်မာကောင်လုပ်ရတာကွ၊ အခုတော့ လူယုတ်မာကောင် လှမြင့်ရဲ့အလုပ်တွေကို မင်းက လက်လွှဲပြီး ယူလိုက်ရပြီ၊ ကောင်းပေ့ကွာ"

ဟု ပြောလေ၏။

ကောင်းကင်သည် သူ၏အဝတ်ဟောင်းနွမ်းလေးများကိုယူ၍ အထုပ်ထုပ်ကာ ဧရာဝတီမြစ်ထဲသို့မျှောရန် မြစ်ဆိပ်ရှိရာသို့ ထွက်ခဲ့လေ၏။

ဧရာဝတီမြစ်ကမ်းသို့ရောက်သောအခါ တသွင်သွင်စီးဆင်းနေသော ရေထဲသို့ သူ၏အဝတ်များ တစ်ထည်ပြီးတစ်ထည် မျှောချလိုက်လေ၏။

သူသည် အဝတ်များမျှောရင်း

"ဒီနေ့ကစပြီး ငါ့ရဲ့ဘဝဟောင်းက အကျင့်တွေကိုတဝသစ်ထဲကို ယူမလာတော့ဘူး၊ ဧရာဝတီမြစ်ထဲကို အဝတ်တွေ မျှောသလို ငါ့ရဲ့ အကျင့်စရိုက်တွေကိုလည်း မျှောလိုက်ပြီ၊ ဒီနေ့ကစပြီး ငါဟာ ဘဝသစ် လူသစ်နဲ့ နယ်ပိုင်မင်းကြီးရဲ့အိမ်မှာပဲ အမှုထမ်းတော့မယ်"

ဟု ဆုံးဖြတ်ချက်ချလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင် အဝတ်များကို မျှော်ပြီးပြန်လာသောအခါ နယ်ပိုင်ဝန်ထောက်မင်းက ဆီးကြို၍ ကြည့်ရှုနေပြီး

" မင်းအဝတ်တွေအတွက် ဘာမှမပူနဲ့၊ နေ့လယ်မှာ ဈေးဂ သွားပြီး မင်းအတွက် အဝတ်အစားအသစ်တွေ ချုပ်ပေးလိမ့်မယ် ဒီနေ့တော့ ငါနဲ့ ရုံးကိုမလိုက်ခဲ့နဲ့၊ နောက်ဆိုရင် ငါနဲ့ နယ်ပိုင် ဝန်ထောက်ရုံးကို လိုက်ပြီးတော့ အတွေ့အကြုံ ဗဟုသုတတွေ သင်ယူရမယ် "

ဟု ပြောလေရာ ကောင်းကင်သည် နယ်ပိုင်ဝန်ထောက်မင် ၏ရုံး၌ လူအများနှင့် စည်ကားနေသဖြင့် ရုံးသို့လိုက်ရန် အလွ သဘောကျသွားလေ၏။

နေ့လယ်သို့ရောက်သောအခါ ရထားလုံးမောင်းသမား စိန် သည် ကောင်းကင်အားခေါ်၍ မြို့လယ်ဈေးကြီး၌ ပိတ်စအမျိုးမျိုး ဝယ်ယူလေ၏။

ထို့နောက် မြို့တစ်နေရာတွင်ရှိသော မိန်းမလျာကြီးတစ်ဦး အပ်ချုပ်ဆိုင်သို့သွားကာ အင်္ကျီများကို ချုပ်လုပ်လေ၏။

အင်္ကျီအချုပ်ပြီးစီးသွားသောအခါ ကောင်းကင်အား ဝတ်ဆ ကြည့်စေ၏။ ကောင်းကင်သည် တစ်သက်တွင် တစ်ကြိမ် အပ်ချုပ်သည် ချုပ်သောအဝတ်ကို မဝတ်ဖူးသဖြင့် သဘော အကျကြီးကျနေလေ၏။





နယ်ပိုင်မင်း၏အိမ်တွင် အလုပ်ဝင်လုပ်ခြင်းသည် အလွန် မှန်ကန်သော ရွေးချယ်မှုဟု ယူဆလိုက်မိလေ၏။

နယ်ပိုင်မင်း၏အမိန့်အရ ထိုအဝတ်အစားများကို အမြန် ကြေးပေး၍ ချုပ်လုပ်ခြင်းဖြစ်၏။ ထို့ကြောင့် ညနေစောင်းသို့ ရောက်သောအခါ ကောင်းကင်သည် အဝတ်များအားလုံး ပြီးစီး သွားလေ၏။

ရထားလုံးသမား စိန်ရိုးက ကောင်းကင်၏အဝတ်များကို ကြည့်၍

" မနက်ဖြန်ကစပြီး ဆရာက မင်းကို သူဘယ်သွားသွား ခေါ်သွားမဲ့ လက္ခဏာရှိတယ်၊ မင်းတော့ ဆရာ့နောက်လိုက်ရရင် ပွတာပဲ "

ဟု ပြောလေ၏။ ထိုအခါ ကောင်းကင်က နားမလည် ဟန်ဖြင့် ကြည့်၍

" နယ်ပိုင်မင်းကြီးရဲ့နောက်ကိုလိုက်တာနဲ့ ကျုပ်က ဘာဖြစ်လို့ ပွရမှာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ စိန်ရိုးက

" နယ်ပိုင်မင်းကြီးမှာ ဇနီး၊ သားသမီးမရှိဘူးကွ၊ ဒါကြောင့် သူ သွားလေရာနေရာမှာ နောက်ကနေ ရေဘူးကိုင်ပြီးတော့ တကောက်ကောက် လိုက်ရတယ်၊ နယ်ပိုင်မင်းကြီးက မပြောခဏ



www.burmeseclassic.com

www.burmeseclassic.com



ရွာတွေကိုလှည့်ပြီး စစ်ဆေးရတယ်၊ ဒီလိုအချိန်မျိုးမှာ မင်းက နယ်ပိုင်မင်းရဲ့နောက်က တကောက်ကောက်လိုက်ပြီးတော့ လိုအပ်ချက် မှန်သမျှ ဖြည့်ဆည်းပေးရမယ်၊ ရွာတွေကိုရောက်ရင် ပျော်စရာသိပ်ကောင်းတယ်ကွ၊ ရွာသူကြီးတွေက နယ်ပိုင်မင်းကို ကြိုဆိုပြီးတော့ အစားအသောက်ကောင်းကောင်းတွေ ချက်ပြုတ်ပြီးတော့ ကျွေးမွေးရတယ်ကွ၊ ဒီအချိန်မှာ နယ်ပိုင်မင်းက သူတို့ရဲ့ အသက်ပဲ၊ "နယ်ပိုင်မင်းဟာ သူကြီးတွေ အခွန်ကောက်မပေးရင် သူကြီးတွေကို အမျိုးမျိုး ဆူပူကြိမ်းမောင်းခွင့်ရှိတယ်၊ ဒါကြောင့် နယ်ပိုင်မင်းကို ကြောက်တဲ့သူကြီးတွေက လိုတာထက်ပိုပြီးတော့ နယ်ပိုင်မင်းကို ဖားကြတယ်ကွ၊ ဒီအခါမျိုးမှာ ငါတို့က နယ်ပိုင်မင်းနောက်ကနေလိုက်ပြီး ဆင်ဖြူတော်မှီပြီး ကြံစုပ်ကြတာပေါ့ကွာ၊ ဟဲ…ဟဲ…လောကမှာ ဆင်ဖြူတော်မှီပြီး ကြံစုပ်တာလောက် ဘယ်နေရာမှ အရသာမရှိဘူးကွ၊ မှတ်ထား "

ဟု ပြောကာ တဟားဟား ရယ်မောနေလေ၏။

ကောင်းကင်သည် ထိုနေ့မှစ၍ နယ်ပိုင်မင်းနှင့်ပတ်သက်သော အလုပ်များကို စတင်လုပ်ကိုင်ရလေ၏။ နယ်ပိုင်မင်းသည် အကြမ်းအိုးကို အလွန်ကြိုက်ပြီး ညစဉ် အကြမ်းအိုးတစ်အိုးပြီးတစ်အိုး သောက်လေ့ရှိ၏။

ထမင်းချက်လှမြင့်သည် နယ်ပိုင်မင်း ညစာစားပြီးသည်နှင့်





သူ၏ အခန်းသို့သွားကာ အိပ်စက်ဖို့ ကြိုးစားလေ့ရှိ၏။

ထိုအချိန်မျိုး၌ ကောင်းကင်သည် နယ်ပိုင်မင်းလိုအပ်သော ရေနွေးကြမ်း၊ ထန်းလျက်၊ ပဲလှော်၊ ပဲခြမ်းသုပ် စသည်ဖြင့် စီစဉ်ပေးရလေ၏။

နယ်ပိုင်မင်းသည် ညဉ့်နက်သည်အထိ အင်္ဂလိပ်စာအုပ်များကို ဖတ်ရှုနေလေ့ရှိ၏။ ကောင်းကင်သည် ထိုအချိန်အထိ နယ်ပိုင်မင်း၏ အနီး၌ စောင့်ရင်း အချိန်ကုန်လွန်ခဲ့ရ၏။

နယ်ပိုင်မင်း ရုံးသို့သွားသည့်အခါ၌လည်း ကောင်းကင်သည် ရေနွေးကြမ်းထည့်ထားသော လွယ်အိတ်ကို စလွယ်သိုင်းလွယ်ကာ အနောက်မှ တကောက်ကောက်လိုက်လေ့ရှိ၏။

ကောင်းကင်သည် ရုံးသို့ရောက်သောအခါ၌လည်း နယ်ပိုင်မင်း၏ အလုပ်များသာမက သူတစ်ပါးလိုအပ်သော အခက်အခဲများကို ကူညီဖြေရှင်းပေး၏။

နယ်ပိုင်မင်းရုံး၌ ယပ်ခတ်မအားသည့်အခါ၌လည်း ကူညီ၍ ယပ်ခတ်ပေးတတ်၏။ နယ်ပိုင်မင်းစာရေးသည် ဖျာရိုကရက် အမှုထမ်း ဝိဝိ ဆင်းရဲနွမ်းပါးသူများကို ဒုက္ခပေးလေ့ရှိ၏။

စည်းစနစ်ကြီးသော နယ်ပိုင်မင်း၏ရုံး၌ စာရေးကိုပင် လူအများက ကြောက်ရွံ့နေရ၏။ နယ်ပိုင်မင်းစာရေးသည် တောရွာမှ လာသော သူကြီးများကို နည်းအမျိုးမျိုးနှင့် ဒုက္ခပေးတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူကြီးများသည် လူခွန်တော်ကိစ္စ၊ အမတော်ကြေးကိစ္စ၊ အင်းခွန်တော်ကိစ္စ စသည့် ကိစ္စအမျိုးမျိုးဖြင့် နယ်ပိုင်မင်းရုံးသို့ ရောက်လာတတ်၏။

၎င်းတို့သည် တံစိုးလက်ဆောင်ကို အလွန်လိုလားသော နယ်ပိုင်မင်း စာရေးအား တောမှယူဆောင်လာသော ချက်အရက်၊ ကြက်ဥ၊ နွားနို့ စသည်ဖြင့် လာဘ်ထိုးရ၏။

လာဘ်မထိုးနိုင်သော သူကြီးများသည် နယ်ပိုင်မင်းနှင့်တွေ့ရန် ချောင်ထိုးထားခြင်းခံရ၏။

ထို့ကြောင့် အကြောင်းသိသော သူကြီးများသည် နယ်ပိုင်မင်းနှင့် တွေ့ဆုံရန် နယ်ပိုင်မင်းစာရေးအား တံစိုးလက်ဆောင်များ ပေးလေ့ရှိ၏။

ထိုအခါမှပင် ရှာသို့ မြန်မြန်ပြန်ရောက်ပြီး နယ်ပိုင်မင်းနှင့် တွေ့ခွင့်ရမည်ဖြစ်၏။ ကောင်းကင်သည် နယ်ပိုင်မင်းစာရေး၏ လုပ်ရပ်အား သဘောမကျသဖြင့် နယ်ပိုင်မင်းနှင့်တွေ့ရန် ကိုယ်တိုင် ဝင်ရောက်စီစဉ်လေ၏။

ထိုအခါ နယ်ပိုင်မင်းစာရေး လာဘ်မရသဖြင့် ချောင်ထိုးထားသော သူကြီးများသည် နယ်ပိုင်မင်းနှင့် စောစီးစွာ တွေ့ခွင့်ရ၏။

နယ်ပိုင်မင်းစာရေး ချောင်ထိုးထားသော သူကြီးများသည် များသောအားဖြင့် ဆင်းရဲနွမ်းပါးသော သူကြီးအိုကြီးများ ဖြစ်ကြ၏။





ထိုအခါ နယ်ပိုင်မင်းစာရေးသည် ကောင်းကင်၏လုပ်ရပ်အား မကျေမချမ်းဖြင့်

" ကောင်းကင်… မင်းနဲ့ဘာဆိုင်လို့ ရုံးကိစ္စတွေမှာ ဝင်ရှုပ်ရတာလဲ "

ဟု ကြိမ်းမောင်းလေရာ ကောင်းကင်က

" သူကြီးအိုကြီးတွေ သနားပါတယ်ဗျာ၊ သူတို့ဟာ ရုံးကို ရေလမ်းတစ်တန်၊ ကုန်းလမ်းတစ်တန်နဲ့ လာခဲ့တာဗျ၊ ကျုပ်က သူကြီးအိုကြီးတွေကို သနားလို့ နယ်ပိုင်မင်းကြီးနဲ့ အမြန်တွေ့ရအောင် စီစဉ်ပေးတာဗျ၊ ဒါနဲ့နေပါဦး၊ ခင်ဗျားက သူကြီးအိုကြီးတွေ ရုံးကို အရင်ဆုံးရောက်ရဲ့သားနဲ့ ဘာဖြစ်လို့ နယ်ပိုင်မင်းနဲ့ အရင်တွေ့ခွင့်မပေးရတာလဲ "

ဟု ပြောလေ၏။ ထိုအခါ နယ်ပိုင်မင်းစာရေးက ကောင်းကင်ကို မကျေမချမ်းကြည့်၍

" မင်း အတော်လျှာရှည်တဲ့ကောင်ပဲ၊ သူကြီးအိုကြီးတွေက ရုံးကို အရင်ရောက်တာမှန်တယ်၊ ဒါပေမဲ့ သူတို့အမှုကိစ္စတွေက ကြီးတယ်ကွ၊ နယ်ပိုင်မင်းနဲ့ အရင်တွေ့လို့မဖြစ်ဘူး၊ နယ်ပိုင်မင်း ကိုယ်တိုင် ငါ့ကို သေးငယ်တဲ့အမှုတွေကို အရင်ရှင်းမယ်လို့ မှာကြားထားခဲ့တယ် "

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်သည် နယ်ပိုင်မင်းစာရေး၏ လိမ္မာပါးနပ်စွာ လာဘ်ယူမှုကို ရိပ်စားမိသော်လည်း မသိဟန်ဆောင်၍ နေလိုက်၏။ သူသည် ထိုကိစ္စအား အခွင့်ရေးကြုံလျှင် နယ်ပိုင်မင်းအား ပြောကြားမည်ဟု ဆုံးဖြတ်ထား၏။

ဆဝဇ

၆၀ ဖန်စီ၊ ဟာကြဲပေးစာများ ရေးသားလိုပါလျှင်

မခင်မြတ်သူရ

အမှတ်-၇ အသောကလမ်း ကျောက်မြောင်း ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်။





တစ်နေ့သ၌ ကောင်းကင်သည် နယ်ပိုင်မင်းအတွက် ရုံးဝန်း အတွင်းရှိ ကာကာဆိုင်မှ လက်ဖက်ရည်ဝယ်ယူပြီး ပြန်လာခဲ့စဉ် ရုံးတစ်နေရာရှိ သစ်ပင်ရိပ်အောက်တွင် စိတ်ပျက်လက်ပျက်ဖြင့် ထိုင်နေသော ညောင်ပင်သာရွာမှ သူကြီးအိုကြီး ဦးဘတူကို မြင် တွေ့လိုက်ရ၏။

ကောင်းကင်သည် သူကြီးအိုကြီးအနီးသို့သွား၍

" ဘကြီး ဘာဖြစ်လို့လဲ၊ ကျုပ်ဘာအကူအညီပေးရမလဲ"

ဟု မေးမြန်းလေရာ သူကြီးအိုကြီးက ကောင်းကင်အား ကိုးဟန်ဖြင့် ကြည့်၍

" ဘကြီးက ညောင်ပင်သာရွာက သူကြီးဦးဘတူပါ၊



www.burmeseclassic.com

www.burmeseclassic.com



လှူခွန်တော်ကိစ္စ အရေးကြီးတယ်ဆိုလို့ တစ်ကိုယ်တည်း ထွက်လာခဲ့ရတယ်၊ တကယ်တော့ ဘကြီး နေသိပ်မကောင်းဘူးကွ၊ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲပြီးတော့ ဖျားချင်သလိုဖြစ်နေတယ်၊ ရုံးကိုရောက်ရင် နယ်ပိုင်မင်းနဲ့ စောစောတွေ့ပြီးတော့ စောစောပြန်ဖို့အတွက် ကြံစည်ထားခဲ့တယ်၊ ဒါပေမဲ့ အခုတော့တစ်နေတောင်ကုန်နေပြီ၊ နယ်ပိုင်မင်းနဲ့တွေ့ခွင့်မရသေးဘူး၊ ရုံးထဲမှာ ကျုပ်နာမည်ကို ဘယ်အချိန်ခေါ်မလဲလို့ ထိုင်စောင့်ပြီး ခေါင်းထဲမှာမူးမိုက်လာတာနဲ့ ရုံးအပြင်က သစ်ပင်အောက်မှာ လာထိုင်နေတာပဲ ”

ဟု ပြောလေ၏။

ကောင်းကင်သည် သူကြီးအိုကြီး ဦးဘတူ၏စကားကြောင့် နယ်ပိုင်မင်းစာရေးကို မကျေမချမ်းဖြစ်သွားလေ၏။ နယ်ပိုင်မင်းစာရေးသည် သူကြီးအိုကြီးထံမှ လာဘ်မရသဖြင့် သူ၏ကိစ္စကို ချောင်ထိုးထားပုံရ၏။

ထို့ကြောင့် အသက်အရွယ်ကြီးရင့်နေပြီး နေထိုင်မကောင်းဖြစ်နေသော သူကြီးအိုကြီးအား မိမိ ကူညီရန် ဆုံးဖြတ်လိုက်၏။

ကောင်းကင်သည် ရုံးသို့သွားကာ သူကြီးအိုကြီး၏ စာရွက်ကိုယူ၍ နယ်ပိုင်မင်းနှင့် အမြန်ဆုံးတွေ့ရန် စီစဉ်ပေးလိုက်၏။

များမကြာမီ သူကြီးအိုကြီးသည် ရွာ၏ လှူခွန်တော်များ အကျေပေးဆပ်ရန် ခက်ခဲနေခြင်းကို နယ်ပိုင်မင်းအား တင်ပြခွင့်ရ၏။





ကောင်းကင်သည် သူကြီးအိုကြီး၏ကိစ္စပြီးသောအခါ နယ်ပိုင်မင်း ရုံးခန်းနောက်၌ သူကြီးအိုကြီးအား ဆေးများတိုက်လေ၏။ သူကြီးအိုကြီးသည် ကောင်းကင်တိုက်သော ကွမ်းရွက်ပြုတ်ရည်များကို သောက်ပြီး များမကြာမီ အနည်းငယ် သက်သာလာသယောင်ရှိ၏။

ထို့ကြောင့် ကောင်းကင်အား ကျေးဇူးတင်စကား အကြိမ်ကြိမ်အဖန်ဖန်ပြောကာ နယ်ပိုင်မင်းရုံးခန်းမှ ပြန်လည်ထွက်ခွာသွားလေ၏။

ကောင်းကင်သည် သူကြီးအိုကြီး၏ နောက်ကျောကိုကြည့်၍ ဝမ်းသာပီတိဖြစ်နေစဉ် သူ၏အနီးသို့ နယ်ပိုင်မင်းစာရေး ရောက်ရှိလာပြီး ဒေါသတကြီးဖြင့်

“ ဟေ့ကောင်… ကောင်းကင်၊ မင်း ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတွေမှာ ဝင်ရှုပ်ပြန်ပြီ ”

ဟု ပြောလေရာ ကောင်းကင်က နယ်ပိုင်မင်းစာရေးကို နားမလည်ဟန်ဖြင့်

“ ခင်ဗျားပြောတာ ကျုပ် နားမရှင်းဘူး၊ ကျုပ် ဘာဝင်ရှုပ်လို့လဲ ”

ဟု မေးမြန်းလေ၏။ ထိုအခါ နယ်ပိုင်မင်းစာရေးက ဒေါသတကြီးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



" ညောင်ပင်သာရွာက သူကြီးကိစ္စမှာ မင်းဝင်ရှုပ်တာ ပေါ့ကွ၊ မင်းကို ငါ ရုံးကိစ္စတွေမှာ ဝင်မပါဖို့ အတန်တန်ပြောပြီးပြီ၊ မင်း ငါ့စကားကို အရေးမလုပ်ဘဲ ဝင်ရှုပ်တာ ဘယ်လိုသဘောလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ကောင်းကင်က နယ်ပိုင်မင်း စာရေးကို မထီလေးစားကြည့်၍

" ခင်ဗျားရဲ့ လာဘ်ပေးလာဘ်ယူလုပ်တဲ့ကိစ္စတွေကို ကျုပ် ရွံမုန်းလို့ ဝင်ရှုပ်တာပဲ၊ ခင်ဗျားမှာ မိဘချင်း စာနာတဲ့စိတ်မရှိဘူးလား၊ သူကြီးဦးဘတူကြီးဟာ ခင်ဗျားအဖေအရွယ်လောက်ရှိတယ်၊ အသက်အရွယ်ကြီးရင့်ပြီး နေထိုင်မကောင်းဖြစ်နေတဲ့ သူကြီးအိုကြီး တစ်ယောက်ကို ခင်ဗျား ချောင်ထိုးထားဖို့ လုံးဝမသင့်ဘူး၊ ဦးဘဦး ကြီး တစ်နေကုန် ရုံးမှာ ထိုင်စောင့်နေရတဲ့အတွက် ဖျားနာကိုက်ခဲနေပြီ ခင်ဗျား ကိုယ်ချင်းမစာ မလုပ်ပါနဲ့ "

ဟု ပြောလေရာ နယ်ပိုင်မင်းစာရေးက စားပွဲခုံကို လက်သီး ဖြင့် ဒေါသတကြီးထု၍

" ဟေ့ကောင်… မင်းက ဘာကောင်လဲ၊ မင်းမှာ ဘာလုပ်ပိုင် အခွင့်အရေးရှိလဲ၊ မင်းဟာ နယ်ပိုင်မင်းရဲ့ အိတ်ဆွဲထားတာနဲ့ပဲ ဘဝင် မြင့်ပြီး သွေးနားထင်ရောက်နေတဲ့ကောင်၊ တောက်…သူခိုးကို နယ်ပိုင်မင်းအိတ် ဆွဲခိုင်းတာနဲ့ ငါတို့ရုံးတော့ ကျွမ်းထိုးမှောက်ဖို့ ဖြစ်တော့မှာပဲ "





ဟု ပြောလေရာ ကောင်းကင်သည် မိမိအား သူခိုးဟု စွပ်စွဲပြီး နှိမ့်ချလိုက်သော စကားကြောင့် ဒေါသူပုန်ထသွားပြီး

" ဟေ့လူ၊ ခင်ဗျား ဘာစကားပြောတာလဲ၊ မိုက်ရိုင်းလှ ချည်လား၊ ကျုပ်သူခိုးမဟုတ်ဘူး၊ ကျုပ် ရသင့်ရထိုက်တဲ့အခွင့်အရေး ကိုရအောင်ယူတာ၊ ကျုပ် သူတစ်ပါးပစ္စည်းခိုးတာမဟုတ်ဘူး "

ဟု ပြောလေရာ နယ်ပိုင်မင်းစာရေးက တဟားဟား ရယ်မော၍

" ဟား…ဟား…ဟား…ခိုးမှု (၃၇၆) နဲ့ ရုံးကို ရောက်လာတဲ့ကောင်ကများ၊ ကိုယ့်ကိုယ်ကိုယ် သူခိုးမဟုတ်ဘူးတဲ့၊ အေးပေါ့ကွာ၊ သူခိုးက ခိုးတယ်လို့ ဘယ်ဝန်ခံပါ့မလဲ၊ မင်းလို သူခိုးတစ်ယောက်ကို တပည့်မွေးပြီးတော့ အိတ်ဆွဲခိုင်းတာ နယ်ပိုင်မင်းရဲ့အမှားကွ၊ မင်းလိုကောင်ကြောင့် ငါတို့ရုံးတော့ သိက္ခာ ကျပါပြီကွာ "

ဟု ပြောလေရာ ကောင်းကင်သည် မိမိအား တရားလွန် စော်ကားသော နယ်ပိုင်မင်းစာရေး၏ အပြုအမူကို သည်းမခံ နိုင်တော့ဘဲ အနီးတွင် ရှိတော့ ခွေးခြေကိုယူ၍ နယ်ပိုင်မင်းစာရေး၏ ခေါင်းကိုရိုက်လိုက်ရာ စာရေးသည် ငယ်သံပါအောင်အော်၍ မြေပေါ်သို့ လဲကျသွားလေ၏။

နယ်ပိုင်မင်းစာရေး၏ အော်သံကြောင့် အခန်းထဲသို့ ပုလိပ်များ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်လာပြီး အံ့သြဖွယ်မြင်ကွင်းကြောင့် မျက်လုံးပြူးသွားလေ၏။

ငှင်းတို့ရန်ပွဲသတင်းသည် များမကြာမီ နယ်ပိုင်မင်းထံသို့ ရောက်ရှိသွားလေ၏။ ရုံးရှိလူအများစုသည် သူတစ်ပါးကို ကူညီတတ်သော ကောင်းကာင်ကို ခင်မင်ကြပြီး နယ်ပိုင်မင်းစာရေးအား မုန်းတီးကြ၏။

ထို့ကြောင့် နယ်ပိုင်မင်းစာရေး၏ လာဘ်စားမှုကို ကောင်းကာင်ဘက်မှ ကူညီပြီး တင်ပြကြ၏။ နယ်ပိုင်မင်းသည်သူတို့ အားလုံး၏စကားကို ငြိမ်သက်စွာ နားထောင်နေပြီး ခေါင်းညိတ်၍

" ငါ့ရဲ့ရုံးကိုရောက်လာတဲ့ အမှုတွေဟာ ရှေ့နောက်မညီဘဲ ကပေါက်တိ ကပေါက်ချာဖြစ်နေတာ သတိထားမိတာကြာပြီ၊ အခုမှ ဒီကောင် လာဘ်ယူပြီး အမျိုးမျိုးကြံစည်နေတာ ရိပ်စားမိတော့ တယ် "

ဟု ဆိုကာ နယ်ပိုင်မင်းစာရေးအား လာဘ်စားသော အပြုအမူ ကို ရပ်တန့်ကရပ်ရန် ဆုံးမလေ၏။

နယ်ပိုင်မင်းစာရေးသည် နောင်တရသော အမူအရာဖြင့် နောင် ဤကဲ့သို့မဖြစ်ရန် ဝန်ခံကတိပြုလေ၏။ နယ်ပိုင်မင်းကြီးသည် ကောင်းကာင်ဘက်သို့လှည့်၍

" ဒီမှာ ကောင်းကာင်၊ စိတ်နောက်ကိုယ်ပါမလုပ်နဲ့လို့ မင်းကို





ငါ အကြိမ်ကြိမ် မှာကြားခဲ့ဖူးတယ်၊ အခု ဒီအမှုမျိုးကို မင်း ထပ်ပြီး ကျူးလွန်ခဲ့ပြီ "

ဟု ပြောလေ၏။ သို့သော် ကောင်းကာင်က ခေါင်းငုံ့၍

" ကျွန်တော်မျိုးစိတ်ကို တတ်နိုင်သမျှ ထိန်းပါတယ် နယ်ပိုင်မင်းကြီးရယ်၊ ဒါပေမဲ့ ကျွန်တော်မျိုးဘဝမှာ အမှန်တကယ် မကျူးလွန်ဘဲနဲ့ စွပ်စွဲခံခဲ့ရတဲ့ သူခိုးဆိုတဲ့ အမည်နာမကို ဒီလူ ထည့်ပြီးပြောတဲ့အတွက် မခံချင်စိတ်ကြောင့် ဒေါသ ထောင်းခနဲ ထပြီး သူ့ကို ရိုက်လိုက်မိတာပါ၊ ဒီအတွက် ကျွန်တော်မျိုးကို အပြစ်ပေးနိုင်ပါတယ် "

ဟု ပြောလေ၏။ ထိုအခါ နယ်ပိုင်မင်းကြီးက သက်ပြင်းချ၍

" ကိုယ့်စိတ်ကို ကိုယ်ထိန်းမှပေါ့ကွာ၊ မခံချင်စိတ်ကြောင့် အများတွေ့ရတတ်တယ်ကွ၊ ဒီတစ်ကြိမ်တော့ မင်းကို နောက်ဆုံးအနေ နဲ့ ခွင့်လွှတ်လိုက်မယ်၊ နောက်ဆိုရင်တော့ မင်းကို အရေးယူရ လိမ့်မယ် "

ဟု ပြောကာ ကောင်းကာင်အား ရုံးမှ အိမ်သို့ ပြန်ခိုင်းလိုက် လေ၏။

ထိုအချိန်မှစ၍ ကောင်းကာင်သည် နယ်ပိုင်မင်းရုံး၌ မဟုတ် မခံစိတ်ကြောင့် ထင်ရှားလာ၏။ ရုံးရှိလူများသည် ကောင်းကာင်အား နယ်ပိုင်မင်းကြီး၏ မျက်နှာသာပေးခြင်းခံရသူဖြစ်ကြောင်း ရိပ်စားမိ



www.burmeseclassic.com

www.burmeseclassic.com



သွားလေ၏။

ထို့ကြောင့် ၄င်းတို့၏အခက်အခဲများကို ကောင်းကင်အား ပြောပြ၍ ကောင်းကင်မှတစ်ဆင့် နယ်ပိုင်မင်းထံသို့ နားပေါက်စေခဲ့၏။

နယ်ပိုင်မင်းစာရေးသည် ကောင်းကင်၏ တားဆီးမှုကြောင့် နောင်တွင် လာဘ်ပေးလာဘ်ယူမှုများ အလွန်နည်းပါးသွားလေ၏။ ထို့ကြောင့် နယ်ပိုင်မင်းရုံးသို့ လာရောက်သူအားလုံး နဂိုထက်ပို၍ စိတ်ချမ်းသာကြ၏။

ယခင်က နယ်ပိုင်မင်းစာရေး၏ နှောင့်ယှက်မှုကြောင့် တစ်နေ့ ကုန်သော အမှုခင်းများသည် နေ့တစ်ဝက်နှင့် ကိစ္စပြီးလေ၏။ ကောင်းကင်သည် အားလပ်သည့်အချိန်တိုင်း ရုံးရှိလူများအားလုံးကို ကူညီပေးတတ်လေ၏။

ထို့ကြောင့် ရုံးလုပ်ငန်းအားလုံးကို မိမိ နားလည်တတ်ကျွမ်း လာ၏။ ပြီးနောက် ရုံးရှိ အခက်အခဲများကို နယ်ပိုင်မင်းအား မိမိကိုယ်တိုင် ဝင်ရောက်၍ အကြံဉာဏ်ပေးတတ်လာ၏။

နယ်ပိုင်မင်းသည် ကောင်းကင်တင်ပြသော အကြောင်း အချက်များကို နားထောင်ပြီး သဘောကျဟန်ဖြင့် ခေါင်းညိတ်၍

" ကောင်းကင် မင်းမဆိုးဘူး၊ မင်းမှာ ကိုယ်ရောက်နေတဲ့ ပတ်ဝန်းကျင်ကို ကောင်းသထက်ကောင်းအောင် ပြုပြင်ဖန်တီးလိုတဲ့





စိတ်ဓာတ်ရှိတယ်၊ ဘာသိဘာသာနေတတ်တဲ့ စိတ်ဓာတ်မျိုး မရှိဘူး၊ ဒီလိုစိတ်ဓာတ်မျိုးဟာ အောင်မြင်သူတွေမှာပဲ ရှိတာကွ၊ လောကမှာ နေရာတိုင်းမှာ ဘာသိဘာသာ နေတတ်တဲ့ လူတွေရှိတယ်၊ ဒီလူတွေ ဟာ ဘယ်တော့မှ ဘဝမှာမတိုးတက်ဘဲ အောက်ကျနောက်ကျ နေရတတ်တယ်၊ လူဟာ ကိုယ့်ဘဝကို တိုးတက်အောင် ဖန်တီးရ မယ်၊ ပြီးရင် ကိုယ့်မိသားစု ကိုယ့်ပတ်ဝန်းကျင် တိုးတက်အောင် ကြိုးစားရမယ်၊ ဒါမှ လူပီသမှာပေါ့ကွ"

ဟုပြောလေရာ ကောင်းကင်သည် နယ်ပိုင်မင်း၏ မျက်နှာကို စိတ်ဝင်စားဟန်ဖြင့်ကြည့်၍

" လူပီသဖို့အတွက် ကိုယ့်ဘဝတိုးတက်အောင် ကြိုးစား ရမယ်၊ ဟုတ်လား နယ်ပိုင်မင်းကြီး၊ ကျွန်တော်မျိုးတို့လို ပညာ မတတ်တဲ့ အောက်ခြေကလူတွေဟာ ကိုယ့်ဘဝတိုးတက်အောင် လုပ်လို့ ဖြစ်နိုင်ပါ့မလား "

ဟုမေးမြန်းလေ၏။

ထိုအခါ နယ်ပိုင်မင်းက သက်ပြင်းချ၍

" လူဟာ မွေးကတည်းက အခွင့်အရေးနဲ့ မွေးဖွားလာတာ ကွ၊ လောကကြီးမှာ ကြီးထွားဖို့အတွက် မည်သူမဆို အခွင့်အရေး ရှိတယ်၊ လူဟာ အမိဝမ်းထဲက ထွက်လာကတည်းက ရုန်းကန် ကြိုးစားပြီး မွေးဖွားလာတာကွ၊ ဒါကြောင့် ဘယ်လိုလူတန်းစားပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ်၊ ရုန်းကန်ကြိုးစားရင် ကြီးပွားချမ်းသာမဲ့ အခွင့်အရေး ရှိတာပဲကွ၊ ဘဝမှာ ဘယ်တော့မှအားမငယ်နဲ့၊ အားငယ်မှုတွေဟာ လည်း ကြီးပွားချမ်းသာဖို့ အနှောင့်အယှက်တွေပဲကွ၊ လူဟာ အောင်မြင်မှုကို လှမ်းမျှော်ကြည့်နိုင်တယ်၊ ပန်းတိုင်မရှိဘဲ သွားချင်ရာ သွားနေတဲ့ လူတွေဟာ နောက်ဆုံးမှာ ပန်းတိုင်ကို မရောက်ဘဲ တဝဲဝဲတလည်လည် ဖြစ်နေမှာပဲကွ၊ ဒါကြောင့် လူငယ် လူရွယ် တွေဟာ ဘဝမှာ ရည်မှန်းချက်တစ်ခုတော့ ထားသင့်တယ်၊ ရည်မှန်းချက် ရှိနေသရွေ့ မျှော်လင့်ချက်နဲ့ ကြိုးစားနေမှာပဲ၊ ဘယ် တော့မှ စွဲမလျှော့နဲ့၊ အကြိမ်ကြိမ်အဖန်ဖန် ကျဆုံးရင်လည်း ဆက်ပြီး တော့ ရုန်းကန်တိုက်ခိုက်ဖို့ကြိုးစား၊ နောက်ဆုံးမှာ အောင်မြင်မှုကို ရလိမ့်မယ်၊ အရေးကြီးဆုံးက စွဲနဲ့ ကြိုးစားမှုပဲကွ ”

ဟုပြောလေ၏။

ကောင်းကင်သည် နယ်ပိုင်မင်းထံမှ စိတ်အားတက်ကြွဖွယ် စကားများကို မကြာခဏ ကြားရလေ့ရှိ၏။

သူသည် စိတ်အားတက်ကြွဖွယ် စကားများကို ကြားရသဖြင့် ဆင်းရဲနွမ်းပါးသောဘဝကို အားငယ်စိတ်များ လျော့ပါးလာ၏။

အောက်ခြေမှစ၍ မိမိဘဝကို ကြိုးစားရုန်းကန်လိုသော စိတ်များ ဖြစ်ပေါ်လာ၏။ ကောင်းကင်သည် နယ်ပိုင်မင်းရုံးသို့ လိုက်ပါသွားပြီး နယ်ပိုင်မင်း၏ စာရေးနှင့် ရုံးပွဲဖြစ်ပွားပြီးနောက်





အိမ်၌လည်း နယ်ပိုင်မင်း၏ ထမင်းချက်လှမြင့်နှင့် ပြဿနာတစ်ရပ် ဖြစ်ပွားခဲ့၏။

ထမင်းချက်သည် နယ်ပိုင်မင်းကြီးထံမှ ဈေးဖိုးများကို လိုအပ်သည်ထက် ပို၍တောင်းကာ သူ၏အိတ်ထဲသို့ ထည့်လေ့ရှိ၏။

ကောင်းကင်သည် လှမြင့်၏ မျိုးစုံသော လုပ်ရပ်ကို ကောင်းစွာ သိသဖြင့် နယ်ပိုင်မင်းအား ဈေးဖိုးများ လိုအပ်သည်ထက် ပိုနေကြောင်း ပြောလိုက်၏။

နယ်ပိုင်မင်းသည် ကောင်းကင်၏စကားကြောင့် လှမြင့်၏ စရိုက်ကို ရိပ်စားမိပြီး ဈေးဖိုးကို လျှော့၍ပေးလေ၏။ ထိုအခါ လှမြင့်သည် ကောင်းကင်၏ လက်ချက်ဖြစ်ကြောင်း ရိပ်စားမိသဖြင့် ပိုမို၍ မကျေမချမ်း ဖြစ်လာ၏။

ထို့အပြင် လှမြင့်သည် နယ်ပိုင်မင်းကြီး၏ ပန်းကန်၊ ခွက် ယောက်၊ ဇွန်း၊ ခရင်းများကို အခွင့်အရေးရလျှင် ရသလို ရောင်းစား လေ့ရှိ၏။

ကောင်းကင်သည် ထမင်းချက်လှမြင့်၏ မရိုးသားသော အပြုမူကို ရိပ်စားမိသဖြင့် အိမ်ရှိ ပန်းကန်ခွက်ယောက်များ၊ ဇွန်းများ အားလုံးကို စာရင်းနှင့်တကွ တိတိကျကျ မြဲစုပြီး စာအုပ်ထဲတွင် ရေးမှတ်ထား၏။

ထိုအခါ ထမင်းချက်လှမြင့်သည် ကောင်းကင်အား ပိုမို၍



www.burmeseclassic.com

www.burmeseclassic.com



မုန်းတီးလေတော့၏။

ထမင်းချက်လှမြင့်သည် ယခင်က မျက်နှာဖြူအိမ်ကြီးများ၌ လုပ်ကိုင်ဖူးသဖြင့် မျက်နှာဖြူဟင်းလျာအမျိုးမျိုးကို ချက်ပြုတ်တတ်၏။

ထို့ကြောင့် မြို့ပေါ်ရှိ မျက်နှာဖြူကြီးများကို အထင်ကြီးသော မိန်းကလေးများသည် လှမြင့်ထံတွင် ကပ်၍သင်ကြားရန် ကြိုးစားကြ၏။

လှမြင့်သည် ၎င်းထံတွင် မျက်နှာဖြူဟင်းချက်နည်း သင်ယူသော မိန်းကလေးများကို ထိကပါး ရိကပါးပြုလုပ်ရန် အမြဲ ကြိုးစား၏။

ထိုမိန်းကလေးများအနက် မရင်မေဆိုသော မိန်းကလေးသည် လှမြင့်အား နယ်ပိုင်မင်းလူယုံတော်အဖြစ် အထင်ကြီးသူဖြစ်လေရာ လှမြင့်ပြုသမျှ နုရလေတော့၏။

ထိုသတင်းအား ရထားလုံးသမား စိန်ရိုးက ကောင်းကင်ထံ ယူဆောင်လာပြီး

" လှမြင့်လုပ်ပုံက သိပ်တရားလွန်နေပြီကွာ၊ ငါတို့မရှိတုန်း နယ်ပိုင်မင်းရဲ့အိမ်မှာ မိန်းကလေးတွေခေါ်ပြီး ဖျက်ဆီးနေတယ်လို့ ကြားတယ် "

ဟု ပြောလေရာ ကောင်းကင်က လက်သီးဆုပ်၍





" ဒီလူကြီးကို အိမ်မှာထားဖို့ မကောင်းတော့ဘူးဗျာ၊ သူ့ကြောင့် တစ်နေ့နေ့မှာ ကျုပ်တို့ရဲ့ကျေးဇူးရှင် နယ်ပိုင်မင်းကြီး ဂုဏ်သိက္ခာကျဆင်းလိမ့်မယ်၊ ဒီကိစ္စကို အမြန်ဆုံးရှင်းမှဖြစ်မယ်"

ဟု ပြောကာ ထမင်းချက်လှမြင့်အား လက်ပူးလက်ကြပ် ဖမ်းရန် ကြိုးစားလေတော့၏။

တစ်နေ့သ၌ ကောင်းကင်သည် မထင်မှတ်သောအချိန်၌ အိမ်သို့ပြန်လာရာ လှမြင့်ကို မရင်မေနှင့် အိပ်ခန်းထဲ၌ ပက်ပင်းကြီး မိလေ၏။

မရင်မေသည် ကောင်းကင်ကိုမြင်သောအခါ အဝတ်အစား ကပိုကရိုနှင့် ရှက်ကိုးရှက်ကန်း ထွက်ပြေးသွားလေ၏။

ကောင်းကင်က ထမင်းချက်လှမြင့်ကို ရွံရှာဟန်ဖြင့် ကြည့်၍

" ဒီမှာ ကိုလှမြင့်၊ ခင်ဗျားရဲ့အပြုအမူဟာ အတော်ကိုလွန်နေပြီ၊ နယ်ပိုင်မင်းကြီးမရှိတုန်း အိမ်မှာ မိန်းကလေးတွေကိုခေါ်ပြီး ဖျက်ဆီးတယ် "

ဟု ပြောလေရာ ထမင်းချက်လှမြင့်သည် ကောင်းကင်ကို မခံချိမခံသာဟန်ဖြင့် ကြည့်လိုက်ပြီး

" ဟေ့ကောင်၊ မင်း အတော်လူပါးဝနေပါလား၊ ကိုယ်နဲ့ မဆိုင်တဲ့ကိစ္စတွေမှာ မင်းဝင်ရှုပ်တာ အကြိမ်ကြိမ်ရှိနေပြီ၊ ဒီတစ်ကြိမ် တော့ မင်းကို ငါ သည်းမခံနိုင်တော့ဘူး "



www.burmeseclassic.com

www.burmeseclassic.com



ဟု ဒေါသတကြီး ပြောဆိုလေ၏။ ထိုအခါ ကောင်းကင်က

" သည်းမခံနိုင်တော့ ခင်ဗျားက ဘာလုပ်မှာလဲ၊ ခင်ဗျား ကိုယ့်အလုပ်ရှင်ပေါ်မှာ လုံးဝသစ္စာမရှိဘူး၊ နယ်ပိုင်မင်းကြီးက ယုံကြည်လို့ အိမ်ကို အပ်နှံထားခဲ့တယ်၊ ခင်ဗျားကတော့ နယ်ပိုင်မင်းကြီးကွယ်ရာမှာ အိမ်မှာရှိတဲ့ အဖိုးတန်ပစ္စည်းတွေကို ခိုးရောင်းတယ်၊ အနီးပတ်ဝန်းကျင်က မိန်းကလေးတွေကိုခေါ်ပြီးတော့ ဖျက်ဆီးတယ်၊ ကြာရင် ခင်ဗျားကြောင့် နယ်ပိုင်မင်းကြီး ဂုဏ်သိက္ခာကျဆင်းလိမ့်မယ်၊ ဒီအကြောင်း တွေကို နယ်ပိုင်မင်းကြီးသိအောင် ပြောပြရမယ် "

ဟု ပြောလေရာ ထမင်းချက်လှမြင့်သည် ဒေါသူပုန်ထသွားပြီး

" ဟေ့ကောင်၊ မင်းကိုယ်နဲ့မဆိုင်တဲ့ကိစ္စတွေမှာ ဝင်မရှုပ်နဲ့လို့ ငါ ဘယ်နှစ်ခါပြောရမလဲ၊ ဒီကိစ္စကို နယ်ပိုင်မင်းသိသွားရင် မင်းနဲ့ငါ ကမ္ဘာ့ရန် ဖြစ်သွားမယ် "

ဟု အော်ဟစ်ကြိမ်းမောင်းလေ၏။

ထိုအခါ ကောင်းကင်က ထမင်းချက်လှမြင့်ကို ကြောက်ရွံ့ဟန်မရှိဘဲ

" ခင်ဗျားနဲ့ကျုပ် အချိန်မရွေး ကမ္ဘာ့ရန်ဖြစ်ဖို့ရတယ်၊ နယ်ပိုင်မင်း ညနေ အိမ်ပြန်ရောက်တာနဲ့ ခင်ဗျားရဲ့ ယုတ်မာ





ကောက်ကျစ်မှုတွေကို ဖွင့်ချဖို့ ဆုံးဖြတ်လိုက်ပြီ "

ဟု ပြောလေရာ ထမင်းချက်လှမြင့်သည် မိမိအတွက် အခြေအနေမကောင်းတော့မည်ဖြစ်ကြောင်း ရိပ်စားမိသဖြင့် ကောင်းကင်အား အငြိုးတကြီး တိုက်ခိုက်ရန် ကြိုးစားလေ၏။

လှမြင့်သည် ဒေါသတကြီး အော်ဟစ်ဆဲဆို၍ ကောင်းကင်အား လက်သီးဖြင့် ထိုးလေ၏။ ကောင်းကင်သည် အနောက်သို့ ရှောင်တိမ်း၍ ပြတင်းပေါက်မှ အိမ်ကြီးအောက်သို့ ခုန်ချလိုက်၏။

ထမင်းချက်လှမြင့်သည် အိမ်ကိုပတ်၍ ကောင်းကင်အား ထိုးကြိတ်ရန် ပြေးလိုက်၏။

ကောင်းကင်သည် ငယ်ရွယ်သော်လည်း ရှာ့ဒ်နေစဉ် ကပ္ပိယကြီးထံ၌ မြန်မာ့လက်ဝှေ့ပညာကို သင်ကြားဖူးသူဖြစ်သဖြင့် အသက်ကြီးသော ထမင်းချက်လှမြင့်ကို ကြောက်ရွံ့ခြင်းမရှိချေ။

လှမြင့်၏ လက်သီးချက်များကို ရှောင်တိမ်းရင်း ၎င်း၏ ခေါင်းကို ချုပ်ကိုင်ကာ ဒူးဖြင့် တအားကုန် ဆောင့်တိုက်လိုက်၏။

ထိုအခါ ချက်ကောင်းကိုထိသွားပြီး လှမြင့်သည် မြေပေါ်သို့ မေ့မြောကျသွားလေ၏။ ထိုအခါ ကောင်းကင်သည် လှမြင့်အား တိုင်တွင် ကြိုးဖြင့်ချည်နှောင်ထားလိုက်လေ၏။

ညနေသို့ရောက်သောအခါ နယ်ပိုင်မင်းသည် အိမ်သို့ ပြန်ရောက်လာလေ၏။ ထိုအခါ သူ၏လူယုံတော် ထမင်းချက်လှမြင့်၏



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ကို မြင်တွေ့ပြီး အကြောင်းစုံကိုသိရှိသွားသောအခါ လှမြင့်အား ထမင်းချက်အလုပ်မှ ထုတ်လိုက်လေတော့၏။

လှမြင့်သည် ကောင်းကင်၏ပယောဂကြောင့် အိမ်မှ ထွက်သွားရသဖြင့် ကောင်းကင်ကို မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ကြည့်၍

" မင်းနဲ့ငါ တကွေ့မှာ ပြန်ဆုံတွေ့ကြသေးတာပေါ့ "

ဟု ကြုံးဝါးလေ၏။ ကောင်းကင်က လက်သီးဆုပ်၍

" ကျုပ်ကလည်း ခင်ဗျားနဲ့တွေ့ဖို့ အသင့်ပဲ "

ဟု ပြန်လည်ပြောဆိုလိုက်လေတော့၏။

ကောင်းကင်သည် ထမင်းချက်လှမြင့်မရှိသည့်နောက်ပိုင်းတွင် နယ်ပိုင်မင်းအား ၎င်းကိုယ်တိုင် ထမင်း၊ ဟင်းများ ချက်ပြုတ်ကျွေးလေ၏။

ကောင်းကင်သည် လှမြင့်က မိမိအား ချက်ပြုတ်ခြင်း အတတ်ပညာကို သင်ကြားခြင်းမရှိသော်လည်း လှမြင့်ချက်ပြုတ်နေပုံကို ကြည့်၍ တိတ်တခိုး သင်ကြားထားခဲ့၏။

ရွာ၌ တစ်ကိုယ်တည်း နေထိုင်စဉ်ကပင် မီးဖိုချောင်ကို ကိုယ်တိုင်ဝင်ခဲ့ရသဖြင့် နယ်ပိုင်မင်းအား ချက်ပြုတ်ကျွေးမွေးရန် အခက်အခဲမရှိချေ။

ကောင်းကင်သည် အစပိုင်းတွင် လွယ်ကူသော ဟင်းလျာများ





ကို စတင်ချက်ပြုတ်လေ၏။ ထို့နောက် တဖြည်းဖြည်း အလေ့အကျင့်ရလာသောအခါ ပိုမိုခက်ခဲသော ဟင်းလျာများကို ချက်ပြုတ်လေ၏။

ကောင်းကင် ချက်ပြုတ်ပြီးသော ဟင်းလျာများကို စားသောက်ပြီး နယ်ပိုင်မင်းက

" ကောင်းကင်က ဘယ်ဆိုးလို့လဲကွ၊ လှမြင့်လောက်တော့ ကောင်းကောင်းချက်တတ်တယ်၊ အခု ကောင်းကင်ချက်တဲ့ လက်ရာတွေဟာ လှမြင့်ချက်တာထက်တောင် ပိုပြီးကောင်းသေးတယ်၊ ဈေးဖိုးလည်း လှမြင့်လောက် မကုန်ဘူး၊ ဒီကောင်ကို ငါယုံကြည်ပြီးတော့ ထမင်းချက်ခန့်မိတာ မှားတာပဲ "

ဟု ရေရွတ်လေ၏။

ထိုအချိန်မှစ၍ ကောင်းကင်သည် နယ်ပိုင်မင်း၏အနောက်သို့ တကောက်ကောက်လိုက်သောအလုပ်ကိုသာမက ထမင်းချက်အလုပ်ကိုလည်း ပူးတွဲ၍ လုပ်ကိုင်ရလေ၏။

ကောင်းကင် ထမင်းချက်အလုပ်ကို လုပ်ကိုင်ပြီး တစ်လခန့်ကြာသောအခါ နယ်ပိုင်မင်းကခေါ်၍ ကောင်းကင်အား ငွေစက္ကူများကို ပေး၍

" မင်းအမေ မသေမီက ဆေးကြွေးတွေကို သွားပြီးဆပ်ပေတော့ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ကောင်းကင်သည် အလွန်ဝမ်းသာသွားလေ၏။

ထို့နောက် နယ်ပိုင်ခင်းကြီးအား ရှိခိုးကန်တော့လိုက်လေ၏။ ထို့နောက် ရွာသို့အပြန်ဆုံးပြန်ကာ မေတ္တာရှင်ဆေးဆရာကြီးထံတွင် မိခင် မသေမီက တင်ရှိသွားသော ဆေးကြွေးများကို ဆပ်လေ၏။

မေတ္တာရှင်ဆရာကြီး ဦးဘဦးသည် ဆေးကြွေးများကို သဘောကျဟန်ဖြင့် ကြည့်၍

" ဟား ဟား ဟား… ဆုံးပြီလို့ထင်တဲ့ပိုက်ဆံတွေ ပြန်ရတယ်၊ ဒီပိုက်ဆံတွေနဲ့ ငါတော့ ထီးထိုးရမယ်ဟေ့ "

ဟု ပြောဆိုလေ၏။ ထိုအခါ ကောင်းကင်က ဆေးဆရာကြီး၏ မျက်နှာကိုကြည့်၍

" ဆရာကြီးရဲ့ ဆေးကြွေးတွေကို ဘယ်တော့မှ မဆုံးစေရပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဆရာကြီးရဲ့အကြွေးတွေကို ဒီဘဝမှာ အကျေမဆပ်နိုင်ရင် ကျုပ်ရဲ့မိခင်ဟာ နောင်ဘဝမှာ ဆရာကြီးရဲ့ အိမ်မှာ ကျွန်ခံရမှာကြောက်လို့ပါ "

ဟု ပြောရင်း စိတ်လက်ပေါ့ပါးစွာဖြင့် ဆေးဆရာကြီးအိမ်မှ ထွက်ခဲ့လေတော့၏။

သူသည် ကျေးစူးရှင် နယ်ပိုင်မင်း၏အိမ်၌ ထမင်းချက်အလုပ်ကို ကျေနပ်စွာ လုပ်ကိုင်နေလေ၏။





ကောင်းကင်သည် နယ်ပိုင်မင်း၏ ထမင်း၊ ဟင်းများကို ချက်ပြုတ်ပေးရုံသာမက နယ်ပိုင်မင်း၏ အဝတ်အစားများကို လျှော်ဖွတ်ပေးရ၏။

နယ်ပိုင်မင်းကြီး ရုံးတက်သည့်အခါ၌လည်း အနောက်မှ တကောက်ကောက်လိုက်၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရ၏။

နယ်ပိုင်မင်းသည် ကောင်းကင်တစ်ယောက်တည်း အလုပ်မျိုးစုံကို လုပ်ကိုင်နေသဖြင့် ကရုဏာသက်ဟန်ဖြင့်ကြည့်ကာ

" ကောင်းကင်ရယ်၊ မင်းတစ်ယောက်တည်း ငါ့အိမ်က အလုပ်တွေကို တစ်ကိုယ်တည်း သိမ်းကျုံးလုပ်နေတာ မပင်ပန်းဘူးလား "

ဟု မေးမြန်းလေ၏။ ထိုအခါ ကောင်းကင်က

" ကျွန်တော်မျိုး ရွာမှာနေတုန်းက တစ်ရွာလုံးရဲ့ခိုင်းဖတ်အလုပ်ကို လုပ်ရတာ ဒီထက်တောင် အများကြီးပင်ပန်းပါတယ်၊ နယ်ပိုင်မင်းရဲ့အိမ်မှာ ကောင်းကောင်းနေ၊ ကောင်းကောင်းစားပြီး ဒီလိုအလုပ်မျိုးတွေ လုပ်ရတာ ကျွန်တော်မျိုးအတွက် အပန်းမကြီးပါဘူး "

ဟု ပြောလေ၏။

ရထားလုံးမောင်းသော ကိုစိန်ရှိးသည် ကောင်းကင်အားခင်၍ ကူညီပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုစိန်ရိုးသည် အစအနှောက်သန်ပြီး ပျော်ရွှင်စွာနေတတ်သော လူပျိုကြီးတစ်ဦးဖြစ်၏။ သူသည် အစဉ်သဖြင့် သီချင်းများကို သီဆိုနေတတ်ပြီး မည်သည့်ပူပင်သောကမျှ ရှိပုံမရချေ။

ကောင်းကင်သည် နယ်ပိုင်မင်းအား မိမိ၏ ဆွေမျိုးသားချင်းများကဲ့သို့ သဘောထားကာ စေတနာကောင်းဖြင့် လုပ်ကိုင်ပေးလေ့ရှိ၏။

ထို့ကြောင့် များမကြာမီအချိန်ကာလအတွင်း နယ်ပိုင်မင်း၏ အိမ်၌ သူ့ခြေ သူ့လက် ဖြစ်လာ၏။ နယ်ပိုင်မင်းသည် ကောင်းကင်အား ယုံကြည်စွာဖြင့် အိမ်တစ်ခုလုံး လွှဲအပ်ထားလေ့ရှိ၏။

ထိုအခါ ကောင်းကင်သည် နယ်ပိုင်မင်း၏ယုံကြည်မှုကို အလွဲသုံးစား မလုပ်ဘဲ သစ္စာရှိလူယုံတစ်ဦးအဖြစ် ကြိုးစားနေထိုင်ခဲ့၏။

နယ်ပိုင်မင်းရုံးသို့ လာရောက်သည့်အခါ၌လည်း ရုံး၌ လိုအပ်သော ကိစ္စများကို ဝိုင်းဝန်းကူညီလုပ်ဆောင်ပေး၏။

ရုံးရှိ အမှုထမ်းများအားလုံး ကောင်းကင်ကို ခင်မင်ကြ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းကင်သည် အားလပ်သည့် အချိန်တိုင်း ၎င်းတို့၏ အလုပ်များကို ကူညီလုပ်ကိုင်ပေးတတ်သောကြောင့်ဖြစ်၏။

တစ်ညသ၌ ကောင်းကင်သည် အိပ်မပျော်သောကြောင့်





အိပ်ရာမှထ၍ အိမ်ပြင်သို့ ထွက်ခဲ့လေ၏။

လသာသောညဖြစ်သဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်နေလေ၏။ ကောင်းကင်သည် လရောင်ဖြင့် တသွင်သွင်စီးနေသော ဧရာဝတီမြစ်ကို လှမ်းမျှော်ကြည့်လိုက်၏။

ထိုသို့ကြည့်ရှုရင်း တောင်ကုန်းပေါ်မှ လှမ်းမြင်နေရသော ခပ်လှမ်းလှမ်းရှိ သုသာန်တစ်စပြင်ရှိရာသို့ မျက်လုံးရောက်သွားလေ၏။

ထိုအခါ သုသာန်ထဲ၌ လင်းလက်နေသော မီးအိမ်နီတစ်လုံးကို မြင်တွေ့ရ၏။ ထိုသုသာန်သည် လူနေသောသုသာန်မဟုတ်သဖြင့် ညသန်းခေါင်အချိန် မီးအိမ်လေးကို မြင်တွေ့ခြင်းမှာ အံ့သြဖွယ်ကောင်း၏။

သုသာန်၌ သူခိုးဓါးပြများ ခိုအောင်းနေခြင်းပေလော။ ကောင်းကင်သည် ထိုအတွေးကြောင့် သုသာန်သို့ သွားရောက်ကြည့်ရှုချင်စိတ်များ ဖြစ်ပေါ်လာ၏။

သို့သော် လ၏အလင်းရောင်သာရှိသဖြင့် သုသာန်တစ်ခွင်လုံး မှောင်နှင့်မည်းမည်းသာ ရှိနေ၏။

ကောင်းကင်သည် သုသာန်သို့ သွားပြီးကြည့်ရှုချင်စိတ်နှင့် ကြောက်ရွံ့စိတ် လွန်ဆွဲ၍နေလေ၏။ မကြာမီ သတ္တိကောင်းသူပီပီ ကြည့်ရှုလိုစိတ်က ကြောက်ရွံ့စိတ်ကို လွှမ်းမိုးသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အိမ်ပေါ်မှ တုတ်ကြီးတစ်ချောင်းကို ကိုင်ဆွဲ၍ သုသာန်ရှိရာသို့ လရောင်အားကိုးဖြင့် ထွက်ခဲ့လေတော့၏။

သုသာန်နှင့် နယ်ပိုင်မင်း၏အိမ်သည် မဝေးလှသဖြင့် မကြာမီ သုသာန်သို့ ရောက်ရှိသွားလေ၏။ လသာသောညဖြစ်သောကြောင့် သုသာန်ရှိ အုတ်ဂူများကိုပင် ဝိုးတဝါး မြင်တွေ့ရလေ၏။

ကောင်းကင်သည် သုသာန်၏ တစ်ဖက်စွန်းသို့ အုတ်ဂူများကို အကာအကွယ်ပြု၍ တိုးကပ်ခဲ့လေ၏။ မီးအိမ်နှင့် တဖြည်းဖြည်း နီးကပ်လာသောအခါ အုတ်ဂူများကို အကာအကွယ်ပြု၍ ချောင်းမြောင်းကြည့်ရှုလိုက်၏။

ထိုအခါ မထင်မှတ်သော မြင်ကွင်းတစ်ရပ်ကို မြင်တွေ့လိုက်ရလေ၏။ အသစ်စက်စက် မြေပုံမို့မို့တစ်ခုရှေ့တွင် မီးအိမ်နီတစ်လုံး ချထားပြီး မြေပုံရှေ့တွင် ဒူးတုပ်ထိုင်နေသော လူငယ်တစ်ဦးကို မြင်တွေ့လိုက်ရ၏။

လူငယ်သည် မြေပုံရှေ့တွင် ကျောခိုင်းထိုင်နေသဖြင့် ၎င်း၏ မျက်နှာကိုမူ မမြင်ရချေ။ လူငယ်သည် မြေပုံရှေ့တွင်ထိုင်၍

" ကျုပ်တို့အဖြစ်က ဆိုးလိုက်တာ အမေရယ်၊ ကျုပ်ဟာ အမေ့ရဲ့ သားတစ်ယောက်ဖြစ်ပြီး အမေသေဆုံးတဲ့အချိန်မှာတောင် အမေ့ရဲ့ နောက်ဆုံးခရီးကို လိုက်ပို့ခွင့်မရခဲ့ဘူး၊ ကျုပ်ရဲ့ဘဝလောက် ရင်နာဖို့ကောင်းတာ ဘယ်မှာရှိမလဲ အမေရယ်၊ အမေ့ရဲ့နောက်ဆုံး





ခရီးကို ကျုပ် လိုက်မပို့နိုင်တဲ့အတွက် အမေ ကျုပ်ကို တမလွန်ဘဝကနေ ခွင့်လွှတ်ပါ၊ ဒီရွာကလူတွေဟာ တစ်ယူသန်၊ တစ်ခွတ်ထိုးစိတ်နဲ့ ကျုပ်အပေါ်မှာ အမုန်းပွားပြီး ရန်ငြိုးဖွဲ့ခဲ့တယ်၊ ကျုပ်ကြောင့် ရွာနာတယ်ဆိုပြီး ကျုပ်ကို တစ်ရွာလုံးက အဖက်မလုပ်ကြဘူး၊ ဒီလူတွေရဲ့ပယောဂကြောင့် အမေ နာမကျန်းဖြစ်နေတဲ့ အချိန်မှာ အမေ့ကို ကျုပ် မပြုစုနိုင်ခဲ့ဘူး၊ အမေ့ရဲ့ နောက်ဆုံးခရီးကို တောင် အားရပါးရ လိုက်ပို့ခွင့်မရခဲ့ဘူး၊ ဒီအတွက် ကျုပ်ကို ခွင့်လွှတ်ပါ အမေ၊ တကယ်တော့ ကျုပ်မှာ ဘာအပြစ်မှမရှိပါဘူး၊ တစ်ရွာလုံးကလူတွေ ကျုပ်ကို သက်သက်အထင်လွဲကြတာပါ "

ဟု ပြောကာ ဝမ်းနည်းကြေကွဲဟန်ဖြင့် ငြိမ်သက်နေလေ၏။

ကောင်းကင်သည် ထိုလူငယ်၏ ဝမ်းပန်းတနည်း ရေရွတ်နေသံကို နားထောင်၍ အနီးရှိ အုတ်ဂူတစ်လုံးပေါ်တွင် ထိုင်လိုက်၏။

လူငယ်သည် မိခင်ဖြစ်သူ၏ မြေပုံရှေ့တွင် တစ်ကိုယ်တည်း ရေရွတ်ရင်း အနောက်မှ အသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ အုတ်ဂူပေါ်တွင် ထိုင်နေသော ကောင်းကင်ကို ရုတ်တရက် မြင်ရသဖြင့် အထိတ်တလန့် ဖြစ်သွားလေ၏။

ကောင်းကင်က လူငယ်ကိုကြည့်၍ လက်ကာပြလိုက်ပြီး

" ငါ့ကို ရုတ်တရက်မြင်ရလို့ ကြောက်သွားပြီလား၊ မကြောက်ပါနဲ့ကွာ၊ ငါက နာနာဘာဝ မဟုတ်ပါဘူး၊ ရိုးရိုးလူသား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပါ ''

ဟု ပြောလေ၏။ ကောင်းကင်၏စကားကြောင့် လူငယ်သည် ပိုမို၍ ထိတ်လန့်သွားပြီး

'' ဟင်... မင်း... မင်း နာနာဘာဝမဟုတ်ဘူးဆိုရင် ညကြီးအချိန်မတော် သချိုင်းမှာ ဘာဖြစ်လို့ထိုင်နေရတာလဲ၊ ငါသိသလောက် ဒီသချိုင်းမှာ နေတဲ့လူမရှိပါဘူး၊ မင်း... မင်း သရဲဖြစ်ရမယ် ''

ဟု ကြောက်လန့်တကြား အော်ဟစ်ပြီး ထိုနေရာမှ ထွက်ပြေးရန် ပြင်လေ၏။ ထိုအခါ ကောင်းကင်က

'' ဟေ့ကောင် မင်း သတ္တိနည်းလှချည်လား၊ ငါ သရဲမဟုတ်ဘူးလို့ မင်းကို ဘယ်နှစ်ခါပြောရမလဲ၊ လူမှလူအစစ်ပါကွ ဟောဒီမှာ ငါ့လက်ကို လာကိုင်ကြည့် ''

ဟု ပြောလေရာ လူငယ်က ကောင်းကင်ကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး

'' မင်း လူဆိုရင် ဘာဖြစ်လို့ အသံမကြားဘဲ ငါ့နောက်ကို ရောက်နေရတာလဲ ''

ဟု မေးမြန်းလေ၏။ ထိုအခါ ကောင်းကင်က လူငယ်၏ ကြောက်ရွံ့တတ်ပုံကိုကြည့်၍ ရယ်မောလိုက်ပြီး

'' မင်းမိခင်ကြီးရဲ့ မြေပုံရှေ့မှာ ကျောခိုင်းပြီးထိုင်နေတော့ နောက်ကနေ ငါရောက်လာ မင်း ဘယ်သိပါ့မလဲ၊ စိတ်အေးအေးထားစမ်းပါကွာ၊ ငါက ရေဝတီမြစ်ကမ်းထိပ်က နယ်ပိုင်မင်းရဲ့ အိမ်မှာ အလုပ်လုပ်နေတာကွ၊ ဒီနေ့ည အိပ်မပျော်လို့ ခြံထဲမှာ ထွက်ထိုင်နေတုန်း သချိုင်းထဲက မီးရောင်ကို မြင်ရတယ်၊ ဒါကြောင့် သချိုင်းထဲမှာ သူခိုး၊ ဓါးပြတွေ ခိုအောင်းနေတယ်ထင်ပြီး တုတ်ဆွဲပြီး ရောက်လာခဲ့တာပဲ ''





ဟု ပြောလေ၏။ ကောင်းကင်၏စကားကြောင့် မြေပုံရှေ့တွင် ထိုင်နေသော လူငယ်က မျက်မှောင်ကြုတ်၍

'' ဘာ... သူခိုးဓါးပြအောက်မေ့လို့ ရောက်လာတယ် ဟုတ်လား၊ မင်း ငါ့ကို စော်ကားလှချည်လား၊ ငါ့အမေရဲ့နောက်ဆုံးခရီးကို လိုက်ပို့ခွင့်မရတဲ့အတွက် သချိုင်းထဲမှာလာပြီး အမေ့ကို ထိုင်တည်နေတာကို မင်းက သူခိုး၊ ဓါးပြလို့ထင်တယ် ဟုတ်လား ''

ဟု ဒေါသတကြီး ကြိမ်းမောင်းလေ၏။

ထိုအခါ ကောင်းကင်က

'' ဟေ့ကောင် မင်းရူးနေသလား၊ သချိုင်းထဲမှာ ညကြီးအချိန်မတော် မီးရောင်မြင်မှတော့ ရိုးရိုးသားသားလူ ဘယ်ဟုတ်ပါ့မလဲကွ၊ သူခိုး ဓါးပြလို့ထင်တာ ငါ့အပြစ်လား၊ နေပါဦး၊ မင်းအမေရဲ့ ဈာပနကို မင်းက ဘာဖြစ်လို့ လိုက်ပို့ခွင့်မရတာလဲ ''

ဟု မေးမြန်းလေ၏။ ထိုအခါ မြေပုံရှေ့တွင်ထိုင်နေသော



www.burmeseclassic.com

www.burmeseclassic.com



လူငယ်က

" ရွာကလူကြီးတွေ တစ္ဆတ်ထိုးလုပ်ကြလို့ပေါ့ကွာ၊ ငါ့ကို ရွာထဲဝင်ခွင့်မပေးကြဘူး၊ ငါ့အမေရဲ့ နောက်ဆုံးခရီးကိုတောင် ငါ သေသေချာချာ ပို့ခွင့်မရခဲ့ဘူး "

ဟု ပြောလေရာ ကောင်းကင်က လူငယ်ကိုကြည့်၍

" ဒါဆိုရင် ငါထင်တာ သေချာသွားပြီပေါ့၊ မင်းဟာ လူဆိုးဓါးပြတစ်ယောက်ဖြစ်တဲ့အတွက် ရွာကလူတွေ ဝိုင်းကျင်ထား တာဖြစ်လိမ့်မယ်"

ဟု ပြောလေရာ လူငယ်က ကောင်းကင်ကို ဒေါသတကြီး အော်ဟစ်၍

" ဟေ့ကောင်… မင်း ငါ့ကို မတရားမစွပ်စွဲနဲ့၊ ငါ လူဆိုးဓါးပြ မဟုတ်ဘူး၊ ငါ လူကောင်းကွ၊ ရွာကလူတွေ ငါ့ကို အထင်လွဲနေကြတာ"

ဟု ပြောလေ၏။ ကောင်းကင်က လူငယ်၏စကားကြောင့် သက်ပြင်းချ၍

" ရွာကလူတွေ အထင်လွဲလည်း ကိုယ့်မြန်မာလူမျိုး အချင်းချင်းပဲကွာ၊ နားလည်အောင် ရှင်းပြလိုက်ပေါ့ "

ဟု ပြောလေ၏။ ထိုအခါ လူငယ်က

" ငါ အကြိမ်ကြိမ်အဖန်ဖန် ရှင်းပြခဲ့ပြီးပါပြီ၊ ဒါပေ





ဒီလူတွေဟာ ငါ့ရဲ့ တစ်ချိန်တုန်းက မှားယွင်းမှုကြောင့် ငါ့စကားတွေကို မယုံကြည့်ခဲ့ဘူး "

ဟု ဝမ်းနည်းကြေကွဲဟန်ဖြင့် ပြောလေ၏။

ကောင်းကင်က လူငယ်ကို ကရုဏာသက်ဟန်ဖြင့် ကြည့်လိုက်ပြီး

" မင်းဘဝနောက်ကြောင်းတွေကို ငါ့ကို အေးအေးဆေးဆေး ပြောပြပါလား၊ လာကွာ၊ ဟောဒီအုတ်ဂူပေါ်မှာ လာထိုင် "

ဟု ဖိတ်ခေါ်လေ၏။

ထိုအခါ လူငယ်သည် ကောင်းကင်ရှိရာသို့ လျှောက်လှမ်းလာပြီး အုတ်ဂူပေါ်သို့ ခုန်တက်လိုက်၏။ ထို့နောက် လူငယ်က

" ငါဟာ ငယ်စဉ်ကတည်းက ဖခင်ဆုံးပါးသွားတဲ့အတွက် မိခင်ရဲ့ အုပ်ထိန်းမှုအောက်မှာပဲ နေထိုင်လာခဲ့ရတယ်၊ ငါ့မိခင်ကြီးဟာ ငါ့ကို အလွန်ချစ်တယ်ကွ၊ ဒါကြောင့် ငယ်စဉ်ကတည်းက အလိုလိုက် အကြိုက်ဆောင်ပြီး နေထိုင်ခွင့်ပေးခဲ့တယ်၊ ငါဟာ ရွာဦးကျောင်းမှာ ပညာသင်နေပေမဲ့ မကောင်းတဲ့အပေါင်းအသင်းတွေကြောင့် တောထဲမှာ အရက်သောက်တယ်၊ ဖဲရိုက်တယ်၊ ကြက်တိုက်တယ်၊ ရွာဦးကျောင်းက ကပ္ပိယကြီးက ငါ့အပေါ်မှာ စေတနာထားပြီး ဆရာတော်ကြီးကို တိုင်ကြားခဲ့တယ်၊ ငါဟာ ကပ္ပိယကြီးရဲ့စေတနာကို နားမလည်ဘဲ ကပ္ပိယကြီး တစ်ယောက်ရွာက



www.burmeseclassic.com

www.burmeseclassic.com



အပြန်မှာ ချောင်းရိုက်ဖို့ ကြိုးစားခဲ့တယ်၊ တပ္ပိယကြီးဟာ ငါ့ရဲ့ ရိုက်ချက်ကြောင့် ဒဏ်ရာအနာတရ ဖြစ်ခဲ့တယ်၊ ဒီအကြောင်းတွေကို ဆရာတော်ကြီးသိတော့ ဒေါသူပုန်ထပြီး ငါ့ကို ကျောင်းမှာ နေခွင့် မပေးတော့ဘူး၊ ဒီအချိန်ကစပြီး ငါ့ဘဝဟာ ပညာတစ်ပိုင်းတစ်စနဲ့ ပေတေ လေလွင့်ခဲ့ရတယ်၊ ရွာစဉ်လျှောက်သွားပြီးတော့ ဖဲရိုက်တယ်၊ ကြက်တိုက်တယ်၊ လောင်းကစားလုပ်တယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ပျက်စီးနေတဲ့ငါ့ကို မိခင်ကြီးက ဆုံးမဖို့ မကြိုးစားဘဲ အလိုလိုက် ခဲ့တယ်၊ ဒါကြောင့် ငါဟာ ထိန်းမနိုင် သိမ်းမရတဲ့ ငယ်ငယ်ရွယ်ရွယ်နဲ့ ပျက်စီးနေခဲ့တယ်၊ တစ်ရွာလုံးက လူတွေက ငါ့ကို အင်မတန် ဆိုးသွမ်း မိုက်ရိုင်းလွန်းတဲ့လူဆိုပြီးတော့ ဆေးဖော်ကြောဖက် မလုပ်ချင်ကြဘူး"

ဟု ပြောလေ၏။ ကောင်းကင်သည် လူငယ်၏စကားကို နားထောင်၍ သက်ပြင်းချလိုက်ပြီး

" ဪ… ဒါကြောင့် မင်းဟာ ရွာမှာ နာမည်ဆိုးနဲ့ ကျော်ကြားခဲ့တာကို၊ ဒါပေမဲ့ ရွာတိုင်းရွာတိုင်းမှာ ရွာလူမိုက် ရှိချင်ကြတာပဲ၊ မင်းကို ဒီလောက်တောင် အငြိုးအတေးထားပြီး မိခင်ကြီးရဲ့ နောက်ဆုံးခရီးကို လိုက်ပို့ခွင့်မပြုတာတော့ ဒီရွာကလူတွေ လွန်လွန်းပြီထင်တယ် "

ဟု ပြောလေ၏။ ထိုအခါ လူငယ်က ခေါင်းခါယမ်း၍





" တကယ်တော့ ရွာကလူတွေ မလွန်ပါဘူးကွာ၊ ငါ့မှာ သူတို့အထင်လွဲစရာ ဒီထက်ဆိုးဝါးတဲ့ အပြစ်ကြီးတစ်ခုရှိသေးတယ်၊ ဒီအပြစ်ကြောင့်ပဲ ရွာကလူတွေ ငါ့အပေါ် အထင်လွဲပြီး မုန်းတီးရွံရှာ ခဲ့ကြတယ်၊ လွန်ခဲ့တဲ့ (၁) နှစ်လောက်က ငါဟာ အပေါင်းအသင်း တွေနဲ့ ရွာစဉ်လှည့်ပြီး လောင်းကစားပြုလုပ်ခဲ့တယ်၊ လောင်းကစား လုပ်ရင်း ရွာကြီးတစ်ရွာမှာ ရွာလူမိုက်တွေနဲ့ ရန်ပွဲဖြစ်ပြီး တစ်ကွဲ တစ်ပြား ထွက်ပြေးလာခဲ့ရတယ်၊ ဒီလိုပြေးရင်းနဲ့ ညကြီးအချိန်မတော် ရွာကိုပြန်လာခဲ့တယ်၊ ဒီလိုနဲ့ လမ်းခရီးတစ်နေရာရောက်တော့ ငါ့ကို တောပုန်းဓါးပြတစ်စုက ဖမ်းဆီးတာကို ခံလိုက်ရတယ်၊ ဓါးပြတွေက ငါ့ရဲ့လည်ကို ဓါးနဲ့ထောက်ပြီးတော့ ရွာတံခါးကို ဖွင့်ခိုင်းတယ်၊ ဒီဘုန်းက ငါတို့ရွာဟာ တောကြောင်တွေ သောင်းကျန်းလွန်းတဲ့ အတွက် တစ်ရွာလုံးကို ခိုင်မာတဲ့ သစ်လုံးစည်းရိုးတွေနဲ့ ကာရံ ထားတယ်၊ ရွာတံခါးထိပ်တွေမှာလည်း အစောင့်အကြပ်တွေ ညစဉ် ညတိုင်းရှိတယ်၊ ဒါကြောင့် ရွာကိုဝင်ချင်တဲ့ ဓါးပြတွေဟာ ငါ့ကို ဓါးစာခံလုပ်ပြီးတော့ ရွာတံခါးကို ဖွင့်ခိုင်းခဲ့တယ်၊ ငါဟာ နီးရာဓါးကို ကြောက်ရတဲ့အတွက် ရွာတံခါးထိပ်ကနေ ငါပြန်လာပြီ၊ တံခါးဖွင့် ပေးပါလို့ ရွာကင်းအဖွဲ့ကို ပြောခဲ့တယ်၊ ရွာကင်းကလူတွေဟာ သာမန်လူကို ညကြီးအချိန်မတော် တံခါးဖွင့်ပေးလေ့မရှိပေမဲ့ ငါဟာ ရွာစဉ်လှည့်ပြီးတော့ လောင်းကစားတတ်မှန်းသိတဲ့အတွက် ရွာတံခါး



www.burmeseclassic.com

www.burmeseclassic.com



ကို အလွယ်တကူဖွင့်ပေးတယ်၊ အဲဒီညက ရွာမှ ငရဲကျတဲ့အလား ဆူညံပွက်သွားတယ်၊ ငါ့ကြောင့် ရွာက အိမ်တွေ အတော်များများ မီးလောင်တိုက်သွင်းတာ ခံခဲ့ရတယ်၊ ရွာရဲ့လုံခြုံရေးကို စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်နေတဲ့ ဦးဘမှန်ဆိုတဲ့ အဘိုးကြီးဟာ ဓါးပြတွေ သတ်လို့ သေဆုံးခဲ့ရတယ်၊ ဒီအချိန်ကစပြီး ရွာကလူတွေဟာ ငါ့ကို မကောင်းဆိုးဝါးတစ်ကောင်လို သဘောထားပြီး ရွာကနေ မောင်း ထုတ်ခဲ့တယ်၊ ငါဟာ ဓါးစာခံအလုပ်ခံရတာပါလို့ အကြိမ်ကြိမ် ရှင်းပြပေမဲ့ ငါ့စကားကို နားမဝင်ခဲ့ဘူး၊ ငါ့ကို ရွာထဲကို လုံးဝ ဝင်ခွင့်မပြုတော့ဘူး၊ ဒီအချိန်ကစပြီး ငါဟာ အမေနဲ့ ရှင်ကွဲကွဲခဲ့ ရတယ်၊ ငါဟာ ဆိုးသွမ်းတဲ့လူငယ်တစ်ယောက်ဖြစ်ပေမဲ့ မိခင်ကို အလွန်ချစ်ပါတယ်၊ ရွာက လူကြီးတွေကိုလည်း မလွန်ဆန်နိုင်၊ မိခင်ကြီးနဲ့လည်း မခွဲနိုင်တဲ့အတွက် ရွာပြင်မှာ ငါတစ်ယောက်တည်း တဲထိုးပြီး စိုက်ပျိုးရေး လုပ်စားနေခဲ့တယ်၊ ဒီလိုနဲ့ပဲ ငါ့မိခင်နဲ့ငါဟာ ရှင်ကွဲကွဲခဲ့ရတယ်၊ မိခင်ကြီး မနာမကျန်းဖြစ်နေတဲ့အချိန်မှာ ငါ ရွာထဲကိုသွားပြီးတော့ ပြုစုချင်ပေမဲ့ သူကြီးနဲ့ အပေါင်းအပါတွေဟာ တယူသန်ဆန်လွန်းတာကြောင့် ရွာထဲကို ဝင်ခွင့်မရခဲ့ဘူး၊ ဒါပေမဲ့ ငါ့ကို ကရုဏာသက်တဲ့ ရွာသားအချို့က မနာမကျန်းဖြစ်နေတဲ့ မိခင်ကြီးကို လာပြီးပြုစုဖို့ ခွင့်ပေးခဲ့တယ်၊ ငါ့အမေရဲ့ နောက်ဆုံး အချိန်မှာ ပြုစုခွင့်မရတဲ့အတွက် ငယ်စဉ်က ဆိုးမိုက်ခဲ့တာကို





နောင်တအကြီးအကျယ်ရခဲ့တယ်၊ ငါ့ဘဝဟာ ဆိုးဝါးလွန်းပါ တယ်ကွာ၊ ငါ့အမေ အသက်ထွက်သွားတဲ့အချိန်မှာတောင် အမေ့ အနားမှာ ငါရှိမနေခဲ့ဘူး၊ အမေ အသုဘချတဲ့အချိန်မှာ ငါ လိုက်ပို့ချင်ပေမဲ့ ငါ့အပေါ် မကောင်းမြင်နေတဲ့ သူကြီးနဲ့ အပေါင်း အပါတွေကို ထိပ်တိုက်တွေ့မှာစိုးလို့ ရှောင်ပြီးနေခဲ့တယ်၊ ဒီနေ့သတော့ ငါ့ကိုယ်ငါ ဘယ်လိုမှ မထိန်းနိုင်ခဲ့ဘူး၊ မိခင်ရဲ့ရှေ့မှာ တိုင်တည်ချင် စိတ်တွေ ဖြစ်ပေါ်နေတာနဲ့ သင်္ချိုင်းကို အရဲစွန့်ပြီးရောက်လာခဲ့တာပဲ''

ဟု ပြောလေ၏။

ကောင်းကင်သည် ကံဆိုးရှာသော လူငယ်အား ကရုဏာ သက်သွားလေ၏။ လူငယ်သည် မိခင်အတွက် မရိုးတင်ကဲစိတ်ဖြင့် ညသန်းခေါင်အချိန်၌ သင်္ချိုင်းကုန်းသို့ အရဲစွန့်ပြီး ထွက်လာခဲ့ခြင်း ဖြစ်ပုံရ၏။

ကောင်းကင်က သက်ပြင်းချ၍

'' မင်းရဲ့ဘဝအကြောင်းကို ကြားရတာ စိတ်မကောင်း လိုက်တာကွာ၊ ရွာသူကြီးနဲ့ အပေါင်းအပါတွေက မင်းအမေရဲ့ နောက်ဆုံးခရီးမှာ ကိုယ်ချင်းစာပြီးတော့ ခွင့်ပြုပေးဖို့သင့်ပါတယ်''

ဟု ပြောလေ၏။ ထိုအခါ လူငယ်က ခေါင်းညိတ်၍

'' သူကြီးက ငါ့ကို အထင်လွဲနေတာပေါ့၊ ရွာကို ဓါးပြ တိုက်ပြီးတော့ လူသတ်မီးရှို့ခံရတာ ငါ့ပယောဂလို့ ထင်ရပုံရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



တချို့လူတွေကတော့ ငါ့မှာ အပြစ်မရှိဘူးလို့ ယူဆခဲ့ပေမဲ့ သူကြီးကတော့ ငါ့ကို မယုံကြည်ခဲ့ဘူး၊ ငါ့ရဲ့မိုက်ပြစ်တွေကြောင့်ပဲ၊ အမေနဲ့ ရှင်ကွဲကွဲနေတဲ့ အချိန်ကစပြီး ငါ နောင်တတရား ရနေပါပြီ၊ ငယ်စဉ်တုန်းကလို အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက်တဲ့ အလုပ်တွေ မလုပ်တော့ဘူး၊ ငါ့ဘာသာ ခြံအလုပ်လုပ်ပြီး ကောင်းရောင်းကောင်းဝယ်လုပ်စားဖို့ ဆုံးဖြတ်ထားတယ်၊ ငါ့နာမည် မြေကြီးလို့ခေါ်တယ်၊ မင်းက နယ်ပိုင်ဝန်ထောက်မင်းကြီးအိမ်မှာ အလုပ်လုပ်တာလား၊ ဒါဆိုရင်တော့ ငါတို့နှစ်ယောက် နောက်တစ်ကြိမ် ပြန်ပြီးတော့ ဆုံတွေ့ကြမှာပါ၊ ညဥ့်လည်းနက်နေပြီ၊ မင်းပြန်တော့ ”

ဟု ပြောကာ မြေကြီးဆိုသော လူငယ်သည် ကောင်းကင်အား သချိုင်းမှ လမ်းခွဲထွက်သွားလေတော့၏။

ကောင်းကင်သည် နောက်တစ်နေ့သို့ရောက်သော်အခါ အိပ်ရာထနောက်ကျနေသဖြင့် ကိုစိန်ရိုးက လာရောက်နှိုးရလေ၏။

ကိုစိန်ရိုးက အိပ်ရာထဲတွင်ရှိနေသော ကောင်းကင်ကို အံ့သြဟန်ဖြင့် ကြည့်၍

“ ဟေ့ကောင် ... ကောင်းကင်၊ မင်း ဘယ်လိုဖြစ်တာလဲ၊ ဒီနေ့ အိပ်ရာထနောက်ကျနေပါလား ”

ဟု မေးမြန်းလေ၏။ ကောင်းကင်က ညက သချိုင်းတွင် ကြုံတွေ့ခဲ့သော အဖြစ်အပျက်ကို သတိရသွားပြီး





“ ညတုန်းက သချိုင်းကို ရောက်သွားလို့ပါဗျာ ”

ဟု ပြောလေရာ ကိုစိန်ရိုးက ကောင်းကင်နောက်ပြောင်သည်ဟု ထင်မှတ်ကာ

“ မနက်စောစော နမိတ်မရှိတာတွေ မပြောနဲ့ကွာ၊ အမြန်ဆုံး ရေနွေးအိုးတည်၊ ကော်ဖီဖျော်ဖို့ပြင်တော့၊ ခဏကြာရင် ဆရာနိုးလာလိမ့်မယ် ”

ဟု သတိပေးလေ၏။

ကောင်းကင်သည် ထိုအခါမှပင် နယ်ပိုင်မင်းကြီးအတွက် ကော်ဖီဖျော်ရန် ရေနွေးအိုးတည်လေ၏။ ရေနွေးအိုးတည်နေစဉ် ပေါင်မုန့်ကို မီးကင်ပြီး ထောပတ်ပါးပါး သုတ်လေ၏။

ရေနွေးအိုးဆူသောအခါ ကော်ဖီဖျော်ပြီး ကြက်ဥနှင့် ဝက်ပေါင်ခြောက်များကို ကြော်ပြန်၏။

နယ်ပိုင်ဝန်ထောက်မင်းသည် မနက်စာကို မြန်မာအများစုကဲ့သို့ ဖြစ်သလိုမစားဘဲ ပြည့်ပြည့်စုံစုံ စားသောက်လေ့ရှိ၏။

နေ့လယ်စာကို မနက်စာနီးပါး ကောင်းမွန်အောင် ကြိုးစားပြီး စားလေ၏။ ညစာကိုမူ အနည်းငယ်လျှော့၍ စားသောက်တတ်၏။ နယ်ပိုင်မင်း ညစာစားခြင်းကို အားမရသော ကောင်းကင်က

“ ဦးလေး ဘာဖြစ်လို့ ညစာကို မနက်စာနဲ့ နေ့လယ်စာလောက် ကောင်းကောင်းမစားရတာလဲ ”



www.burmeseclassic.com

www.burmeseclassic.com



ဟု နားမလည်ဟန်ဖြင့် မေးမြန်းလေ၏။ ထိုအခါ နယ်ပိုင်ဝန်ထောက်မင်းက

" ငါဟာ မနက်စာကို တတ်နိုင်သလောက် ပြည့်ပြည့်စုံစုံဖြစ်အောင် စားတယ်၊ နေ့လယ်စာကိုတော့ မနက်စာထက် နည်းနည်းလျှော့ပြီး စားတယ်၊ ညစာကိုတော့ အတတ်နိုင်ဆုံး အကျဉ်းချုံးပြီး စားတတ်တယ်၊ ညစာကို အကျဉ်းချုံးပြီးစာတာ အစာအိမ် အနားရအောင်လို့ပဲ၊ လူ့ခန္ဓာကိုယ်မှာရှိတဲ့ အစာအိမ်ဟာ အစာကြေညက်အောင် အမြဲတမ်း အလုပ်လုပ်နေရတယ်၊ ခန္ဓာကိုယ် အိပ်စက်နားနေတဲ့အချိန်မှာ အစာအိမ်ဟာလည်း အနားရနေသင့်တယ်၊ ညစာကို အများကြီးစားမယ်ဆိုရင် အစာအိမ်ဟာ ခန္ဓာကိုယ်အိပ်စက်နေတဲ့အချိန်မှာ အနားမရတဲ့အတွက် လူ့ကျန်းမာရေးကို ထိခိုက်မှာအမှန်ပဲ"

ဟု ရှင်းလင်းပြတတ်၏။

ကောင်းကင် နံနက်စာအတွက် ပြင်ဆင်ပြီးသောအခါ နယ်ပိုင်ဝန်ထောက်မင်း အိပ်ရာမှ နိုးလာ၏။ ထို့နောက် နယ်ပိုင်ဝန်ထောက်မင်းသည် ကောင်းကင်ပြင်ဆင်ကျွေးသော နံနက်စာကို စားသောက်ရင်း

" ငါတို့ ရက်အနည်းငယ်အတွင်းမှာ ရွာတွေကိုလှည့်ပြီးတော့ အမတော်ကြေးကိစ္စ၊ လူခွန်တော်ကိစ္စနဲ့ပတ်သက်ပြီးတော့ ခရီးသွားရလိမ့်မယ်၊ ခရီးထွက်ဖို့အတွက် မင်း ကြိုတင်ပြီး ပြင်ဆင်ထားပါ၊





ရွာတွေကိုလှည့်ပြီးတော့ စစ်ဆေးတဲ့ကိစ္စမှာ မင်းက အတွေ့အကြုံမရှိပေမဲ့ စိန်ရိုးကတော့ ငါနဲ့လိုက်ဖူးတဲ့အတွက် ခရီးစဉ်အကြောင်းကောင်းကောင်းသိတယ်၊ ဒါကြောင့် နားမလည်တာရှိရင် စိန်ရိုးကိုမေးပါ "

ဟု ပြောလေ၏။

ကောင်းကင်သည် နယ်ပိုင်ဝန်ထောက်မင်း လမ်းလျှောက်ထွက်သွားသောအခါ ရွာများကိုလှည့်၍ စစ်ဆေးရမည့်အကြောင်း စိန်ရိုးအား ပြောလိုက်သောအခါ စိန်ရိုးသည် ဝမ်းသာအားရဖြင့်

" ဟာ… ဒါဆိုရင်တော့ ပွတာပဲ၊ မြို့မှာနေရတာ ပျင်းနေတာနဲ့ အတော်ပဲ၊ အခုမှ လွတ်လွတ်လပ်လပ် ပျော်ရတော့မယ်"

ဟု ပြောလေရာ ကောင်းကင်က စိန်ရိုးကို နားမလည်ဟန်ဖြင့်ကြည့်၍

" နယ်ပိုင်မင်း ရွာတွေကိုလှည့်ပြီး စစ်ဆေးတာ ပျော်စရာကောင်းလို့လား "

ဟု မေးမြန်းလေ၏။ ထိုအခါ စိန်ရိုးက ရယ်မော၍

" ဟား ဟား… နယ်ပိုင်မင်းအတွက်တော့ ရွာတွေကိုလှည့်ပြီး ခေါင်းရှုပ်စရာအမျိုးမျိုးနဲ့ ကြုံရတာပေါ့ကွာ၊ ဒါပေမဲ့ ငါတို့အတွက်တော့ ဆင်ဖြူတော်မှီပြီး ကြံစုပ်ခွင့်ရတဲ့အတွက် ပျော်ဖို့အလွန်ကောင်းတယ်ကွ၊ ရောက်လေရာ ရွာအကြီးအကဲတွေက



www.burmeseclassic.com

www.burmeseclassic.com



နယ်ပိုင်ဝန်ထောက်မင်းလို အခွင့်မြင့်အရာရှိကြီး ရောက်လာတဲ့အတွက် လိုလေသေးမရှိအောင် ညှိဝတ်ကျေပွန်ကြတယ်၊ နယ်ပိုင်မင်းအတွက် ကျေးရွာက လတ်လတ်ဆတ်ဆတ် အစားအစာတွေကို အလျှံအပယ် ပို့ပေးလေ့ရှိတယ်၊ နယ်ပိုင်မင်းလို ကျောသားရင်သားမခွဲခြားတတ်တဲ့ ပုဂ္ဂိုလ်ကြီးနဲ့ အတူ နေရတဲ့အတွက် ငါတို့ အစားကောင်းအသောက်ကောင်းတွေ စားရတာ မှန်ပါတယ်၊ ဒါပေမဲ့ ကျေးရွာတွေကရတဲ့ လတ်လတ်ဆတ်ဆတ်တော ကြက်ဥ၊ နွားနို့၊ အိုင်ပက်ပြီးလို့ ချက်ကျွေးတဲ့ငါးဟင်းတွေ ငါးကင်တွေလောက် စားရတာ အရသာမရှိဘူးကွ၊ ဟဲ့ ဟဲ… ထန်းတောနဲ့နီးတဲ့ရွာဆိုရင် ထန်းရည်ခါးနဲ့ ကြက်ကြော်ကို နယ်ပိုင်မင်း မသိအောင် သွားပြီးတော့ အားပေးလို့ရသေးတယ်ကွ ”

ဟု ပြောလေရာ ကောင်းကင်က သက်ပြင်းချ၍

“ ကျုပ်ကတော့ ကျေးလက်က အစားအစာတွေထက် ကျေးလက်ကို ပြန်ရမှာ ပိုပြီးပျော်တယ်၊ ကျုပ် တစ်သက်လုံး ရွာမှာ နေလာခဲ့တော့ မြို့မှာနေရတာ ကျဉ်းကျပ်သလိုခံစားရတယ် ”

ဟု ပြောလေ၏။

ကောင်းကင်တို့သည် နယ်ပိုင်မင်းနှင့်အတူ ရွာများကို လှည့်တော့မည်ဆိုသဖြင့် ခရီးထွက်ရန် လိုအပ်ချက်များကို ကြိုတင် စုဆောင်းလေတော့၏။





စိန်ရိုးသည် ရွာများကို ခရီးထွက်ရမည်ဆိုသဖြင့် အလွန်ပျော်ရွှင်နေလေ၏။ သို့သော် နယ်ပိုင်မင်းက ခေါ်ယူ၍

“ ငါတို့ လူခွန်တော်ကိစ္စနဲ့ ရွာတွေကိုသွားရမဲ့ခရီးစဉ်ကို ရက်ရွှေ့ဆိုင်းလိုက်ပြီ ”

ဟု ပြောလေရာ စိန်ရိုးနှင့် ကောင်းကင်သည် ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။ စိန်ရိုးက မျက်နှာရှုံ့မဲ့ပြီး

“ ဘယ်လိုဖြစ်တာလဲ ဆရာရယ်၊ ကျွန်တော်က ရွာတွေကို လှည့်ရတော့မယ်ဆိုလို့ ကျိတ်ပြီးတော့ ပျော်နေတာဗျ ”

ဟု ပြောလေ၏။ ထိုအခါ နယ်ပိုင်မင်းက

“ တိုင်းရေး ပြည်ရေး အခြေအနေကြောင့်ပေါ့ကွာ၊ ငါတို့တိုင်းပြည်မှာ တောင်သူလယ်သမားတွေ စီးပွားရေးအကျပ်အတည်းနဲ့ရင်ဆိုင်နေရတယ်၊ ဒီနှစ်ထဲမှာ စပါးဈေးကလည်းကျ၊ ဆန်ဈေးကလည်း မရ၊ အရောင်းအဝယ်တွေကလည်း မဟန်တဲ့အတွက် လယ်သမားတွေ စီးပွားရေး အတော်ကျပ်တည်းနေကြတယ်၊ ဒီကြားထဲမှာ လူခွန်တော် ကိစ္စကလည်း နှိပ်စက်ဆိုတော့ သူတို့ကို တစ်ပူပေါ်နှစ်ပူဆင့်သလို ဖြစ်နေပြီကွ၊ သာယာဝတီနယ်ဘက်မှာ တောင်သူလယ်သမားတွေ ဆင်းရဲလွန်းလို့ သူပုန်ထကုန်ကြပြီ၊ အစိုးရက သူပုန်တွေကို နှိမ်နင်းပေမဲ့ သူပုန်တွေကို အမြစ်ပြတ်အောင် နှိမ်နင်းလို့မရသေးဘူး၊ ဒီကြားထဲမှာ အထက်အညာဘက်က မြင်းခြံ၊



www.burmeseclassic.com

www.burmeseclassic.com



မိတ္ထီလာဘက်မှာ မိုးခေါင်ရေရှားဖြစ်တဲ့အတွက် တောင်သူလယ်သမားတွေ အတော်အခက်အခဲ ကြုံရတယ်၊ တိုင်းရေးပြည်ရေး မကောင်းတဲ့အတွက် တောကြောင်တွေကလည်း နေရာတကာမှာ သောင်းကျန်းနေတယ်၊ ဒီလိုအချိန်မျိုးမှာ ငါတို့ဟာ အစိုးရတာဝန် အရ လူခွန်တော်ကိစ္စ သွားရမယ်ဆိုပေမဲ့ တောင်သူလယ်သမားတွေ ကျပ်တည်းသထက် ကျပ်တည်းမှာကို ငါစိုးရိမ်တယ်၊ ဒါကြောင့် လူခွန်တော် ကောက်မဲ့ကိစ္စကို တတ်နိုင်သမျှ ရက်တွေရွှေ့ဆိုင်း နေတာပဲ ''

ဟု ပြောလေရာ စိန်ရိုးသည် တောရွာများသို့ ခရီးထွက်ချင်စိတ်ပြင်းပြနေသဖြင့်

'' ဆရာရယ်၊ လယ်သမားတွေက လူခွန်တော်ငွေ (၅)ကျပ်ကိုတောင် မဆောင်နိုင်ကြလောက်အောင် ဆင်းရဲနေကြလို့လား ''

ဟု မေးမြန်းလေ၏။ ထိုအခါ နယ်ပိုင်မင်းက

'' လူခွန်တော်ဆောင်ဖို့နေနေသာသာ စားရေးသောက်ရေးတောင် မပြေလည်လို့ ငတ်မွတ်ခေါင်းပါးနေကြတယ်၊ ဒီအချိန်မျိုးမှာ လယ်သမားတွေရဲ့လက်ထဲမှ ငွေ (၅) ကျပ်ရှိဖို့ မလွယ်ဘူးကွ၊ လူခွန်တော်ကိစ္စ ရွှေ့ဆိုင်းရတာ အကြောင်းရှိတယ်၊ တိုင်းပြည် မငြိမ်မသက်ဖြစ်နေတဲ့ အချိန်မှာ နေရာအနှံ့မှာ တောကြောင်တွေ သောင်းကျန်းနေတယ်၊ ဒီအချိန်မျိုးမှာ လူခွန်တော်ကိစ္စနဲ့ ရွာတွေကို





ခရီးထွက်မယ်ဆိုရင် ငါတို့အတွက် အန္တရာယ်သိပ်များတယ်၊ လူခွန်တော်ကိစ္စနဲ့လာတဲ့ နယ်ပိုင်မင်းကို ဓါးပြတိုက်ချင်တဲ့သူ ပြန်ပေးဆွဲချင်တဲ့သူတွေ ရှိနိုင်တယ် ''

ဟု ပြောလေရာ စိန်ရိုးသည် မျက်နှာကွက်ခနဲပျက်သွားပြီး

'' အမယ်လေး… ဒီလောက်အန္တရာယ်တွေများတယ်ဆိုရင်တော့ လူခွန်တော်ကိစ္စကို မသွားပါနဲ့ ဆရာရယ်၊ တောပုန်း ဓါးပြတွေ လက်ချက်နဲ့ အသေမခံနိုင်သေးဘူး၊ ကျွန်တော်က မိန်းမ မရသေးဘူး ''

ဟု ပြောလေရာ နယ်ပိုင်မင်းက စိန်ရိုးကိုကြည့်၍ တဟားဟား ရယ်မောကာ

'' ဟား ဟား ဟား… မင်း အတော်သတ္တိကောင်းတယ်၊ ဗန္ဓုလသွေး ပါတယ်နဲ့တူတယ်၊ ဒီအိမ်မှာရှိတဲ့ ယောက်ျား (၃) ယောက်ထဲမှာ ဘယ်သူက မိန်းမရဖူးလို့လဲ၊ ငါတို့အားလုံး လူပျိုတွေချည်းပဲ ''

ဟု ပြောလေရာ စိန်ရိုးသည် ရှက်ကိုးရှက်ကန်းဖြင့် နယ်ပိုင်မင်း၏ အနီးမှ ထွက်ခွာသွားလေတော့၏။

ကောင်းကင်သည် ထိုနေ့ညနေသို့ရောက်သောအခါ သူ၏ပြုနေကျဝတ္တရားအတိုင်း ဧရာဝတီမြစ်ကမ်းနဖူးရှိ စေတီငယ်သို့ သွားကာ ရင်ပြင်၌ အမှိုက်များကို လှည်းကျင်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်သည် ရင်ပြင်တော်ကို တစ်ပတ်လှည့်၍ အမိုက်လှဲကျင်းပြီး ဧရာဝတီမြစ်ကမ်းဘက်သို့ဆင်းနေသော လှေခါးထစ်များဆီသို့ ရောက်သောအခါ ကျောခိုင်း၍ထိုင်နေသော လူငယ်တစ်ယောက်၏ နောက်ကျောကို မြင်တွေ့ရလေ၏။

ထိုလူငယ်သည် လွန်ခဲ့သောညက သန်ရှိုင်းတွင် မြင်တွေ့ရသော သနားစဖွယ် မေကြီးဆိုသော လူငယ်ဖြစ်၏။

မေကြီးသည် ကောင်းကင်ကို သမင်လည်ပြန် လှည့်ကြည့်ပြီး

" ညတုန်းကတွေ့ခဲ့တဲ့ မိတ်ဆွေပါလား၊ မင်းနဲ့ငါ နောက်တစ်ကြိမ် ဆုံပြန်ပြီ "

ဟု ပြောလေရာ ကောင်းကင်က လူငယ်ကို မျက်မှောင်ကြုတ်ကြည့်၍

" ငါ အရင်တုန်းက ဒီစေတီမှာ မကြာခဏ အမိုက်လှဲကျင်းတတ်ပါတယ်၊ ဒါပေမဲ့ မင်းကို တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးပါဘူး "

ဟု ပြောလေရာ မေကြီးဆိုသော လူငယ်က သဘောကျဟန်ဖြင့် တဟားဟားရယ်မော၍

" ဟား... ဟား... ဟား... တစ်ခါမှမတွေ့ဖူးဘူးဆိုတော့ ငါက ဘုရားကို တစ်သက်မှာ တစ်ကြိမ်ပဲ ရောက်ဖူးလို့ကွ၊ ငါ ငယ်စဉ်ကတည်း ကျောင်း ကန် ဘုရားတွေကို သွားလေ့မရှိဘူး၊





အခု ဘုရားကိုရောက်လာတာ ငါ့အမေ မရှိတော့တဲ့အတွက် စိတ်ညစ်ညစ်နဲ့ လာထိုင်နေတာကွ၊ စေတီရင်ပြင်ပေါ်ကနေ တသွင်သွင်စီးနေတဲ့ ဧရာဝတီမြစ်ကြီးကို ငေးကြည့်ရတာ ငါ့ရင်ထဲမှာ တစ်မျိုးကြီးပဲကွာ "

ဟု ပြောလေရာ ကောင်းကင်က လူငယ်ကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

" ကျောင်း ကန် ဘုရားရဲ့အရိပ်က အေးမြပါတယ်ကွ၊ မင်း စိတ်ညစ်လာရင် ဟောဒီစေတီလေးကိုလာပြီး စေတီရင်ပြင်ပေါ်ကနေ တသွင်သွင်စီးနေတဲ့ ဧရာဝတီမြစ်ကြီးကို ကြည့်စမ်းပါ၊ မင်းကို အလွန် ထူးဆန်းတဲ့နည်းတစ်ခု ပေးချင်တယ်၊ စိတ်ချမ်းသာတဲ့ လက်တွေ့နည်းကွ၊ ဒီနည်းကို ဧရာဝတီမြစ်ကြီးကို ငေးကြည့်ရင်းနဲ့ ငါ မျှော်လင့်ဘဲရခဲ့တာ"

ဟု ပြောလေရာ မေကြီးဆိုသော လူငယ်က ကောင်းကင်ကို မျက်မှောင် ကြုတ်ကြည့်လိုက်ပြီး

" ဘာ... စိတ်ချမ်းသာတဲ့နည်း ဟုတ်လား၊ အဲဒီနည်းရှိရင် ငါ့ကို မြန်မြန်ပေးစမ်းပါ၊ အမေမရှိတော့တဲ့နောက်ပိုင်း စိတ်မချမ်းသာလွန်းလို့ပါ "

ဟု ပြောလေ၏။ ထိုအခါ ကောင်းကင်က

" မင်း စိတ်ချမ်းသာချင်ရင် တသွင်သွင်စီးဆင်းနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရောဝတီ မြစ်ကြီးကို အေးအေးချမ်းချမ်း ထိုင်ကြည့်နေရမယ်၊ ဒီလိုထိုင်ကြည့်နေတဲ့ အချိန်မှာ မင်းရဲ့ခန္ဓာကိုယ်တစ်ခုလုံးကို ပျော့ပျော့ပျောင်းပျောင်းဖြစ်အောင် ထိုင်ရမယ်၊ နောက်ပြီးတော့ ရောဝတီမြစ်ကြီးရဲ့ ရေစီးထဲမှာ မင်းရဲ့ ခန္ဓာကိုယ် စီးမျောသွားသလို မင်းစိတ်ထဲမှာ ခံစားကြည့် ''

ဟု ပြောလေရာ မြေကြီးဆိုသော လူငယ်က နားမလည်ဟန်ဖြင့် ကောင်းကင်ကိုကြည့်၍

'' ရောဝတီမြစ်ရဲ့ ရေစီးထဲမှာ ငါ့ရဲ့ခန္ဓာကိုယ်ကြီး မျောပါသွားသလို ခံစားရမယ် ဟုတ်လား၊ ဘယ်လိုခံစားရမှာလဲကွာ၊ မင်းပြောတာ ငါ နားမရှင်းတော့ဘူး ''

ဟု ပြောလေ၏။ ထိုအခါ ကောင်းကင်က

'' မင်းနားလည်အောင် ငါဘယ်လိုပြောရမှန်းမသိဘူး၊ မင်းရဲ့ ခန္ဓာကိုယ်ကြီး ရောဝတီမြစ်ရဲ့ ရေစီးထဲမှာ မျောပါသွားတယ်လို့ မင်းစိတ်ထဲမှာ ထင်ထားလိုက်၊ အဲဒီအချိန်မှာ မင်း ဘာကိုမှမတွေးရဘူး၊ မင်းရဲ့ခန္ဓာကိုယ်ဟာ ရေစီးနဲ့အတူ တငြိမ့်ငြိမ့်မျောပါနေတယ်လို့ ခံစား၊ အဲဒီလို ခံစားကြည့်ရင်နဲ့ ခဏကြာရင် မင်းရဲ့စိတ်ထဲမှာ ခံစားနေရတဲ့ ဝမ်းနည်းကြေကွဲမှုတွေ၊ စိတ်တင်းကျပ်မှုတွေ၊ စိတ်လှုပ်ရှားမှုတွေဟာ ပြေပျောက်ပြီးတော့ ခန္ဓာကိုယ်တစ်ခုလုံး အံ့သြဖွယ်ကောင်းလောက်အောင် ငြိမ်းချမ်းသွားလိမ့်မယ်''





ဟု ပြောလေရာ မြေကြီးဆိုသော လူငယ်သည် ကောင်းကင်၏ စိတ်အေးချမ်းသော နည်းလမ်းကို အလွန်သဘောကျသွားပြီး

'' မင်းပြောတဲ့ စိတ်အေးချမ်းမြေ့တဲ့နည်းကို ငါ အခုပဲ သက်တွေ့ စမ်းသပ်ကြည့်ချင်တယ် ''

ဟု ပြောလေရာ ကောင်းကင်က ခေါင်းညိတ်၍

'' မင်း စမ်းသပ်ကြည့်လေ၊ ငါ စေတီတစ်ပြင်လုံး အမှိုက်တွေ လှဲလိုက်ဦးမယ်၊ အေးအေးချမ်းချမ်း တစ်ကိုယ်တည်း ရောဝတီမြစ်ကြီးကို ငေးကြည့်ပြီးတော့ စိတ်အေးချမ်းအောင် ကြိုးစားပေတော့၊ ဒီလိုလေ့ကျင့်တဲ့နေရာမှာ အရေးကြီးတာက မင်းရဲ့ခန္ဓာကိုယ်တစ်ခုလုံး ကြွက်သားတွေ တင်းမနေအောင် ခန္ဓာကိုယ်တစ်ခုလုံးကို ပျော့ခွေနေအောင် ပြေလျှော့ထားရမယ်၊ ခန္ဓာကိုယ်မှာ တင်းမာနေတဲ့နေရာ တစ်ခုမှမရှိအောင် သတိထားရမယ် ''

ဟု မှာကြားလေ၏။

ထို့နောက် ကောင်းကင်သည် စေတီရင်ပြင်ပေါ်ရှိ အမှိုက်များကို ကျုံး၍ ရင်ပြင်အောက်ရှိ အမှိုက်တွင်းထဲသို့ သွား၍ထည့်လေ၏။ လူငယ်၏အနီးသို့ရောက်သောအခါ မြေကြီးသည် ကောင်းကင်ကို ကြည့်၍

''မင်းပြောတဲ့နည်းက သိပ်ဟုတ်တယ်ကွ၊ ဒီနည်းကို လေ့ကျင့်ပြီးတဲ့နောက်မှာ ငါ့ရင်ထဲမှာ ဖော်မပြနိုင်လောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းသွားတယ်၊ ရင်ထဲမှာ ပူပင်သောကတွေ၊ စိတ်ညစ်ညူးစရာ တွေ မရှိတော့ဘူး ”

ဟု ပြောလေ၏။

ထိုအခါ ကောင်းကင်က

“နောင် မင်းစိတ်ညစ်လာတဲ့အခါ စေတီရင်ပြင်ကိုလာပြီး ဧရာဝတီမြစ်ကို ငေးမောကြည့်ပေါ့ကွာ၊ ဒီနည်းကို ငါ မမျှော်လင့်ဘဲ ရခဲ့တာကွ ”

ဟု ပြောရင်း မြေကြီးဆိုသော လူငယ်နှင့် လမ်းခွဲရန်ပြင်လေ

ထိုအခါ မြေကြီးက ကောင်းကင်ကိုကြည့်၍

“မင်းက နယ်ပိုင်ဝန်ထောက်မင်းကြီးအိမ်မှာ အလုပ်လုပ် တယ်ဆိုတော့ နယ်ပိုင်ဝန်ထောက်မင်းကြီးကို ငါ အရေးကြီးတဲ့ သတင်းတစ်ခုပေးချင်တယ် ”

ဟု မေးမြန်းလေ၏။ ထိုအခါ ကောင်းကင်က

“ ရပါတယ်၊ မင်းပေးချင်တဲ့သတင်းကို ငါ့ကိုပြောလိုက်ပါ ဒီနေ့ညနေ နယ်ပိုင်ဝန်ထောက်မင်း ရုံးကပြန်လာရင် ပြောလိုက်ပါ့ မယ် ”

ဟု ပြောလေ၏။ ထိုအခါ မြေကြီးဆိုသော လူငယ်က

“ ဟောဒီ ကမ်းနဖူးပေါ်မှာ တည်ထားတဲ့စေတီလေးဟာ ရှေးနှစ်ပေါင်းများစွာတည်းက ငါတို့ရွာသူရွာသားတွေ တည်ထားခဲ့





စေတီပဲ၊ ဒီစေတီမှာ အလွန်ရှေးကျတဲ့ ရုပ်ပွားတော်တွေကို ဌာပနာ ထားတယ်ဆိုတာကို တစ်ရွာလုံးသိကြတယ်၊ လွန်ခဲ့တဲ့ (၁၀)ရက် လောက်က ရွာပြင်က တောထဲမှာ လူစိမ်းတစ်စုဟာ ဆုတောင်းပြည့် စေတီမှာရှိတဲ့ ဌာပနာတိုက်ကို ဖောက်ပြီး ရှေးဟောင်းရုပ်ပွားတော် တွေကို ရောင်းစားမယ်လို့ တိုင်ပင်နေတာ ကြားခဲ့တယ်၊ ဒီသတင်း ကို ငါတို့ရွာက သူကြီးနဲ့ အပေါင်းအပါတွေကို တိုင်ချင်ပေမဲ့ ငါ့ကို ရွာထဲဝင်ခွင့်မပြုတဲ့အတွက် တိုင်လို့ မဖြစ်နိုင်ဘူး ”

ဟု ပြောလေ၏။

ကောင်းကင်သည် မြေကြီးပြောသောစကားကို သေချာစွာ မှတ်သား၍ ညနေ နယ်ပိုင်ဝန်ထောက်မင်း ရုံးမှပြန်လာသောအခါ မြေကြီးပြောသော သတင်းကို ပေးလိုက်လေ၏။

ထိုအခါ နယ်ပိုင်ဝန်ထောက်မင်းက သက်ပြင်းချ၍

“ ရုံးအလုပ်တာဝန်တွေက အလွန်များသား၊ တောရွာတွေကို လှည့်လည်ကြည့်ရှုရေး၊ လူခွန်တော်ကိစ္စကောက်ဖို့အတွက်လည်း အလုပ်ရှုပ်နေသေးတယ်၊ ဘုရားဌာပနာတိုက်ဖောက်တဲ့ကိစ္စ ငါလည်း မတတ်နိုင်ဘူး၊ မြို့ပေါ် က ရာဇဝတ်အုပ်နဲ့ ပုလိပ်တွေကိုတော့ အသိပေးထားမှဖြစ်မယ်”

ဟု ပြောလေ၏။

တစ်ပတ်ခန့်ကြာသောအခါ နယ်ပိုင်ဝန်ထောက်မင်းသည် စေတီရင်ပြင်သို့ လှမ်းမျှော်ကြည့်၍ တစ်စုံတစ်ရာကို မြင်တွေ့ဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်မှောင်ကြုတ်လိုက်ပြီး

" ဆုတောင်းပြည့်စေတီလေးမှာ တစ်ခုခုဖြစ်နေပြီ၊ စေတီရဲ့ ဌာပနာတိုက် အဖောက်ခံရပြီလား မသိဘူး၊ ငါတို့ အဲဒီဘက်ကို လျှောက်ပြီး သွားကြည့်ရအောင် "

ဟု ပြောလေ၏။

ထို့နောက်တွင်မူ နယ်ပိုင်ဝန်ထောက်မင်းနှင့် ကောင်းကင်သည် စေတီရှိရာသို့ လျှောက်လှမ်းသွားလေ၏။ စေတီတော်နှင့် မလှမ်းမကမ်းသို့ ရောက်သောအခါ သူကြီးနှင့် အပေါင်းအပါများသည် တစ်စုံတစ်ယောက်ကို ထိုးကြိတ်ကန်ကျောက်နေကြောင်း တွေ့လိုက်ရ၏။

ထိုမြင်ကွင်းကိုကြည့်၍ နယ်ပိုင်ဝန်ထောက်မင်းက

" ဟော့လူတွေ… ဘာဖြစ်နေကြတာလဲ "

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ သူကြီးသည် နယ်ပိုင်ဝန်ထောက်မင်းကို မြင်သောအခါ ရိုသေလေးစားသော အမူအရာဖြင့်

" နယ်ပိုင်ဝန်ထောက်မင်းကိုယ်တိုင် ကြွလာတာကိုး၊ ကျွန်တော်မျိုးတို့ရွာက ဆုတောင်းပြည့်စေတီ ဌာပနာတိုက် အဖောက်ခံရလို့ပါ၊ ဟောဒီမှာ တရားခံကိုလည်း မိထားပြီးပါပြီ "

ဟု ပြောလေ၏။





ထိုအခါ ကောင်းကင်သည် လူအုပ်အတွင်းတွင်ရှိနေသော လူငယ်ကို ကြည့်လိုက်သောအခါ မျက်နှာတစ်ခုလုံး ဖူးရောင်ပြီး မြင်မကောင်း ရှုမကောင်းအောင် ဖြစ်နေသော မြေကြီးကို ကရုဏာသက်ဖွယ် မြင်တွေ့လိုက်ရ၏။

ကောင်းကင်သည် မြေကြီးအနီးတွင် သွား၍ ထိုင်ချလိုက်ပြီး

" ဘယ်လိုဖြစ်တာလဲ မြေကြီးရယ် "

ဟု မေးမြန်းလိုက်ရာ မြေကြီးက အံကိုကြိတ်၍

" ဒီလူတွေ ခုတ်ရာတခြား၊ ထိရာတခြား ဖြစ်နေပြီကွ၊ ငါ့ကို စေတီတော် ဌာပနာတိုက်ဖောက်တဲ့ကောင်ဆိုပြီး အငြိုးနဲ့ ဝိုင်းထိုးကြိတ်နေကြတယ်၊ ဌာပနာတိုက်ဖောက်တဲ့ကောင်တွေကတော့ အခုလောက်ဆိုရင် တစ်နေရာကို ရောက်နေလောက်ပြီ"

ဟု ပြောလေရာ ကောင်းကင်သည် မြေကြီးကို အလွန် ကရုဏာသက်သွားပြီး

" မင်းမှာ အပြစ်မရှိဘဲ ဒီလို မတရားအနိုင်ကျင့်တာတော့ ဘယ်သင့်တော်ပါ့မလဲကွာ၊ ငါနဲ့အတူ နယ်ပိုင်ဝန်ထောက်မင်းလည်း ပါတယ်၊ ဒီအကြောင်းတို့ ငါကိုယ်တိုင် လျှောက်တင်ပေးမယ်"

ဟု ပြောကာ ကောင်းကင်သည် မြေကြီးအား ရွာသူကြီးနှင့် အဖွဲ့က မတရားထိုးကြိတ်နေကြောင်း နယ်ပိုင်မင်းအား တိုင်ကြားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



နယ်ပိုင်မင်းက မျက်မှောင်ကြုတ်၍

" လွန်ခဲ့တဲ့ရက်က ဆုတောင်းပြည့်စေတီလေးရဲ့ ဌာပနာ တိုက်ကို ဖောက်မဲ့သတင်းကိုပေးတာ ဒီလူငယ်မဟုတ်လား၊ ဒါဆိုရင် ဒီလူငယ်မှာ အပြစ်ရှိပုံမရဘူး၊ ရွာကလူတွေ အထင်လွဲပြီး ထိုးကြိတ်နေတာ ဖြစ်မယ် "

ဟု ပြောကာ နယ်ပိုင်မင်းက ရွာသူကြီးနှင့်အဖွဲ့အား လွန်ခဲ့သောရက်ကပင် ဌာပနာတိုက် ဖောက်ထွင်းခံရမည့်သတင်းကို မြေကြီးက မိမိအား ပေးပို့ခဲ့ကြောင်းပြောကာ မြေကြီးအား ဆက်လက်၍ ညှဉ်းပန်း နှိပ်စက်ခြင်း မပြုလုပ်ရန် အမိန့်ပေးလိုက်၏။

ရွာသူကြီးနှင့် အပေါင်းအပါများသည် နယ်ပိုင်မင်း၏ မမျှော်လင့်သော အမိန့်ကြောင့် အလွန်အံ့သြသွားပြီး

" နယ်ပိုင်ဝန်ထောက်မင်း ဒီကောင့်အကြောင်းကို မသိလို့ပါ၊ ဒီကောင်လေးဟာ အလွန်ဆိုးသွမ်းတဲ့ ရာဇဝင်ရှိပါတယ်၊ ငယ်စဉ် ကတည်းက မိခင်ဆုံးမလို့မရအောင် ဆိုးမိုက်ပြီးတော့ လူဆိုး ဓါးပြတွေနဲ့ ပေါင်းသင်းတယ်၊ သူဟာ ကိုယ့်ရွာကိုတောင် ကိုယ် ပြန်မြို့ပြီး မီးလောင်တိုက်သွင်းတဲ့ကောင်ပါ၊ ဒါကြောင့် ဆုတောင်းပြည့် စေတီရဲ့ဌာပနာတိုက်ကိုလည်း ဒီကောင်ပဲ ဖောက်ထွင်းမှာပါ "

ဟု ပြောလေ၏။ ထိုအခါ နယ်ပိုင်ဝန်ထောက်မင်းက

" မြေကြီးဆိုတဲ့ လူငယ်မှာ မကောင်းတဲ့ရည်ရွယ်ချက်ရှိရင်





ဆုတောင်းပြည့်စေတီရဲ့ ဌာပနာတိုက်ကို ဖောက်ထွင်းခံရမဲ့သတင်းကို ကျုပ်ကို ပေးမှာမဟုတ်ဘူး၊ ဒါကြောင့် လူငယ်မှာ အပြစ်မရှိဘူးလို့ ကျုပ် ယုံကြည်တယ်၊ လူငယ်ကို ရိုက်နှက်နေတာကို ရပ်တန်းက ရပ်ပြီး တရားခံအစစ်တွေကို ဖမ်းနိုင်အောင် ကြိုးစားကြ၊ မြို့က ပုလိပ်အဖွဲ့ကိုခေါ်ပြီး သဲလွန်စရှာခိုင်းရင် ဌာပနာတိုက်ဖောက်တဲ့ သူတွေကို ခြေရာကောက်နိုင်လိမ့်မယ် "

ဟု ပြောလေရာ သူကြီးနှင့် လူများသည် မြေကြီးအား ရိုက်နှက်ရန် မဖြစ်နိုင်တော့ဘဲ လွှတ်လိုက်ရလေ၏။ သူကြီးမင်းက

" ဟေ့ကောင် မြေကြီး၊ နယ်ပိုင်မင်းကြီး အမိန့်ပေးတဲ့အတွက် မင်းကို ငါ လွှတ်ပေးလိုက်တယ်နော်၊ မင်း နောက်တစ်ကြိမ် ရွာကိုဒုက္ခပေးဖို့ မကြိုးစားနဲ့တော့၊ ငါတို့ရွာကလူတွေ မင်းကြောင့် သွေးထွက်သံယိုဖြစ်ရင် အိုးမဲ့အိမ်မဲ့ဖြစ်ရင် မင်းကို ငါ မရရအောင် ရှာပြီး အပြစ်ဒဏ်ခတ်ရလိမ့်မယ် "

ဟု ပြောလေရာ မြေကြီးက သူကြီးမင်းကို မကျေမချမ်း ကြည့်၍

" ခင်ဗျားတို့ဟာ တယူသန် အစွဲလမ်းကြီးတဲ့သူတွေပဲ၊ ရွာကို ဓါးပြတိုက်ခံရတဲ့ကိစ္စမှာ ကျုပ် အပြစ်မရှိဘူးဆိုတာ ဘယ်နှစ်ခါပြောရမလဲ၊ ကျုပ် ငယ်စဉ်က ဆိုးမိုက်ပေတော့ခဲ့တာ မှန်တယ်၊ ဒါပေမဲ့ ရွာကို စိတ်ဒုက္ခရောက်အောင်တော့ ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ဘူး၊ ခင်ဗျားတို့ရဲ့ အယူသန် အစွဲလမ်းကြီးမှုကြောင့် ကျုပ်အမေ မနာမကျန်းဖြစ်တာတောင်မှ ကျုပ် ပြုစုခွင့်မရခဲ့ဘူး၊ ကျုပ်အမေရဲ့ နောက်ဆုံးခရီးကိုလည်း ပို့ခွင့်မရခဲ့ဘူး၊ ဘုရားဥပုနာတိုက် ဖောက်ခံရမဲ့သတင်းကို ကျုပ် ကြိုတင်ပြီးရခဲ့တယ်၊ ဒါပေမဲ့ ရွာကို ဝင်ခွင့်မရတဲ့အတွက် သတင်းမပို့နိုင်ခဲ့ဘူး၊ နယ်ပိုင် ဝန်ထောက် မင်းကြီးသိအောင်တော့ ကျုပ် အကြောင်းကြားနိုင်ခဲ့တယ်၊ ကျုပ်မှာ မရိုးဖြောင့်တဲ့ရည်ရွယ်ချက်ရှိရင် နယ်ပိုင်ဝန်ထောက်မင်းကြီးကို အသိပေးပါ့မလားဗျ၊ နောက်ပြီးတော့ ကျုပ်က အမှန်တကယ် ဥပုနာတိုက်ကို ဖောက်ပြီးရင် ရွာနဲ့ဝေးရာကို လွတ်အောင်ပြေးပြီ ပေါ့ဗျ၊ ခင်ဗျားတို့ လူကြီးတွေဖြစ်ပြီးတော့ဒီလောက်တောင် မစဉ်းစားတတ်ကြဘူး"

ဟု ပြောလေရာ သူကြီးက မြေကြီးကို ယုံကြည်ဟန်မရှိဘဲ

"ဒါဟာ မင်းရဲ့ပရိယာယ်ဖြစ်နိုင်တာပဲ၊ သူခိုးက ခိုးတယ်လို့ ဘယ်ဝန်ခံပါ့မလဲကွ"

ဟု မောက်မာသောလေသံဖြင့် ပြောလေ၏။ ထိုအခါ နယ်ပိုင်ဝန်ထောက်မင်းက ဝင်ရောက်၍

"အားလုံး တော်ကြစမ်း၊ မြေကြီး မင်းရဲ့တဲကို မင်း ပြန်နိုင်ပြီ"

ဟု ပြောလိုက်ရာ မြေကြီးက နယ်ပိုင်ဝန်ထောက်မင်းကို





ကျေးဇူးတင်သော အမူအရာဖြင့် ခေါင်းညိတ်၍

"နယ်ပိုင်ဝန်ထောက်မင်းရဲ့ကျေးဇူးကို ကျွန်တော်မျိုး ဘယ်တော့မှ မမေ့ပါဘူး"

ဟု ပြောကာ လူအုပ်ကြားမှ ထွက်ခွာသွားလေ၏။

သူကြီးမင်းနှင့် အပေါင်းအပါများသည် နယ်ပိုင် ဝန်ထောက် မင်း၏အမိန့်ကို မလွန်ဆန်ဝံ့သောကြောင့် မြေကြီးအား ၄င်း၏ တဲအိမ်သို့ ပြန်ခွင့်ပေးလိုက်လေတော့၏။

နယ်ပိုင်ဝန်ထောက်မင်းက

"ဆုတောင်းပြည့်စေတီရဲ့ ဥပုနာတိုက် ဖောက်ခံရတဲ့ အကြောင်းကို ပုလိပ်ကို အမြန်ဆုံးသတင်းပို့၊ ပြီးတော့ တရားခံ တွေကို မိအောင်လုပ်ကြ၊ ကျုပ်တို့ သွားတော့မယ်"

ဟု ဆိုကာ သူကြီးနှင့် ရွာသားများကြားမှ ထွက်ခွာခဲ့လေ တော့၏။

ကောင်းကင်သည် ဒဏ်ရာဒဏ်ချက်များစွာဖြင့် တဲအိမ် ကလေးသို့ ပြန်သွားသော မြေကြီး၏အဖြစ်ကို စိတ်မကောင်း ဖြစ်မိလေ၏။

- နယ်ပိုင်ဝန်ထောက်မင်း ထွက်ခွာသွားသောအခါ သူကြီးနှင့် အပေါင်းအပါ လူတစ်စုသည် ဥပုနာတိုက်ဖောက်ခံရခြင်းနှင့် ပတ်သက်၍ မကျေမချမ်း ပြောဆိုကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူကြီးက လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်၍

" ဘုရားဌာပနာတိုက် ဖောက်ခံရတာနဲ့ ပတ်သက်ပြီးတော့ မြေကြီးကို ငါ လုံးဝမယုံဘူး၊ မြေကြီးက လူသာငယ်ပေမဲ့ လူဆိုးလူမိုက်တစ်ယောက်ကွ၊ ဒီကောင်နဲ့ လူဆိုးလူမိုက်တွေ စုပေါင်းပြီးတော့ ဌာပနာတိုက်ကို ဖောက်တာဖြစ်လိမ့်မယ်၊ တောက်… နယ်ပိုင်ဝန်ထောက်မင်းက ဘုမသိ ဘမသိ ဝင်ကယ် သွားလို့ပေါ့ကွာ၊ ဝန်ထောက်မင်းသာ ရောက်မလာရင် ဒီကောင် အသေပဲ "

ဟု ကြုံးဝါးလေ၏။ ထိုအခါ ရွာထဲရှိ လက်ရဲဇက်ရဲနိုင်သော ဖိုးတေဆိုသူက

" ကျုပ်လည်း ဒီကောင့်ကို ကြည့်မရလို့ အသေလုပ်ချင် နေတာ ကြာပြီ၊ ဒီကောင်ရဲ့မိုက်မဲမှုကြောင့် ကျုပ်တို့တစ်ရွာလုံး ဒုက္ခရောက်ခဲ့ပြီးပြီ၊ ဒီလိုကောင်မျိုးကို လူ့လောကမှာ ဆက်ပြီးထားဖို့ မကောင်းတော့ပါဘူး"

ဟု ကြုံးဝါးပြန်၏။ မောင်မြင့်ဆိုသူကလည်း ဝင်ရောက်၍

" နယ်ပိုင်ဝန်ထောက်မင်းက ကိုယ်နဲ့မဆိုင်တဲ့ကိစ္စမှာ ဝင်ရှုပ်တာပဲဗျ၊ မြေကြီး အပေါင်းအသင်းစုံတာ ကျုပ်တို့တစ်ရွာလုံး သိတယ်၊ ဒီကောင့် အပေါင်းအသင်းတွေထဲမှာ လူဆိုးလူမိုက်တွေ လည်း ပါမှာပဲ၊ ဌာပနာတိုက်ထဲက ပစ္စည်းတွေ အဖိုးတန်တယ်ဆိုတာ





လူစိမ်းတွေ မသိနိုင်ဘူး၊ ကျုပ်တို့ရွာသားထဲက သစ္စာဖောက်မှ သိနိုင်တယ်၊ မြေကြီးဟာ သူ့အမေ အသုဘနဲ့ပတ်သက်ပြီးတော့ ကျုပ်တို့ရွာကို အငြိုးအတေးထားတာဗျ၊ ဒါကြောင့် ရွာက အထွတ် အမြတ်ထားတဲ့ ဘုရားဌာပနာတိုက်ကိုမှ ရွေးပြီး ဖောက်ထွင်းတာ ဖြစ်မယ်၊ အဲဗျာ ဒီကောင့်ကို ကျုပ်တို့ အပြစ်ဒဏ် မခတ်လိုက်ရတာ နာတာပဲဗျာ "

ဟု ပြောလေ၏။ ထိုအခါ ဖိုးတေက လက်သီးဆုပ်၍

" နယ်ပိုင်ဝန်ထောက်မင်းက အကာအကွယ်ပေးပေမဲ့ လက်သည်မပေါ်တဲ့နည်းနဲ့ ဒီကောင့်ကို ရှင်းလိုက်လို့ရတာပဲ "

ဟု ကြုံးဝါးကာ ခါးကြားမှ ဓါးမြှောင်ကိုထုတ်၍ စားပွဲခုံပေါ် သို့ တင်လိုက်လေ၏။

ထို့နောက် ဖိုးတေနှင့် မောင်မြင့်သည် အရက်များကို တစ်ဝ သောက်ကြလေ၏။ အရက်မူးပြီး သွေးဆူလာသောအခါ တုတ်၊ ဓါး၊ လက်နက် ကိုယ်စီကိုင်ဆောင်၍ မြေကြီးနေထိုင်ရာ ရွာပြင်တဲသို့ ဟိတ်ဟန်ထိတ် ထွက်ခဲ့လေတော့၏။

၄င်းတို့သည် အရက်များကို အလွန်အကျွံသောက်ထားသဖြင့် အမှားအမှန်ကို ဝေဖန်ပိုင်ခြားနိုင်စွမ်းမရှိဘဲ မြေကြီးအား လူ့လောကမှ ဖောင်းနှင်ထုတ်ရန်သာ စိတ်အားထက်သန်နေကြ၏။

၄င်းတို့သည် မြေကြီး၏ စိုက်ခင်းကလေးဆီသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ တစ်ဦးနှင့်တစ်ဦး အသံမပြုရန် အချက်ပြ၍ တဲအိမ်အနီးသို့ တိုးကပ်ခဲ့လေ၏။

စိုက်ခင်းကို ကျော်ဖြတ်ပြီး တဲကလေးအနီးသို့ရောက်သောအခါ နံရံတွင်ကပ်၍ အတွင်းသို့ ချောင်းမြောင်းကြည့်လိုက်၏။ ထိုအခါ တဲအိမ်ကလေး၏ အတွင်း၌ မှိန်ပျပျလင်းနေသော မီးအိမ်ကလေးကို မြင်တွေ့ရလေ၏။

ထို့နောက် မီးအိမ်ကလေးကို ဆွဲယူ၍ တဲအိမ်ကလေး၏ ကြမ်းပြင်ပေါ်သို့ ပေါက်ခွဲပစ်လိုက်၏။ ထိုအခါ တဲအိမ်ကလေး တစ်ခုလုံး မီးစတင်လောင်ကျွမ်းလေတော့၏။

လူရမ်းကားနှစ်ဦးသည် တဲအိမ်မီးလောင်သောအခါ တဲပေါ်မှ ခုန်ဆင်း၍ ဟားဟားဟား ရယ်မောကာ ဖိုးတေက

" ဟား ဟား ဟား··· ဒီကောင့်အသုဘကို သဂြိုဟ်ရော မလိုတော့ဘူး၊ ရွာကို အမျိုးမျိုးဒုက္ခပေးနေတဲ့ကောင်၊ သူ့လမ်းကို သူသွားပြီ "

ဟု ကြုံးဝါးလိုက်လေ၏။

ထို့နောက် လူရမ်းကားနှစ်ဦးသည် စိုက်ခင်းအနီးမှ ခြေရာဖျောက်၍ ထွက်ခွာသွားလေတော့၏။

ထိုညက မြေကြီးတစ်ယောက် ကံကောင်းသွားသည်ဟု ဆိုနိုင်၏။ မြေကြီးသည် အိပ်မပျော်သဖြင့် ရေဝတီမြစ်ကမ်း





နဖူးပေါ်တွင်ရှိသော ဆုတောင်းပြည့်စေတီသို့သွားကာ စေတီ၏ ရင်ပြင်မှနေ၍ လသာနေသော ရှုခင်းကို ငေးမောကြည့်နေမိ၏။

ထိုသို့ကြည့်ရှုနေရင်း သူ၏စိုက်ခင်းဘက်မှ ဟုန်းဟုန်းတောက်လောင်နေသော မီးတောက်ကြီးကို မြင်သဖြင့် အထိတ်တလန့် အော်ဟစ်ကာ စိုက်ခင်းရှိရာသို့ ခြေကုန်သုတ်၍ ပြေးခဲ့လေ၏။

သူ၏စိုက်ခင်းသို့ရောက်သောအခါ မီးတောက်ကြီး ငြိမ်းသက်စပြုပြီး သူ၏တဲကလေးမှာလည်း ပြာပုံဘဝသို့ ရောက်သွားပြီဖြစ်၏။

မြေကြီးသည် သူ၏တဲကလေးကို မီးရှို့သွားသော တရားခံများကို ရိပ်စားမိလိုက်၏။ ထိုသူများသည် မိမိအား ရန်ငြိုးဖွဲ့ထားသော ရွာသားများလက်ချက်ပင် ဖြစ်လိမ့်မည်။

မြေကြီးသည် တဲအိမ်ကလေးရှေ့တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်ပြီး သူ၏ ဆိုးဝါးလှသောကံကြမ္မာကို တွေးတောနေလေ၏။

ထိုအခိုက်မှာပင် သူ၏အနောက်မှ အသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ နယ်ပိုင်ဝန်ထောက်မင်းနှင့် ကောင်းကင်တို့ ရောက်နေကြောင်း တွေ့လိုက်ရ၏။

ကောင်းကင်က မြေကြီး၏ပခုံးကို ဆုပ်ကိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com



" ဘယ်လိုဖြစ်တာလဲ သူငယ်ချင်းရယ်၊ ငါ အိပ်မပျော်လို့ အိမ်ရှေ့မှာ လမ်းလျှောက်နေတုန်း မင်းရဲ့တဲလေးက မီးတောက်ကြီး လိုမြင်လို့ ပြဿနာတစ်ခုခုဖြစ်ပြီထင်ပြီး နယ်ပိုင်မင်းကြီးကို ဖွင့်ပြောပြီး လိုက်လာခဲ့တာပဲ "

ဟု ပြောလေ၏။

ထိုအခါ နယ်ပိုင်မင်းက သူ၏လက်ထဲတွင် ကိုင်ထားသော ခြောက်လုံးပြူးသေနတ်ကို ကုတ်အကျီထဲသို့ ပြန်ထည့်လိုက်ပြီး

" မင်းမှာ အန္တရာယ်တွေရှိနေတာ သေချာတယ်၊ ဒါဟာ ရွာကလူတွေရဲ့ လက်ချက်ထင်တယ် "

ဟု ပြောလေ၏။ ထိုအခါ မြေကြီးက ခေါင်းညိတ်၍

" ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်မျိုးကို ရွာသားအချို့ဟာ ဒီနေ့ထိတောင် ရန်ငြိုးရန်စထားနေတုန်းပါပဲ၊ ရွာကို မေးပြတိုက်ပြီး မီးရှို့ခံရတာ ကျွန်တော်မျိုးရဲ့ပယောဂမကင်းဘူးလို့ ထင်မြင်ကြတယ်၊ ရွာဘုရားရဲ့ ဌာပနာတိုက်ကို ဖောက်ထွင်းခံရတာလည်း ကျွန်တော်မျိုးရဲ့လက်ချက်ပဲလို့ ယူဆနေကြတယ်၊ ဒါကြောင့် ကျွန်တော်မျိုးကို အကြိမ်ကြိမ်အဖန်ဖန် ဒုက္ခပေးဖို့ကြိုးစားနေတာ ဖြစ်လိမ့်မယ် "

ဟု ပြောလေရာ နယ်ပိုင်မင်းက မျက်မှောင်ကြုတ်၍

" ငါ့အထင်တော့ သွေးဆာနေတဲ့ ရွာသားတွေလက်က မင်း ကံကောင်းပြီး လွတ်လာတာ၊ ဒီနေ့ည ဆုတောင်းပြည့်စေတဲ့ မှာ အိပ်မပျော်လို့ရောက်နေတာ မင်းရဲ့အသက်ကို ကယ်လိုက်တာပဲ၊ ရွာထဲကလာတဲ့ လူရမ်းကားတွေဟာ တဲအိမ်လေးမှာ မင်းကိုမိရင် အသေသတ်ပြီးတော့မှ တဲအိမ်ကလေးကို မီးရှို့ဖို့ ရည်ရွယ်ချက် ရှိပုံရတယ် "

ဟု ပြောလေရာ မြေကြီးက သက်ပြင်းချ၍

" နယ်ပိုင်ဝန်ထောက်မင်းပြောတာ ဖြစ်နိုင်ပါတယ်၊ ကျုပ်တို့ ရွာမှာ အမှန်တကယ် သောင်းကျန်းနေတဲ့ လူရမ်းကားတွေ အများကြီး ရှိပါတယ်၊ သူတို့ဟာ ကျွန်တော်မျိုးကို ကောင်းကောင်းဒုက္ခပေး နိုင်တဲ့လူတွေပါ "

ဟု ပြောလေ၏။

နယ်ပိုင်ဝန်ထောက်မင်းသည် တဲအိမ်လေးရှေ့တွင် ဒူးထောက် ထိုင်နေသော ခိုကိုးရာမဲ့လူငယ်လေးကိုကြည့်၍ စိတ်မကောင်းဖြစ် သွားလေ၏။

ဤလူငယ်လေး၏ဘဝသည် လုံခြုံမှုကင်းမဲ့လှ၏။ တစ်ရွာ လုံးရှိ လူများ၏ ရန်လိုမုန်းထားခြင်းကိုလည်း ခံထားရ၏။

ဤလူငယ်လေးအား ရွာပြင်၌ ဆက်၍ တစ်ကိုယ်တည်း နေထိုင်ခွင့်မပြုသင့်တော့ဟု ထင်မြင်နေမိ၏။ ထို့ကြောင့် နယ်ပိုင် ဝန်ထောက်မင်းက

" လောလောဆယ် မင်းမှာ နေစရာအခက်ခဲရှိလိမ့်မယ်၊







www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ငါ့ရဲ့အိမ်ကိုသာ လိုက်ခဲ့ပေတော့၊ မင်းနဲ့အတူ ကောင်းကင် လည်း အဖော်ရှိတာပဲ ”

ဟု ပြောကာ ခိုကိုးရာမဲ့ စိတ်ဒုက္ခရောက်နေသော မြေကြီးအား သူ၏အိမ်သို့ ခေါ်ဆောင်လာခဲ့လေတော့၏။

ကောင်းကင်သည် စိတ်ခေတ်ကျနေဟန်ရှိသော မြေကြီးအား အားပေးစကားပြော၍ နယ်ပိုင်ဝန်ထောက်မင်း၏အိမ်သို့ ခေါ်ဆောင် လာခဲ့လေ၏။

ထိုညက ကောင်းကင်သည် မြေကြီးအား မိမိ၏အိပ်ခန်း၌ပင် အိပ်စက်စေ၏။ မြေကြီးသည် စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်နေသဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေ၏။

ဤသို့ဖြင့် ခိုကိုးရာမဲ့ဖြစ်နေသော မြေကြီးသည် နယ်ပိုင်မင်း ၏အိမ်သို့ ရောက်ရှိခဲ့လေတော့၏။

ထိုရက်များအတွင်း နယ်ပိုင်မင်းသည် မြေကြီးအဖော်ရစေရန် ကောင်းကင်အား သူ၏ရုံးသို့ ခေါ်ဆောင်သွားခြင်း မရှိချေ။

မြေကြီးသည် အားလပ်သည့်အချိန်တိုင်း ရောဝတီမြစ်ကြီးကို ငေးမောကြည့်၍ သူ၏ဘဝကို မကျေမချမ်း ပြောဆိုနေတတ်၏။

“ ရွာသားတွေက ငါ့အပေါ်မှာ အငြိုးအတေး ကြီးလွန်း အားကြီးပါတယ်ကွာ၊ အရင်တစ်ခါမှားခဲ့ဖူးတဲ့ အမှားတစ်ခုကြောင့် ငါ့ကို သူတို့ တစ်သက်လုံး ဒီလိုဆက်ဆံကြမှာလား၊ သူတို့ဟာ





ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေကွ၊ နားလည်ခွင့်လွှတ်တတ်ရမှာ ပေါ့ ”

မြေကြီး၏ မချိတင်ကဲပြောဆိုနေဟန်ကို ကြည့်၍ ကောင်းကင်က သက်ပြင်းချလိုက်ပြီး

“ သူတို့ တစ်နေ့ မင်းအပေါ် နားလည်လာမှာပါကွာ၊ အချိန်ကိုစောင့်ရမှာပေါ့ ”

ဟု နှစ်သိမ့်လေ၏။ ထိုအခါ မြေကြီးက စိတ်ပျက်လက်ပျက် အမူအရာဖြင့်

“ ငါ့ရဲ့စိုက်ခင်းလေး မရှိတော့ဘူးကွ၊ ပျက်စီးသွားပြီ၊ စိုက်ခင်းမရှိရင် ငါ ဘယ်လိုလုပ် ထမင်းစားလို့ရတော့မှာလဲ၊ ငါ့ ဘာသာ ရွာပြင်မှာ တစ်ကိုယ်တည်းနေပြီးတော့ ကိုယ့်ဝမ်းကိုယ် ကျောင်းနေရတာကွ၊ ရွာထဲကလူတွေ ငါ့ကို အရေးလုပ်တာ မဟုတ် ဘူး ”

ဟု ညည်းညူလေ၏။

ကောင်းကင်သည် မြေကြီး စိတ်သက်သာရစေရန် ရောဝတီ မြစ်ထဲသို့ဆင်း၍ ရေကူးရန် ခွယ်ရလေ၏။

မြေကြီးသည် မြစ်ထဲတွင် ရေကူးရင်း သူ၏ဘဝအမော များကို ခေတ္တမေ့လျော့သွားလေ၏။ ထိုနေ့ညနေ နယ်ပိုင်မင်း ရောက်လာသောအခါ နယ်ပိုင်မင်းနှင့်အတူ ထူးခြားသော သတင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်ပါလာ၏။

နယ်ပိုင်မင်းက သူတို့အားလုံးကိုခေါ်၍

" လူခွန်တော်ကိစ္စနဲ့ပတ်သက်ပြီးတော့ မြစ်အထက်ပိုင်းက ရွာတွေကို ငါ ခရီးထွက်ရမယ်၊ ဒီရွာတွေမှာ လယ်သမားတွေ ဆင်းရဲငတ်မွတ်နေတဲ့အတွက် လူခွန်တော်ကို မပေးနိုင်ရှာဘူး၊ မိုးမကောင်းရတဲ့အထဲမှာ အစိုးရလူခွန်တော်စနစ်ကြောင့် ဆင်းရဲသားတွေ အတော်ဒုက္ခရောက်နေကြတယ်၊ ဒါကြောင့် လူခွန်တော်မပေးနိုင်တဲ့အမှုတွေ တဖြည်းဖြည်းများလာပြီ၊ ဒီရွာတွေကို ငါကိုယ်တိုင်သွားမှဖြစ်တော့မယ် "

ဟု ပြောလေရာ ကောင်းကင်က ထိုအရပ်ဒေသတွင် တောကြောင်များ သောင်းကျန်းနေသဖြင့် နယ်ပိုင်မင်းအတွက် စိုးရိမ်သွားလေ၏။ ကောင်းကင်က

" ဦးလေး မသွားလို့မရဘူးလား၊ မြစ်အထက်ပိုင်းက ရွာတွေဘက်မှာ တောကြောင်တွေ အတော်သောင်းကျန်းနေတယ်နော်၊ ရွာတွေကို ဓါးပြတိုက်တဲ့သတင်းတွေ ခဏခဏ ကြားနေရတယ်"

ဟု ပြောလေရာ နယ်ပိုင်မင်းက ခေါင်းညိတ်၍

" ဟုတ်တယ်၊ တောကြောင်တွေ ဒီလောက်သောင်းကျန်းနေတဲ့အချိန်မှာ အန္တရာယ်များတဲ့အရပ်ကို ငါ မသွားသင့်ဘူး၊ ဒါပေမဲ့ ငါဟာ မင်းမှုထမ်းတစ်ယောက်ဖြစ်နေတော့ လူခွန်တော်ကိစ္စအတွက်





မသွားလို့ မဖြစ်ဘူး၊ သူကြီးတွေကလည်း လူခွန်တော်ကို မှန်မှန်ကောက်မပေးနိုင်ဘူး၊ ငါကိုယ်တိုင်သွားမှာဖြစ်မယ် "

ဟု ပြောလေရာ နယ်ပိုင်မင်း၏ ရထားလုံးမောင်းသမားကြီးက လက်သီးဆုပ်၍

"တောကြောင်တွေ ဘယ်လောက်များပါစေ၊ နယ်ပိုင်မင်းကြီး အန္တရာယ်မဖြစ်အောင် ကျွန်တော်မျိုးတို့ ပိုင်းပြီးတော့ ကာကွယ်စောင့်ရှောက်ရမှာပါ "

ဟု ပြောလေ၏။ ထိုအခါ နယ်ပိုင်မင်းက ခေါင်းညိတ်၍

" ရထားလုံးမောင်းသမားကြီးက ဒီခရီးမှာ ငါနဲ့အတူလိုက်ခဲ့ရမယ်၊ ကောင်းကင်တို့လူငယ်တွေကတော့ လိုက်စရာမလိုဘူး၊ အိမ်မှာပဲစောင့်နေရမယ်၊ တိုင်းပြည် မငြိမ်မသက်ဖြစ်နေတဲ့အချိန်မှာ ဒီခရီးက အန္တရာယ်အလွန်များတယ် "

ဟု ပြောလေ၏။

ကောင်းကင်တို့သည် ဤခရီးသို့လိုက်ပါရန် နယ်ပိုင်မင်းအား အကြိမ်ကြိမ်တောင်းပန်သော်လည်း ခွင့်ပြုခြင်းမရှိသဖြင့် လက်လျှော့လိုက်ရလေ၏။

နယ်ပိုင်မင်းက ကောင်းကင်၏ပခုံးကိုပုတ်၍

" မင်းတို့လူငယ်တွေ ငါ့အပေါ်သစ္စာရှိတာကို ဝမ်းသာတယ်၊ ဒီခရီးလမ်းဟာ အန္တရာယ်ရှိတာမှန်ပေမဲ့ သိပ်ပြီးတော့ ပူပင်သောက



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စရာမလိုပါဘူး၊ ဘာကြောင့်လဲဆိုတော့ ငါတို့အစိုးရမော်တော်နဲ့အတူ ပုလိပ်အစောင့်အရှောက်အနည်းဆုံး သုံးယောက်တော့ပါဦးမှာပါ ”

ဟု ပြောလေ၏။

နောက်တစ်နေ့ညနေသို့ရောက်သောအခါ နယ်ပိုင်မင်းခေါင်းဆောင်သောအဖွဲ့သည် ပုလိပ်အစောင့်အရှောက် သုံးဦးနှင့်အတူ အစိုးရမော်တော်နှင့် ကမ်းမှခွာသွားလေတော့၏။

ရထားလုံးသမား ကိုစိန်ရီးသည် နယ်ပိုင်မင်းနှင့်မလိုက်ရသဖြင့် မကျေမချမ်းကျန်ရစ်ခဲ့သော ကောင်းကင်နှင့် မြေကြီးအားနောက်ပြောင်ကျီစယ်ပြီး လိုက်ပါသွားလေ၏။

ထိုနေ့က ရထားလုံးမောင်းသမားကို ကောင်းကင်တို့နောက်ဆုံး မြင်တွေ့လိုက်ရခြင်းပင် ဖြစ်၏။

နယ်ပိုင်မင်း၏ အစိုးရမော်တော်နှင့် ကောင်းကင်တို့လိုက်ပါမသွားခြင်းသည် အလွန်ကံကောင်းသွားခြင်းဖြစ်၏။ နယ်ပိုင်မင်းသည် လူဆိုးဓါးပြများ သောင်းကျန်းနေသည့်ကြားမှ ရွာများကိုတစ်ရွာဝင် တစ်ရွာထွက် သွားလာရင်း လူခွန်တော်ကိစ္စအတွက်ကြိုးပမ်းဆောင်ရွက်ရလေ၏။

ထိုသို့ကြိုးပမ်းရင်း ရွာတစ်ရွာ၌ ညအိပ်ရပ်နားစဉ် ၄င်းတို့မော်တော်ကို တောကြောင်များ လာရောက်၍ ချောင်းမြောင်း





ပစ်ခတ်ခြင်းခံရလေ၏။

ထိုစဉ်က နယ်ပိုင်မင်းနှင့် ပုလိပ်အစောင့်အရှောက် သုံးဦးမှာသူကြီး၏အိမ်၌ အစ်မတော်ကြေးကိစ္စများ ဆွေးနွေးနေသဖြင့်အန္တရာယ်ဘေးမှ လွတ်မြောက်သွားလေ၏။

ကံဆိုးရှာသော ရထားလုံးမောင်းသမား ကိုစိန်ရီးမှာ လူဆိုးများ ပစ်လိုက်သော သေနတ်ထိမှန်ပြီး သေဆုံးရှာ၏။

နယ်ပိုင်မင်းသည် တစ်လပြည့်သောအခါ အစိုးရမော်တော်နှင့်ပြန်ရောက်လာပြီး ကြောက်မက်ဖွယ်သတင်းဆိုးကို ပြောပြလေ၏။

ကောင်းကင်နှင့် မြေကြီးသည် နယ်ပိုင်မင်း၏သတင်းကြောင့်ထိတ်လန့်တုန်လှုပ်သွားလေ၏။ မိမိတို့ကို လိုက်ပါခွင့်မပြုသောနယ်ပိုင်မင်းကိုလည်း အလွန်ကျေးဇူးတင်သွား၏။

အစိုးရမော်တော်နှင့် ၄င်းတို့လိုက်ပါလျှင် လူဆိုးဓါးပြများ၏လက်ချက်မိမှာ သေချာ၏။ နယ်ပိုင်မင်းသည် သူ၏တပည့်အတွက်စိတ်ထိခိုက်နေဟန်ရှိပြီး သေဆုံးသူ၏ မိဘဆွေမျိုးများထံသို့ထောက်ပံ့ငွေများ ပေးအပ်လေ၏။

နယ်ပိုင်မင်း အန္တရာယ်ခရီးလမ်းမှပြန်လာပြီး တစ်လခန့်ကြာသောအခါ နယ်ပိုင်မင်း၏အိမ်သို့ ချောမောလှပသည့် ခင်ထားဆိုသော မိန်းမတစ်ဦး ရောက်ရှိလာ၏။

ထိုမိန်းမသည် နယ်ပိုင်မင်း အန္တရာယ်ခရီးလမ်းသို့သွားစဉ်



www.burmeseclassic.com

www.burmeseclassic.com



အခါက ခင်မင်လာခဲ့ခြင်းဖြစ်၏။ နယ်ပိုင်မင်းသည် မခင်ထားအား အရေးပေး ဆက်ဆံပုံကိုကြည့်၍ ကောင်းကင်က

" ငါတို့နယ်ပိုင်မင်း လူပျိုကြီးတော့ မခင်ထားဆိုတဲ့ မိန်းမကို ကျနေပြီနဲ့တူတယ် "

ဟု ပြောလေရာ မြေကြီးက ခေါင်းညိတ်၍

" သိပ်ဟုတ်တာပေါ့ကွာ၊ နယ်ပိုင်မင်းကြီးက မခင်ထားကို ကျသလို မခင်ထားကလည်း နယ်ပိုင်မင်းကို အမိဖမ်းဖို့ ကြံနေတာကွ၊ ငါတော့ လှသလောက် ဟန်ကြီးပန်ကြီးနိုင်တဲ့ မခင်ထားကို သဘောမကျပါဘူးကွာ၊ ရိုးသားတဲ့ ငါတို့နယ်ပိုင်မင်းက ဒီမိန်းမကြီးရဲ့ မာယာစက်ကွင်းထဲမှာ ကျရောက်မှာ မြင်ယောင်သေးတယ်ကွာ "

ဟု ပြောလေ၏။ ကောင်းကင်ကမူ

" မခင်ထားဆိုတဲ့ မိန်းမကြီးဟာ ရုပ်ရည်ချောမော သလောက် ဉာဏ်ကြွေသိက္ခာရှိပါတယ်ကွာ၊ ငါတို့နယ်ပိုင်မင်း လူရိုးကြီးနဲ့ ရှေ့သွားနောက်လိုက် ညီပါတယ် "

ဟု ပြောလေ၏။ ထိုအခါ မြေကြီးက မျက်နှာရှုံ့မဲ့၍

" ဒီမိန်းမကြီးဟာ ရုပ်ချောသလောက် ဟန်များတယ်လို့ပဲ မြင်နေမိတယ်၊ သူ့ရဲ့ အလှမပျက်အောင် အမြဲဂရုစိုက်နေတဲ့အတွက် နယ်ပိုင်မင်းကို အိမ်ထောင့်တာဝန်တွေ ကျေပွန်မင်





မထင်ဘူးကွာ၊ ကြာရင် ငါတို့နယ်ပိုင်မင်းလူရိုးကြီး စိတ်ညစ်ရလိမ့်မယ် "

ဟု ပြောလေ၏။

မည်သို့ပင်ဖြစ်စေ နယ်ပိုင်မင်း လူပျိုကြီးနှင့် မခင်ထားသည် တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းနှီးကျွမ်းဝင်လာလေ၏။

မခင်ထားသည် နယ်ပိုင်မင်းနှင့် ပိုမိုနီးစပ်စေရန် ရည်ရွယ်ချက်ဖြင့် နယ်ပိုင်မင်းနှင့် နီးစပ်သော ရွာရှိ သူမ၏ကြီးဒေါ်ကြီးထံတွင် လာရောက်နေထိုင်လေ၏။

မခင်ထားသည် နယ်ပိုင်မင်းနှစ်သက်သော ဝက်သားဟင်းကို နည်းအမျိုးမျိုးဖြင့်ချက်၍ လာရောက်ပို့ဆောင်ပေးလေ၏။

နယ်ပိုင်မင်းသည် မခင်ထားချက်ကျွေးသမျှ အစားအစာများကို မညည်းမညူ စားသောက်လေ၏။

တစ်နေ့သ၌ နယ်ပိုင်မင်းသည် ကောင်းကင်နှင့်မြေကြီးကို ခေါ်ကာ မခင်ထားအား လက်ထပ်တော့မည်ဖြစ်ကြောင်း အသိပေးလေ၏။

ကောင်းကင်တို့သည် မခင်ထားအား နှစ်သက်ခြင်းမရှိသော်လည်း နယ်ပိုင်မင်းအား မလွန်ဆန်ဝံ့သဖြင့် အကျဉ်းချုံး၍ပြုလုပ်သော နယ်ပိုင်မင်း၏မင်္ဂလာပွဲ၌ အစွမ်းကုန် ကူညီလုပ်ကိုင်ပေးကြ၏။

နယ်ပိုင်မင်းနှင့် လက်ထပ်ပြီးနောက် မခင်ထားသည် ၄င်းတို့



www.burmeseclassic.com

www.burmeseclassic.com



အိမ်၏ အရှင်သခင်ဖြစ်လာလေ၏။ မခင်ထားသည် ကောင်းကင်တို့အား နယ်ပိုင်မင်းကဲ့သို့ ရင်းနှီးစွာ ဆက်ဆံခြင်းမရှိဘဲ ခပ်တန်းတန်း နေထိုင်လေ့ရှိ၏။

မြေကြီးက မခင်ထား၏ အပြုမူကိုကြည့်၍

" နယ်ပိုင်မင်းကတော်ဟာ နယ်ပိုင်မင်းလိုမဟုတ်ဘူးကွ၊ ငါတို့အပေါ် အဆင့်အတန်းခွဲခြားတယ်၊ နောက်ပြီးတော့ ဒီအိမ်မှာ ငါတို့ရှိနေတာ နှစ်သက်ပုံမရဘူး "

ဟု ပြောလေ၏။

ကောင်းကင်ကမူ မခင်ထားအား မြေကြီးကဲ့သို့ သဘောထား ပြင်းထန်ခြင်းမရှိဘဲ

" ငါတို့စိတ်ထင်လို့ ဖြစ်ပါလိမ့်မယ်ကွာ၊ နယ်ပိုင်မင်းကတော်ရဲ့ ပင်ကိုယ်ဗီဇကိုက သူတစ်ပါးနဲ့ ရောရောနှောနှော နေချင်စိတ်မရှိလို့ ဖြစ်ပါလိမ့်မယ်ကွာ "

ဟု နှစ်သိမ့်လေ၏။

မည်သို့ပင်ဖြစ်စေ ကောင်းကင်တို့သည် မခင်ထားရောက်လာသည့်နေ့မှစ၍ နယ်ပိုင်မင်း၏အိမ်တွင် နေထိုင်ရခြင်းကို ကျဉ်းကျပ်သလို ခံစားလာရ၏။

နယ်ပိုင်မင်းကမူ ကောင်းကင်တို့နှစ်ဦး သူ၏အိမ်တွင် အနေခက်ခြင်းကို ရိပ်စားမိခြင်းမရှိဘဲ အိမ်ထောင်ဦးကာလ၌ ပျော်ရွှင်





နေလေ၏။

မခင်ထားသည် နယ်ပိုင်မင်းကြီးနှင့် လက်ထပ်ပြီးနောက် ကောင်းကင်တို့ ကြိုတင်ခန့်မှန်းထားသည့်အတိုင်း အိမ်မှုကိစ္စများကို နိုင်နင်းခြင်းမရှိဘဲ သူမ၏ ချောမောလှပမှုကိုသာ ဂရုစိုက်နေလေ၏။

သို့သော် နယ်ပိုင်မင်းသည် ချစ်စကြင်စဖြစ်သဖြင့် အပြစ်မမြင်ဘဲ သူမ၏လိုအပ်ချက်များကို ကောင်းကင်အား စိုင်းဝန်းကူညီပေးစေ၏။

ကောင်းကင်သည် နယ်ပိုင်မင်းကို လေးစားသူဖြစ်သဖြင့် ဆရာဖြစ်သူ၏ အလိုကျနေထိုင်ခဲ့လေ၏။ မခင်ထား၏ အိမ်မှုကိစ္စများကို စေတနာကောင်းဖြင့် ကူညီလုပ်ကိုင်ပေးလေ၏။

ထိုအခါ မခင်ထားသည် ကောင်းကင်အပေါ် သဘောထား ပျော့ပျောင်းလာသယောင် ရှိလေ၏။ သူမ ဈေးသို့သွားသည့်အခါ ကောင်းကင်အတွက် ပုဆိုး၊ အင်္ကျီ စသည်ဖြင့် ဝယ်ယူလာပေးလေ၏။

မခင်ထားသည် သူမအပေါ် မျက်မုန်းကျိုးသော မြေကြီးကိုမူ သဘောတွေ့ဟန်မရှိချေ။ ကောင်းကင်သည် မခင်ထားက မိမိအပေါ် မျက်နှာသာပေးသော်လည်း အခွင့်အရေးယူခြင်းမရှိချေ။

မခင်ထားထံမှရရှိသမျှကို သူငယ်ချင်းဖြစ်သူ မြေကြီးအား ခွဲဝေ၍ ပေးမြဲဖြစ်၏။ ထိုအခါ မြေကြီးက



www.burmeseclassic.com

www.burmeseclassic.com



" မင်းကိုပေးတဲ့ပစ္စည်းတွေ မင်းပဲယူစမ်းပါကွာ၊ ငါ့ကို ပေးစရာ မလိုပါဘူး၊ ငါ့အပေါ် စေတနာမရှိတဲ့လူရဲ့ပစ္စည်းကို ငါမယူချင်ဘူး "

ဟု ငြင်းဆန်လေ၏။

မြေကြီးသည် မခင်ထားအား နှစ်သက်ခြင်းမရှိသော်လည်း မည်သည့်အခါမျှ ကလန်ကဆန်ပြောဆိုခြင်းမရှိဘဲ သူမ ခိုင်းစေသမျှကို အလိုကျဖြစ်အောင် ကြိုးစားလုပ်ကိုင်ပေးမြဲဖြစ်၏။

နယ်ပိုင်မင်းနှင့်လက်ထပ်ပြီး သုံးလခန့်ကြာသောအခါ မခင်ထားထံသို့ ညှို့သည်လူစိမ်းတစ်ဦး ရောက်ရှိလာ၏။

ထိုညှို့သည်သည် နယ်ပိုင်မင်းမရှိသောအချိန်၌ ရောက်ရှိလာခြင်း ဖြစ်၏။ ထိုညှို့သည်နှင့် မခင်ထားသည် ကောင်းကင်တို့နှင့်ဝေးရာ ခြံထဲသို့ဆင်း၍ တိုင်ပင်ဆွေးနွေးနေတတ်၏။

မြေကြီးသည် မခင်ထားထံသို့ရောက်ရှိလာသော ညှို့သည်ကို စိတ်ဝင်တစားစောင့်ကြည့်လေ၏။ ထူးခြားသည်မှာ မခင်ထားသည် ထိုညှို့သည်ရောက်ရှိခြင်းကို နယ်ပိုင်မင်းအား အသိပေးခြင်းမရှိချေ။

တစ်လခန့်ကြာသောအခါ မြေကြီးသည် မခင်ထားကို ဈေးသို့ ရထားလုံးဖြင့် ပို့ဆောင်ပေးပြီး စိတ်လှုပ်ရှားသောအမူအရာဖြင့် ပြန်လည်ရောက်ရှိလာ၏။





မြေကြီးက လေသံတိုးတိုးဖြင့်

" မခင်ထားက နယ်ပိုင်မင်းအပေါ်မှာ သစ္စာဖောက်တာ တော့ သေချာသွားပြီဟေ့၊ ဒီနေ့ ဈေးကိုသွားတော့ ထူးထူးခြားခြား ငါ့ကို ဈေးထိပ်ကဆိုင်မှာ ခေါက်ဆွဲကျွေးတယ်၊ မခင်ထားက ငါ့ကို မျက်မုန်းကျိုးနေတာကွ၊ ခေါက်ဆွဲကြော် ကျွေးစရာအကြောင်း မရှိဘူး၊ ဒါဟာ သူ့မှာမကောင်းတဲ့ အကြံစည်တစ်ခုရှိမယ် ထင်ပြီး တော့ တိတ်တဆိတ် လိုက်ကြည့်တော့ ဈေးနောက်က ကာကာဆိုင် မှာ တစ်ခါတုန်းက အိမ်ကိုလာခဲ့ဖူးတဲ့ ညှို့သည်နဲ့ ချိန်းတွေ့နေ တယ်ကွ "

ဟု ပြောလေရာ ကောင်းကင်သည် မျက်လုံးပြူးသွားလေ၏။

" ဒီလူကို အိမ်မှာမတွေ့ဘဲ ဘာဖြစ်လို့ ဈေးထဲမှာ တိတ်တဆိတ် တွေ့ရတာလဲ "

ဟု ရေရွတ်လေ၏။ ထိုအခါ မြေကြီးက

" ဈေးမှာ တိတ်တဆိတ်ချိန်းတွေ့ရုံမကဘူးကွ၊ နယ်ပိုင်မင်း ဆေးတော်က အဲဒီလူကို ပိုက်ဆံတွေခိုးပေးနေတာ ငါ့မျက်စိနဲ့ အပ်အပ်မြင်လိုက်တယ်၊ ဒီလူဟာ မခင်ထားနဲ့ ဇာတ်လမ်းရှိခဲ့ဖူးပုံရ တယ်ကွ "

ဟု ပြောလေ၏။

ကောင်းကင်သည် မြေကြီး၏စကားကြောင့် နယ်ပိုင်မင်း



www.burmeseclassic.com

www.burmeseclassic.com



အတွက် စိုးရိမ်မကင်း ဖြစ်သွားလေ၏။

နယ်ပိုင်မင်းသည် စိတ်သဘောထားညံ့ဖျင်းသော မိန်းမ တစ်ယောက်ကို ဇနီးမယားအဖြစ် တော်စပ်လိုက်ရပေပြီ။

ကောင်းကင်က မျက်မှောင်ကြုတ်၍

" ငါတို့က နယ်ပိုင်မင်းရဲ့ သစ္စာရှိလူယုံတွေကွ၊ ငါတို့ နှစ်ယောက်အပေါ်မှာ နယ်ပိုင်မင်းရဲ့ကျေးဇူးရှိတယ်၊ ဒါပေမဲ့ ဒီအကြောင်းတွေကို နယ်ပိုင်မင်းကို ဖွင့်ပြောရမှာပဲ၊ ချစ်စခင်စမှာ နယ်ပိုင်မင်း စိတ်ဆင်းရဲမှာ စိုးတယ်၊ လောလောဆယ်တော့ အခြေ အနေကိုစောင့်ကြည့်ဖို့ ငါတို့တာဝန်ပဲ၊ မခင်ထား ဒီထက်ပိုပြီး ဆိုးလာရင်တော့ နယ်ပိုင်မင်းကို ငါတို့နှစ်ယောက် အသိပေးရမယ်"

ဟု ပြောကာ မခင်ထားအား ၎င်းတို့ မသိမသာ စောင့်ကြည့်နေကြလေ၏။

ရက်အနည်းငယ်ကြာသောအခါ မခင်ထားသည် မြို့ပြင် စေတီသို့ ယတြာချေရန်ဟု အကြောင်းပြကာ ထွက်ခွာသွားလေ၏။ ထိုအခါ မြေကြီးက

" မခင်ထားရဲ့အမူအရာကိုကြည့်ရတာ မသင်္ကာစရာပဲဟေ့၊ မြို့ပြင်ကစေတီကို ငါ လိုက်ပြီးချောင်းမယ်၊ မင်း ဟန်မပျက်နေခဲ့"

ဟု ဆိုကာ မခင်ထား၏အပြုအမူကို လိုက်လံကြည့်ရှုလေ၏။

အတန်ကြာသောအခါ မခင်ထားသည် မျက်နှာမသာမယာ





ဖြင့် အိမ်သို့ပြန်လည်ရောက်ရှိလာ၏။ မခင်ထားရောက်ရှိပြီး အတန်ကြာသောအခါ မြေကြီးရောက်ရှိလာပြီး

" နယ်ပိုင်မင်းကတော်တော့ ငါတို့နဲ့ထိပ်တိုက်တွေ့တော့ မယ်ဟေ့၊ မခင်ထားက ဘုရားမှာ ငါတို့ထင်တဲ့အတိုင်း ယတြာချေ တာ မဟုတ်ဘူးကွ၊ ထုံးစံအတိုင်း ဟိုလူနဲ့ချိန်းတွေ့တာကွ၊ ငါလည်း သူတို့နှစ်ယောက်အကြောင်းကို သေသေချာချာကြည့်ချင်တာနဲ့ စေတီရင်ပြင်ပေါ်အထိတက်ပြီး ချောင်းမြောင်းတယ်၊ ကံဆိုးချင်တော့ စေတီကို တစ်ပတ်ပတ်ပြီး လှည့်လာတဲ့ မခင်ထားတို့စုံတွဲနဲ့ ထိပ်တိုက်တိုးတော့တာပဲကွ၊ မခင်ထားက မမျှော်လင့်ဘဲ ငါ့မျက်နှာ ကိုမြင်တော့ မျက်စိမျက်နှာပျက်ပြီးတော့ စေတီပေါ်က ကမန်း ကတန်း ဆင်းသွားတာပဲကွ၊ သူ့အကြောင်းတွေကို နယ်ပိုင်မင်းကို ဖွင့်မပြောမီ ငါတို့နှစ်ယောက်ကို နယ်ပိုင်မင်းအထင်လွဲအောင် ချောက် ချဖို့ ကြိုးစားလိမ့်မယ်၊ ဒါကြောင့် မခင်ထားရဲ့ ကောက်ကျစ် ယုတ်မာပုံတွေကို နယ်ပိုင်မင်းသိအောင် ဖွင့်ပြောလိုက်ဖို့သင့်နေပြီ"

ဟု ပြောလေ၏။ ထိုအခါ ကောင်းကင်က မျက်မှောင်ကြုတ် ၍ စဉ်းစားလိုက်ပြီး

" ငါတို့ကျေးဇူးရှင်ကြီး စိတ်ဆင်းရဲမှာစိုးလို့ကွ၊ သူ့ခမျာ မခင်ထားနဲ့နေရတဲ့ဘဝကို အဟုတ်ကြီးထင်ပြီးတော့ သာယာနေ တယ်၊ ငါ တစ်ခုစဉ်းစားမိတယ်၊ မခင်ထားဟာ သူ့ရဲ့ မကောင်းမှု



www.burmeseclassic.com

www.burmeseclassic.com



တို့ ငါတို့သိသွား ပြီဆိုတော့ အနေထိုင် ဆင်ခြင်သွားနိုင်တယ်၊ ငါတို့ နောက်ဆုံးအနေနဲ့ စောင့်ကြည့်လိုက်ကြရအောင် ”

ဟု ပြောလေ၏။ ကောင်းကင်၏စကားကြောင့် မြေကြီးက မျက်မှောင်ကြုတ်၍

“ ငါကတော့ မခင်ထားရဲ့မကောင်းမှုတွေကို နယ်ပိုင်မင်းသိအောင် ဖွင့်ချလိုက်ချင်ပြီ၊ ဒါပေမဲ့ စောင့်ကြည့်ချင်တယ်ဆိုရင်တော့ မင်းသဘောပါပဲ ”

ဟု ပြောလေတော့၏။

မခင်ထားသည် သူမ၏ မရိုးသားမှုများကို ကောင်းကင်တို့ ရိပ်စားမိသွားပြီးနောက် ၎င်းတို့အပေါ် ဆက်ဆံရေး သိသိသာသာ ပြောင်းလဲလာ၏။

ကောင်းကင်တို့နှစ်ဦး အိမ်တွင်ရှိနေခြင်းကို သူမအတွက် အနှောင့်အယှက်သဖွယ် ဖြစ်နေကြောင်း နယ်ပိုင်မင်းအား မကြာခဏ ပြောလေ၏။

နယ်ပိုင်မင်းနှင့် ချစ်စခင်စအချိန်တွင် နှစ်ဦးတည်း လွတ်လွတ် လပ်လပ်နေချင်ကြောင်း ပူဆာလေ၏။ မခင်ထား၏ မကြာခဏ နားပူနားဆာလုပ်မှုကြောင့် နယ်ပိုင်မင်းသည် တဖြည်းဖြည်း အနေ ခက်လာ၏။

ကောင်းကင်တို့အား တူ၊ သားအရင်းချာကဲ့သို့ သဘောထား





သဖြင့် အိမ်မှ နှင်မထုတ်ရက်ဘဲ ရှိနေလေ၏။

ကောင်းကင်တို့သည် မခင်ထား၏ မကြည်ဖြူမှုကြောင့် နယ်ပိုင်မင်း၏ အိမ်တွင် လွတ်လပ်စွာ နေထိုင်ရခြင်းမရှိတော့ချေ။ မခင်ထားသည် ကောင်းကင်တို့အနေခက်အောင် မကြာခဏ စောင်းမြောင်းပြောဆိုလေ၏။

တစ်နေ့သ၌ ကောင်းကင်က မြေကြီးကိုခေါ်၍

“ငါတို့ဒီကနေ ထွက်သွားမှဖြစ်တော့မယ်၊ နယ်ပိုင်မင်းက ငါတို့ကို မပြောရက်လို့ ဒီအတိုင်းကြည့်နေတာကွ၊ ငါတို့ နယ်ပိုင်မင်းနဲ့ အတူ ဆက်နေဖို့မသင့်တော့ဘူး ”

ဟု ပြောလေ၏။ ထိုအခါ မြေကြီးက မျက်မှောင်ကြုတ်၍

“ သစ္စာမရှိတဲ့ မခင်ထားလို့မိန်းမနဲ့ နယ်ပိုင်မင်းကို တစ်ယောက်တည်း ထားရစ်ခဲ့တော့မလို့လား၊ ငါတို့မရှိရင် မခင်ထား ပိုပြီးတော့ သောင်းကျန်းလာနိုင်တယ်နော်၊ အခုတလော မခင်ထား ငြိမ်နေတာ သူ့အကြောင်းတွေကို ငါတို့သိနေလို့ ဖြစ်လိမ့်မယ်၊ မခင်ထားရဲ့ယုတ်မာမှုတွေကို နယ်ပိုင်မင်းသိအောင် ပြောပြမှဖြစ်တော့မယ် ”

ဟု ပြောလေ၏။ ထိုအခါ ကောင်းကင်က သက်ပြင်းချ၍

“ တရားကို နတ်စောင့်ပါတယ်ကွာ၊ မခင်ထား မဟုတ်တာ လုပ်ရင် အချိန်တန်တဲ့အခါ နယ်ပိုင်မင်းသိမှာပဲ၊ ငါတို့ပယောဂကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သူတို့အိမ်ထောင်ရေး အနှောင့်အယှက်မဖြစ်စေချင်ဘူး၊ ဒါကြောင့် ငါတို့နှစ်ယောက် ဒီအိမ်က ထွက်သွားတော့မယ် ''

ဟု ပြောလေ၏။ မြေကြီးက ခေါင်းညိတ်၍

'' မင်းအကြံကောင်းတယ်၊ ငါတို့မြို့က ထွက်သွားပြီဆိုရင် နယ်ပိုင်မင်းကတော်တော့ ပျော်မှာသေချာတယ်၊ နယ်ပိုင်မင်းအပေါ်မှာ သန္တာရှိပါစေလို့ပဲ ဆုတောင်းပါတယ်ကွာ ''

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ကောင်းကင်တို့သည် ကျေးဇူးရှင်နယ်ပိုင်မင်း၏အိမ်မှ တိတ်တဆိတ်ထွက်ခွာရန် ပြင်ဆင်ကြလေ၏။ ၎င်းတို့သည် လမ်းခရီးတွင် အသုံးပြုရန် ရှိစုမဲ့စုငွေများကို စုဆောင်းလေ၏။

သူတို့နှစ်ဦး စုဆောင်းထားသောငွေမှာ (၂၀)ကျပ်နီးပါး သဖြင့် အတော်အတန် ပြည့်စုံစေ၏။

၎င်းတို့သည် ငွေကြေးစုဆောင်းပြီးသောအခါ နယ်ပိုင်မင်းအိမ်မှ ထွက်ခွာမည့်နေ့ကို သတ်မှတ်လိုက်လေ၏။

ကောင်းကင်သည် နယ်ပိုင်မင်းအိမ်မှ မထွက်ခွာမီ ကျေးဇူးရှင်ကြီးအား အသိပေးရန်အတွက် စာတစ်စောင်ကို ရေးလေ၏။

ထိုစာထဲတွင် မိမိတို့ကို ကြည့်ရှုစောင့်ရှောက်ခဲ့သော နယ်ပိုင်မင်း၏ ကျေးဇူးကို တစ်သက်မမေ့နိုင်ကြောင်း၊ မိမိတို့ရှိလျှင် နယ်ပိုင်မင်းမိသားစု၌ အနှောင့်အယှက်ဖြစ်နေကြောင်း၊ နယ်ပိုင်မင်း





မိသားစု လွတ်လွတ်လပ်လပ်နေထိုင်နိုင်ရန် မြို့မှ ထွက်ခွာသွားခြင်းဖြစ်ကြောင်း၊ မိမိတို့အတွက် ပူပင်သောကမဖြစ်ရန်နှင့် မိမိတို့ဘဝကို အစွမ်းကုန်ကြိုးစားပြီး ကြီးပွားတိုးတက်အောင် ကြံဆောင်မည်ဖြစ်ကြောင်းနှင့် နယ်ပိုင်မင်းကျေးဇူးကို တစ်နေ့တွင် ပြန်ဆပ်ရန် ကြံရွယ်ထားကြောင်း ရေးသားထားလေ၏။

ကောင်းကင်တို့သည် ထိုစာအား နယ်ပိုင်မင်း၏ စာကြည့်ခန်းထဲတွင် ထားရစ်ခဲ့ပြီး တိတ်တဆိတ် ထွက်ခဲ့လေ၏။

၎င်းတို့သည် မည်သည့်အရပ်သို့သွားရန်ဟူ၍ ရည်ရွယ်ချက်မရှိဘဲ ခြေဦးတည်ရာသို့သွားလာခြင်းဖြစ်၏။ ကောင်းကင်က

'' ဘာပဲဖြစ်ဖြစ် ဒီအချိန်ကစပြီး တို့နှစ်ယောက်ရဲ့ ကျေးဇူးရှင်နယ်ပိုင်မင်းဆီက ထွက်ပြီးတော့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ဖို့ ကြိုးစားရမဲ့အချိန် ရောက်လာပြီ၊ ငါတို့ နယ်ပိုင်မင်းနဲ့နေရတာ ဘဝမှာ အများကြီးတိုးတက်မှုရှိတယ်လို့ ခံစားရတယ်၊ နယ်ပိုင်မင်းက အရာရာကို စည်းစနစ်ကျကျ လုပ်တတ်တယ်၊ မှန်သောစကားကိုပဲ ပြောဆိုပြီးတော့ အဂတိလိုက်စားခြင်း မရှိဘူး၊ လက်အောက်ငယ်သားတွေအပေါ်မှာလည်း ကြင်နာသနားတဲ့ စိတ်ဓာတ်နဲ့ အုပ်ချုပ်လေ့ရှိတယ်၊ ဒါကြောင့် နယ်ပိုင်မင်းကို လူတိုင်းက လေးစားကြတယ်၊ ဒါကို ငါတို့ အတုယူရမယ် ''

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ငှင်းတို့လိုက်ပါလာသော လော်လီကားကြီးသည် မြို့များ တစ်မြို့ပြီးတစ်မြို့ ဖြတ်သန်းပြီး ခရီးဆက်ခဲ့လေ၏။ လော်လီကားကြီးသည် မြို့တစ်မြို့သို့ ညဉ့်နက်သည့်အချိန်တွင် ဝင်ရောက်သွားပြီး မြို့၏ တစ်နေရာတွင် ကားကို ထိုးရပ်လိုက်၏။

" ကားကြီးလိုက်လာတဲ့ကောင်တွေ၊ ငါတို့ကားကို ဒီမြို့မှာ အိပ်မယ်၊ မနက်ကျရင် ဆန်အိတ်တွေ ကားပေါ်ကချပြီး ကားကို လံည်း ပြင်စရာရှိတယ်၊ မင်းတို့ နောက်ကားကိုသာ ရှာပြီးစီးကြပေတော့ "

ဟု ပြောလေ၏။

ထိုအခါ ကောင်းကင်နှင့် မြေကြီးသည် ဗိုက်ထဲတွင် အလွန်ဆာလောင်နေသဖြင့် မြို့ထဲတွင် စားစရာရှာဖွေရန် လှည့်လည်ကြည့်ရှု ကြလေ၏။

သို့သော် တစ်မြို့လုံးမီးမှောင်ပြီး အိပ်စက်နေကြပြီဖြစ်၏။ မြေကြီးက သူ၏ဗိုက်ကို လက်ဖြင့်ပွတ်၍

" တစ်ချိန်လုံး ကားစီးလာလို့လား မသိဘူး၊ ဗိုက်ထဲမှာ ဆာလိုက်တာ၊ စားစရာလည်း ဘယ်နေရာမှ ရတော့မှာမဟုတ်ဘူး"

ဟု ပြောရင်း တိုက်ကြီးတစ်လုံး၏ လှေကားထစ်များတွင် ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်ကြ၏။

ထိုအခါ ကောင်းကင်က





" မြို့တစ်မြို့လုံး မီးတွေအမှောင်ချပြီး အိပ်ပျော်ကြကုန်ပြီကွ၊ ငါတို့အတွက် စားစရာ ဘယ်မှာမှရှာလို့ရမှာ မဟုတ်တော့ဘူး၊ ဒီတော့ ပုလင်းထဲကရေကိုသောက်ပြီး ဗိုက်မှောက်အိပ်လိုက်ကြတာပေါ့ကွ၊ မနက်ကျမှ စောစောထပြီး ကာကာဆိုင်လေး ဘာလေး ရှာရမယ် "

ဟု ပြောလေ၏။ ထိုအခါ မြေကြီးက

" ဒီညတော့ ဒုက္ခပါပဲကွာ၊ တစ်ညလုံး ဗိုက်ဟောင်းလောင်းနဲ့ နေရတော့မယ်၊ သြော်…စားချင်ရက်နဲ့ မစားရတဲ့ဒုက္ခဒုက္ခ "

ဟု ညည်းညူလေ၏။ ထိုအခိုက်မှာပင် ငှင်းတို့၏အနောက်မှ

" ဟေ့ကောင်တွေ၊ ဗိုက်ဆာတာကို ငါ့ရှေ့မှာလာပြီး ညည်းညူမနေနဲ့၊ ဟောဒီမှာ လာစားကြ "

ဟု အော်သံကိုကြားရသဖြင့် သူတို့နှစ်ယောက်စလုံး မှောင်ရိပ်ထဲသို့ လှည့်ကြည့်လိုက်လေ၏။

ထိုအခါ မှောင်ရိပ်ထဲရှိ အသံရှင်ကို ဝိုးတဝါးသာ မြင်ရလေ၏။ ထိုအခိုက်မှာပင် အသံရှင်ဆီမှ မီးခြစ်ခြစ်သံကြားရပြီး မှန်အိမ်ကလေး လင်းလက်သွားလေ၏။

ထိုအခါ မီးရောင်နှင့်အတူ မှန်အိမ်ကလေးကို အနီးတွင်ချ၍ တင်ပျဉ်ခွေထိုင်နေသော လူကြီးတစ်ဦးကို မြင်တွေ့ရ၏။

ထိုလူကြီး၏လက်ထဲတွင် ဒန်ချိုင့်လေးတစ်လုံးကို ကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကောင်းကင်တို့ကို ကမ်းပေးကာ

" ဟောဒီဒန်ချိုင့်ထဲမှာ ဆန်ပြုတ်တွေရှိတယ်၊ မင်းတို့ ယောက် မှုပြီးသောက်လိုက်ကြ "

ဟု ပြောလေရာ ကောင်းကင်နှင့် မြေကြီးသည် ဗိုက်ထဲတွ အလွန် ဆာလောင်နေသောလည်း မိမိတို့နှင့် သိကျွမ်းခြင်းမရှိသေ လူကြီးတစ်ဦးထံမှ ဆန်ပြုတ်ကိုသောက်ရန် ရှုံရှာသလိုဖြစ်နေလေ

ထိုအခါ လူကြီးက တဟားဟားရယ်မော၍

" ဟား…ဟား…ဟား… လောကကြီးထဲမှာဆုံတဲ့ အချင်းချင်း တစ်ဦးနဲ့တစ်ဦး အတန်းအစား မခွဲခြားစမ်းပါနဲ့ ငါ့မှာ ဘာရောဂါမှမရှိဘူး၊ တစ်နေ့ကို ရေသုံးခါ ချိုးတယ်၊ ယော ချိုင့်လေးကိုလည်း ပြောင်စင်အောင် အထပ်ထပ်အခါခါ တိုက်ချွ ထားတယ်၊ ငါဟာ သူတောင်းစားလည်း မဟုတ်ဘူး၊ ယော ချစ်တီးတိုက်ကြီးကို စောင့်ရတဲ့ ဒရဝမ်ကွ၊ မင်းတို့ ဗိုက်ဆာနေတာ တွေ့လို့ ငါသောက်ပြီး ကျန်တဲ့ဆန်ပြုတ်တွေကို စွန့်ကြဲလိုက်တာ

ဟု ပြောလေရာ ဗိုက်ဆာနေသော မြေကြီးသည် ယ မဆောင်နိုင်တော့ဘဲ ဒန်ချိုင့်ထဲမှ ဆန်ပြုတ်များကို ခပ်သော လေ၏။

အတော်အတန် ဗိုက်ပြည့်သွားသောအခါမှပင် ကောင်းက ဘက်သို့ ဆန်ပြုတ်ထည့်ထားသောချိုင့်ကို ကမ်းပေးလေ၏။





ကောင်းကင်သည် ချိုင့်ထဲတွင် ကျန်နေသော ဆန်ပြုတ်များကို ကုန်စင်အောင် စားသောက်လိုက်လေ၏။ ဆန်ပြုတ်များ ကုန်သွားသောအခါ မြေကြီးက

" ဗိုက်ပြည့်သွားတော့လည်း ဆာလောင်ခြင်းဒုက္ခ ကင်းဝေးသွားပြီးတော့ ချမ်းသာသုခရတော့တယ် "

ဟု ပြောလေ၏။ ထိုအခါ အမှောင်ထဲရှိ လူကြီးက

" ဒုက္ခကင်းဝေးပြီးတော့ ချမ်းသာသုခရလာတာ ကောင်းတာပေါ့ကွာ၊ တကယ်တော့ ဒုက္ခနဲ့သုခက အတူတူပဲကွ၊ ဒုက္ခထဲမှာ သုခရှိသလို သုခထဲမှာလည်း ဒုက္ခရှိနေတယ် "

ဟု နားလည်ရခက်သောစကားကို ပြောလေ၏။ ထိုအခါ ကောင်းကင်က အမှောင်ထဲရှိလူကြီးကို ကြည့်၍

" ကျုပ်တို့ ကျေးဇူးရှင်နာမည်သိထားရအောင် ဦးလေး နာမည် ဘယ်လိုခေါ်သလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ လူကြီးက

" ငါ့နာမည် ဖောက်ထိုးလို့ခေါ်တယ်၊ ငါဟာ နာမည်နဲ့လိုက်အောင် လောကကြီးကို အမြဲတမ်း ဖောက်ထိုးမြင်နေတတ်တယ်၊ ဒါပေမဲ့ လောကမှာ တစ်ခါတစ်ခါ အတည့်ကြည့်ရင် အရုပ်ဆိုးနေတဲ့ အရာတွေဟာ ဖောက်ထိုးကြည့်တော့မှ ချောမွေ့သွားတတ်တယ်၊ လူတွေဟာ တစ်ဦးနဲ့တစ်ဦး မေတ္တာစေတနာ မထားချင်ကြဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ရန်လိုမုန်းထားကြတယ်၊ အမုန်းတရားကို ပွားများချင်ကြတယ်၊ ငါကတော့ သူတို့နဲ့ ပြောင်းပြန်ဓောက်ထိုးဖြစ်နေတဲ့အတွက် မေတ္တာတရားကို ပွားများတယ်၊ ရန်လိုမုန်းထားစိတ်မထားဘူး၊ အခက်အခဲတွေ့နေတဲ့လူတွေကို ကူညီတတ်တယ်၊ ငါ့ကို အဆိုးမြင်နေတဲ့လူတွေကို ငါက ဓောက်ထိုးအမြင်ဘက်က လက်ခံပြီးတော့ အကောင်းမြင်တဲ့လူကို အကောင်းအနေနဲ့ယူလိုက်တော့ စိတ်ချမ်းသာတာပေါ့ကွာ၊ ဒါကြောင့် မင်းတို့ အေးချမ်းသာယာချင်ရင် ဓောက်ထိုးဝါဒကို လက်ခံလိုက်ကွ ''

ဟု ပြောလေ၏။ ထိုအခါ ကောင်းကင်က လူကြီးစကားကို နားမလည်ဟန်ဖြင့်

'' အေးချမ်းသာယာချင်ရင် ဓောက်ထိုးဝါဒကို လက်ခံရမယ် ဟုတ်လား၊ ကျုပ်တို့က လူငယ်တွေဗျ၊ အေးချမ်းသာယာဖို့ထက် ကြီးပွားအောင်မြင်တာကို ပိုမြင်ချင်တယ်၊ ကျုပ်တို့ မြို့ကထွက်လာတာ မြို့မှာနေရတာ ငြီးငွေ့လို့ပဲ၊ ကျုပ်တို့နှစ်ယောက် မြန်မာပြည် အနှံ့လှည့်လည်ပြီးတော့ ကြီးပွားချမ်းသာမဲ့အလုပ်မျိုးကို လုပ်ချင်တယ်၊ ဘဝမှာ အခက်အခဲတွေနဲ့ ကြုံလာရင်တော့ ရုန်းကန်ကြိုးစားပြီးတော့ အောင်မြင်အောင် လုပ်မယ်လို့ ဆုံးဖြတ်ထားတယ်ဗျ၊ ဦးလေးရဲ့ဓောက်ထိုးဝါဒက ကျုပ်တို့ကို ကြီးပွားချမ်းသာမဲ့ဝါဒလား ''





ဟု မေးမြန်းလေ၏။ ထိုအခါ လူကြီးက တဟားဟား ရယ်မော၍

'' ဟား ဟား ဟား... ဓောက်ထိုးဝါဒကိုလက်ခံလိုက်ရင် အရာရာကို ပြည့်စုံပြီးသားကွ၊ လူတွေ စိတ်မချမ်းသာဖြစ်ပြီး ဘေးဒုက္ခရောက်ပြီဆိုရင် အဲဒီလူတွေကိုသွားကြည့်၊ သူတို့ဟာ အတည့်သမားတွေချည်းပဲ၊ ဓောက်ထိုးသမားတွေကတော့ ဘယ်တော့မှ စိတ်မချမ်းမသာ မဖြစ်ဘူးကွ၊ ဓောက်ထိုးသမားက ပစ်တိုင်းထောင်နဲ့တူတယ်၊ ဘယ်လိုကျကျ ကျရာနေရာမှာ သင့်တော်အောင် နေထိုင်လို့ရတယ်၊ ဒါဟာ အကောင်းတွေလာရင် အတည့်အတိုင်းလက်ခံလိုက်တယ်၊ မကောင်းတာတွေလာရင် ဓောက်ထိုးအနေနဲ့ လက်ခံလိုက်တယ်၊ ငါ့ကို ချီးမွမ်းစကားကြားရတဲ့ အခါ အတည့်အနေနဲ့ လက်ခံလိုက်တယ်၊ ငါ့ကို ဝေဖန်ကဲ့ရဲ့ စကားတွေကြားရတဲ့အခါ ဓောက်ထိုးအနေနဲ့ လက်ခံလိုက်တယ်၊ ဒါကြောင့် ငါ့မှာ စိတ်မချမ်းသာဘူးဆိုတာ လုံးဝမရှိတော့ဘူး၊ ကြီးပွားချမ်းသာချင်ရင် သူတစ်ပါး နောက်လိုက် မလုပ်ရဘူး၊ သူတစ်ပါးမလုပ်တဲ့အလုပ်ကို တီထွင် ကြံဆပြီး လုပ်ကိုင်တတ်ရ တယ်၊ ဓောက်ထိုးသမားတွေက သမားရိုးကျသမားတွေ မဟုတ်ဘူးကွ၊ သူများလျှောက်ပြီးသား လမ်းကို ဘယ်တော့မှ မလိုက်ဘူး၊ သူများ မလျှောက်ရသေးတဲ့ လမ်းကိုပဲ ကိုယ်ပိုင်တီထွင်ပြီးတော့ လိုက်လေ့ရှိတယ်၊ သူများနောက်



www.burmeseclassic.com

www.burmeseclassic.com



ကို လိုက်တဲ့လူက ဘဝမှာ နောက်လိုက်ပဲဖြစ်မှာပဲ၊ ခေါက်ထိုး သမားတွေက နောက်လိုက်တွေ မဟုတ်ဘူးကွ၊ တီထွင်ဖန်တီး တတ်တဲ့လူတွေ "

ဟု ပြောလေ၏။ ထိုအခါ မြေကြီးက မျက်မှောင်ကြုတ်၍

" ဦးလေးရဲ့ ခေါက်ထိုးဝါဒကြီးကို ကျွန်တော့် နားမလည် ဘူးဗျ၊ ညဥ့်လည်း အတော်နက်နေပြီ၊ ကျွန်တို့အိပ်တော့မယ်၊ ဒီနေ့ညတော့ လှေကားထစ်မှာပဲ ကျွန်တို့ကို အိပ်ခွင့်ပြုပါ၊ နောက် နေ့ကျရင် ဒီမြို့က ထွက်သွားမှာပါ "

ဟု ပြောလေ၏။ ထိုအခါ လူကြီးက ရယ်မော၍

" မင်းတို့နှစ်ယောက် ဒီမြို့က ထွက်သွားဖြစ်မှာ မဟုတ်ပါ ဘူး၊ ဒီမြို့မှာပဲ အလုပ်လုပ်မဲ့သူတွေပါ "

ဟု ပြောလေ၏။ ထိုအခါ ကောင်းကင်က လူကြီးကို အံ့သြဟန်ဖြင့် ကြည့်၍

" ကျွန်တို့က ဒီမြို့မှာပဲ အလုပ်လုပ်မယ်ဟုတ်လား၊ ဦးလေး ဘယ်လိုလုပ်သိသလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ လူကြီးက

" အပွေးမြင် အပင်သိတာပေါ့ကွာ၊ ဒီမြို့ဟာ မင်းတို့လို စီးပွားရှာချင်တဲ့ လူငယ်လေးတွေအတွက် အင်မတန်သင့်တော်တဲ့ မြို့ကွ၊ မင်းတို့ မနက်မိုးလင်းရင် ဒီမြို့ထဲမှာ လှည့်လည်ကြည့်ပြီး





တော့ စီးပွားရှာဖို့ စိတ်ဝင်စားမှာ သေချာပါတယ် "

ဟု ကြိုတင်၍ ဟောကိန်းထုတ်လိုက်လေ၏။

ကောင်းကင်တို့သည် ထူးဆန်းသောလူကြီးနှင့် စကား ဆက်လက်ပြောဆိုခြင်းမရှိတော့ဘဲ လှေကားခြေရင်း၌ အိပ်စက် လိုက်လေတော့၏။

နံနက်သို့ရောက်သောအခါ ကောင်းကင်နှင့်မြေကြီးသည် အိပ်ရာမှနိုးလာခဲ့၏။ ညက ၎င်းတို့ကို ဆန်ပြုတ်ကျွေးသော လူကြီးကို မတွေ့ရတော့ချေ။

ကောင်းကင်တို့သည် အနီးရှိ ရေကန်ကလေး၌ သန့်စင်ပြီး နောက် မြို့ထဲတွင် လှည့်လည်ကြည့်ရှုကြလေ၏။

ထိုအခါ မြို့မှာ အလွန်စည်ကားပြီး ၎င်းတို့အတွက် အလုပ် အကိုင် အခွင့်အလမ်းများစွာရှိကြောင်း တွေ့ရလေ၏။ ထိုအခါ ကောင်းကင်က

" ညက ငါတို့ရဲ့ကျေးဇူးရှင်လူကြီးပြောတာ မှန်နေပြီဟ၊ ငါတို့ ဒီမြို့မှာပဲ အခြေချပြီး အလုပ်လုပ်ရအောင် "

ဟု ပြောလေ၏။

ထိုမြို့၌ အလုပ်လုပ်ရန် မြေကြီးကလည်း အားရဝမ်းသာ သဘောတူလိုက်လေ၏။

၎င်းတို့သည် ထိုနေ့တစ်ညလုံး မြို့ထဲတွင် လှည့်လည်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုရင်း မည်သည့်အလုပ်ကို လုပ်ကိုင်ရနိုး ကြံစည်စဉ်းစားရလေ၏။

ကောင်းကင်သည် မြို့လယ်လူစည်ကားသော ဈေးကြီးအနီးရှိ သစ်ရိပ်အောက်တွင်ထိုင်၍ စည်ကားနေသော ဈေးကြီးကို ကြည့်ရှုရင်း အကြံထုတ်နေလေ၏။

အတန်ကြာသောအခါ ကောင်းကင်က လွယ်အိတ်ထဲရှိ ရှိစုမဲ့စုငွေများကို ရေတွက်ကြည့်ရင်း

" ငါတို့မှာပါလာတဲ့ ငွေလောက်နဲ့ အလုပ် ကြီးကြီးမားမားတော့ လုပ်လို့မဖြစ်ဘူးကွ "

ဟု ပြောလေရာ မြေကြီးက ခေါင်းညိတ်၍

" ဟုတ်တယ်၊ ငါတို့ ငွေမဖြစ်စလောက်နဲ့ ဘာအလုပ်မှ လုပ်လို့ ရမှာမဟုတ်ဘူး၊ ငါတို့နှစ်ယောက် သူတစ်ပါးအလုပ်မှာပဲ ဝင်လုပ်ကြရင် ကောင်းမလား "

ဟု ပြောလေ၏။ ထိုအခါ ကောင်းကင်က ခေါင်းခါယမ်း၍

" သူတစ်ပါးအလုပ်မှာတော့ မလုပ်ချင်ဘူးကွ၊ ဘာကြောင့်လဲဆိုတော့ သူများဆီမှာဝင်လုပ်ရင် ငါတို့နှစ်ယောက် တစ်ကွဲတစ်ပြားစီ လုပ်ကိုင်ရလိမ့်မယ်၊ ငါတို့နှစ်ယောက် အတူတူပေါင်းပြီး လုပ်ရတဲ့ အလုပ်မျိုးပဲ လုပ်ချင်တယ်ကွ "

ဟု ပြောလေ၏။





ထိုအခါ မြေကြီးက အနီးတွင်လျှောက်သွားသော ကလေးယ်တစ်ဦး ဘိန်းမုန့်စားသွားသည်ကို ကြည့်၍

" ဟုတ်ပြီ၊ ငါအကြံရပြီ၊ ငါတို့ ဘိန်းမုန့်ဖုတ်ပြီး ရောင်းစားကြမယ်၊ ရွာမှာနေတုန်းက ငါ့အမေက ဘိန်းမုန့်ဖုတ်တဲ့နေရာမှာမည်ကြီးပဲကွ "

ဟု ပြောလေရာ ကောင်းကင်က ဝမ်းသာအားရဖြင့်

" ဟုတ်တယ်၊ ငါတို့မှာရှိတဲ့ငွေနဲ့ဆိုရင် ဘိန်းမုန့်ဖုတ်ဖို့ လိုမဲ့အိုးခွက်ဝယ်ဖို့ ပြည့်စုံတယ်၊ မင်းအမေက ဘိန်းမုန့် ကောင်းာင်းဖုတ်တတ်သလို ငါကလည်း ဘိန်းမုန့်ကောင်းကောင်း ကြိုက်တတ်တယ်ကွ၊ ဒါကြောင့် မင်းလုပ်တဲ့ဘိန်းမုန့် ကောင်းကောင်း ငါမြည်းပေးမယ်၊ ငါကြိုက်ပြီဆိုရင်တော့ မင်းလုပ်တဲ့ န်းမုန့် စံချိန်မီသွားပြီ၊ ဈေးကွက်တင်လို့ရပြီ "

ဟု ပြောလေရာ မြေကြီးက ရယ်မော၍ ကောင်းကင်၏ းကို ပုတ်လိုက်ပြီး

"အောင်မယ် ငါလုပ်မဲ့ဘိန်းမုန့်ကို မင်းကမြည်းပြီး ဆရာကြီး ပ်ဦးမလို့လား၊ ဘိန်းမုန့်လုပ်တယ်ဆိုတာ လွယ်တယ်များ ာက်မေ့လို့လား၊ ချိုလွန်းရင်လည်း မကောင်းဘူး၊ ပေါ့လွန်းရင် ည်း ဘိန်းမုန့်ရဲ့ အရသာပျက်တတ်တယ်ကွ၊ ကဲ··· ပြောနေကြ ယ်၊ ငါတို့နှစ်ယောက် ဈေးထဲမှာ ဘိန်းမုန့်ရောင်းဖို့ အ



www.burmeseclassic.com

www.burmeseclassic.com



ထိုအခင်းတွဲပစ္စည်းတွေ လှည့်ဝယ်ကြရအောင်၊ မနက်ဖြန် မနက် ငါတို့ ဘိန်းမုန့်စရောင်းကြမယ် ”

ဟု ပြောလေ၏။ ထိုအခါ ကောင်းကင်က

“ ဟုတ်ပြီ၊ ငါတို့မှာ လုပ်စရာအလုပ်ရှိသွားပြီ၊ ဒါ နေစရာ မရှိသေးဘူးနော်၊ ငါတို့ ဘယ်မှာနေကြမလဲ ”

ဟု ပြောလေရာ မြေကြီးက

“ ဒီမြို့မှာ ဘုန်းကြီးကျောင်းတွေ အများကြီးရှိတယ် ဘုန်းကြီးကျောင်းတစ်ကျောင်းကျောင်းမှာ ကပ်ပြီးတော့ နေလို့လ ရနိုင်တာပဲ ”

ဟု ပြောလေ၏။ ထိုအခါ ကောင်းကင်က

“ ဒီနေ့ညတော့ ငါတို့ရဲ့ကျေးဇူးရှင်လူကြီးနဲ့ လှေကားထ ပြန်ဆုံကြဦးမယ်၊ သူ့ကို အကူအညီတောင်းပြီး ညအိပ်မဲ့ ရှာဖွေရမယ် ”

ဟု ပြောလေ၏။

ညသို့ရောက်သောအခါ ကောင်းကင်တို့သည် ချစ် တိုက်ကြီး၏ လှေကားထစ်၌ အိပ်စက်သော ဒရဝမ်လူကြီးထံ သွား၍ ကောင်းကင်က

“ ဦးလေးပြောတဲ့စကား သိပ်မှန်တာပဲဗျ၊ ကျုပ်တို့ ဒီမြို့ လှည့်ကြည့်ပြီးတော့ မြို့မှာပဲ စီးပွားရှာဖို့ ဆုံးဖြတ်လိုက်ပြီ၊ ကျုပ်





နှစ်ယောက် ဘိန်းမုန့်ရောင်းဖို့ပစ္စည်းတွေတောင် ဝယ်ပြီးပြီ ”

ဟု ပြောလေရာ ဒရဝမ်လူကြီးက လက်ကာပြ၍

“ မင်း ဘာပြောမယ်ဆိုတာ ငါ ကြိုပြီးတော့သိတယ်၊ မင်းတို့မှာ လုပ်စရာအလုပ်ရှိပြီး နေစရာမရှိသေးလို့ ငါ့ဆီက အကြံ ဉာဏ်တောင်းဦးမလို့ မဟုတ်လား ”

ဟု ပြောလေရာ မြေကြီးက တဟဲဟဲရယ်မော၍

“ ဦးလေးက သဘောပေါက်လွယ်သားပဲ၊ ဟုတ်တယ်၊ ကျုပ်တို့မှာ လုပ်စရာအလုပ်တော့ရှိသွားပြီ၊ ဒါပေမဲ့ နေစရာမရှိ သေးလို့ ခက်နေသေးတယ် ”

ဟု ပြောလေ၏။ ထိုအခါ ၎င်းတို့၏ကျေးဇူးရှင် လူကြီးက

“ နေစရာအတွက် စဉ်းစားမနေနဲ့ကွာ၊ ဟောဒီ ချစ်တီး တိုက်ကြီးက ဒီမြို့မှာ အကြီးဆုံးပဲ၊ တိုက်ကြီးရဲ့ လှေကားထစ်တွေ ကလည်း အကျယ်ကြီးကွ၊ မင်းတို့နှစ်ယောက် ငါနဲ့အတူ တိုက်လှေ ကားထစ်မှာ ညစဉ်လာပြီးတော့ အိပ်စက်နိုင်ပါတယ်၊ ဒီနေရာက အမိုးအကာလည်းရှိတော့ မိုးရွာရင်တောင် မိုးမပက်နိုင်ဘူးကွ၊ မင်းတို့နှစ်ယောက် အိမ်လခ မပေးဘဲ တိုက်နဲ့နေရတယ်လို့ သဘော ထားရင် စိတ်ချမ်းသာပါတယ်ကွာ ”

ဟု ပြောလေ၏။

ကောင်းကင်တို့သည် အိပ်စရာနေရာအတွက် အဆင်ပြေသွား



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ရင်အေးသွား၏။ ၄င်းတို့သည် နောက်နေ့နံနက်သို့ ရောက်သောအခါ ဘိန်းမုန့်ရောင်းရန် မြို့လယ်ဈေးအနီးသို့ ထွက်လေ၏။

ဈေးတစ်နေရာရှိ လူစည်ကားမည်ထင်သော အရပ်၌ ဘိန်းမုန့်များကို စတင်ဖုတ်လေ၏။ အတန်ကြာသောအခါ မွှေးကြိုင်သော ထောပတ်ဘိန်းမုန့်များ ပြုလုပ်ပြီးလေ၏။

ခဏကြာလျှင် ၄င်းတို့ ဘိန်းမုန့်ရောင်းသောနေရာ၌ ဈေးသွား ဈေးလာများဖြင့် စည်ကားလာလေ၏။

ဈေးသို့လာသူများသည် ကောင်းကင်တို့၏ဘိန်းမုန့်ဆိုင် ကလေးကို ကြည့်၍ ၄င်းတို့သည် မြို့ခံလူများမဟုတ်ဘဲ လူစိမ်းများ ဖြစ်သဖြင့် အံ့သြနေဟန်ရှိ၏။

သို့သော် ဈေးသွားဈေးလာများသည် ကောင်းကင်တို့ထံမှ ဘိန်းမုန့်များကို ဝယ်ယူခြင်းမရှိချေ။ ကောင်းကင်တို့သည် အတန် ကြာသောအခါ ဘိန်းမုန့်ကို မည်သူမျှ မဝယ်သဖြင့် စိတ်ပျက်ပြုလေ၏။

မြေကြီးက မျက်နှာရှုံ့မဲ့၍

" နေတောင်အတော်မြင့်နေပြီ၊ ဒီအချိန်ထိ ဘိန်းမုန့်တစ်ချပ် မရောင်းရသေးဘူး၊ ဘယ်လိုဖြစ်တာလဲ မသိဘူး "

ဟု ပြောလေ၏။ ထိုအခါ ကောင်းကင်က





" ဒီမြို့ကလူတွေဟာ ငါတို့ကို လူစိမ်းတွေဆိုပြီး ဘိန်းမုန့် ဝယ် စားချင်ဘူးနဲ့တူတယ်၊ ဘာပဲဖြစ်ဖြစ် ငါတို့ဘိန်းမုန့်တွေကို အစွမ်းကုန် ကြိုးစားပြီး ရောင်းမယ် "

ဟု ဆိုကာ

" ဟောဒီမှာ ထောပတ်ဘိန်းမုန့်ပူပူလေး၊ စားကြည့်ရင် တစ်သက်လုံးစွဲငြိသွားမယ်မို့၊ နည်းနည်းလောက် မြည်းစမ်း ကြည့် မ်းပါ "

ဟု ဆိုကာ လမ်းသွားလမ်းလာများအား ဘိန်းမုန့်အမြည်းစား ရန် ခေါ်လေ၏။

သို့သော် မြို့ခံလူများသည် ၄င်းတို့အမြည်းပေးသော ဘိန်းမုန့် ကိုပင်မစားဘဲ လက်ကာ၍ အနီးမှ ကမန်းကတန်း ထွက်သွား လေ၏။

ကောင်းကင်တို့သည် ၄င်းတို့၏အမူအရာကိုကြည့်၍ မျက် မှောင်ကြုတ်လိုက်ပြီး

" ဒီမြို့ကလူတွေဟာ အတော်ထူးပါလား၊ ငါတို့ရောင်းတဲ့ ဘိန်းမုန့်ကို ဝယ်စားဖို့နေနေသာသာ အမြည်းပေးတဲ့ဘိန်းမုန့်ကိုတောင် စားမသွားကြဘူး "

ဟု အံ့သြဟန်ဖြင့် ရေရွတ်လေ၏။

၄င်းတို့သည် ထိုနေ့ မွန်းလွဲချိန်အထိ ဘိန်းမုန့်တစ်ချပ်မှ်သော



www.burmeseclassic.com

www.burmeseclassic.com



ရောင်းရလေ၏။ ဘိန်းမုန့်ဝယ်ယူသူများသည် မြို့ခံလူများမဟုတ်ဘဲ တခြားသောအရပ်မှ ရောက်ရှိလာသော ဧည့်သည်များပင် ဖြစ်၏။

ကောင်းကင်တို့သည် ညနေစောင်းသောအခါ စိတ်ပျက်လက်ပျက်ဖြင့် ဆင်းရဲသား ကလေးသူငယ်များအား ဘိန်းမုန့်များကို ဝေငှပြီးပေးလိုက်ပြီး ချစ်တီးတိုက်လှေကားထစ်များဆီသို့ပြန်ခဲ့လေ၏။

ချစ်တီးတိုက်သို့ရောက်သောအခါ ၎င်းတို့၏ကျေးဇူးရှင် ဦးခေါက်ထိုးက ပြောင်သလင်းခါနေသော ဘိန်းမုန့်ဗန်းကို ကြည့်၍

" ကိုယ့်လူတို့ ဘိန်းမုန့်တွေ အတော်ရောင်းကောင်းတယ် မှတ်တယ် "

ဟု ပြောလေရာ ကောင်းကင်နှင့် မြေကြီးသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ မည်သို့ဖြေဆိုရမှန်းဖြင့် ဖြစ်သွားလေ၏။

မြေကြီးသည် မိမိတို့အား ဦးခေါက်ထိုး အထင်သေးမည်စိုးသဖြင့်

" ကောင်းတာပေ့ါ ဦးခေါက်ထိုးရာ၊ ကျုပ်တို့ဘိန်းမုန့်တွေဟာ အရသာကောင်းလွန်းလို့ မြို့ခံလူတွေ တဖွဲဖွဲနဲ့ အားပေးလိုက်ကြတာ တစ်ဗန်းလုံး ပြောင်သလင်းခါသွားတာပဲ "

ဟု ပြောလိုက်ရာ ဦးခေါက်ထိုးက ၎င်းတို့ကိုကြည့်၍ တဟားဟား ရယ်မောလိုက်ပြီး

" ဟား ဟား ဟား… မင်းတို့ဘိန်းမုန့်တွေ ရောင်းရလို့





ကုန်တာလား၊ ဈေးက ကလေးတွေကို အလကားကျွေးလို့ ကုန်သွားတာလား၊ ငါ့အထင်တော့ မင်းတို့ဘိန်းမုန့်တွေကို ငါတို့မြို့သားမှန်ရင် တစ်ချပ်မှ ဝယ်ပြီးတော့စားမှာမဟုတ်ဘူး၊ မရှက်ပါနဲ့ကွာ၊ မင်းတို့ မုန့်တွေ တစ်ချပ်မှမရောင်းရဘူး မဟုတ်လား "

ဟု ပြောလေရာ ကောင်းကင်က စိတ်ပျက်သော အမူအရာဖြင့်

" အဟုတ်ပဲဗျာ၊ ကျုပ်တို့မုန့်တွေ မြို့ပေါ်မှာ တစ်ချပ်မှ ရောင်းရတာ အံ့သြစရာပဲ၊ နေပါဦး၊ ဦးခေါက်ထိုးကြီးက ဘာဖြစ်လို့ ကြိုပြီးတော့သိနေတာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးခေါက်ထိုးကြီးက တဟားဟား ရယ်မော၍

" ဟား ဟား ဟား… ဒါဟာ မင်းတို့အတွက် တစ်သက်မှာ မှတ်ရမဲ့ သင်ခန်းစာပဲ၊ လောကမှာ ဘာလုပ်လုပ် ပေါ့ပေါ့ဆဆ လုပ်ရဘူးကွ၊ ကိုယ်လုပ်မဲ့အလုပ်ကို သေသေချာချာ လေ့လာ သုံးသပ်ရတယ်၊ မင်းတို့ ဒီမြို့မှာ ဘိန်းမုန့်ရောင်းဖို့ လွယ်လွယ် ဆုံးဖြတ်လိုက်တာ မဟုတ်လား "

ဟု ပြောလေရာ မြေကြီးက လက်မထောင်၍

" ကျုပ်အဘွားက ရွာမှာ ဘိန်းမုန့်ကောင်းကောင်း လုပ်တတ်တယ်ဗျ၊ အဘွားဆီက ဘိန်းမုန့်ဖုတ်နည်းအမွေကို ကျုပ်ရထားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကျုပ်တို့ဘိန်းမုန့်တွေကို ဒီမြို့ကလူတွေစားပြီးရင် လျှာလည်သွားမယ်လို့ ထင်ခဲ့တယ်၊ ဒါပေမဲ့ မြို့ပေါ်ကလူတွေဟာ ဘာဖြစ်လို့လဲ မသိဘူး၊ ကျုပ်တို့ဘိန်းမုန့်ကို အားမပေးကြဘူး ”

ဟု နားမလည်ဟန်ဖြင့် ပြောလေ၏။ ထိုအခါ ဦးဓောက်ထိုးကြီးက

“ ဒီမှာ မင်းတို့မြဲမြဲမှတ်ထား၊ နောက် ဘယ်တော့မှ ဒီမြို့မှာ ဘိန်းမုန့်ရောင်းဖို့မကြိုးစားနဲ့၊ ဒီမြို့မှာ ရွှေမောင်းဘိန်းမုန့်ဆိုတာ အင်မတန် နာမည်ကျော်တယ်ကွ၊ ရွှေမောင်းဘိန်းမုန့်ကိုဖုတ်တဲ့ ပုဂ္ဂိုလ်ကြီးကို ဘဘကြီး ဦးရွှေမောင်းဆိုပြီးတော့ ဒီမြို့မှာ အားလုံး သိကြတယ်၊ ဦးရွှေမောင်းတို့က မျိုးရိုးစဉ်ဆက် ဘိန်းမုန့်ဖုတ်စားလာတဲ့ လူတွေကွ၊ ဦးရွှေမောင်းတို့ ဘိန်းမုန့်လက်ရာကို မီအောင် ဘယ်သူမှ မဖုတ်နိုင်ဘူး၊ နောက်ပြီးတော့ ဒီမြို့ကလူတွေဟာ ရွှေမောင်းဘိန်းမုန့်မှ ရွှေမောင်း ဘိန်းမုန့်ဖြစ်နေတာကွ၊ မင်းတို့ရဲ့ ဘိန်းမုန့် ပွဲတိုးဖို့ဆိုတာ မလွယ်ဘူး ”

ဟု ပြောလေ၏။ ထိုအခါမှပင် ကောင်းကင်က သက်ပြင်းချ၍

“ အခွဲအလမ်းကြီးပါ့ဗျာ ”

ဟု ပြောလေ၏။ ထိုအခါ ဦးဓောက်ထိုးကြီးက

“ မစူးစမ်း မဆင်ခြင်တဲ့အတွက် မင်းတို့ရဲ့အမှားကွ၊





တကယ်ဆိုရင် ဘိန်းမုန့်မရောင်းမီ ကိုယ်နဲ့လုပ်ငန်းတူသူ ရှိမရှိ မြို့ထဲမှာ အရင်လှေ့လာသင့်တယ်၊ မင်းတို့လေ့လာပြီးရင် ဒီမြို့မှာ ရွှေမောင်းဘိန်းမုန့် ဘယ်လောက်နာမည်ကြီးတယ်ဆိုတာ သိလာမယ်၊ ဒါဆိုရင် ဘိန်းမုန့် မရောင်းဖြစ်မှာ သေချာတယ် ”

ဟု ပြောလေရာ ကောင်းကင်က

“ ကောင်းပါပြီ၊ ကျုပ်တို့နှစ်ယောက် ဒီမြို့မှာ ဘိန်းမုန့် မရောင်းရင် ဘာရောင်းရင် ကောင်းမလဲ ”

ဟု မေးမြန်းလေ၏။ ကောင်းကင်၏စကားကြောင့် ဦးဓောက်ထိုးကြီး က

“ ငါက ဓောက်ထိုးသမားလို့ မင်းတို့ကို ပြောပြီးသားနော်၊ ဓောက်ထိုးသမားတွေဟာ သူများတွေးလေ့မရှိတဲ့ အတွေးမျိုးတွေတောင် တွေးတတ်တယ်၊ ဒါကြောင့် တစ်ခါတစ်ရံ အဖြေကို အတည့်သမားတွေထက် ပိုပြီးတော့ မှန်မှန်ကန်ကန် သိခွင့်ရတယ်ကွ၊ ငါ့အမြင်ပြောရရင် မင်းတို့ ဒီမြို့ကထွက်သွားတာ အကောင်းဆုံးပဲ၊ ဘာကြောင့်လဲဆိုတော့ ဒီမြို့ကလူတွေဟာ မြန်မာပြည်မှာရှိတဲ့ မြို့တွေအားလုံးထက် ပိုပြီး အစွဲအလမ်းကြီးကြတယ်ကွ၊ မြို့ခံလူ မဟုတ်ရင် အားမပေးချင်ကြဘူး၊ ဒါကြောင့် ဒီမြို့မှာ ကိုယ်ပိုင်လုပ်ငန်းလုပ်ပြီးတော့ အသက်မွေးချင်တယ်ဆိုရင်တော့ မင်းတို့ ဒီမြို့သားဖြစ်သွားအောင် အနည်းဆုံး(၁၀) နှစ်လောက် မြို့မှာ



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်ဦး ”

ဟု ပြောလေရာ ကောင်းကင်က မျက်နှာရှုံ့မဲ့၍

“ မြို့မှာ (၁၀)နှစ်နေရမယ် ဟုတ်လား၊ (၁၀)နှစ်နေတုန်း ဘယ်သူက ထမင်းကျွေးထားမှာလဲ ”

ဟု ပြောလေ၏။

မြေကြီးသည် ဦးဖောက်ထိုး၏စကားကြောင့် မြို့၌ နေထိုင်ရန် အလွန်စိတ်ဓာတ်ကျသွားပြီး ကောင်းကင်ဘက်သို့ လှည့်ကာ

“ ဒီမြို့ကလူတွေ ဒီလောက်တောင် အစွဲအလမ်းကြီးတယ် ဆိုရင်လည်း ငါတို့နှစ်ယောက် ဒီမြို့ကထွက်သွားတာ အကောင်းဆုံး ပဲဟေ့ ”

ဟု ပြောလေ၏။

ကောင်းကင်သည် ဦးဖောက်ထိုး၏စကားကြောင့် ရင်ထဲ တွင် မခံချင်စိတ်များ ဖြစ်ပေါ်လာ၏၊ လူငယ်ပီပီ အလွယ်တကူ အရှုံးပေးလိုစိတ် မရှိချေ။

ထို့ကြောင့် လက်သီးကိုဆုပ်၍

“ ကျုပ်တို့ ဒီမြို့ကနေ အရှုံးပေးပြီးတော့ မသွားချင်ဘူးဗျာ၊ ဟေ့ကောင် . . . မြေကြီး၊ ငါတို့က ယောက်ျားတွေပါကွ၊ ဘယ်လို အခက်အခဲမျိုးကြုံကြုံ ရင်ဆိုင်ပြီးတော့ ခံရမှာပေါ့၊ ဒီမြို့မှာ စီးပွားရှာ





လို့မရဘူးဆိုတာနဲ့ လက်လျှော့ပြီး နောက်ကြောင်းကိုပြန်တော့ မလှည့်လား၊ ငါတို့ကိုယ်ပိုင် လုပ်လို့မရရင် သူတစ်ပါးရဲ့လုပ်ငန်းတွေမှာ ဝင်ပြီးတော့ အစွမ်းပြလို့ရတယ်လေ ”

ဟု ပြောလိုက်ရာ ဦးဖောက်ထိုးက လူငယ်နှစ်ဦး၏ အမူအရာကို ကြည့်၍ တဟားဟား ရယ်မောလိုက်ပြီး

“ ဟား ဟား ဟား . . . သတ္တိခဲလေးတွေ၊ မင်းတို့ဟာ လူငယ်ပီပီ ခေါင်းမာနေတယ်ပေါ့၊ ဒီမြို့ဟာ လူစိမ်းတွေအတွက် အလုပ်လုပ်လို့ကောင်းတဲ့ မြို့မဟုတ်ဘူးကွ၊ ဟဲ ဟဲ . . . ဒါကို လူတိုင်းမသိနိုင်ဘူးနော်၊ ငါ့လို ဖောက်ထိုးသမားမှ သိနိုင်တာကွ၊ ဖောက်ထိုးသမားရဲ့စကားကိုမယုံရင် မင်းတို့နှစ်ယောက် ဖောက်ထိုး ခိုးမှော်ဖြစ်မှာ မြင်ယောင်သေးတယ်ဟေ့ ”

ဟု ပြောလေ၏။

ကောင်းကင်တို့သည် စွန့်စားလိုသော စိတ်ဓာတ်ရှိသူများ ဖြစ်၏။ ဦးဖောက်ထိုး၏စကားကို နားမသွင်းတော့ဘဲ အိပ်ပျော် အောင် အိပ်စက်လိုက်လေ၏။

ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့နံနက်သို့ရောက်သောအခါ လူငယ်နှစ်ဦးသည် မျှော်လင့်ချက်ကိုယ်စီဖြင့် မြို့ထဲတွင် အလုပ်ရှာထွက်ကြလေ၏။ ၎င်းတို့သည် တစ်မြို့လုံးရှိ ဆိုင်များကို တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် လှည့်လည်၍ အလုပ်တောင်းလေ၏။

သို့သော် မြို့ပေါ်ရှိဆိုင်များအားလုံး သူတို့ကို အလုပ်ပေးရန် တစ်ညီတစ်ညွတ်တည်း ငြင်းဆန်ကြလေ၏။

ကောင်းကင်တို့သည် တော်ရုံတန်ရုံနှင့် စိတ်ပျက်လွယ်သော လူငယ်များမဟုတ်ကြသော်လည်း မည်သည့်ဆိုင်ကမျှ ခေါ်ကြေးဖော်မလုပ်သဖြင့် စိတ်ပျက်စပြုလာ၏။





ညနေစောင်းသောအခါ မြို့ထဲရှိဆိုင်များအားလုံး ကုန်စင်သွားသဖြင့် စိတ်ပျက်လက်ပျက်ဖြင့် မြို့တွင်းရှိ ညောင်ပင်ကြီး အောက်တွင် သွား၍ ထိုင်လေ၏။

ညောင်ပင်ကြီး၌ ရုက္ခစိုးနတ်ကွန်းရှိ၏။ မြေကြီးသည် ရုက္ခစိုးနတ်ကွန်းကို မြင်သောအခါ လက်အုပ်ချီ၍

" ရုက္ခစိုးမင်းကြီးဆီမှာ ငါတို့နှစ်ယောက်အတွက် အလုပ်ရအောင် ဆုတောင်းကြမယ် "

ဟု ပြောလေ၏။ ထိုအခါ ကောင်းကင်က ခေါင်းခါယမ်း၍

" ငါကတော့ ကိုယ့်အစွမ်းအစနဲ့ပဲ ကြီးပွားအောင် ကြိုးစားချင်တယ်၊ ဘယ်တန်ခိုးရှင်ရဲ့ အကူအညီကိုမှ မလိုချင်ဘူး၊ မင်းဘာသာ ဆုတောင်းချင်ရင် တောင်းပေတော့ "

ဟု ပြောလိုက်လေ၏။

ထိုအခါ မြေကြီးသည် ရုက္ခစိုးနတ်ကွန်းရှေ့တွင် လက်အုပ်ချီ၍

" အရှင်ရုက္ခစိုးမင်း၊ ကျွန်တော်မျိုးတို့ဟာ မြို့ခံလူတွေ မဟုတ်တဲ့အတွက် အလုပ်ရဖို့ အလွန်ခက်ခဲနေပါတယ်၊ ဒါကြောင့် ကျွန်တော်မျိုးတို့ကို အလုပ်ရအောင် ကူညီမစပေးတော်မူပါ၊ ကျွန်တော်မျိုးတို့ အလုပ်ရမယ်ဆိုရင် ရုက္ခစိုးမင်းကို ကောင်း



www.burmeseclassic.com

www.burmeseclassic.com



သောက်ဖွယ်တွေနဲ့ ဆက်ဆက်လာပြီးတော့ ပူဇော်ပသမှာပါ၊ ငမိုက်သား လူငယ်လေးနှစ်ယောက်ကို အရှင်ရုက္ခစိုးမင်း ကယ်မပေးတော်မူပါ ''

ဟု ဆုတောင်းလိုက်၏။ ထိုအခိုက်မှာပင် ညောင်ပင်ကြီးပေါ်မှ

'' ငမိုက်သားလေးနှစ်ကောင်၊ မင်းတို့ကို အလုပ်ရရုံမကဘူး၊ သစ္စာရှိရင် တစ်ခါတည်း ကြီးပွားနိုင်တဲ့နည်းလမ်း ပေးလိုက်မယ် ''

ဟူသော အသံကို ကြားရသဖြင့် ကောင်းကင်နှင့် မြေကြီးသည် ထိတ်လန့်အံ့သြသွားလေ၏။

မြေကြီးက အူကြောင်ကြောင်ဖြင့်

'' ရုက္ခစိုးမင်းရဲ့အသံကို ငါ နားနဲ့စပ်စပ်ကြားလိုက်တယ်၊ ဟေ့ကောင်... မင်းလည်း ကြားတယ်မဟုတ်လား ''

ဟု မေးမြန်းလေ၏။ ကောင်းကင်က မျက်မှောင်ကြုတ်၍

'' ငါလည်း ကြားလိုက်တယ်၊ ညောင်ပင်ပေါ်မှာ လူရှိမယ် ထင်တယ် ''

ဟု ပြောလေ၏။

ထိုအခိုက်မှာပင် ညောင်ပင်နောက်မှ အရောင်ပြိုးပြိုးပြက်ပြက်နှင့် နတ်ဝတ်နတ်စားများကို ဝတ်ဆင်ထားသော လူတစ်ဦး





ထွက်လာလေ၏။

ထိုအရာကိုကြည့်၍ မြေကြီးက ထိတ်လန့်အံ့သြဟန်ဖြင့်

'' ဟာ... ရုက္ခစိုးမင်းကိုယ်တိုင် ငါတို့ကို ကိုယ်ထင်ပြနေပြီ၊ ကောင်းကင် ရုက္ခစိုးမင်းကို အမြန်ကန်တော့လိုက်လေ ''

ဟု ပြောလေ၏။

ကောင်းကင်ကမူ မြေကြီး၏စကားကို နားမဝင်ဘဲ နတ်ဝတ်နတ်စားများ ဝတ်ဆင်ထားသော လူကိုကြည့်၍

'' ခင်ဗျား ဘယ်သူလဲ ''

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ နတ်ဝတ်နတ်စားများ ဝတ်ဆင်ထားသူက ကောင်းကင်ကို စူးစိုက်ကြည့်၍

'' ငါဟာ ဒီညောင်ပင်ကို အပိုင်စားရတဲ့ ရုက္ခစိုးမင်းပဲ၊ မင်းတို့နှစ်ယောက် ငါ့နတ်ကွန်းရှေ့မှာ ဆုတောင်းနေတာမြင်လို့ ကိုယ်ထင်ပြတာကွ ''

ဟု ပြောလေရာ မြေကြီးသည် ရုက္ခစိုးမင်းအား အလွန်ရိုကျိုးဟန်ဖြင့်ကြည့်၍ ကမန်းကတန်း ဦးချကန်တော့လေ၏။ ကောင်းကင်ကမူ ရုက္ခစိုးမင်း၏ စကားကို ယုံကြည်ဟန်မရှိဘဲ ခေါင်းခါယမ်း၍

'' ခင်ဗျား ကျုပ်တို့ကို ဘာကြောင့်လိမ်ချင်ရတာလဲ၊ ခင်ဗျားဟာ နတ်ဝတ်နတ်စားတွေ ဝတ်ထားတဲ့လူတစ်ယောက်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



ရုက္ခစိုးမင်း မဖြစ်နိုင်ပါဘူး ”

ဟု ပြောလိုက်၏။ မြေကြီးကမူ ကောင်းကင်အား အထိတ်တလန့် အမူအရာဖြင့် တံတောင်ဖြင့်တွန်းကာ

“ ဟေ့ကောင်… ကောင်းကင်၊ မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ ဒါ ရုက္ခစိုးမင်းမို့ နတ်ဝတ်နတ်စားတွေနဲ့ ကိုယ်ထင်ပြတာပေါ့ကွ၊ မင်းလုပ်တာနဲ့ ငါတို့ကို မကျေနပ်ဘဲနေတော့မယ်၊ ဒါဟာ ငါတို့နဲ့ထိုက်လို့ တွေ့ခွင့်ကြုံရတာကွ ”

ဟု ပြောလေ၏။

ရုက္ခစိုးမင်းက ကောင်းကင်အား ခက်ထန်သော အမူအရာဖြင့် ကြည့်၍

“ မင်းက ငါ့ကို ရုက္ခစိုးမင်းဆိုတာ မယုံဘူးပေါ့၊ မယုံရင်လည်း ငမိုက်သားနှစ်ယောက် မင်းတို့ထိုက်နဲ့ မင်းတို့ကံ ခံပေတော့၊ ငါ့ကိုမယုံတဲ့လူကို ငါ မမစနိုင်ဘူး ”

ဟု ပြောလေရာ မြေကြီးသည် ထိတ်လန့်သော အမူအရာဖြင့် ရုက္ခစိုးမင်းအား အကြိမ်ကြိမ်ရှိခိုးကန်တော့ပြီး တောင်းပန်လေ၏။

ရုက္ခစိုးမင်းက

“ မလိမ္မာတစ်ခါမိုက်တဲ့အနေနဲ့ ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်၊ မင်းတို့ အရှင်လတ်လတ် ကြီးပွားချမ်းသာချင်ရင်





မြို့တောင်ပိုင်းက သူဌေးကြီး ဦးစိန်တစ်လုံးနဲ့ သွားတွေ့ပေတော့၊ စွန့်စားရဲတဲ့သတ္တိရှိရင် ဦးစိန်တစ်လုံးက ရွှေလိုချင်ရွှေ၊ ငွေလိုချင်ငွေပေးလိမ့်မယ် ”

ဟု ပြောကာ ညောင်ပင်၏အနောက်သို့ ဝင်ရောက်သွားလေ၏။

ကောင်းကင်သည် မယုံသဖြင့် ညောင်ပင်နောက်သို့ ဝင်ရောက်ရှာဖွေသောအခါ ရုက္ခစိုးမင်းကို မမြင်ရတော့ချေ။ မြေကြီးက လက်အုပ်ချီသော အမူအရာနှင့်ပင်

“ ဟေ့ကောင်… ကောင်းကင်၊ မင်းတွေ့လား၊ ရုက္ခစိုးမင်းအစစ်ဆိုတာ သေချာသွားပြီ၊ သူ့မှာ တန်ခိုးရှိလို့ ကိုယ်ယောင်ဖျောက်သွားတာပေါ့ကွ ”

ဟု ပြောလေ၏။ ကောင်းကင်က ခေါင်းခါပြီး ညောင်ပင်နောက်ရှိ ကိုင်းတောကြီးကို လက်ညှိုးညွှန်ပြ၍

“ ကိုင်းတောကြီး ဒီလောက်ထူတာ ဒီလူကြီး ကိုင်းတောထဲကိုဝင်ပြီး ကိုယ်ယောင်ဖျောက်သွားတာဖြစ်မယ်၊ သူဟာ ရုက္ခစိုးမင်းတော့ မဖြစ်နိုင်ဘူး၊ အရူးတစ်ယောက်ပဲ ဖြစ်လိမ့်မယ် ”

ဟု မှတ်ချက်ချလေ၏။

မြေကြီးက ကမန်းကတန်းလက်ကာ၍

“ ဟေ့ကောင်… ဘာတွေပြောနေတာလဲကွ၊ အရှင်



www.burmeseclassic.com

www.burmeseclassic.com



ရက္ခစိုးမင်း၊ ကျွန်တော်မျိုးရဲ့သူငယ်ချင်း အမိုက်အမဲလေးကို ခွင့်လွှတ်ပါ "

ဟု လက်အုပ်ချီ၍ တောင်းပန်လေ၏။ ပြီးနောက် မြေကြီးက

" ငါတို့ကို ရက္ခစိုးမင်း မိန့်တော်မူခဲ့တဲ့ သူဌေးကြီး ဦးစိန်တစ်လုံးဆီ သွားကြရအောင် "

ဟုပြောလေ၏။ ကောင်းကင်က မျက်မှောင်ကြုတ်၍

" ငါကတော့ ရက္ခစိုးအယောင်ဆောင်ထားတဲ့ လူကြီးရဲ့ စကားကို မယုံဘူး၊ ဒါပေမဲ့ အကျိုးအကြောင်းသိရအောင် စုံစမ်းကြည့်ရင် ကောင်းမယ် "

ဟုပြောလေ၏။

ထို့နောက်တွင်မူ ကောင်းကင်နှင့် မြေကြီးသည် သူဌေးကြီး ဦးစိန်တစ်လုံး၏ ခြံကြီးသို့မေးမြန်းစုံစမ်းပြီး ရောက်ရှိသွားလေ၏။

ဦးစိန်တစ်လုံး၏ အိမ်ကြီးသည် မြို့တောင်ပိုင်း ဘုရားအနီးတွင် ရှိပြီး အနီရောင်တိုက်အိမ်ကြီးဖြစ်၏။ ခြံကြီးရှေ့သို့ရောက်သောအခါ ညမှောင်ရိပ်သန်းနေပြီဖြစ်၏။

ကောင်းကင်က ခြံရှေ့သို့ရောက်သောအခါ

" အိမ်ရှင်တို့… အိမ်ရှင်တို့ "

ဟု အော်ဟစ်လိုက်လေ၏။





ခဏကြာလျှင် ခြံဝသို့ မီးအိမ်နီလေးကိုင်ဆွဲထားသော လူကြီးတစ်ဦး ရောက်ရှိလာကာ

" ဘာကိစ္စလဲ မောင်ရင်တို့ "

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ ကောင်းကင်က

" ကျုပ်တို့ သူဌေးကြီး ဦးစိန်တစ်လုံးနဲ့တွေ့ချင်လို့ပါ "

ဟု ပြောလေရာ မီးအိမ်နီကိုင်ဆွဲထားသော လူကြီးက မီးအိမ်ကိုမြှောက်၍ ကောင်းကင်နှင့် မြေကြီးတို့၏မျက်နှာကို ကြည့်ကာ

" မောင်ရင်တို့က လူစိမ်းတွေပဲ၊ ကျုပ်အထင်တော့ သူဌေးကြီးနဲ့တွေ့ဖို့ ရောက်လာဟာ ချမ်းသာချင်လို့နဲ့တူတယ် "

ဟု ပြောလေရာ မြေကြီးက ဝမ်းသာအားရဖြင့်

" သိပ်ဟုတ်တာပေါ့ဗျာ၊ ကျုပ်တို့ ချမ်းသာချင်လို့ သူဌေးကြီးနဲ့ လာတွေ့တာပါ၊ ကျုပ်တို့ကို အမြန်ဆုံးတွေ့ခွင့်ပေးပါ "

ဟု ပြောလေ၏။

ထိုအခါ မီးအိမ်နီကိုင်ဆွဲထားသော လူကြီးက မည်သည့်စကားကိုမျှ မဆိုတော့ဘဲ ခြံတံခါးသော့ကို ဖွင့်နေလေ၏။ ပြီးနောက် ကောင်းကင်နှင့်မြေကြီးအား အိမ်ကြီးရှိရာသို့ ဦးဆောင်ပြီး ခေါ်ဆောင်သွားလေ၏။

ထို့နောက် ကောင်းကင်တို့အား အိမ်ကြီးအတွင်းရှိ ခမ်းနား



www.burmeseclassic.com

www.burmeseclassic.com



ထည်ဝါသော ညှို့ခန်းအတွင်း၌ ထိုင်စောင့်သွားလေ၏။

ကောင်းကင်တို့သည် စိတ်လှုပ်ရှားစွာဖြင့် သူဌေးကြီး ဦးစိန်တစ်လုံးအား စောင့်မျှော်နေကြလေ၏။

အတန်ကြာသောအခါ အိမ်ကြီး၏အပေါ်ထပ်လှေကားမှ နှုတ်ခမ်းမွေးကားကားကြီးရှိပြီး လွန်စွာဥပမိရုပ်ကောင်းသော လူကြီးတစ်ဦး ဆင်းသက်လာလေ၏။

ထိုလူကြီးသည် သူဌေးကြီး ဦးစိန်တစ်လုံးဖြစ်ပုံရ၏။ လူကြီးသည် ကောင်းကင်တို့၏ရှေ့တွင် ဝင်ထိုင်လိုက်ပြီး

" မောင်ရင်တို့ကို ဘယ်သူလမ်းညွှန်လိုက်တာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ မြေကြီးက နှုတ်သွက် လျှာသွက်ဖြင့်

" ကျွန်တော်တို့ကို ရက္ခစိုးမင်းကြီးက လမ်းညွှန်လိုက်တာပါ "

ဟု ပြောလေ၏။ မြေကြီး၏စကားကို သူဌေးကြီး ဦးစိန်တစ်လုံးက အံ့သြဟန်မပြဘဲ ခေါင်းတဆတ်ဆတ်ညိတ်၍

" ငါတင်တဲ့အတိုင်း ရက္ခစိုးက လမ်းညွှန်လိုက်တာကိုး။ ဒါပေမဲ့ ရက္ခစိုးလမ်းညွှန်လိုက်တဲ့လူတွေအားလုံး ငါ့ဆန္ဒကို ပြည့်ဝအောင် မဖြည့်ဆည်းနိုင်ကြပါဘူး "

ဟု ပြောလေရာ မြေကြီးက စိတ်လှုပ်ရှားသော အမူအရာ





ဖြင့်

" ဟင်··· သူဌေးကြီးက ရက္ခစိုးမင်းကိုသိနေတယ် ဟုတ်လား၊ ဒါဆိုရင် ကျွန်တော်တို့ကို စောင့်မကြည့်ရှုလိုက်တဲ့ ရက္ခစိုးမင်းက အမှန်တကယ် ရှိတာပေါ့နော် "

ဟု မေးမြန်းလေ၏။ ထိုအခါ သူဌေးကြီး ဦးစိန်တစ်လုံးသည် မြေကြီး၏မျက်နှာအား ကရုဏာသက်ဟန်ဖြင့် ကြည့်ရှုလိုက်ပြီး

" ရက္ခစိုးမင်းက မောင်ရင်တို့ကို အမှန်တကယ် မစခဲ့တယ်လို့ ယုံကြည်တယ်ပေါ့ "

ဟု မေးမြန်းလေ၏။ ထိုအခါ ကောင်းကင်ကဝင်ရောက်၍

" ကျုပ်တော့ ဒီလူကြီးကို အရူးတစ်ယောက်လို့ပဲ ထင်တယ် "

ဟု ပြောလေ၏။ ကောင်းကင်၏စကားကြောင့် သူဌေးကြီး ဦးစိန်တစ်လုံးက ခေါင်းတဆတ်ဆတ်ညိတ်၍

" မောင်ရင့်ရဲ့ အတွေးအခေါ်က ယောဒီကသူငယ်ထက်သာတယ်၊ စဉ်းစားဆင်ခြင်နိုင်စွမ်းရှိတယ်၊ ယုတ္တိရှိမရှိ ခွဲခြားနိုင်တယ်၊ တကယ်တော့ ရက္ခစိုးဟာ စိတ်မနှံ့ရှာတဲ့ လူတစ်ယောက်ပါ၊ သူစိတ်ကောင်းစဉ်အခါက ဒီမြို့မှာ အချမ်းသာဆုံး သူဌေးတစ်ယောက်ပါ၊ နောက်တော့ ညစဉ်ညတိုင်း ရက္ခစိုးဖြစ်မယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့အိပ်မက်တွေမြင်မက်ပြီးတဲ့နောက် နတ်ဝတ် နတ်စားတွေ ဝတ်ဆင်ပြီး မြို့ပြင်က ညောင်ပင်ကို ရောက်သွားတော့တာပဲ၊ သူနဲ့ ကျုပ်ဟာ ခင်မင်ရင်းနှီးတဲ့မိတ်ဆွေတွေပါ၊ သူဟာ ရုက္ခစိုးဘဝ ရောက်နေတာတောင်မှ ကျုပ်ရဲ့ကောင်းကျိုးဆန္ဒပြည့်ဝအောင် ကူညီပေးနေသေးတယ်၊ မိတ်ဆွေအပေါ် အင်မတန် သစ္စာရှိတဲ့ ရုက္ခစိုးကြီးပါပဲ ”

ဟု မှတ်ချက်ချလေ၏။

သူဌေးကြီး ဦးစိန်တစ်လုံး၏စကားကြောင့် မြေကြီးသည် ရှက်ကိုးရှက်ကန်းဖြစ်သွားလေ၏။ မြေကြီးက

“ ရုက္ခစိုးအယောင်ဆောင်လူကြီးက ချမ်းသာချင်ရင် သူဌေးကြီးဆီကို သွားပါလို့ လမ်းညွှန်လိုက်တယ်၊ သူ့ရဲ့စကားက အမှန်ပဲလား ”

ဟု မေးမြန်းလေ၏။ ထိုအခါ သူဌေးကြီး ဦးစိန်တစ်လုံးက ခေါင်းညိတ်၍

“ ကျုပ်ဆီကိုလာရင် ကြီးပွားချမ်းသာမယ်ဆိုတာ ကျုပ်က မောင်ရင်တို့ကို အလုပ်တစ်ခုစေခိုင်းမလို့ပါ၊ ဒီအလုပ်ကို အောင်မြင်အောင် လုပ်နိုင်ရင် မောင်ရင်တို့အတွက် ရွှေတစ်ပိဿာ ချီးမြှင့်မယ်၊ မအောင်မြင်ဘူးဆိုရင်တော့ မောင်ရင်တို့ ဘာအကျိုးအမြတ်မှ ရလာမှာမဟုတ်ဘူး ”





ဟု ပြောလေ၏။ မြေကြီးက စိတ်လှုပ်ရှားဟန်ဖြင့်

“ ရွှေတစ်ပိဿာတောင်ရမယ် ဟုတ်လား၊ ရွှေတစ်ပိဿာ ဆိုတာ မနည်းပါလားဗျ၊ တစ်ပြိုင်တည်း ကြီးပွားချမ်းသာသွား လောက်ပါပေတယ်၊ ဒါနဲ့နေပါဦး၊ ဦးလေးက ကျုပ်တို့ကို ဘာ လုပ်ခိုင်းမှာလဲ ”

ဟု မေးမြန်းလေ၏။ ထိုအခါ သူဌေးကြီး ဦးစိန်တစ်လုံးက

“ မောင်ရင်တို့က ပျောက်ဆုံးနေတဲ့လူတစ်ယောက်ကို ရအောင် ရှာဖွေပေးရမယ်၊ အဲဒီလူကို ရှာနိုင်ရင် ကျုပ်က ရွှေ တစ်ပိဿာပေးဖို့ အသင့်ပဲ ”

ဟု ပြောလေ၏။ ကောင်းကင်က ဦးစိန်တစ်လုံး၏ စကားကြောင့် မျက်မှောင်ကြုတ်လိုက်ပြီး

“ အဲဒီလူက ဘယ်သူလဲ၊ သူဌေးကြီးနဲ့ ဘယ်လို ပတ်သက်လဲ၊ လူတစ်ယောက်အတွက် ရွှေတစ်ပိဿာတောင်သုံးမယ် ဆိုတော့ အံ့ဩစရာပဲ ”

ဟု ပြောလေ၏။ ထိုအခါ သူဌေးကြီး ဦးစိန်တစ်လုံးက

“ သူဟာ ကျုပ်ရဲ့ တစ်ဦးတည်းသောသမီးလေး မာလာ ပဲ၊ ဒီနေ့ထိ ကျုပ်သမီးလေးဟာ သက်ရှိထင်ရှားရှိနေမယ်လို့ ကျုပ်ယုံကြည်တယ်၊ ဒါကြောင့် စွန့်စားချင်တဲ့လူတွေကို ကျုပ်က ဖိတ်ခေါ်ပြီး သမီးလေးကိုရှာဖွေဖို့ စေခိုင်းရတာပဲ၊ သမီးလေးနဲ့ပြန်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရမယ်ဆိုရင် ရွှေတစ်ပိဿာဆိုတာ ကျုပ် အတွက် ဘာမှမဟုတ်ပါဘူး ”

ဟု ပြောလေ၏။

ထိုအခါမှပင် ကောင်းကင်နှင့်မြေကြီးသည် သူဌေးကြီး ဦးစိန်တစ်လုံး စေခိုင်းမည့် လုပ်ငန်းသဘောကို နားလည်သွားလေ၏။ ၎င်းတို့သည် ရူးစမ်းရှာဖွေလိုစိတ်ရှိပြီး စွန့်စားလိုသော လူငယ်များဖြစ်သဖြင့် သူဌေးကြီး ဦးစိန်တစ်လုံး၏သမီးအား ရှာဖွေလိုစိတ်များ ဖြစ်ပေါ်လာ၏။

၎င်းတို့ရရှိမည့် ရွှေတစ်ပိဿာဆိုသော ငွေအသပြာမှာလည်း လူငယ်နှစ်ဦးအား လောဘစိတ်များ တဖွားဖွား ဖြစ်ပေါ်စေ၏။

ကောင်းကင်က စိတ်အားတက်ကြွသော အမူအရာဖြင့်

“ သူဌေးကြီးရဲ့သမီးကို ရှာဖွေတဲ့လူတွေ ဘယ်နှစ်ယောက်လောက် ရှိပြီလဲ ”

ဟု မေးမြန်းလေ၏။ ထိုအခါ သူဌေးကြီး ဦးစိန်တစ်လုံးက

“ ကျုပ်ဆီကို စွန့်စားလိုစိတ်ရှိတဲ့ လူတချို့ရောက်လာကြတယ်၊ ဒီအထဲမှာ ရာဇဝတ်အုပ်ဟောင်းတစ်ယောက်တောင်ပါသေးတယ်၊ ဒါပေမဲ့ သူတို့အားလုံး ကျုပ်ရဲ့သမီးလေးကို ရအောင်မရှာနိုင်ကြသေးဘူး၊ ဘယ်သူပဲဖြစ်ဖြစ် ကျုပ်သမီးလေးကို ရအောင်





ရှာနိုင်ရင် ကျုပ်က ရွှေတစ်ပိဿာ ချီးမြှင့်မှာပဲ၊ မောင်ရင်တို့ စွန့်စားချင်တဲ့စိတ်ရှိရင် ကျုပ်သမီးလေးကို အစွမ်းကုန် ကြိုးစားပြီး ရှာဖွေပေးကြပါ၊ ကျုပ်ကတော့ မီးဇာကုန် ဆီခမ်းဖြစ်နေတဲ့ အဘိုးကြီး ဖြစ်နေပြီဆိုတော့ သမီးလေးကို လိုက်မရှာနိုင်တော့ဘူး ”

ဟု ပြောလေ၏။ ထိုအခါ ကောင်းကင်က

“ ဦးလေးတို့သားအဖရဲ့အကြောင်းကို ကြားရတာ စိတ်မကောင်းပါဘူးဗျာ၊ ဒါနဲ့နေပါဦး၊ ဦးလေးရဲ့သမီးက ဘယ်အရွယ်လောက်ရှိပြီလဲ၊ ဦးလေးဆီက ဘယ်လိုပျောက်ဆုံးသွားတာလဲ ”

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးစိန်တစ်လုံးက

“ ကျုပ်သမီးက မောင်ရင်တို့အသက်လောက်ပဲရှိသေးတယ်၊ ကျုပ်ဟာ သမီးလေးကို အရိပ်တကြည့်ကြည့် ကြည့်နေတဲ့လူဆိုတော့ သမီးမှာ ချစ်သူရည်းစားမရှိဘူးဆိုတာ ကျုပ်အသိဆုံးပါ၊ ကျုပ်သမီးလေးဟာ သူ့ရဲ့ (၁၆)နှစ်ပြည့်တဲ့မွေးနေ့မှာ မြို့ပြင်စေတီကို ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်းဖို့ သွားရင်းနဲ့ ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့တာပဲ၊ ကျုပ်က မြို့ပေါ်မှာ သူကြွယ်တစ်ဦးဆိုတော့ သမီးလေးကို ပြန်ပေးဆွဲသွားတယ်လို့ ထင်ခဲ့တယ်၊ ဒါပေမဲ့ ဒီနေ့အထိ သမီးလေးနဲ့ ပတ်သက်တဲ့သတင်း မကြားရဘူး ”

ဟု ပြောလေ၏။ ထိုအခါ ကောင်းကင်က

“ ဦးလေးရဲ့သမီး ပျောက်ဆုံးသွားတာ ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ကြာပြီလဲ ”

ဟု မေးမြန်းလေ၏။ ထိုအခါ သူဌေးကြီး ဦးစိန်တစ်လုံးက

“ ကျုပ်သမီးလေးပျောက်ဆုံးသွားတာ တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့ဆိုရင် (၃)နှစ်တိတိပြည့်တဲ့နေ့ပဲ၊ ဒီလိုနေ့မျိုးမှာ သမီးလေးနဲ့ပတ်သက်ပြီး မောင်ရင်တို့ရောက်လာတယ်ဆိုတော့ သမီးလေးအတွက် ကံထူးမယ် ထင်တာပဲ ”

ဟု ပြောလေ၏။

လူကြီးက အခန်းထောင့်ရှိ ဗီရိုပေါ်တွင်တင်ထားသော ဓါတ်ပုံတစ်ပုံကို လက်ညှိုးညွှန်ပြကာ

“ ဒီပုံဟာ ဦးလေးရဲ့သမီး မာလာရဲ့ပုံပဲ ”

ဟု ပြောလေ၏။

ကောင်းကင်တို့သည် ဓါတ်ပုံထဲမှ မိန်းကလေးကို ကြည့်လိုက်သောအခါ အလွန်ပင်ချောမောလှပပြီး ချစ်စဖွယ်ကောင်းကြောင်းတွေ့လိုက်ရ၏။ လူကြီးက အခန်းထောင့်ဆီသို့ လျှောက်သွားပြီး ဗီရိုပေါ်ရှိ ဓါတ်ပုံကို လှမ်းဆွတ် တမ်းတဟန်ဖြင့်ကြည့်ကာ

“ ကျုပ်သမီးလေးဟာ အင်မတန်ရိုးသားဖြူစင်ပြီး အပြစ်ကင်းပါတယ်၊ သမီးလေးနဲ့ကျုပ်အခုလို ရှင်ကွဲကွဲရမယ်လို့တယ်တော့မှ မျှော်လင့်မထားဘူး၊ သမီးလေးက အင်မတန် စိတ်သဘောထားဖြူစင်ပြီး သူတစ်ပါး အပေါ် ဘယ်တော့မှ အနိုင်မယူတတ်ဘူး





သိုးကလေးလို ဖြူစင်ပြီး အင်မတန် ရိုးသားတယ်၊ သမီးလေးဟာ ဘယ်လိုအန္တရာယ်မျိုးနဲ့ ကြုံတွေ့နေသလဲ မသိဘူး ”

ဟု မချိတင်ကဲ အမူအရာဖြင့် ပြောလေ၏။

ကောင်းကင်နှင့် မြေကြီးသည် ဦးစိန်တစ်လုံးကို ကရုဏာသက်ဟန်ဖြင့် ကြည့်ရှုပြီး ကောင်းကင်က

“ ကျုပ်တို့နှစ်ယောက် မြန်မာပြည်အနှံ့ ခရီးဆန့်ပြီးတော့ မာလာ့ကို မတွေ့တွေ့အောင် ရှာပေးပါ့မယ်၊ မာလာဟာ ဒီကမ္ဘာလောကကြီးမှာ သက်ရှိထင်ရှား ရှိနေမယ်ဆိုရင် မတွေ့တွေ့အောင် ရှာနိုင်မှာပါ၊ ဦးလေးတို့ သားအဖရဲ့အကြောင်းကို ကျုပ်တို့ကို စုံစုံလင်လင်ပြောပြပါ ”

ဟု မေးမြန်းလေ၏။ ထိုအခါ သူဌေးကြီး ဦးစိန်တစ်လုံးက

“ ကျုပ်တို့သားအဖဟာ အဖေတစ်ခု သမီးတစ်ခုဘဝပါ၊ ကျုပ်တို့ဟာ ငွေကြေးချမ်းသာကြွယ်ဝပေမဲ့ ဆွေမျိုးရင်းချာရယ်လို့ မရှိသလောက် ရှားပါးပါတယ်၊ ကျုပ်ဟာ တစ်ကောင်ကြွက်ဘဝနဲ့ ကြီးပွားချမ်းသာတဲ့ဘဝ ရောက်အောင် ကြိုးစားရုန်းကန်လာခဲ့ရတယ်၊ ကျုပ်မိန်းမကလည်း ဆင်းရဲပြီး အမျိုးအဆွေနည်းတဲ့ တောင်သူမျိုးရိုးပါ၊ ဒါကြောင့် ကျုပ်တို့မှာ ဆွေမျိုးရင်းချာ မရှိဘူးလို့ ဆိုနိုင်ပါတယ် ”

ဟု ပြောလေ၏။ ထိုအခါ ကောင်းကင်က မျက်မှောင်



www.burmeseclassic.com

www.burmeseclassic.com



ကြုတ်၍

" ဒါဆိုရင် ဦးလေးရဲ့သမီးပျောက်ဆုံးသွားတာ အလွန်အံ့ဩစရာ ကောင်းတယ်၊ သူ့ကို လူဆိုးဓါးပြတွေ ဖမ်းသွားတာလား၊ ဒါမှမဟုတ် သူ့ဘဝမှာ ကြုံတွေ့ရတဲ့ စိတ်ဆင်းရဲစရာ ပြဿနာတစ်ခုကြောင့်လား၊ အမျိုးမျိုး စဉ်းစားစရာပဲ "

ဟု ပြောလေရာ သူဌေးကြီး ဦးစိန်တစ်လုံးက ခေါင်းခါယမ်း၍

" ကျုပ်သမီးလေးကို ရွှေပေါ်မြတင် ထားခဲ့တာပါ၊ ဘဝမှာ ပူပင်သောကနဲ့ စိုးရိမ်ကြောင့်ကြဆိုတာ အလွန်အင်မတန် ရှားပါတယ်၊ ဒီအရပ်ကနေ စိတ်ထိခိုက်ပြီး ထွက်ခွာသွားဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး၊ လူဆိုး ဓါးပြတွေ ဖမ်းဆီးသွားတယ်ဆိုရင်လည်း ကျုပ်ဟာ သူဌေးတစ်ယောက်ဖြစ်တဲ့အတွက် ပြန်ပေးဆွဲတဲ့စာ ရောက်လာမှာပဲ၊ ကျုပ်သမီးပျောက်တာ (၃)နှစ်တောင် ရှိနေပြီ၊ လူဆိုးဓါးပြတွေရဲ့ ဆက်သွယ်မှုမရသေးဘူး၊ သမီးလေး ပျောက်တဲ့ကိစ္စက အင်မတန် ထူးဆန်းနေတယ်၊ ကျုပ်သမီးကို ဘယ်လိုလူတွေက ဖြားယောင်း သွေးဆောင်ပြီး ခေါ်သွားလဲ၊ ဒါမှမဟုတ်လည်း အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားတာလား၊ ဒီအဖြေကို ကျုပ် (၃)နှစ်လုံးလုံး တွေးနေပေမဲ့ ဒီနေ့အထိမရခဲ့ဘူး၊ သမီးလေးကို ပြန်တွေ့ဖို့အတွက် ပုလိပ်တွေကလည်း အစွမ်းရှိသလောက် ကြိုးစား





ခဲ့ပြီးပြီ၊ ကျုပ်ဟာ ကိုလိုနီ ခေတ် ပုလိပ်တွေကို လာဘ်ငွေအမျိုးမျိုး ပေးပြီး စည်းရုံးတယ်၊ ဒါပေမဲ့ ပုလိပ်တွေအစွမ်းနဲ့ ရအောင်မရှာနိုင်ခဲ့ဘူး၊ တစ်နေ့ ငါ့မိတ်ဆွေ ရက္ခစိုးက အိမ်ကိုရောက်လာပြီး သမီးလေးကိုရှာဖွေဖို့အတွက် လူစွမ်းကောင်းတွေကို ရွှေတစ်ပိဿာပေးပြီး စည်းရုံးရမယ်လို့ အကြံပေးတယ်၊ ရက္ခစိုးရဲ့ အကြံဉာဏ်ကောင်းတာနဲ့ သမီးလေးကို ရှာဖွေနိုင်တဲ့သူကို ရွှေတစ်ပိဿာ ချီးမြှင့်မယ်လို့ ဆုံးဖြတ်ခဲ့တယ်၊ ဒီသတင်းကိုကြားတဲ့ စွန့်စားလိုသူ တချို့ဟာ ကျုပ်ဆီကို ရောက်လာပြီး သမီးကို ရှာဖွေမယ်လို့ ကတိတွေ အတန်တန်ပေးခဲ့တယ်၊ ဒါပေမဲ့ ဒီနေ့အထိ သူတို့အားလုံး သမီးကို တွေ့အောင်မရှာနိုင်ခဲ့ပါဘူး "

ဟု ပြောရင်း ကောင်းကင်နှင့်မြေကြီးကို မျက်လုံးဝေ့ကြည့်ပြီး

" မောင်ရင်တို့ ကျုပ်နဲ့အတူ ညစာစားရင်း သမီးလေး ပျောက်ဆုံးသွားတဲ့အကြောင်း ဆက်ပြီးပြောကြတာပေါ့ "

ဟု ပြောကာ သူဌေးကြီး ဦးစိန်တစ်လုံးသည် သူ၏ထမင်းချက်အား ညစာစားသောက်ရန် ပြင်ဆင်ခိုင်းလိုက်လေ၏။

ကောင်းကင်တို့သည် ဦးစိန်တစ်လုံးနှင့်အတူ ညစာစားပြီး ဦးစိန်တစ်လုံး၏ သမီး ပျောက်ဆုံးသွားခြင်းအကြောင်းကို သေချာစွာ မေးမြန်းနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဝိုင်းသိမ်းပြီးသောအခါ ဦးစိန်တစ်လုံးက

" မောင်ရင်တို့နှစ်ယောက် ဒီနေ့ည ကျုပ်အိမ်မှာပဲ အိပ်လိုက်ပါ၊ ချစ်တီးတိုက်လှေကားတွေဆီကို ပြန်သွားမနေပါနဲ့တော့ "

ဟု ပြောလေရာ မြေကြီးက သူဌေးကြီး ဦးစိန်တစ်လုံးကို အားနာဟန်ဖြင့် ကြည့်၍

" ချစ်တီးတိုက်လှေကားတွေမှာ အိပ်ခွင့်ရတာ ကျုပ်တို့မိတ်ဆွေ ဦးအောက်ထိုးကြီးရဲ့ကျေးဇူးကြောင့်ဗျ၊ ဒီနေ့ည လှေကားထစ်တွေဆီကို ပြန်မအိပ်ရင် ဦးအောက်ထိုးကြီး မျှော်နေမှာပဲ "

ဟု ပြောလေ၏။

ထို့နောက် သူဌေးကြီး ဦးစိန်တစ်လုံးက ကောင်းကင်တို့အား အိမ်ကြီး၏ တစ်နေရာရှိ အခန်းတစ်ခန်းသို့ ခေါ်ဆောင်သွားလေ၏။ ထိုအခန်းရှေ့သို့ ရောက်သောအခါ ဦးစိန်တစ်လုံးက

" ဒီအခန်းက အရင်တုန်းက ကျုပ်သမီးမာလာ အိပ်ခဲ့တဲ့အခန်းပဲ၊ မောင်ရင်တို့နှစ်ယောက်ဟာ သမီးလေးပျောက်ဆုံးပြီး (၃)နှစ်ပြည့် တဲ့အချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် အိမ်ကိုရောက်လာတယ်၊ ဒါကြောင့် မောင်ရင်တို့နဲ့ ကျုပ် ကံစပ်မယ်လို့မျှော်လင့်ပြီး သမီးရဲ့အခန်းမှာ အိပ်ခိုင်းတာပဲ "

ဟု ပြောလေ၏။

အိပ်ခန်းထဲ၌ ခုတင်ပုလေးတစ်လုံးနှင့် မှန်တင်ခုံ အဝတ်





ဗီရိုတို့ရှိလေ၏။ မြေကြီးသည် မာလာ၏ခုတင်ကို မျက်လုံးဝေ့ကြည့်၍ ပခုံးတွန့်လိုက်ပြီး

" မိန်းကလေးတစ်ယောက်ရဲ့ခုတင်မှာ အိပ်ရတာ ငါတော့ မဝံ့ရဲဘူး၊ ဖျာခင်ပြီး အောက်မှာပဲအိပ်မယ်ဟေ့ "

ဟု ဆိုကာ အခန်းထောင့်ရှိ ဖျာကိုယူ၍ လှဲချလိုက်လေ၏။

ကောင်းကင်သည် မျက်လုံးများကြောင်ပြီး အိပ်ချင်စိတ်မရှိသေးသဖြင့် အခန်းထောင့်ရှိ ဗီရိုကိုဖွင့်ကြည့်လိုက်ရာ မြန်မာ့အလင်းနှင့် သူရိယသတင်းစာများကို တွေ့ရပြီး မဂ္ဂဇင်းစာအုပ်အချို့ကိုလည်း မြင်ရ၏။

ကောင်းကင်သည် ဂန္ထလောက မဂ္ဂဇင်းစာအုပ်ကိုယူ၍ ဖတ်ရှုနေလေ၏။ စာအုပ်၏တစ်နေရာသို့ရောက်သောအခါ ဖောင်တိန်ဖြင့် ရေးထားသော စာကြောင်းတစ်ကြောင်းကို မြင်ရလေ၏။

ထိုစာကို ဖတ်ရှုကြည့်သောအခါ

ရောက်ခြောက်သွားသရွေ့ ဝေးတဲ့လမ်းဟာ ဝေးနေဦးမှာပဲ

မာလာ

ဟု ရေးခြစ်ထားလေ၏။

မာလာဟူသောအမည်ကို နာမည်ရေးထိုးထားခြင်းမရှိဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းထိုးထားခြင်းဖြစ်၏။ သူမ၏ဆိုင်းမှာ အလွယ်တကူ ဖတ်ရှုလွယ်၏။

ဂန္ဓလောက မဂ္ဂဇင်းထွက်ရှိရာ နှစ်၊ လကို ကြည့်ရှုလိုက်သောအခါ မာလာမပျောက်ဆုံးမီ လအနည်းငယ်က မဂ္ဂဇင်းဖြစ်လေ၏။

မာလာစာကြောင်းရေးထိုးထားသော နေရာသည် လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ ဗုဒ္ဓဘာသာနှင့်အခန်းဆက် ဝတ္ထုနေရာ၌ ဖြစ်၏။ ကောင်းကင်သည်

“ ရောက်အောင်မသွားသရွေ့ ဝေးတဲ့လမ်းဟာ ဝေးနေဦးမှာပဲ ”

ဟူသောစာကြောင်းကို လေသံထွက်၍ ဖတ်ရှုကြည့်ပြီး

“ ဒီစာကြောင်းလေးဟာ ရိုးသလိုနဲ့ အဓိပ္ပာယ်တွေ အများကြီးကြွယ်ဝပါလား ”

ဟု မှတ်ချက်ချလိုက်လေ၏။

ကောင်းကင်သည် ဂန္ဓလောက မဂ္ဂဇင်း၌ပါဝင်သော ဗုဒ္ဓဘာသာနှင့်ဝတ္ထုကို ဖတ်ရှုရင်း မျက်လုံးများမှေးစင်းလာပြီး အိပ်ပျော်သွားလေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ ကောင်းကင်တို့သည် သူဌေးကြီး ဦးစိန်တစ်လုံးကို နှုတ်ဆက်၍





“ ကျုပ်တို့ မြန်မာပြည်အနှံ့လှည့်ပြီးတော့ ဦးစိန်တစ်လုံးရဲ့သမီး မာလာကို လိုက်ရှာမယ်၊ မာလာဟာ သက်ရှိထင်ရှားရှိနေမယ်ဆိုရင်တော့ မြန်မာပြည်ရဲ့တစ်နေရာမှာ ကျုပ်တို့တွေ့မှာပဲ ”

ဟု ပြောလေရာ ဦးစိန်တစ်လုံးသည် ဗီရိုရှိရာသို့ လျှောက်သွားပြီး အံဆွဲကိုဖွင့်ကာ မာလာ၏ဓါတ်ပုံငယ်လေးတစ်ပုံကို ယူလာပေးလေ၏။

“ ကျုပ်သမီးလေး ပျောက်ဆုံးသွားစဉ်က ရိုက်ထားတဲ့ပုံပါ၊ ကျုပ် သမီးလေးကို ရှာတဲ့နေရာမှာ လွယ်ကူဖို့အတွက် ဒီပုံတွေကို အများကြီးကူးထားတယ် ”

ဟု ဆိုကာ ကောင်းကင်၏လက်သို့ မာလာ၏ဓါတ်ပုံငယ်လေးတစ်ပုံ ပေးအပ်လိုက်လေ၏။

သူဌေးကြီး ဦးစိန်တစ်လုံးသည် သမီးဖြစ်သူနှင့်တွေ့ဆုံရန် မျှော်လင့်ချက်ကြီးစွာ ထားပုံရ၏။ ဦးစိန်တစ်လုံး၏ အမူအရာကို ကြည့်၍ မြေကြီးက

“ ဦးလေးဆီက ရွှေတစ်ပိဿာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျုပ်တို့က ကြိုးစားပြီး ရှာဖွေပေးမှာပါ၊ ဦးလေး ဘုရားမှာသာ ဆုတောင်းပေတော့ ”

ဟု ပြောလိုက်လေတော့၏။

ထို့နောက်တွင်မူ ကောင်းကင်နှင့် မြေကြီးသည် ၎င်းတို့



www.burmeseclassic.com

www.burmeseclassic.com



အိပ်စက်ရာ ချစ်တီးတိုက်ရှိရာသို့ ထွက်ခဲ့လေ၏။

ထိုအခါ ချစ်တီးတိုက်လှေကားတစ်များ၌ ထိုင်နေသော ဦးခေါက်ထိုးကို အံ့သြဖွယ် မြင်တွေ့ရ၏။

ဦးခေါက်ထိုးသည် တစ်ညလုံး ချစ်တီးတိုက်၌ ဒရဝမ် အလုပ်ကို လုပ်ကိုင်ပြီး နေ့ဘက်၌ မြို့ပြင်ဇရပ်တွင် သွားရောက် အိပ်စက်လေ့ရှိ၏။

ယခုဦးခေါက်ထိုးက အိပ်စက်ခြင်းမရှိဘဲ တွေ့ရသောအခါ ၎င်းတို့နှစ်ယောက်စလုံး အံ့သြသွားလေ၏။ ကောင်းကင်က

" ဦးခေါက်ထိုး ခင်ဗျားမအိပ်ဘဲ လှေကားထစ်မှာ ဘာထိုင်စောင့်နေတာလဲ "

ဟုမေးမြန်းလေ၏။ ထိုအခါ ဦးခေါက်ထိုးက ကောင်းကင် နှင့် မြေကြီးကို ကြည့်၍

" မင်းတို့နှစ်ယောက်ကို စောင့်နေတာကွ၊ မင်းတို့ ညက လှေကားထစ်မှာ ပြန်မအိပ်တဲ့အတွက် မြို့ထဲမှာ ဒုက္ခရောက်နေပြီလို့ ထင်နေတာ၊ မင်းတို့ ဘယ်ရောက်နေတာလဲ "

ဟု စိုးရိမ်ဟန်ဖြင့် မေးမြန်းလေ၏။ ထိုအခါကောင်းကင်က

" ဟား...ဟား...ဟား.... ဦးခေါက်ထိုးကြီးက ကျုပ်တို့ကိုစိုးရိမ်ပြီး လာစောင့်နေတာကိုး၊ ဒီမြို့မှာ ကျုပ်တို့အတွက် ဘာအန္တရာယ်မှမတွေ့နိုင်ပါဘူးဗျာ၊ မစိုးရိမ်ပါနဲ့ "





ထိုအခါ မြေကြီးကလည်း ဝင်ရောက်၍

" ဟုတ်တယ် ဦးခေါက်ထိုးကြီး၊ ကျုပ်တို့ သူဋ္ဌေးဖြစ်တော့မယ်၊ ကျုပ်တို့သူဋ္ဌေးဖြစ်အောင် မြို့ပြင်က ရက္ခစိုးကြီးက မစလိုက်ပြီ "

ဟု ပြောလေ၏။ မြေကြီး၏စကားကြောင့် ဦးခေါက်ထိုး က မျက်မှောင်ကြုတ်လိုက်ပြီး

" သြော်... မင်းတို့က မြို့ပြင်က ရက္ခစိုးနဲ့တွေ့ပြီးပြီကိုး၊ ဒီလိုဖြစ်မယ် လို့ ငါထင်တော့ ထင်လိုက်သားပဲ၊ ဒါဆိုရင် မင်းတို့ သူဋ္ဌေးကြီး ဦးစိန်တစ်လုံးဆီ ရောက်သွားပြီပေါ့ "

ဟု မေးမြန်းလိုက်လေ၏။ ကောင်းကင်က ခေါင်းညိတ်၍

" ဟုတ်တယ်၊ ရက္ခစိုးရဲ့လမ်းညွှန်မှုကြောင့် ကျုပ်တို့ ရွှေတစ်ပိဿာရမဲ့အလုပ်ကို လုပ်ဖို့ဆုံးဖြတ်လိုက်ပြီ "

ဟု ပြောလေ၏။ ထိုအခါ ဦးခေါက်ထိုးက မျက်နှာရှုံ့မဲ့ သွားပြီး

" မင်းတို့ အတော်လောဘကြီးတဲ့ကောင်တွေ။ ဦးစိန်တစ် လုံးက သမီးအေနဲ့ ရှုံးနိမ့်ပြီးတော့ လူတွေကို ရွှေတစ်[illegible] လို့ ကြော်ငြာထားတာကွ၊ ငါ့အထင်တော့ သူ့သမီးကိုပြန်တွေ့ရင် ရွှေတစ်ပိဿာကို တကယ်ပေးမယ်လို့ မထင်ဘူး၊ ဦးစိန်တစ်လုံးဟာ အင်မတန်လောဘကြီးတဲ့လူကြီးကွ၊ မင်းတို့တော့ မဖြစ်နိုင်တာကိုစွ



www.burmeseclassic.com

www.burmeseclassic.com



အတွက် အချိန်တွေကုန်ပြီးတော့ လူပင်ပန်း၊ စိတ်ပင်ပန်း ဖြစ်တော့မှာပဲ၊ ငါ့အထင်တော့ ဦးစိန်တစ်လုံးကြီးရဲ့ သမီးဖြစ်သူဟာ ဒီကမ္ဘာမြေပေါ်မှာ အသက်ရှင်လျက်ရှိမယ် မထင်တော့ဘူး၊ မင်းတို့ဟာ ကိုယ်ကျိုးစီးပွားကို မလုပ်ဘဲနဲ့ ဒီလူကြီးသမီးအတွက် အချိန်ကုန်ခံတော့မယ်ပေါ့၊ ဒါဆိုရင် ဟောဒီချစ်တီးတိုက်ကြီးရဲ့ လှေကားထစ်မှာ ငါတစ်ယောက်တည်း အထီးကျန်ပြန်အိပ်ရတော့မယ် ”

ဟု ပြောလေ၏။

ဦးအောက်ထိုး၏စကားကြောင့် မြေကြီးက ရယ်မော၍

“ ဟဲ…ဟဲ…သိပ်သေချာတာပေါ့ဗျာ၊ ကျုပ်တို့က ရွှေတစ်ပိသာရပြီး သူဌေးကြီးတွေဖြစ်တော့မှာဗျ၊ အဲဒါဆိုရင်တော့ ဟောဒီလှေကားထစ်တွေမှာ ပြန်မအိပ်ဖို့ သေချာသွားပြီ ”

ဟု ပြောလေ၏။ ကောင်းကင်က ဝင်ရောက်၍

“ ကျိစယ်တာပါဗျာ၊ ကျုပ်တို့ကို ဦးအောက်ထိုးနဲ့အတူ လှေကားထစ်မှာ အိပ်ခွင့်ပေးတာ ကျေးဇူးမမေ့ပါဘူး၊ ကျုပ်တို့ မနက်ဖြန် ဒီမြို့က ထွက်ခွာသွားတော့မယ်၊ ဒါကြောင့် လိုအပ်တာ ဆီ ဝယ်ဖို့ ဈေးကိုသွားလိုက်ဦးမယ် ”

ဟု ဆိုကာ ဦးအောက်ထိုးနှင့် လမ်းခွဲထွက်ခဲ့လေတော့၏။

နောက်တစ်နေ့နံနက်သို့ရောက်သောအခါ ကောင်းကင်တို့သည် ဦးအောက်ထိုးအား နှုတ်ဆက်ပြီး မြို့ကထွက်ခဲ့လေတော့၏။





လမ်းခရီး၌ ကောင်းကင်က

“ ငါတို့ခရီးက လောလောဆယ် ဦးတည်ရာမရှိဘူး၊ ခြေဦးတည်ရာကိုပဲ သွားရမှာပဲ ”

ဟု ပြောလေ၏။ ကောင်းကင်တို့သည် မြို့တစ်မြို့သို့ ရောက်သောအခါ ကားပေါ်မှဆင်း၍ လှည့်လည်ကြည့်ရှုကြလေ၏။

အတန်ကြာအောင် ကြည့်ရှုပြီး တစ်နေရာသို့ရောက်သောအခါ သီလရှင်များနှင့် လူနှစ်ဦး စကားအချီအချ ပြောဆိုနေသည်ကို မြင်ရလေ၏။

ထိုသူများ၏ပြောစကားကို နားစွင့်ကြည့်သောအခါ လူနှစ်ယောက်မှာ လက်သမားဆရာများဖြစ်ကြပြီး သီလရှင်ဆရာမလေးများက ဈေးညှိနှိုင်းနေခြင်းဖြစ်၏။

ထိုအခါ လက်သမားဆရာတစ်ဦးက

“ ဒီမှာ ဆရာမလေး၊ ကျောင်းကိုဖျက်ပြီးတော့ တဲတား ပြင်ဖို့ဆိုတာ တစ်ရက်နဲ့မပြီးဘူး၊ လက်သမား နှစ်ယောက်ပေါင်းပြီး လုပ်ရင်တောင် အနည်းဆုံး သုံးရက်လောက်ကြာမယ်၊ ဒါကြောင့် ငွေ (၁၀၀) မရရင် လုပ်မပေးနိုင်ဘူး၊ ဒီမြို့မှာ လက်သမားဆရာဆိုလို့ ကျုပ်တို့နှစ်ယောက်ပဲ ရှိတယ်၊ ခင်ဗျားတို့မပေးနိုင်ဘူးဆိုရင်တော့ အနီးအနားမြို့တွေမှာ လက်သမား ရှာပေတော့၊ ဒါပေမဲ့ ကျုပ်တို့ကို ဘယ်သူမှ ဇာက်ရာ သေသေသပ်သပ် မလုပ်နိုင်ဘူးနော် ”



www.burmeseclassic.com

www.burmeseclassic.com



ဟု မောက်မာသော အမူအရာဖြင့် ပြောဆိုလေ၏။

လက်သမားနှစ်ဦး၏ အမူအရာကိုကြည့်၍ ကောင်းကင်က

" ဒီလူတွေ သီလရှင်တွေကိုပြောတာ မောက်မာလှချေလား၊ ဘာပဲဖြစ်ဖြစ် သီလရှင်ဆိုတော့ ဘုရားရဲ့သမီးတော်တွေပဲ၊ ဘုရား၊ တရားအလုပ်ကို အလေးအမြတ်ပြုနေတဲ့လူတွေဟာ သူတော်ကောင်းတွေပဲ၊ ငါတော့ သီလရှင်တွေကို အကူအညီပေးချင်တယ်၊ လက်သမားဆရာတွေမလုပ်တဲ့တံတားကို ငါတို့နှစ်ယောက် ကူညီပြီး လုပ်ပေးရင် မကောင်းဘူးလား "

ဟု ပြောလေရာ မြေကြီးက ခေါင်းညိတ်၍

" ငါလည်း လက်သမားတွေရဲ့စကားကို နားထောင်နေတာ၊ ဒီလူတွေ စကားပြောတာ ရင့်သီးလွန်းတယ်၊ ငါတို့နှစ်ယောက် တံတားဆောက်ပေးမယ်လို့ သွားပြောကြမယ် "

ဟု ဆိုကာ သီလရှင်များအနီးသို့သွားကာ

" ဆရာမလေးတို့ တံတားဆောက်ချင်လို့လား၊ တပည့်တော်တို့က လက်သမားဆရာတွေပါ၊ ဆရာမလေးတို့ကျောင်းက လိုအပ်တဲ့တံတားကို အသေသပ်ဆုံးဖြစ်အောင် ဆောက်ပေးပါ့မယ် "

ဟု ပြောလေ၏။

ထိုအခါ သီလရှင်များသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြပြီး သီလရှင်တစ်ဦးက





" ဒကာတို့က တံတားဆောက်ခ ဘယ်လောက်ယူမှာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ကောင်းကင်က

" တံတားဆောက်ခ တစ်ပြားမှမယူပါဘူး၊ တပည့်တော်တို့ ကုသိုလ်ယူချင်လို့ပါ "

ဟု ပြောလေရာ ၎င်းတို့စကားကို နားထောင်နေသော မောက်မာရိုင်းစိုင်းသည့် လက်သမားဆရာနှစ်ယောက်က

" ဟေ့ကောင်တွေ၊ ငါတို့အလုပ်ကို ဝင်လုတာလား၊ ဒီမြို့မှာ လက်သမားဆရာ မျိုးမြင့်နဲ့ သန့်စင်အကြောင်းကို မကြားဖူးဘူးနဲ့ တူတယ်"

ဟု ကြိမ်းမောင်းလိုက်လေရာ ကောင်းကင်က လက်သီးဆုပ်၍

" ခင်ဗျားတို့မှာ ဘာသာတရားမရှိဘူးလား၊ ရိုင်းပျလှချည်လား"

ဟု ပြောလိုက်ရာ မျိုးမြင့်ဆိုသော လက်သမားက

" ဟေ့ကောင်တွေ၊ ငါတို့က တစ်နေ့ကို ဘုရား (၁၀) ကြိမ်လောက် ရှိခိုးတဲ့ကောင်တွေကွ "

" ခင်ဗျားတို့ ဗုဒ္ဓဘာသာတွေဆိုရင် သီလရှင်ဆရာမလေးတွေအပေါ် ဘာလို့မောက်မောက်မာမာ ဆက်ဆံရသလဲ၊ ခင်ဗျားတို့



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ လက်သမားပညာနဲ့ သီလရှင်တွေအတွက် ကုသိုလ်ပြု လိုက်ရင် ရနိုင်တာပဲ ''

ဟု ပြောလိုက်ရာ သန့်စင်ဆိုသော လက်သမားက

'' ဟော့ကောင်တွေ၊ ငါတို့က မင်းတို့လို ကလေကဝတွေ မဟုတ်ဘူးကွ၊ မိသားစုအရေးရှိသေးတယ်၊ သီလရှင်တွေက တန်ရာ တန်ကြေး မပေးချင်ကြဘူး၊ သိပ်ကပ်စေးနည်းတယ် ''

ဟု ပြောလေရာ ကောင်းကင်က

'' ဒါဆိုရင်လည်း ခင်ဗျားတို့မပြုနိုင်တဲ့ကုသိုလ်ကို ကျုပ်တို့ ပြုလိုက်ပြီ၊ ကျုပ်တို့ရဲ့ကုသိုလ်ရေးမှာ ဝင်ပြီးနှောင့်ယှက်ဖို့ မကြိုးစား နဲ့တော့၊ ဒီထက်ပိုကဲလာရင်တော့ အသက်ချင်းလဲဖို့ ဝန်မလေးဘူး နော်၊ တစ်မြို့သားဆိုပြီး အညှာခံလိမ့်မယ် မထင်နဲ့ ''

ဟု ရဲဝံ့သောအမူအရာဖြင့် ပြောလိုက်ရာ လက်သမားဆရာ နှစ်ဦးသည် ကောင်းကင်နှင့်မြေကြီး၏ သတ္တိရှိပုံကို ရိပ်စားမိသွားပြီး မကျေမချမ်းဖြင့် နောက်ကြောင်းသို့ ထွက်ခွာသွားလေတော့၏။

သီလရှင်များသည် စမ်းမြောက်ဝမ်းသာဖြင့် ကောင်းကင်တို့ အား ကျောင်းသို့ ခေါ်ဆောင်သွားလေ၏။ ထိုအခါ ကျောင်းရှေ့သို့ ဖြတ်သန်းစီးဆင်းနေသော စမ်းချောင်းကလေးပေါ်သို့ သွယ်တန်း ထားသည့်တံတားမှာ ကျိုးကျနေကြောင်း တွေ့ရ၏။

တံတားကျိုးနေသဖြင့် သီလရှင်ဆရာမလေးသည် ဒူးဆစ်





ခန့်ရှိသော စမ်းချောင်းလေးသို့ ဖြတ်သန်းပြီး သွားလာနေရလေ၏။

ကောင်းကင်သည် ထိုမြင်ကွင်းကိုကြည့်၍

'' သီလရှင်တွေတန်မဲ့နဲ့ ဝတ်စုံတွေမပြီးတော့ စမ်းချောင်း ထဲကို ဖြတ်လျှောက်ရတာ ဘယ်လောက်ဆိုးဝါးလိုက်သလဲ ''

ဟု တွေးတောလိုက်မိလေ၏။

ကျောင်းထဲသို့ရောက်သောအခါ လွန်စွာဥပမိရပ်ကောင်း သော အကြီးအမှူးဆရာမကြီးကို တွေ့ရလေ၏။ ဆရာမကြီးက ကောင်းကင်တို့၏ကုသိုလ်ကို သာဓုခေါ်ပြီး ၄င်းတို့ကျောင်း၌ လက် သမားဆရာကြီးတစ်ဦး အပ်နှံထားသော လက်သမားပစ္စည်း အစုံ အလင်ရှိကြောင်း ပြောလေ၏။

ကောင်းကင်တို့ ရွာ၌နေထိုင်စဉ် လက်သမားအလုပ်ကို အတော်အသင့် တတ်မြောက်ထားခဲ့၏။ ထို့ကြောင့် ကျောင်းရှေ့ရှိ တံတားကို ကောင်းမွန်စွာ ပြုလုပ်နိုင်မည်ဟု ယုံကြည်ကြ၏။

၄င်းတို့သည် ထိုနေ့ညက သီလရှင်ကျောင်းအနောက်ရှိ တရားကျင့်သော သစ်သားအိမ်ငယ်လေး၌ အိပ်စက်ရပြီး နောက် တစ်နေ့သို့ရောက်သောအခါ သီလရှင်များကျွေးမွေးသော နံနက်စာကို စားသောက်ပြီးနောက် ကျောင်းရှေ့စမ်းချောင်းလေးကို သွားရောက် တိုင်းတာကြ၏။

ထို့နောက် သီလရှင်ဆရာမကြီးထံ သစ်ဝယ်ရန်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ငွေအနည်းငယ် တောင်းယူပြီး မြို့ထဲသို့ ထွက်ခဲ့လေ၏။ မကြာမီ သံစ်များကို ဝယ်ယူလာကာ တံတားကို စတင်ပြုလုပ်လေ၏။

ငှင်းတို့သည် လက်သမားဆရာများမဟုတ်ကြသော်လည်း အလုပ်အပေါ် စေတနာထားပြီး လုပ်ကိုင်သဖြင့် တံတားကို ကောင်းစွာ ပြုလုပ်နိုင်လေ၏။

ငှင်းတို့သည် ညသို့ရောက်သောအခါ မအိပ်စက်နိုင်သေးဘဲ ရေနွေးကြမ်းနှင့် လက်ဖက်သုပ်ကို စားသောက်နေလေ၏။

ထိုအခိုက်မှာပင် အနီးသို့ သီလရှင်ဆရာမလေးတစ်ဦး ရောက်ရှိလာပြီး အပျင်းပြေဖတ်ရှုနိုင်ရန် သတင်းစာနှင့် မဂ္ဂဇင်း စာအုပ်အဟောင်းများကို ချပေးလေ၏။

ကောင်းကင်သည် စာဖတ်ဝါသနာပါသူဖြစ်သဖြင့် သူရိယ သတင်းစာများကို ဖတ်ရှု၏။ ပြီးနောက် ဂန္ထလောကမဂ္ဂဇင်းကို လှန်လှောကြည့်ရှုလေ၏။

မဂ္ဂဇင်း၏တစ်နေရာသို့ရောက်သောအခါ လယ်တီပဏ္ဍိတ ဦးမောင်ကြီးရေးသားသော ဗညားနွဲ့ဝတ္ထုကို မြင်တွေ့ရပြန်၏။

ကောင်းကင်သည် ဗညားနွဲ့ဝတ္ထုကို အခန်းဆက် ဖတ်ရှုနေသူဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြင့် စတင်ဖတ်ရှုလေ၏။

ဗညားနွဲ့ဝတ္ထုပထမစာမျက်နှာ ပြီးသောအခါ နောက်တစ်မျက်နှာသို့ လှန်လိုက်၏။





ထိုအခါ ဖောင်တိန်ဖြင့်ရေးထားသော စာကြောင်းတစ်ကြောင်းကို တွေ့ရသဖြင့် အလွန်အံ့သြသွားမိလေ၏။

ထိုစာကြောင်းမှာ

ရောက်အောင်မသွားသရွေ့ ဝေးတဲ့လမ်းဟာ ဝေးနေဦးမှာပဲ

မာလာ

ဟူ၍ ဖြစ်လေ၏။

ကောင်းကင်သည် ထိုစာကြောင်းကို မြေကြီးအား ပြလိုက်သောအခါ မြေကြီးသည် အလွန်အံ့သြသွားပြီး

" ဟင်... ဒီစာအုပ်မှာလည်း ရောက်အောင်မသွားသရွေ့ ဝေးတဲ့လမ်းဟာ ဝေးနေဦးမှာပဲဆိုတဲ့ စာကြောင်းကိုတွေ့ခဲ့ပြီ၊ တွေ့တဲ့ နေရာတိုင်း တိုက်တိုက်ဆိုင်ဆိုင် ဂန္ထလောကမဂ္ဂဇင်းစာအုပ်ထဲမှာ ချည်းပဲ၊ ပိုပြီးတိုက်ဆိုင်တာက ဂန္ထလောကမဂ္ဂဇင်းရဲ့ ဗညားနွဲ့ အခန်းဆက် ဝတ္ထုတွေမှာ ရေးထားတာ ဖြစ်နေတယ်၊ ဟာ... ဒီမှာကြည့်ဦး၊ မာလာရဲ့နာမည်အောက်မှ နေ့၊ ရက်၊ လ ပါတယ်၊ သိပ်အံ့သြစရာကောင်းတာပဲ၊ ဒီစာအုပ်မှာပါတဲ့နေ့စွဲအရဆိုရင် ဒီစာကြောင်းက ဦးစိန်တစ်လုံးရဲ့အိမ်ကနေ ပျောက်သွားပြီးတဲ့ အချိန်ကျမှ မာလာကိုယ်တိုင် ရေးထားတာပဲ "

ဟု ပြောလေရာ ကောင်းကင်က ခေါင်းညိတ်၍

" ဟုတ်တယ်ကွ၊ ဒီမဂ္ဂဇင်းမှာပါတဲ့ နေ့စွဲအရဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



မာလာဟာ ဦးစိန်တစ်လုံးရဲ့အိမ်က ပျောက်ဆုံးသွားပြီးတော့ သီလရှင်ကျောင်းကို ရောက်လာပုံရတယ်၊ မာလာဟာ သီလရှင်ကျောင်းကို ဘယ်လိုပုံစံနဲ့ ရောက်လာသလဲဆိုတာ ငါတို့စုံစမ်းမှ ဖြစ်မယ်၊ သီလရှင်ကျောင်းကို အေးအေးချမ်းချမ်း ရောက်လာတာဆိုရင် မာလာ့ကို လှူဆိုးသူခိုးတွေ ဖမ်းဆီးခေါ်ဆောင်သွားတာ မဖြစ်နိုင်တော့ဘူး "

ဟု ပြောလေရာ မြေကြီးက ဝင်ရောက်၍

" ဟုတ်တယ်၊ မာလာရဲ့ပဟေဠိကို သီလရှင်ကျောင်းမှာ စုံစမ်းမှဖြစ်မယ်၊ သီလရှင်ဆရာမကြီးက စိတ်သဘောထား တည်ကြည်ပြီး ဖြောင့်မတ်မှန်ကန်ပုံရတယ်၊ ငါတို့ကို မကွယ်ဝှက်ဘဲ အမှန်တိုင်းပြောမှာ သေချာတယ် "

ဟု ပြောလေ၏။ ထိုအခါ ကောင်းကင်က

" ငါတို့နှစ်ယောက်ဟာ တစ်နေ့နေ့မှာ မာလာဆိုတဲ့ မိန်းကလေးနဲ့ ဆုံတွေ့ရမယ်လို့ တဖြည်းဖြည်း ယုံကြည်လာပြီကွာ၊ ဘာကြောင့်လဲဆိုတော့ မာလာ မဂ္ဂဇင်းထဲမှာရေးထားတဲ့စာကြောင်းတွေကို ငါတို့နှစ်ယောက်က တိုက်တိုက်ဆိုင်ဆိုင် လာပြီးတော့ တွေ့နေတယ် "

ဟု ပြောလေရာ မြေကြီးက ခေါင်းညိတ်၍

" တိုက်ဆိုင်မှုဟာ အတော်အံ့ဩစရာကောင်းတယ်ကွ၊





မင်း စဉ်းစားကြည့်လေ၊ ငါတို့နဲ့ သီလရှင်ကျောင်းဟာ ဘယ်လိုနည်းနဲ့မှ အဆက်အစပ်မရှိဘူး၊ ဒါပေမဲ့ ငါတို့ သီလရှင်ကျောင်းကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ပြီးတော့ ဂန္ဓလောကမဂ္ဂဇင်းကို ဖတ်မိနေတယ်၊ ဒါဟာ မာလာနဲ့ ပတ်သက်ပြီးတော့ ပထမဆုံးရတဲ့ သဲလွန်စပဲ၊ ဟီး ဟီး… ရွှေတစ်မိုးသာကို ဆုငွေထုတ်ရမှာ မြင်ယောင်နေသေးတယ်ဟေ့ "

ဟု ရယ်မောပြောဆိုလေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ ကောင်းကင်သည် ထိုနေ့တစ်နေ့လုံး တံတားဆောက်ရန်ကိစ္စကို စိတ်မဝင်စားဘဲ ရှိနေခလေ၏။

မြေကြီးက ၄င်းတို့ဆောက်လုပ်ထားသော တံတားကို အားရဟန်ဖြင့် ကြည့်၍

" ဟဲ ဟဲ… နောက်နှစ်ရက်လောက်လုပ်ပြီးရင် တံတားတစ်ခုလုံး အပြီးသတ်သွားပြီကွ၊ သီလရှင်တွေကို ဆောက်ပေးတဲ့အတွက် ငါတို့ ကုသိုလ်ရမှာ သေချာတယ်ဟေ့ "

ဟု ပြောလေ၏။

ထိုနေ့ညသို့ရောက်သောအခါ ကောင်းကင်သည် သီလရှင်ဆရာမကြီး ဒေါ်စန္ဒာနှင့် တွေ့ဆုံခွင့်တောင်းလေ၏။ ထိုအခါ သီလရှင်ဆရာမလေးက ဆရာမကြီး ဒေါ်စန္ဒာ ဘုရားဝတ်ပြုပြီးချိန်၌



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆုံနိုင်ကြောင်း ပြောလေ၏။

ခဏကြာလျှင် ဆရာမကြီး ဒေါ်စန္ဒာ ဘုရားဝတ်ပြုပြီးသည်နှင့် ကောင်းကင်သည် မာလာဆိုသော မိန်းကလေး ကျောင်းသို့ ရောက်လာခြင်း ရှိမရှိ မေးမြန်းလေ၏။

ထိုအခါ သီလရှင်ဆရာမကြီးက ကောင်းကင်အား မသင်္ကာဟန်ဖြင့် ကြည့်၍

" မိန်းကလေးအကြောင်းကို မင်းတို့ ဘာလို့မေးရတာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ကောင်းကင်က

" ကျွန်တော်တို့ဟာ ပျောက်ဆုံးသွားတဲ့ မိန်းကလေး တစ်ယောက်ကို လိုက်ရှာနေတာပါ၊ ဒီကျောင်းမှာ အဲဒီမိန်းကလေးနဲ့ ပတ်သက်တဲ့ သဲလွန်စကို တွေ့ရလို့ပါ "

ဟု ပြောလေ၏။ သီလရှင်ဆရာမကြီး ကောင်းကင်၏ စကားကြောင့် အံ့ဩဟန်ဖြင့်ကြည့်၍

" လောကီကိစ္စတွေကို ဆရာမကြီးတို့ကျောင်းကို သယ်မလာပါနဲ့၊ ဒါနဲ့နေပါဦး၊ ပျောက်ဆုံးသွားတဲ့ မိန်းကလေးက ဆရာမကြီးတို့ ကျောင်းနဲ့ ဘယ်လိုပတ်သက်လို့လဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ကောင်းကင်က

" စိတ်မရှိပါနဲ့ ဆရာမကြီး၊ ဆရာမကြီးတို့ကျောင်းမှာတွေ့





ရတဲ့ ဂန္ဓလောကမဂ္ဂဇင်းစာစောင်မှာ ပျောက်ဆုံးသွားတဲ့ မိန်းကလေး ရေးလေ့ရေးထရှိတဲ့ စာသားတွေကို တွေ့ရလို့ပါ "

ဟု ပြောလေရာ ဆရာမကြီးက ခေါင်းခါယမ်း၍

" ဂန္ဓလောကမဂ္ဂဇင်းကို သီလရှင်ငယ်လေးတွေ ဖတ်လေ့ရှိတယ်၊ မဂ္ဂဇင်းမှာ သူတို့ ရေးထားတာဖြစ်နိုင်တယ် "

ဟု ပြောလေရာ ကောင်းကင်က

" ဂန္ဓလောကမှာတွေ့တဲ့စာသားဟာ ပျောက်ဆုံးသွားတဲ့ မိန်းကလေးရဲ့လက်ရေးဆိုတာ သေချာပါတယ်၊ ဒါကြောင့် ဆရာမကြီးဆီမှာ စုံစမ်းရခြင်း ဖြစ်ပါတယ် "

ဟု ပြောလေ၏။ ထိုအခါ သီလရှင်ဆရာမကြီးက ခေါင်းခါယမ်း၍

" ငါတို့ကျောင်းမှာ သီလရှင်ကလွဲရင် ဘယ်သူ့ကိုမှ လက်ခံလေ့မရှိဘူး၊ မင်းတို့ထင်တာ လွဲနေပြီ၊ ဆရာမကြီး မေတ္တာရပ်ခံချင်တာကတော့ လောကမှာ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို ဝင်မရှုပ်တာ အကောင်းဆုံးပဲ၊ လောကီကိစ္စတွေကို ဆရာမကြီးတို့ ကျောင်းဝင်းထဲကို သယ်လာတာ လုံးဝမကြိုက်ဘူး "

ဟု လေသံမာမာဖြင့် ပြောလေ၏။

ကောင်းကင်တို့သည် ဆရာမကြီး ဒေါ်စန္ဒာထံမှ မအီမသာ ပြန်ခဲ့ရလေ၏။ ၄င်းတို့အိပ်စက်ရာ အိမ်ကလေးသို့ရောက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်က

" ဆရာမကြီး ဒေါ်စန္ဒာ ငါတို့ကို တစ်စုံတစ်ရာ ဖုံးကွယ်ထားတယ်လို့ ထင်တယ် "

ဟု ပြောလေရာ မြေကြီးက မျက်မှောင်ကြုတ်၍

" ဘာလဲ... မင်းက မာလာပျောက်ဆုံးတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဆရာမကြီး ဒေါ်စန္ဒာကို မသင်္ကာဖြစ်နေလို့လား၊ ဆရာမကြီးဟာ သူတော်ကောင်းကြီးပါကွာ၊ ငါတို့ ပြစ်မှားဖို့ မသင့်ပါဘူး "

ဟု တားဆီးလေ၏။ ထိုအခါ ကောင်းကင်က မျက်မှောင်ကြုတ်၍

" ဆရာမကြီးကို ပြစ်မှားတာမဟုတ်ပါဘူး၊ ဒါပေမဲ့ ဂန္ဓလောကမဂ္ဂဇင်းမှာတွေ့ရတဲ့ မာလာရဲ့လက်ရေးတွေကို ငါမှတ်မိနေတယ်၊ ရောက်အောင်မသွားသရွေ့ ဝေးတဲ့လမ်းဟာ ဝေးနေဦးမှာပဲ ဆိုတဲ့ စာသားကို မာလာပဲ ရေးလေ့ရှိတယ်၊ တိတိကျကျပြောရရင် ဂန္ဓလောကမဂ္ဂဇင်းထဲက စာကြောင်းဟာ မှင်ရောင်ကအစ မာလာ ရေးလေ့ရှိတဲ့မှင်ရောင်နဲ့ တူနေတယ်၊ ဒါကြောင့် ဒီကျောင်းကို မာလာရောက်တာ သေချာတယ်၊ မာလာဟာ အိမ်ကနေ ထူးဆန်းစွာ ပျောက်ဆုံးသွားပြီးတော့ ရက်အနည်းငယ်ကြာမှာ ဒီကျောင်းကို ရောက်နေခဲ့တယ်၊ ဒါပေမဲ့ သီလရှင်ဆရာမကြီး ဒေါ်စန္ဒာမသိအောင်





တော့ ဒီကျောင်းမှာ ခိုအောင်းနိုင်မှာမဟုတ်ဘူး "

ဟု ပြောလေ၏။ ထိုအခါ မြေကြီးက

" ဒေါ်စန္ဒာလို သီလသမာဓိနဲ့ပြည့်စုံတဲ့ ဆရာမကြီး တစ်ယောက်က မာလာနဲ့ပတ်သက်တဲ့သတင်းကို ထိန်ချန်ထားတာ အံ့သြစရာပဲ၊ မင်း ဘယ်လိုဆက်လုပ်မယ် စိတ်ကူးလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ကောင်းကင်က

" ဒီကျောင်းမှာ မာလာနဲ့ပတ်သက်တဲ့သတင်းကို စုံစမ်းလို့ရမဲ့လူ တစ်ယောက်ပဲရှိတော့တယ်၊ အဲဒါ စိတ်မနှံ့တဲ့ မိမိုးဆိုတဲ့ ကောင်မလေးပဲ "

ဟု ပြောလေ၏။

မိမိုးသည် စိတ္တဇဝေဒနာရှင်ဖြစ်ပြီး သီလရှင်ကျောင်း၏ အလုပ်များကို ကူညီလုပ်ကိုင်ပေးနေသူဖြစ်၏။

ကောင်းကင်တို့သည် အရူးမိမိုးအတွက် ဈေးသို့သွားကာ စွန်လည်ပုံ မျက်နှာချေမှုန့်များကို ဝယ်ယူလေ၏။ မိမိုးသည် ကောင်းကင်ထံမှ စွန်လည်ပုံ မျက်နှာချေမှုန့်များကို ရရှိသောအခါ အလွန်ဝမ်းသာ ပျော်ရွှင်သွားပြီး ၎င်းတို့ မေးမြန်းသမျှ ဖြေဆိုရန် အသင့်ဖြစ်နေလေ၏။

ကောင်းကင်က

" ဟောဒီ တရားကျင့်တဲ့အိမ်လေးကို လွန်ခဲ့တဲ့နှစ်က



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက် လာသွားတယ် မဟုတ်လား ”

ဟု မေးမြန်းလေ၏။

မမိုးသည် ကောင်းကင်၏အမေးကြောင့် မျက်မှောင်ကြုတ်၍ စဉ်းစားဟန်ပြုလိုက်ပြီး

“ ဟုတ်တယ်၊ ဟောဒီ တရားကျင့်တဲ့အိမ်လေးမှာ မိန်းမလှလေးတစ်ယောက် လာနေသွားဖူးတယ် ”

ဟု ပြောလေရာ ကောင်းကင်နှင့် မြေကြီးသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြီး စိတ်လှုပ်ရှားဟန်ဖြင့် မြေကြီးက

“ အဲဒီမိန်းမလှလေးဟာ ဘယ်ကိုရောက်သွားသလဲ ”

ဟု မေးမြန်းလေ၏။ ထိုအခါ အရူးမ မိမိုးက

“ အဲဒီမိန်းကလေးက မမိုးတို့ကျောင်းက သီလရှင်ဆရာမကြီး ဒေါ်နန္ဒာနဲ့အတူ ကျောင်းကနေ ထွက်သွားတာပဲ၊ ဒေါ်နန္ဒာဟာ ဆရာမကြီး ဒေါ်စန္ဒာရဲ့ညီမလေး၊ မိန်းကလေး ထွက်သွားတဲ့ညက သီလရှင်တွေအားလုံး အိပ်မောကျနေခဲ့တယ်၊ ဆရာမကြီး ဒေါ်စန္ဒာကိုယ်တိုင် မိန်းကလေးနဲ့ ဒေါ်နန္ဒာကို ကျောင်းထိပ်ကို လိုက်ပို့ပေးခဲ့တယ် ”

ဟု ပြောလေရာ ကောင်းကင်တို့သည် ဆရာမကြီး ဒေါ်စန္ဒာ၏ မာလာနှင့်ပတ်သက်၍ လျှို့ဝှက်ထားပုံကို ရိပ်စားမိ





သွားလေ၏။

ကောင်းကင်တို့သည် အရူးမမိမိုးအား မိမိတို့ မေးမြန်းစုံစမ်းခြင်းကို မည်သူ့ကိုမျှမပြောရန် တားဆီးလိုက်လေ၏။

မိမိုးထွက်ခွာသွားသောအခါ ကောင်းကင်က

“ သီလရှင်ဆရာမကြီးက ငါတို့ကို မာလာနဲ့ပတ်သက်ပြီး ထိန်ချန်ထားတာ သေချာနေပြီ၊ ဒီလျှို့ဝှက်ချက်ကို ပေါ်အောင်စုံစမ်းနိုင်ရင် မာလာ့ကို ငါတို့ရှာတွေ့မှာပဲ ”

ဟု ပြောလေ၏။ မြေကြီးက ခေါင်းညိတ်၍

“ ဟုတ်တယ်၊ ဆရာမကြီးမှာ လျှို့ဝှက်ချက်တစ်ခုတော့ ရှိပုံရတယ်၊ ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့မှာ မာလာကို ပြန်ရှာတွေ့မှာပါ ”

ဟု ပြောလိုက်လေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ တံတားပြီးဆုံးသွားသဖြင့် သီလရှင်ကျောင်းမှ ထွက်ခွာရန် ပြင်ဆင်ကြလေ၏။ ဆရာမကြီး ဒေါ်စန္ဒာသည် တံတားဆောက်လုပ်လှူဒါန်းခြင်းအတွက် ကောင်းကင်တို့အား ကျေးဇူးတင်ကြောင်း အသိအမှတ်ပြုသော်လည်း မာလာနှင့်ပတ်သက်၍ စုံစမ်းခြင်းကြောင့် သဘောကျဟန်မရှိချေ။

ကောင်းကင်တို့သည် ကျောင်းမှထွက်ခဲ့ပြီးနောက် လူအပြည့်တင်ဆောင်လာသော ဘတ်စ်ကားကြီးနှင့် လိုက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘတ်စ်ကားပေါ်တွင် ရွှေ၊ ငွေ လက်ဝတ်ရတနာများ ပြိုးပြိုးပြက်ပြက် ဝတ်ဆင်ထားသော မိန်းမကြီးများ ပါရှိ၏။

၎င်းတို့၏ ဆူညံစွာအော်ဟစ်ပြောဆိုနေသော စကားအရ အနီးအနားမြို့ရှိ အလှူမှ ပြန်လာပုံရ၏။

ကောင်းကင်သည် ဂုဏ်တုဂုဏ်ပြိုင်ဝတ်ဆင်ထားသော မိန်းမကြီးတစ်ရုကို ကြည့်၍

" ဒီမိန်းမကြီးတွေကိုကြည့်ရတာ ဓါးပြတိုက်ချင်စရာပဲ၊ လမ်းမှာ ဓါးပြတိုက်မယ်ဆိုရင်တော့ ငါတို့နှစ်ယောက် အချောင်ဒုက္ခရောက်ပြီ "

ဟု ညည်းညူလိုက်လေ၏။

ထိုအခိုက်မှာပင် တောင်ကြားလမ်းတစ်နေရာမှ သေနတ်သံ ဒိုင်းခနဲ ကြားရပြီး စပယ်ယာက အသံသေး အသံကြောင်ဖြင့်

" ဓါးပြတိုက်ပြီဗျို့ "

ဟု အော်ဟစ်လိုက်လေ၏။

ဓါးပြဟူသောအသံကြောင့် ကားပေါ်တွင် လိုက်ပါလာသော ဂုဏ်တုဂုဏ်ပြိုင် မိန်းမကြီးများသည် အထိတ်တလန့် အော်ဟစ်ကြလေ၏။

မြေကြီးက ကားလမ်းမကို လှမ်းမျှော်ကြည့်၍

" ငါတို့စကားတောင်မဆုံးသေးဘူး၊ ဓါးပြကတိုက်နေပြီ





ဘာပဲဖြစ်ဖြစ် ငါတို့ဟာ ချြတစ်ပြားမှမရှိတဲ့အတွက် ဘာဓါးပြကိုမှ စိုးရိမ်စရာမရှိဘူး၊ ဟဲ ဟဲ... ဒီအချိန်ဟာ မရှိတဲ့လူတွေအတွက် သုခပဲကွ "

ဟု ပြောလိုက်လေ၏။

ထိုအခိုက်မှာပင် ကားလမ်းပေါ်သို့ သေနတ်ကိုင်လူများ ရောက်လာပြီး ကားကို တားဆီးကြလေ၏။ မိန်းမကြီးများသည် အထိတ်တလန့် အော်ဟစ်၍ ၎င်းတို့၏လက်ဝတ်ရတနာများကို ဝှက်ရန် ကြိုးပမ်းကြလေ၏။

ဓါးပြခေါင်းဆောင်သည် လွန်စွာအရုပ်ဆိုးသူတစ်ဦးဖြစ်ပြီး ခရီးသည်များအား သေနတ်ဖြင့်ချိန်၍ ကားအောက်သို့ ဆင်းနိုင်းလေ၏။

မိန်းမကြီးများသည် ရွှေ၊ ငွေ၊ လက်ဝတ်ရတနာများကို ဝှက်ပြီး ကားအောက်သို့ တုံချီတုံချနှင့် ဆင်းလာကြလေ၏။

ကောင်းကင်တို့လည်း မိန်းမကြီးများအနောက်မှလိုက်၍ မြေပေါ်တွင် ထိုင်လိုက်ရ၏။ ဓါးပြခေါင်းဆောင်သည် မိန်းမကြီးများ ရှေ့တွင် ထိုင်လိုက်ပြီး စူးစိုက်ကြည့်ကာ

" လည်ပင်းက ဆွဲကြိုးကြီးတွေ၊ လက်ကောက် တုတ်တုတ်ကြီးတွေ ဘယ်ရောက်သွားလဲ "

ဟု မေးမြန်းလေရာ မိန်းမကြီးက ကတုံကယင်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



" အခေါက ဆင်းရဲလွန်းတဲ့ မုဆိုးမကြီးပါ၊ ဆွဲကြိုးတွေ၊ လက်ကောက်တွေ မဝတ်နိုင်ပါဘူး "

ဟု ပြောလေရာ ဓါးပြခေါင်းဆောင်က တဟားဟား ရယ်မော၍

" ဟား ဟား ဟား… အလှူမှာတွေ့တုန်းကတော့ ခင်ဗျားကြီးက မြို့ပေါ်မှာ အချမ်းသာဆုံးသူဌေးမကြီးဆို၊ နာရီပိုင်းလေးအတွင်းမှာ သူဌေးမကြီးကနေ မုဆိုးမ သူဆင်းရဲကြီး ဖြစ်သွားပြီလား၊ ဘုရားမကြိုက်တဲ့ မုသာဝါဒတွေ မသုံးနဲ့လေဗျာ "

ဟု ပြောရင်း ဓါးပြခေါင်းဆောင်က ခပ်ငိုက်ငိုက်ဆောင်းထားသော မြက်ဦးထုပ်ကို ချွတ်လိုက်လေ၏။

ထိုအခါ မိန်းမကြီးတစ်စုသည် ဓါးပြခေါင်းဆောင်ကို ကြည့်၍ ပါးစပ်အဟောင်းသား ဖြစ်သွားကြလေ၏။

အဘယ်ကြောင့်ဆိုသော် ဓါးပြ ခေါင်းဆောင်သည် အလှူတွင် ၄င်းတို့နှင့်အတူ ယှဉ်တွဲစားသောက်ရင်း တွေ့ဆုံခဲ့ခြင်းကြောင့် ဖြစ်၏။

ဓါးပြခေါင်းဆောင်က တဟားဟား ရယ်မော၍

" ဟား ဟား ဟား… ခင်ဗျားတို့ သိပ်အံ့သြသွားပြီမဟုတ်လား၊ ကျုပ်က မပိုင်တဲ့အလုပ်ကို ဘယ်တော့မှမလုပ်ဘူးဗျ၊ ဓါးပြတိုက်တော့မယ် ဆိုရင် သေချာအောင် အမြဲတမ်းကြိုပြီးတော့





စုံစမ်းတဲ့အကျင့်ရှိတယ်၊ ဒါကြောင့် အလှူကိုမရောက်ရောက်အောင်လာပြီးတော့ ခင်ဗျားတို့ရဲ့ချမ်းသာကြွယ်ဝမှုကို မှတ်တမ်းတင်ခဲ့တာပဲ၊ အလှူမှာတွေ့ကတည်းက ခင်ဗျားကြီးတို့ ဂုဏ်တုဂုဏ်ပြိုင်အနေနဲ့ လက်ကောက်ဘယ်နှစ်ကွင်း ဝတ်ထားတယ်၊ ဆွဲကြိုးဘယ်နှစ်ကုံးဆွဲထားတယ်ဆိုတာ မှတ်တမ်းတင်ပြီးသား၊ လိမ်မယ်တော့ မကြံနဲ့နော်၊ ဆွဲကြိုးနဲ့ လက်ကောက်တွေအတွက် အသက်ပေးသွားရလိမ့်မယ် "

ဟု ဆိုကာ မိန်းမကြီးများတစ်ယောက်ချင်းကို သေနတ်ဖြင့် ချိန်လိုက်လေ၏။

ထိုအခါ ဂုဏ်တုဂုဏ်ပြိုင် မိန်းမကြီးများသည် အလွန်ကြောက်ရွံ့သွားပြီး မိန်းမကြီးတစ်ဦးက

" ချမ်းသာပေးပါ ဓါးပြလေးရယ်၊ အခေါ်တို့က ကောင်းမှုကုသိုလ် သွားလုပ်တာပါ၊ ကုသိုလ်ကောင်းမှုလုပ်တဲ့သူတွေကို မနှောင့်ယှက်ကောင်းဘူးကွယ့်၊ ငရဲကြီးတတ်တယ် "

ဟု ပြောလေရာ ဓါးပြခေါင်းဆောင်က သဘောကျဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး

" သိပ်ဟုတ်တာပေါ့ဗျာ၊ ကျုပ်တို့ကလည်း ဓါးပြပေမဲ့ဘာသာတရားတော့ ရှိသေကိုင်းရှိုင်းပါတယ်၊ သူတော်ကောင်းကိုခစ်မှားပြီးတော့ ငရဲအိုးထဲကို ဖောက်ထိုးကျမှာ ကြောက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ မိန်းမကြီး၏မျက်နှာ ဝင်းလက်သွားပြီး

" ဟုတ်ပါတယ်ကွယ်၊ အဒေါ်တို့က သူတော်ကောင်းတွေပါ၊ မောင်ရင်လေးတို့ သူတော်ကောင်းကိုပစ်မှားမိပြီးတော့ ငရဲအိုးမှာ ဂျိုးကပ်မှာစိုးလို့ သတိပေးရတာပါ "

ဟု ပြောလေရာ ဓါးပြခေါင်းဆောင်က ခေါင်းညိတ်၍

" ဒီမှာ ကျုပ် ဓါးပြတိုက်တဲ့အခါ စည်းကမ်းတစ်ခု ထားတယ်၊ အဲဒါကတော့ သူတော်ကောင်းကို မပစ်မှားဘူးဆိုတဲ့ စည်းကမ်းပဲ၊ ခင်ဗျားတို့ဟာ ဘာသာတရားကိုင်းရှိုင်းတဲ့ သူတော်ကောင်းတွေဖြစ်မယ်ဆိုရင် ဓမ္မစကြာပဲဖြစ်ဖြစ်၊ ပရိတ်ကြီး (၁၁)သုတ်ပဲဖြစ်ဖြစ်၊ သတိပဋ္ဌာန်ပဲဖြစ်ဖြစ် အလွတ်ရွတ်ပြနိုင်ရမယ်၊ အဲဒီတော့ ခင်ဗျားတို့ သူတော်ကောင်းကြီးတွေထဲက ပရိတ်ကြီး (၁၁)သုတ်ကို အလွတ်ရွတ်ပြနိုင်တဲ့သူကို ကျုပ် ဓါးပြမတိုက်ဘဲ ပြန်လွှတ်မယ်၊ ကျုပ်ကို ဓါးပြဆိုပြီးတော့ ပရိတ်ကြီး (၁၁)သုတ်ကို အလွတ်မရွတ်နိုင်ဘူးလို့တော့ မထင်နဲ့နော်၊ ဟဲ ဟဲ… ကျုပ်လည်း ဓါးပြသူတော်ကောင်းဗျ၊ ကဲ… ပရိတ်ကြီး (၁၁)သုတ်ကို အလွတ်ရွင်ပြပေးတော့ "

ဟု ပြောလေရာ မိမိကိုယ်မိမိ သူတော်ကောင်းဟု ပြောဆိုနေသော မိန်းမကြီးများသည် အထိတ်တလန့် ဖြစ်သွားကြလေ၏။

၎င်းတို့သည် ဘာသာရေး အရေခြုံထားသူများဖြစ်သဖြင့် မကြာခဏ ဆိုသလိုပင် ပရိတ်ပွဲများ၌ လိုက်လံရွတ်ဆိုခဲ့ဖူး၏။ သို့သော် မည်သည့်ပရိတ်ကိုမျှ အလွတ်မရဘဲ ပရိတ်ရွတ်သည့် အခါတိုင်း နှုတ်ခမ်းလှုပ်ရုံသာလှုပ်ပြီး အိပ်ငိုက်နေသူများ ဖြစ်၏။

ထို့ကြောင့် မည်သည့်ပရိတ်ကိုမျှ အလွတ်မရွတ်နိုင်ကြချေ။ ဓါးပြခေါင်းဆောင်က အခက်အခဲဖြစ်နေသော သူတော်ကောင်း အယောင်ဆောင် မိန်းမကြီးများကိုကြည့်၍ တဟားဟား ရယ်မော ကာ

" ဟား ဟား… ပရိတ်ကြီး (၁၁) သုတ်ကိုတောင် အလွတ်မရွတ်နိုင်တဲ့ သူတော်ကောင်းကြီးတွေ၊ ခင်ဗျားတို့က ဘာသာရေးအရေခြုံလူတွေဆိုတာ လယ်ပြင်ဆင်သွားသလို ထင်းထင်းကြီး ပေါ်လာပြီ၊ ကဲ… ခရီးသည်တွေအားလုံးထဲက ပရိတ်ကြီး (၁၁) သုတ်ကို အလွတ်ရွတ်နိုင်တဲ့သူကို ကျုပ်က ဓါးပြမတိုက်တဲ့အပြင် ကျွေးမွေးပြုစုပြီးတော့တောင် ပြန်လွှတ်လိုက်ဦးမယ် "

ဟု ပြောလေရာ ကောင်းကင်နှင့် မြေကြီးမှအပ ခရီးသည် အားလုံး အခက်တွေ့သွားလေ၏။

ကောင်းကင်တို့သည် ဘုန်းကြီးကျောင်းသားများဖြစ်သဖြင့် ပရိတ်ကြီး (၁၁) သုတ်ကို ကောင်းစွာ ရွတ်ဆိုနိုင်၏။ ကောင်းကင် သည် မြေကြီးဘက်သို့လှည့်၍ လေသံတိုးတိုးဖြင့်

" ဟဲ ဟဲ… ငါတို့နှစ်ယောက်တော့ ဓါးပြဘေးက







www.burmeseclassic.com

www.burmeseclassic.com



ကင်းပေးတော့မယ်၊ ငါက ဘုန်းကြီးကျောင်းထွက်ဆိုတော့ ပရိတ်ကြီး (၁၁) သုတ်ကို ကောင်းကောင်း ရွတ်နိုင်တယ် ”

ဟု ပြောလေရာ မြေကြီးက လက်မထောင်၍

“ ငါလည်း ဘုန်းကြီးကျောင်းသားပါကွ၊ ငါတို့ဘုန်းကြီးက ပရိတ်ကြီး (၁၁)သုတ်ကို အပတ်စဉ် ရွတ်နိုင်းတဲ့အတွက် အလွတ်နီးနီးရနေပါတယ် ”

ဟု ပြောလေ၏။ ခရီးသည်များအားလုံး အခက်ကြုံနေစဉ် ကောင်းကင်ကထ၍

“ ဒီမှာ ကျုပ်တို့က ဘုန်းကြီးကျောင်းသားတွေဗျ၊ မနက်တိုင်း ဘုရားရှိခိုး၊ ဆွမ်းတော်ကပ်၊ ဓမ္မစကြာနဲ့ ပရိတ်ကြီး (၁၁) သုတ်ကို ရွတ်လို့ရွတ်၊ ပရိတ်ကြီး (၁၁)သုတ်ကို မရွတ်တဲ့အခါ သတိပဋ္ဌာန်ရွတ်၊ သတိပဋ္ဌာန်မရွတ်ရင် ပဋ္ဌာန်းရွတ်၊ တရားတော်တွေကိုရွတ်ပြီးတော့ အရပ် (၁၀) မျက်နှာ၊ (၅၂၈) မေတ္တာကိုပို့၊ အမျှအတန်းဝေတဲ့အလုပ်ကို လုပ်နေကျဗျ၊ ခင်ဗျားမယုံရင် ပရိတ်ကြီး(၁၁) သုတ်ကို ကြိုက်တဲ့နေရာက ဖြတ်မေး၊ ကျုပ်အလွတ်ရွတ်ပြမယ် ”

ဟု ပြောလေရာ ဓါးပြခေါင်းဆောင်က ကောင်းကင်နှင့်မြေကြီးကို အထင်ကြီးဟန်ဖြင့် ကြည့်၍ အနီးသို့လျှောက်လာပြီး

“ ဟား ဟား ဟား… အခုမှပဲ သူတော်ကောင်းအစစ်





တွေ တွေ့တော့တယ်၊ ငါ့ညီတို့ကမှ တကယ့်သူတော်ကောင်းတွေကွ၊ ဒီမိန်းမကြီးတွေလို အရေခြုံတွေမဟုတ်ဘူး၊ မျက်နှာမြင်တာနဲ့ ရိုးသားတဲ့ သူတော်ကောင်းတွေဆိုတာ သိတယ်၊ ဒီတော့ ကျုပ်ရဲ့ စည်းကမ်းအတိုင်း ဓါးပြမတိုက်ဘဲ လွတ်ငြိမ်းခွင့်ပေးလိုက်မယ်၊ အို… လွတ်ငြိမ်းခွင့်ပေးရုံမကဘူး၊ ကျုပ်တို့စခန်းကို ခေါ်ပြီးတော့ စားကောင်းသောက်ဖွယ်တွေနဲ့ ပြုစုလိုက်ဦးမယ် ”

ဟု ဆိုကာ အနီးရှိ ကျောက်တုံးကြီးရှိရာသို့ လက်ညှိုးညွှန်ပြ၍

“ ငါ့ညီတို့နှစ်ယောက်ကို အနှောင့်အယှက်မပေးဘူး၊ အေးအေးဆေးဆေး ကျောက်တုံးပေါ်မှာသွားထိုင်နေ၊ အစ်ကိုတို့ကတော့ ဟောဒီ သူတော်ကောင်းအရေခြုံမိန်းမကြီးတွေကို ဓါးပြတိုက်လိုက်ဦးမယ်၊ ဓါးပြဆိုတော့လည်း ဓါးပြအလုပ်ကို လုပ်ရတာပေါ့ကွာ၊ လောကမှာ လူဆိုတာ ကိုယ့်အလုပ် ကိုယ်လုပ်ရင် အကောင်းဆုံးပဲကွ ”

ဟု ပြောကာ ကြောက်ဒူးတုန်နေသော မိန်းမကြီးများအား သေနတ်ဖြင့်ချိန်၍ ခြိမ်းခြောက်ကာ ဓါးပြတိုက်နေလေတော့၏။

ကောင်းကင်သည် ဓါးပြတိုက်နေပုံကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

“ ဓါးပြခေါင်းဆောင်ရဲ့စိတ်က လူထူးလူဆန်းပဲ သူဟာ



www.burmeseclassic.com

www.burmeseclassic.com



ခါးပြပေမဲ့ ဘာသာတရား ကိုင်းရှိုင်းပုံရတယ်၊ သူတော်ကောင်းကိုလည်း အသိအမှတ်ပြုပုံရတယ် ”

ဟု ပြောလေ၏။ မြေကြီးက ခေါင်းညိတ်၍

“ ငါတို့က ဘုန်းကြီးကျောင်းသားတွေဆိုပြီးတော့ နေရာတကာမှာ မျက်နှာငယ်ခဲ့ရတယ်၊ အခုတော့ ဘုန်းကြီးကျောင်းသားဖြစ်ရတာ ကံကောင်းသွားပြီကွ၊ ဟဲ ဟဲ… ငါတို့ကို ခါးပြတွေက ဘေးမဲ့ပေးတဲ့အပြင် အကျွေးမွေးနဲ့တောင် ဧည့်ခံဦးမယ်တဲ့၊ ဘုန်းကံတွေမြင့်လာပြီ ”

ဟု ပြောလေ၏။

ခါးပြများသည် လူကုံထံမိန်းမကြီးများဝက်ထားသော လက်ဝတ် ရတနာများကို မရရအောင် ခါးပြတိုက်နေလေ၏။ ခါးပြတိုက်ပြီးသောအခါ ခရီးသည်များကို ကားပေါ်သို့တက်စေပြီး ဘတ်စ်ကားကို ပြန့်ထွက်ခွင့်ပြုလေ၏။

ကောင်းကင်နှင့်မြေကြီးသည် ဘတ်စ်ကားပေါ်သို့ တက်ရန် ပြင်လေရာ ခါးပြ ခေါင်းဆောင်က လက်ကာပြ၍

“ ငါ့ညီတို့ကို မိတ်ဖြစ်ဆွေဖြစ် ကျွေးမွေးပြုစုချင်လို့ သူတို့နဲ့ ပြန်လိုက်မသွားပါနဲ့ဦးကွာ ”

ဟု တားဆီးလေ၏။ ထိုအခါ ကောင်းကင်က လက်ကာပြ၍





“ ရပါတယ်ဗျာ၊ ကျုပ်တို့ မစားတော့ပါဘူး၊ ခရီးဆက်စရာလေးရှိလို့ ခွင့်ပြုပါဦး ”

ဟု ပြောလေ၏။ ထိုအခါ ခါးပြခေါင်းဆောင်က ကောင်းကင်ဘက်သို့ လှည့်၍

“ ကျုပ်တို့ကို ခါးပြတွေမို့လို့ အပေါင်းအသင်းမလုပ်ချင်တဲ့သဘောလား၊ လူတန်းစား မခွဲခြားပါနဲ့ကွာ၊ လောကမှာ လူတိုင်းဟာ ကိုယ်ဖြစ်ချင်တာကို မဖြစ်ကြတာကို နားလည်စမ်းပါ ”

ဟု ပြောလေရာ ကောင်းကင်နှင့် မြေကြီးသည် ခါးပြခေါင်းဆောင် စိတ်ပြောင်းသွားမည်စိုးသဖြင့် ၄င်းအား စကားမတုံ့ပြန်ဝံ့ဘဲ ငြိမ်သက်လိုက်ရလေ၏။

ထို့နောက်တွင်မူ ဘတ်စ်ကားကြီးသည် ထိုနေရာမှ ထွက်ခွာသွားလေ၏။ ထိုအခါ ခါးပြခေါင်းဆောင်က

“ ငါ့ညီတို့ကို အစ်ကိုတို့စခန်းကိုခေါ်သွားပြီး ကျွေးမွေးပြုစုချင်တယ်၊ လိုက်ခဲ့ပါ ”

ဟု ဆိုကာ ရှေ့မှဦးဆောင်ပြီး တောလမ်းအတွင်းသို့ ထွက်ခွာသွားလေ၏။

ကောင်းကင်နှင့် မြေကြီးသည် ဧည့်ဝတ်ကျေပွန်သော ခါးပြများကြောင့် မတတ်သာဘဲ ၄င်းတို့နောက်သို့ လိုက်သွားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဓါးပြများ၏စခန်းသို့ရောက်အောင် နာရီပေါင်းအတော်ကြာ သွားလာရလေ၏။ အတန်ကြာသောအခါ စမ်းချောင်းငယ်လေး တစ်ခုကို ဖြတ်သန်းပြီးနောက် ဓါးပြများခိုအောင်ရာ လှိုဏ်ကြီးအတွင်း သို့ ရောက်လေ၏။

ဓါးပြခေါင်းဆောင်က ၎င်းတို့စခန်းသို့ရောက်သောအခါ ကောင်းကင်နှင့် မြေကြီးအား သက်သောင့်သက်သာ အနားယူစေပြီး ဓါးပြတိုက်ပြီးနောက် အောင်ပွဲခံရန် ကြိုတင်ပြင်ဆင်ထားသော တောကြက်(၃)ကောင်ကို မီးကင်ပြီး အရက်များဖြင့်မြည်းရန် စီစဉ်လေ၏။

တောကြက်များ မီးကင်ပြီးသောအခါ ဓါးပြခေါင်းဆောင်က ကြက်ကင်နှင့် အရက်များအား ကောင်းကင်တို့အား လာရောက်ပေးလေ၏။

ကောင်းကင်က အရက်များကို ပြန်လည်ပေးအပ်လိုက်ပြီး

" ကျုပ်တို့ ကြက်ကင်ပဲစားပါ့မယ်၊ အရက်မသောက်တတ်လို့ ခွင့်လွှတ်ပါ "

ဟု ပြောလေ၏။ ဓါးပြခေါင်းဆောင်က သဘောကျဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်၍

" မောင်ရင်တို့က တကယ့်သူတော်ကောင်းအစစ်တွေ ဆိုတာ သေချာသွားပြီ "





ဟု ချီးမွမ်းလေ၏။

ကောင်းကင်တို့သည် ကြက်ကင်များအား စားသောက်ပြီးသောအခါ ညနေစောင်းလာသဖြင့်

" အလင်းရောင်မရှိတော့ဘူး၊ ငါ့ညီတို့ အစ်ကိုတို့ စခန်းမှာပဲ ဒီနေ့ည ဧည့်သည်လုပ်ပြီးနေလိုက်ပါ၊ နောက်နေ့မနက် ကားလမ်းကို ဘေးမသီ ရန်မခဘဲ ပြန်ရောက်အောင် အစ်ကိုတို့ လိုက်ပို့ပေးပါ့မယ် "

ဟု ပြောလေ၏။

ကောင်းကင်တို့သည် မတတ်သာတော့သဖြင့် ဓါးပြများ၏ စခန်း၌ပင် အိပ်စက်လိုက်ရလေ၏။

ဓါးပြများသည် ကောင်းကင်တို့အား လှိုဏ်ထဲရှိ တဲငယ်လေး တစ်လုံး၌ နေရာချထားပေးလေ၏။ ညမှောင်ရိပ်သန်းစပြုသောအခါ ဓါးပြခေါင်းဆောင်သည် သတင်းစာဂျာနယ်များကို ကိုင်၍ ကောင်းကင်တို့ထံသို့ ရောက်ရှိလာပြီး

" ငါ့ညီတို့ ပျင်းနေပြီလား၊ အပျင်းပြေဖတ်ဖို့ သတင်းစာနဲ့ ဂျာနယ်ဟောင်းတွေ ယူလာတယ် "

ဟု ပြောလေ၏။

ကောင်းကင်သည် စာဖတ်ဝါသနာပါသူဖြစ်သဖြင့် ဓါးပြ ခေါင်းဆောင်ပေးသော သတင်းစာများ၊ ဂျာနယ်များကို ဂရုနှင့်လျော



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ရှုနေမိ၏။

ထို့နောက်တွင်မူ သတင်းစာများအောက်တွင် ဂန္ဓလောက မဂ္ဂဇင်းကို တွေ့ရသဖြင့် မဂ္ဂဇင်း၏စာမျက်နှာများကို တစ်ရွက်ပြီး တစ်ရွက် ကြည့်ရှုနေမိ၏။

လယ်တီပဏ္ဍိတဦးမောင်ကြီး ရေးသားသော ဗညားနွဲ့ ဝတ္ထုသို့ ရောက်သောအခါ ကောင်းကင်သည် မိမိမျက်လုံးကိုပင် မိမိမယုံနိုင်ဘဲ

" ဟင်… တိုက်ဆိုင်လိုက်တာကွာ၊ ဒီလောက်ထိ တိုက်ဆိုင်တာတော့ မဖြစ်နိုင်တော့ဘူး "

ဟု အော်ဟစ်လိုက်လေ၏။

ကောင်းကင်၏ အလန့်တကြားအော်ဟစ်သံကြောင့် မြေကြီးက လဲလျောင်းနေရာမှ လှည့်ကြည့်၍

" ဟေ့ကောင်… ဘာဖြစ်လို့ ဒီလောက်တောင် အော်ဟစ် နေရတာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ကောင်းကင်က

" ဟေ့ကောင်… ဒီမှာ ဂန္ဓလောကမဂ္ဂဇင်းထဲမှာ လာ ကြည့်စမ်း၊ ငါတော့ ရူးချင်သလိုတောင် ဖြစ်လာပြီ "

ဟု ပြောလေ၏။

ကောင်းကင်၏စကားကြောင့် မြေကြီးသည် ဂန္ဓလောက





မဂ္ဂဇင်းကိုယူ၍ ကြည့်လိုက်ပြီး ဗညားနွဲ့ဝတ္ထုတွင် မြင်ရသော အရာကြောင့်

" ဟိုက်… ဘယ်လိုဖြစ်တာလဲ၊ မာလာဆိုတဲ့ မိန်းကလေး ရေးနေကျ ရောက်အောင်မသွားသရွေ့ ဝေးတဲ့လမ်းဟာ ဝေးနေဦးမှာပဲဆိုတဲ့ စာကြောင်းက ဒီနေရာမှာလည်း ရောက်နေပါ လား "

ဟု ပြောလေရာ ကောင်းကင်က ခေါင်းညိတ်၍

" အဟုတ်ပဲကွာ၊ ဒါဟာ မာလာရေးနေကျ စာကြောင်း တွေကွ၊ လက်ရေးကလည်း မာလာရဲ့လက်ရေးပဲ၊ မင်ကလည်း မာလာသုံးနေကျ မင်အရောင်ပဲ၊ ငါတို့ကြည့်လိုက်တဲ့ ဂန္ဓလောက မဂ္ဂဇင်းတိုင်း မာလာ့လက်ရေးနဲ့ ရောက်အောင်မသွားသရွေ့ ဝေးတဲ့ လမ်းဟာ ဝေးနေဦးမှာပဲဆိုတဲ့ စာကြောင်းကို တွေ့ရတယ်၊ တော ခေါင်ခေါင်က ဓါးပြတွေရဲ့စခန်းမှာတောင် လာပြီးတော့ မာလာရဲ့ လက်ရေးကိုတွေ့နေရတော့ ကိုယ့်မျက်လုံးကိုတောင် ကိုယ်မယုံ နိုင်ဘူး၊ ငါတို့ အိပ်မက်များ မက်နေသလားကွာ "

ဟု ပြောလေ၏။ ထိုအခါ မြေကြီးကလည်း ခေါင်း ညိတ်၍

" အဟုတ်ပဲကွ၊ ဂန္ဓလောကမဂ္ဂဇင်းတောင်မှ တခြား စာမျက်နှာတွေမှာ မာလာ့ရဲ့လက်ရေးကို မတွေ့ရဘူး၊ ဗညားနွဲ့ဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com



မှာမှ ရောက်အောင်မသွားသရွေ့ဝေးတဲ့လမ်းက ဝေးနေဦးမှာပဲဆိုတဲ့ စာသားကို တွေ့ရတယ်၊ ဒီပုံအတိုင်းဆိုရင် မာလာဟာ သီလရှင်တွေနဲ့ ဆက်နွယ်သလို ဓါးပြတွေနဲ့ ဆက်စပ်မှုရှိမယ်ထင်တယ်"

ဟု ပြောလေရာ ကောင်းကင်က ခေါင်းညိတ်၍

" ငါတော့ ရှုးချင်သလိုတောင် ဖြစ်နေပြီကွ၊ မာလာက သီလရှင်ကျောင်းနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ဓါးပြတွေရဲ့စခန်းကိုလည်း ရောက်ခဲ့ဖူးပုံရတယ်၊ ဘာပဲဖြစ်ဖြစ် ဓါးပြခေါင်းဆောင်ကို ဒီအကြောင်းမေးကြည့်ရအောင်"

ဟု ဆိုကာ ရေချမ်းနှင့် မြေကြီးသည် ဓါးပြခေါင်းဆောင်၏ တဲရှိရာသို့ ထွက်ခဲ့လေ၏။

ဓါးပြခေါင်းဆောင်သည် ကောင်းကင်တို့ကို မြင်သောအခါ ဖော်ရွေစွာ ညှိခံလေ၏။

ကောင်းကင်က ဂန္ဓလောကမဂ္ဂဇင်းကိုပြ၍ မဂ္ဂဇင်းထဲရှိ မာလာ ရေးသားထားသော စာကြောင်းအား လက်ညှိုးညွှန်ပြကာ

" ဟောဒီစာကြောင်းလေးကို ဘယ်သူရေးထားတာလဲ"

ဟု ဓါးပြခေါင်းဆောင်အား မေးမြန်းလေ၏။

ဓါးပြခေါင်းဆောင် သည် ကောင်းကင်၏အမေးကြောင့် မျက်မှောင်ကြုတ်လိုက်ပြီး

" ဘာဖြစ်လို့ ဒီမေးခွန်းကို မေးရတာလဲ "





ဟု ပြန်လည်မေးမြန်းလေ၏။ ကောင်းကင်သည် ဓါးပြခေါင်းဆောင်အား ၎င်းတို့၏ရည်ရွယ်ချက် အစစ်အမှန်ကို မသိစေလိုသဖြင့်

" ဘာမှမဟုတ်ပါဘူးဗျာ၊ ဂန္ဓလောကမဂ္ဂဇင်းထဲမှာ ရေးထားတဲ့ စာကြောင်းလေးဟာ အဓိပ္ပါယ်ရှိလွန်းလို့ပါ၊ ရောက်အောင်မသွားသရွေ့ ဝေးတဲ့လမ်းဟာ ဝေးနေဦးမှာပဲဆိုတာ လောကကြီးမှာ ကိုယ်ဖြစ်ချင်တာကို ဖြစ်အောင်မလုပ်သရွေ့ ပန်းတိုင်နဲ့ အလှမ်းဝေးနေဦးမှာပဲဆိုပြီးတော့ သတိ ပေးလိုက်တဲ့ စာကြောင်းလေးပဲ "

ဟု ပြောလေရာ ဓါးပြခေါင်းဆောင်က ခေါင်းတဆတ်ဆတ်ညိတ်၍

" သိပ်ဟုတ်တာပေါ့ကွာ၊ ဒီစာကြောင်းလေးက လူသားတိုင်းကို သတိမူမိအောင် အချက်ပေးနေသလိုပဲကွ၊ တကယ်တော့ ဂန္ဓလောကမဂ္ဂဇင်းထဲက စာကြောင်းလေးကိုရေးတဲ့လူက ညီလေးတို့အသက်အရွယ်လောက်ရှိတဲ့ မိန်းကလေးတစ်ယောက်ကွ "

ဟု ပြောလေရာ ကောင်းကင်နှင့် မြေကြီးသည် ဓါးပြခေါင်းဆောင်အား စိတ်ဝင်စားစွာဖြင့် ကြည့်လိုက်လေ၏။ ကောင်းကင်က

" မိန်းကလေးတစ်ယောက် ရေးခဲ့တယ် ဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားလို့ ရှင်းပြပါဦးဗျာ ''

ဟု မေးမြန်းလေ၏။ ထိုအခါ ဓါးပြခေါင်းဆောင်က အရက်ခွက်ကို သောက်လိုက်ရင်း

'' ညီလေးတို့ကို ဒီအကြောင်းကို ပြောပြချင်နေတာနဲ့ အတော်ပဲ၊ အစ်ကိုဟာ ငယ်စဉ်ကတည်းက မိဘနှစ်ပါးမရှိတဲ့အတွက် စိတ်ရင်းစေတနာမကောင်းတဲ့ အမျိုးတွေရဲ့လက်ထဲမှာ ကြီးပြင်းခဲ့ရတယ်၊ ဒါကြောင့် ငယ်ငယ်ရွယ်ရွယ်နဲ့ ဆိုးမိုက်ပြီးတော့ ဒုစရိုက်လောကထဲကို ရောက်ခဲ့ရတယ်၊ နောက်တော့ လမ်းဓါးပြဘဝနဲ့ ဆိုးချင်တိုင်းဆိုး၊ မိုက်ချင်တိုင်းမိုက်ပြီး ပေတေနေခဲ့တယ်၊ ဒါပေမဲ့ လွန်ခဲ့တဲ့နှစ်စပြီး အစ်ကို့ဘဝ အကြီးအကျယ် ပြောင်းလဲခဲ့ရတယ်၊ ဒီလိုပြောင်းလဲခဲ့ရတာဟာ သီလရှင်ဆရာမကြီးတစ်ပါးကြောင့်ပဲ''

ဟု ပြောလေရာ ကောင်းကင်နှင့် မြေကြီးသည် ဓါးပြခေါင်းဆောင်၏ဘဝကို ပိုမို၍ စိတ်ဝင်စားသွားလေ၏။

ဓါးပြခေါင်းဆောင်က ဆက်လက်၍

'' လွန်ခဲ့တဲ့နှစ်က အစ်ကိုတို့အဖွဲ့က ဓါးပြတိုက်ရင်းကားပေါ်မှာ သီလရှင်ဆရာမကြီးနဲ့အတူ မိန်းကလေးတစ်ဦးကို ဆုံတွေ့ခဲ့ရတယ်၊ သီလရှင်ဆရာမကြီးက အလွန်ကြည်ညိုဖွယ်ကောင်းပြီးတော့ အစ်ကို့ကို ဓါးပြတွေဆိုပြီး မုန်းတီးပုံမရဘူး၊





ဆရာမကြီးက လူကောင်းဖြစ်စေ၊ လူဆိုးဖြစ်စေ လူသားအားလုံးကို မေတ္တာထားတဲ့ ကရုဏာရှင် သူတော်ကောင်းမကြီးပါ၊ အဲဒီတုန်းက ဆရာမကြီးက ရှေးဘဝက ဝဋ်ကြွေးကြောင့် ဓါးပြဘဝကိုရောက်နေပေမဲ့ သူတော်ကောင်းကို ဓါးပြတိုက်မိရင် ငရဲအိုးမှာ ကျိုးကပ်မဲ့အကြောင်း ဘုရားဟောဇာတ်တော်အမျိုးမျိုးကို ကိုးကားပြီး အစ်ကို့ကို ဟောပြောခဲ့တယ်၊ အစ်ကိုက သီလရှင်ဆရာမကြီး ဟောကြားတဲ့တရားတွေကို နာပြီးတော့ ကြည်ညိုလွန်းလို့ အစ်ကိုတို့စခန်းကို ပင့်ဖိတ်ပြီး ဟောပြောစေခဲ့တယ်၊ အဲဒီတုန်းက သီလရှင်ဆရာမကြီးနဲ့အတူ မိန်းကလေးတစ်ဦးလည်း လိုက်ပါလာတယ်''

ဟု ပြောလေရာ ကောင်းကင်သည် သီလရှင်ဆရာမကြီးနှင့် လိုက်ပါလာသူမှာ မာလာဆိုသော မိန်းကလေးဖြစ်ကြောင်း ရိပ်စားမိသွားလေ၏။

ဆရာမကြီးနှင့် မာလာသည် သီလရှင်ကျောင်းမှ ထွက်ခွာလာပြီးနောက် ဓါးပြများနှင့်ဆုံတွေ့ခဲ့မိခြင်း ဖြစ်ပုံရ၏။

'' အဲဒီတုန်းက ဆရာမကြီးဟာ အစ်ကိုတို့စခန်းမှာ တစ်ညနေပြီး အစ်ကိုတို့ကို တရားရေအေး တိုက်ကျွေးခဲ့တယ်၊ အစ်ကိုက ဒီအချိန်ကစပြီး ဓါးပြအလုပ်ကို မစွန့်လွှတ်နိုင်ပေမဲ့ ဘုရားတရားအလုပ်ကို လုပ်ကိုင်တဲ့ သူတော်ကောင်းတွေကို ဓါးပြမတိုက်ဖို့ ကြိုးစားခဲ့တယ်၊ ဒါကြောင့် ငါ့ညီတို့လို ဘာသာရေး



www.burmeseclassic.com

www.burmeseclassic.com



ကိုင်းရှိုင်းတဲ့ လူငယ်လေးတွေကို ဓါးပြမတိုက်ဘဲ ဘေးမဲ့ပေးခဲ့တာပဲ၊ အစ်ကိုလည်း လက်နက်ပြခြိမ်းခြောက်ပြီး သူတစ်ပါးကို အနိုင်ကျင့်တဲ့ အလုပ်ကို စိတ်ကုန်နေတာ ကြာပါပြီ၊ ကိုယ့်ကိုယ်ကိုလည်း နောင်တရနေမိတယ် ”

ဟု ပြောလေ၏။

ကောင်းကင်တို့သည် သီလရှင်ကြီးနှင့်အတူ ထွက်ခွာသွားသော မာလာ၏ သဲလွန်စကို မမျှော်လင့်ဘဲ ရလိုက်ခြင်းဖြစ်၏။ ထို့ကြောင့် ကောင်းကင်က

“ အဲဒီကြည်ညိုဖွယ်ကောင်းတဲ့ သီလရှင်ကြီးနဲ့ မိန်းကလေးက ဘယ်မြို့ကိုသွားမှာလဲ ”

ဟု မေးမြန်းလေ၏။ ထိုအခါ ဓါးပြခေါင်းဆောင်က ခေါင်းခါယမ်း၍

“ သီလရှင်ကြီး ဘယ်ကိုသွားမယ်ဆိုတာ အစ်ကိုတို့ မသိပါဘူး၊ သီလရှင်ကြီးက အစ်ကိုတို့စခန်းမှာ တစ်ညအိပ် တရားဟောပြီးတော့ ပြန်ထွက်သွားခဲ့တာပဲ ”

ဟု ပြောလေ၏။

ကောင်းကင်သည် မာလာနှင့်ပတ်သက်သော သဲလွန်စ ပြတ်တောက်သွားသဖြင့် သက်ပြင်းရှည်ကြီးကို ချလိုက်လေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ ဓါးပြခေါင်းဆောင်





ကိုယ်တိုင် ကောင်းကင်တို့အား ကားလမ်းဆီသို့ လိုက်လံပို့ဆောင်ပေးပြီး နှုတ်ဆက်လေ၏။

ကောင်းကင်တို့သည် ကားကြုံတစ်စီးကို တားစီး၍ တိုနေရာမှ ထွက်ခဲ့လေတော့၏။ ၄င်းတို့သည် လေတဟူးဟူး တိုက်နေသော လော်ရီကားကြီး၏ ခေါင်မိုးပေါ်တွင် လှဲ၍လိုက်ပါလာရင်း မြေကြီးက

“ ဘာတွေတွေးနေတာလဲ ကောင်းကင်၊ မင်း တစ်လမ်းလုံး ငြိမ်ပြီးလိုက်လာတယ် ”

ဟု ပြောလေ၏။ ထိုအခါ ကောင်းကင်က

“ ငါ့ခေါင်းထဲမှာ တွေးစရာတွေအများကြီး ဖြစ်နေတယ်၊ ပျောက်ဆုံးသွားတဲ့ မာလာနဲ့ပတ်သက်ပြီး ပဟေဠိပုစ္ဆာတွေ အများကြီး ဖြစ်နေတယ် ”

ဟု ပြောလေရာ မြေကြီးက မျက်မှောင်ကြုတ်၍

“ မိန်းကလေးကိုရှာဖို့ကိစ္စကို ငါတော့ စိတ်ပျက်လာပြီ၊ မာလာ့အဖေကြီးပေးမဲ့ ရွှေတစ်ပိဿာကိုလည်း မလိုချင်တော့ပါဘူးကွာ ”

ဟု ညည်းညူလေ၏။ ထိုအခါ ကောင်းကင်က

“ ငါ့စိတ်ထဲမှာ သံသယဖြစ်နေတာ တစ်ခုရှိတယ်၊ မာလာ ပျောက်ဆုံးသွားတယ်ဆိုတာ မယုံချင်တော့ဘူး ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ မြေကြီးက ကောင်းကင်ကို နားမလည် ဟန်ဖြင့် ကြည့်၍

" ဘာ… မာလာပျောက်သွားတယ်ဆိုတာ မယုံဘူး။ ဟုတ်လား၊ ဒါဆိုရင် မာလာ့အဖေက သူ့သမီးကိုရှာပေးရင် ရွှေတစ်ပိဿာ ချီးမြှင့်မယ်လို့ ဘာလို့ဆုငွေထုတ်တာလဲ "

ထိုအခါ ကောင်းကင်က

" ငါ့စိတ်ထဲမှာ သံသယဖြစ်နေတာက မာလာပျောက်ဆုံး သွားတာထက် အန္တရာယ်တစ်ခုခုကို စိုးရိမ်လို့ ပုန်းရှောင်သွားတာ ပိုပြီးဖြစ်နိုင်တယ်၊ မာလာ ဒီမြို့ကထွက်ခွာသွားဖို့အတွက် သူ့အဖေ ကြီးကိုယ်တိုင် ဝိုင်းဝန်းပြီး စီမံပေးလိုက်တာတောင် ဖြစ်နိုင်တယ်၊ ဘာကြောင့်လဲဆိုတော့ မာလာဟာ ပျောက်ဆုံးသွားတယ်ဆိုပြီးတော့ တစ်လအကြာမှာ အနီးအနားမြို့က သီလရှင်ကျောင်းမှာပဲ ရှိနေခဲ့ တယ်၊ အဲဒီကျောင်းမှာ ဘယ်သူမှ မာလာ့ကို ချုပ်နှောင်မထားဘူး။ မာလာဟာ လွတ်လွတ်လပ်လပ် နေနိုင်ခဲ့တယ်၊ မာလာဟာ သီလရှင်ကြီးတစ်ပါးနဲ့အတူ သီလရှင်ကျောင်းက ထွက်သွားပြန် တယ်၊ သီလရှင်ကျောင်းမှာရှိတဲ့ မာလာရှိနေတယ်ဆိုတဲ့ အဓိက သက်သေက ဂန္ထလောကမဂ္ဂဇင်းထဲမှာ မာလာ ရေးလေ့ရှိတဲ့ စာသားကြောင့်ပဲ၊ ဒါဟာ မာလာ့လက်ရေးဆိုတာ သေချာတယ်၊ မာလာဟာ မိန်းကလေးတစ်ယောက်ဖြစ်ပေမဲ့ သူ့ရဲ့ လက်ရေး





လက်သားဟာ ရေးဆန်နေတာ တွေ့ရတယ် "

ဟု ပြောလေရာ မြေကြီးက ဝင်ရောက်၍

" မင်းပြောတာ ဖြစ်နိုင်တယ်၊ သီလရှင်ကျောင်းက အရှူးမမိုးရဲ့ စကားအရ မာလာဟာ သီလရှင်ဆရာမကြီး ဒေါ်နန္ဒာနဲ့ အတူ ကျောင်းက ထွက်သွားခဲ့တယ်ဆိုပဲ၊ မြို့တစ်မြို့မှာ ပျောက်ဆုံး သွားတယ်ဆိုပြီး ဟိုးလေးတစ်ကျော်ဖြစ်နေခဲ့တဲ့ မိန်းကလေး တစ်ယောက်ဟာ သီလရှင်ကျောင်းမှာ အေးအေးချမ်းချမ်း ရှိနေခဲ့ တယ် "

ဟု ပြောလေရာ ကောင်းကင်က ဝင်ရောက်၍

" ဒါကြောင့် မာလာ့ကို မာလာ့ဖခင်နဲ့ သီလရှင်ဆရာမ ကြီးတွေ ပေါင်းပြီး ဒီမြို့ကဝေးရာကို ခေါ်ထုတ်သွားတာ ဖြစ်နိုင် တယ် "

ဟု ပြောလေရာ မြေကြီးက ဝင်ရောက်၍

" မာလာက မိန်းကလေးတစ်ယောက်ဆိုတော့ ယောက်ျားတွေနဲ့ ပတ်သက်တဲ့ နှလုံးသားပြဿနာကြောင့် မြို့က နေ ခေါ်ထုတ်သွားတာလည်း ဖြစ်နိုင်တယ် "

ဟု ပြောလေ၏။ ထိုအခါ ကောင်းကင်က

" ဒီအကြောင်းကို ငါ သေသေချာချာ စဉ်းစားကြည့်ပြီးပြီ၊ ယောက်ျားပြဿနာကြောင့် မဟုတ်ဘူးကွ၊ မာလာဟာ အကောင်ယ်



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်၊ ယောကျ်ားတွေနဲ့ပတ်သက်တဲ့ အတွေ့အကြုံမရှိဘူး၊ မာလာ့အဖေကြီး ဆုငွေထုတ်ထားတဲ့ ရွှေတစ်ပိဿာကိုမက်ပြီးတော့ မြို့ပေါ်မှာ မာလာ့အကြောင်းကို စုံစမ်းတဲ့လူတွေ အများကြီး၊ မာလာဟာ ယောကျ်ားကိစ္စနဲ့ ပတ်သက်နေမယ်ဆိုရင် ဒီအကြောင်းဟာ ဘူးပေါ်သလို ပေါ်လာမှာပဲ၊ မာလာ ဒီမြို့ကနေ ပျောက်သွားတာဟာ ယောကျ်ားကိစ္စမဟုတ်ဘူး၊ ကြောက်စရာကောင်းတဲ့ အန္တရာယ်တစ်ရပ်ကြောင့် ဖြစ်နိုင်တယ်၊ တကယ်တော့ မာလာ့ဖခင်ကြီးဟာ သူ့သမီးကို မြို့ပေါ်ကနေ ပျောက်ဆုံးသွားတယ်ဆိုပြီးတော့ လုပ်ကြံသရုပ်ဆောင်တာ ဖြစ်နိုင်တယ်၊ မာလာဟာ ပျောက်ဆုံးသွားတာမဟုတ်ဘူးကွ၊ ဖခင်ကြီးကိုယ်တိုင် သီလရှင်တွေရဲ့ အကူအညီနဲ့ ဒီမြို့ကဝေးရာကို ပို့လိုက်တာပဲ၊ မာလာ့ကို တွေ့အောင်ရှာပေးမဲ့လူကို ရွှေတစ်ပိဿာ ချီးမြှင့်မယ်ဆိုတာလည်း သူတို့ရဲ့ လုပ်ကြံမှုကို လူတွေမရိပ်မိဘဲ ဝိုပြီးတော့ပီပြင်အောင်လုပ်တာ ဖြစ်နိုင်တယ်၊ မာလာ့ဖခင်ကြီး ကိုယ်တိုင် ရွှေတစ်ပိဿာ ချီးမြှင့်မယ်ဆိုတဲ့အတွက် မြို့ပေါ်က လူတွေအားလုံး သူ့သမီး ပျောက်ဆုံးသွားတယ်လို့ အမှန်တကယ် ယုံကြည်ခဲ့ကြတယ် ''

ဟု ပြောလေရာ မြေကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍

'' မင်းပြောတဲ့စကားတွေ အားလုံးဖြစ်နိုင်တယ်၊ ဒါပေမဲ့ မာလာ့လို ငယ်ရွယ်တဲ့ မိန်းကလေးတစ်ယောက်မှာ အန္တရာယ်ရှိမယ်





ဆိုရင် မာလာ့အဖေကြီးမှာလည်း အန္တရာယ်ရှိနိုင်တာပဲ၊ သူ့သမီးကို ဒီမြို့ကဝေးရာကို လွှတ်ပြီးတော့ သူကိုယ်တိုင်က ဘာဖြစ်လို့ ထွက်မပြေးတာလဲ ''

ဟု ပြောလေ၏။ ထိုအခါ ကောင်းကင်က

'' ဒီအကြောင်းကို ငါစဉ်းစားနေတာပဲ၊ မာလာ့ဖခင်ကြီးဟာ သားအဖနှစ်ယောက်လုံး မြို့ပေါ်ကထွက်ပြေးရင် ရန်သူလက်က မလွတ်နိုင်လို့လား၊ ဒါမှမဟုတ်ရင် ရန်သူဟာ ထူးခြားဆန်းကျယ်တဲ့အတွက် မာလာတစ်ယောက်တည်းကိုပဲ အန္တရာယ်ပြုမှာမို့လို့လား၊ ဘာပဲဖြစ်ဖြစ် ဒီပြဿနာရဲ့အဖြေကို ငါသိချင်တယ်၊ မာလာ့ကို ရှာမွေ့တဲ့နေရာမှာ ငါတို့ နှစ်ယောက်နဲ့ ကံလိုက်မယ်ထင်တယ်၊ ဘာကြောင့်လဲဆိုတော့ ငါတို့နှစ်ယောက် ထူးထူးခြားခြား မာလာ ခိုလှုံသွားတဲ့ သီလရှင်ကျောင်းကို ရောက်သွားခဲ့တယ်၊ ကျောင်းကို ရောက်ပြီးတော့လည်း အခင်မတန်မှ တိုက်တိုက် ဆိုင်ဆိုင် ဂန္ဓလောက မဂ္ဂဇင်းမှာ မာလာကိုယ်တိုင်ရေးသွားတဲ့ စာကြောင်းကို ဖတ်ရှုခွင့်ရတယ်၊ တိုက်တိုက်ဆိုင်ဆိုင် သူတော်ကောင်းဓါးပြတွေနဲ့ တွေ့ပြီးတော့ ဓါးပြအတိုက်မခံရဘဲ တောထဲကိုခေါ်ပြီး ကျွေးမွေး ပြုစုတာခံရတယ်၊ ဓါးပြတွေရဲ့စခန်းရောက်တော့လည်း ဂန္ဓလောက မဂ္ဂဇင်းထဲက မာလာ့စာတွေကို ဖတ်ရှုခဲ့ရပြန်တယ်၊ မာလာနဲ့ သီလရှင် ဆရာကြီး ဒေါ်နန္ဒကလည်း ဓါးပြတွေရဲ့စခန်းကို ပင့်ဖိတ်ခြင်း ခံရတယ် ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ မြေကြီးက ခေါင်းညိတ်၍

" မင်းစဉ်းစားတာ အားလုံးဖြစ်နိုင်တယ်၊ ငါတို့နှစ်ယောက် ထူးထူးခြားခြား ကံလိုက်တယ်ဆိုတာတော့ သေချာနေပြီ၊ ဘာပဲဖြစ်ဖြစ် ငါတို့နှစ်ယောက် မာလာ့ကိစ္စကို ရေကုန်ရေခမ်း လိုက်ကြမယ်ကွာ၊ နောက်ဆုံးမှာ အဖြေမှန်နဲ့တွေ့ရမယ်လို့ ယုံကြည်တယ်၊ ဟဲ ဟဲ... ကံကောင်း ထောက်မပြီးတော့ မာလာ့ အဖေကြီး ချီးမြှင့်တဲ့ ရွှေတစ်ပိဿာကိုတောင် ရရင်ရမှာနော်"

ဟု ပြောလေရာ ကောင်းကင်က သက်ပြင်းချ၍

" ရွှေတစ်ပိဿာကို မက်မောလို့ မာလာ့ကိစ္စကို စုံစမ်းနေတာ မဟုတ်ပါဘူး၊ ငါတို့နှစ်ယောက်ဟာ လူငယ်တွေကွ၊ လူငယ်တွေမှာ လူကြီးတွေထက် စပ်စုလိုစိတ်ရှိတယ်၊ စူးစမ်းရှာဖွေချင်တယ်၊ စွန့်စားချင်တဲ့စိတ်ဓါတ်တွေလည်း ရှိတယ် "

ဟု ပြောလေ၏။ ထိုအခါ မြေကြီးက ကောင်းကင်၏ လက်မောင်းကို ဖက်၍

" ငါလည်း မင်းလိုပါပဲ သူငယ်ချင်းရယ်၊ ကဲ... ငါတို့နှစ်ယောက် ဘယ်လိုအခက်အခဲပဲကြုံကြုံ စိတ်မပျက်ကြေးနော်၊ ငါတို့ရဲ့ စားဝတ်နေရေးအတွက်လည်း တစ်ခုခုလုပ်မှဖြစ်မယ်ကွ"

ဟု ပြောလေ၏။

ဤသို့ဖြင့် ကောင်းကင်တို့သည် စူးစမ်းရှာဖွေလိုသောစိတ်





ကြောင့် မြန်မာပြည်အနှံ့လှည့်လည်၍ မာလာ၏သဲလွန်စကို ရှာဖွေခဲ့လေ၏။

၎င်းတို့သည် ရောက်လေရာအရပ်များ၌ စားဝတ်နေရေးအတွက် အလုပ်မျိုးစုံကို လုပ်ကိုင်ခဲ့ကြ၏။ ထိုသို့လုပ်ကိုင်ရင်း ၎င်းတို့၏ ရည်မှန်းချက်ကို အကောင်အထည်ဖော်အောင် ကြိုးစားရ၏။

လူငယ်နှစ်ဦးသည် မြန်မာပြည်အနှံ့လှည့်လည်၍ ပျောက်ဆုံးနေသော မိန်းကလေးအား ရှာဖွေသော်လည်း အရိပ်အယောင်ကိုမျှ မတွေ့မြင်ရချေ။

၎င်းတို့သည် နောက်ဆုံး၌ ရန်ကုန်မြို့ကြီးသို့ ရောက်ရှိလာလေ၏။ ကောင်းကင်က

" ငါတို့ရဲ့ပန်းတိုင်ဟာ ရန်ကုန်မြို့မှာဆုံးမယ်ထင်တယ်၊ မာလာ့ကို မြန်မာပြည်အနှံ့ ရှာဖွေခဲ့ပေမဲ့ ဒီနေ့အထိ မတွေ့ခဲ့ဘူး၊ ရန်ကုန်မြို့ကြီးက ငါတို့ရဲ့ နောက်ဆုံးမျှော်လင့်ချက်ပဲ၊ ရန်ကုန်မြို့ကြီးက ကျယ်ဝန်းသလို လူဦးရေကလည်း အလွန်များတယ်၊ ရန်ကုန်မြို့မှာ ကြုံရာကျပန်းလုပ်ပြီး နေထိုင် စားသောက်လို့ မဖြစ်ဘူး "

ဟု ပြောလေ၏။

၎င်းတို့သည် ယခင်က မြို့တကာလည်၍ ဆီးပေါင်း



www.burmeseclassic.com

www.burmeseclassic.com



ရောင်းခြင်း၊ မြေပဲလီပ်ရောင်းခြင်း၊ စသည့် နည်းစုံအလုပ်များကို လုပ်ကိုင်ခဲ့၏။

ငှင်းတို့သည် ရန်ကုန်မြို့၌ နေထိုင်ရင်း အလုပ်အကိုင် တစ်ခုကို ဦးစွာ ရှာဖွေလေ၏။ ထိုသို့ရှာဖွေရင်း ကြည့်မြင်တိုင်ဘက်ရှိ အဖိုးကြီးတစ်ဦး ပိုင်ဆိုင်သော ဝါး၊ ဓနိဆိုင်တွင် အလုပ်ရလေ၏။

အဖိုးကြီးသည် လွန်စွာကပ်စေးနည်းပြီး လစာကို လုံလောက်အောင် မပေးသဖြင့် သူမ၏ဆိုင်၌ မည်သည့်အလုပ်သမားမျှ မလုပ်ချင်ကြချေ။

ကောင်းကင်တို့သည် နေစရာနှင့် စားစရာရလျှင် ကျေနပ်သူများ ဖြစ်လေရာ အဖိုးကြီးနှင့် အဆင်ပြေလေ၏။

ကောင်းကင်တို့သည် အဖိုးကြီးဝယ်ယူထားသော ဝါးဖောင်များကို သယ်၍ ဆိုင်၌ ရောင်းပေးရ၏။ အဖိုးကြီးသည် လုပ်ခ လစာနည်းသော ကောင်းကင်တို့ကို အလွန်သဘောကျ၏။

ငှင်းတို့သည် အခွင့်အရေးရသည့်အခါတိုင်း ရန်ကုန်မြို့အနှံ့ လှည့်လည်၍ ပျောက်ဆုံးနေသော မိန်းကလေး၏သတင်းကို စုံစမ်းရလေ၏။

တစ်နေ့သ၌ အားလပ်ရက်ရသည်နှင့် ရွှေတိဂုံဘုရားသို့ သွားရောက် ဖူးမြော်ကြလေ၏။ ဘုရားဖူးပြီးနောက် သွေးဆေးကန်ဘက်သို့ လမ်းလျှောက်လာစဉ် သစ်ပင်ရိပ်အောက်၌ ကျောခိုင်းထိုင်





နေသော လူကြီးတစ်ဦးက

" ကောင်းကင်နဲ့မြေကြီး၊ မင်းတို့နဲ့ငါ ပြန်ဆုံတွေ့ပြန်ပြီ၊ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါကွာ၊ မိတ်ဆွေစစ်မှန်ရင် တစ်နေ့နေ့မှာ ပြန်ဆုံတွေ့ရမယ်ဆိုတဲ့ စကားရှိတယ်ကွ၊ မိတ်ဆွေစစ်တွေ ပြန်ဆုံတွေ့ပြန်ပြီ "

ဟု ပြောသဖြင့် ကောင်းကင်နှင့်မြေကြီးသည် လူကြီး၏နောက်ကျောကို ကြည့်၍ မျက်မှောင်ကြုတ်လိုက်မိ၏။

ကောင်းကင်သည် အတန်ကြာမှ လူကြီးကိုမှတ်မိသွားပြီး ဝမ်းသာအားရဖြင့်

" ဦးဖောက်ထိုး "

ဟု အော်ဟစ်ကာ လူကြီးအနီးသို့ သွားလေ၏။

သစ်ပင်ခြေရင်းတွင် ထိုင်နေသူမှာ ငှင်းတို့နှင့်အတူ ချစ်တီးတိုက် လှေကားထပ်၌ အတူအိပ်စက်သော ဦးဖောက်ထိုးဆိုသည့် လူထူးလူဆန်းကြီး ဖြစ်၏။

ဦးဖောက်ထိုးသည် ငှင်းအိပ်စက်လေ့ရှိသော ချစ်တီးတိုက် လှေကားထစ်၌ ကောင်းကင်နှင့်မြေကြီးကို အိပ်စက်ခွင့်ပေးသော ကျေးဇူးရှင်ဖြစ်၏။ မြေကြီးက ဝမ်းသာအားရဖြင့်

" ဦးဖောက်ထိုးကြီး အရာရာကို ဖောက်ထိုးမြင် နေတုန်းပဲလား၊ ရန်ကုန်မြို့ကို ဘယ်လိုရောက်လာတာလဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေ၏။ ထိုအခါ ဦးဓောက်ထိုးက

" ငါဟာ ရန်ကုန်ကိုရောက်လာတာ ငါ့ရဲ့ ဓောက်ထိုးဝါဒ အတိုင်းပဲကွ၊ မြို့ပေါ်မှာနေရတာ အရာရာ အဆင်ပြေချောမွေ့တယ်၊ နေရာတိုင်းမှာ အေးချမ်းသာယာနေတယ်၊ ဒါပေမဲ့ ငါဟာ ဓောက်ထိုးသမားဖြစ်တဲ့ အတွက် အရာရာချောမွေ့နေတဲ့ လောကမှာ မပျော်မွေ့ဘူး၊ ဒါကြောင့် ငါတို့မြို့ထက်စာရင် ရှုန်းကန်မှုတွေပိုများတဲ့ ရန်ကုန်မြို့ကို ထွက်လာခဲ့တာပဲ "

ဟု ပြောလေရာ ကောင်းကင်က ခေါင်းခါယမ်း၍

" ဦးဓောက်ထိုးကတော့ဗျာ၊ နာမည်နဲ့လိုက်အောင် တကယ့်ဓောက်ထိုးပါပဲ၊ လူတိုင်းက အေးအေးချမ်းချမ်းနဲ့ အလွယ် တကူ ရှာဖွေစားသောက်ရတာကို နှစ်သက်တယ်၊ ဦးဓောက်ထိုး ကတော့ ပူပူလောင်လောင်နဲ့ ရှုန်းစားရှာဖွေချင်တယ်၊ ကိုယ့်အသက် အရွယ်လည်း ကိုယ် သတိထားဦးလေဗျာ၊ ကျုပ်တို့လို လူငယ်တွေမှ မဟုတ်တော့တာ "

ဟု ပြောလေရာ ဦးဓောက်ထိုးသည် ကောင်းကင်၏စကား ကြောင့် မျက်မှောင်ကြုတ်လိုက်ပြီး

" လောကမှာ ငယ်ခြင်း၊ ကြီးခြင်းထက် ပိုပြီးအရေးကြီး တာက စိတ်ဓါတ်ပဲကွ၊ လူငယ်ဖြစ်ပြီး စိတ်ဓါတ်အိုမင်းနေတဲ့ လူတွေကို မင်းတို့ တွေ့ဖူးသလား၊ လူကြီးဖြစ်ပြီး စိတ်ဓါတ်နုပျိုနေတဲ့





လူတွေကိုရော မင်းတွေ့ဖြင်ဖူးသလား၊ ငါ့ဘဝမှာ မသေမီ အရေး တကြီးလုပ်စရာကိစ္စ တစ်ခုရှိသေးတယ်၊ ဒီကိစ္စကို အကောင် အထည်မဖော်ဘဲ အသက်ဆုံးသွားရင် ငါ အသေဖြောင့်မှာ မဟုတ် ဘူး၊ ငါ့ကို အမိုက်တကာ့ အမိုက်ဆုံးဘွဲ့ကြီးပေးပြီး ကဲ့ရဲ့ရင် ကဲ့ရဲ့ကြပါစေ၊ ငါကတော့ မဖြစ်ဖြစ်အောင်လုပ်မှာပဲ "

ဟု ပြောလေရာ ကောင်းကင်နှင့် မြေကြီးသည် ဦး ဓောက်ထိုး၏မျက်နှာကို နားမလည်ဟန်ဖြင့် ကြည့်၍ကောင်းကင်က

" ဦးဓောက်ထိုးမှာ ဘယ်လိုရည်ရွယ်ချက်ရှိလို့လဲ "

ဟု မေးမြန်းလေရာ ဦးဓောက်ထိုးက ကောင်းကင်နှင့် မြေကြီးအား ပဟေဠိ ဆန်သောအကြည့်ဖြင့် ကြည့်လိုက်ပြီး

" တစ်ချိန်ကျရင် မင်းတို့နားလည်မှာပါကွာ "

ဟု ပြောရင်း မြေကြီးဘက်သို့လှည့်ကာ

" ဟဲ ဟဲ... မင်းတို့ ဝါး၊ ခနီဆိုင်က အပျိုကြီးနဲ့ မငြိကြသေးဘူးလား၊ ငြိမယ်ဆိုရင်တော့ ကြိုတင်ပြီး သတိပေးရ ဦးမယ်၊ အပျိုကြီးက ဘုရားလူကြီး အယောင်ဆောင်လူကြီးတစ်ဦးနဲ့ တိတ်တိတ်ပုန်း ဓာတ်လမ်းဖြစ်နေတာကွ "

ဟု ပြောလေရာ ကောင်းကင်နှင့် မြေကြီးသည် ဦးဓောက်ထိုးကို ကြည့်၍ လွန်စွာ အံ့ဩသွားလေ၏။ မြေကြီးက ဦးဓောက်ထိုးအား



www.burmeseclassic.com

www.burmeseclassic.com



" ကျုပ်တို့ အလျှိုကြီးရဲ့ ဝါးခရိုဆိုင်မှာ အလုပ်လုပ်နေတာ ဘယ်လိုသိတာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးခေါက်ထိုးက တဟားဟား ရယ်မော၍

" ဟား ဟား ဟား… ကြည့်မြင်တိုင်ကမ်းနားတစ်ဝိုက်မှာ ငါ့ရဲ့အသိအကျွမ်းတွေ အများကြီးရှိပါတယ်ကွာ၊ မင်းတို့ ရန်ကုန်ရောက်ပြီး ဘာအလုပ်လုပ်နေတယ်ဆိုတာ ငါသိပြီးသား"

ဟု ပြောလေရာ ကောင်းကင်က ဦးခေါက်ထိုးကို အံ့သြ ဟန်ဖြင့် ကြည့်၍

" ဦးခေါက်ထိုးက ကျုပ်တို့အကြောင်းတွေကို အတော် သိနေတာပဲ "

ဟု ရေရွတ်လေရာ ဦးခေါက်ထိုးက

" ဒီနေ့လို အခါကြီးရက်ကြီးမှာ ဝါး၊ ခရိုဆိုင်ပိတ်ပြီးတော့ မင်းတို့ ရွှေတိဂုံဘုရားကို ရောက်လာမယ်ဆိုတာ ငါကြိုသိတယ်၊ ဒါကြောင့် မင်းတို့နဲ့ တွေ့ချင်လို့ ဒီမှာလာစောင့်နေခဲ့တာပဲ "

ဟု ပြောလေရာ ကောင်းကင်တို့သည် ဦးခေါက်ထိုး၏ မြော်မြင်တွက်ဆပုံကို ပိုမိုအံ့သြသွားလေ၏။ ကောင်းကင်က ဦးခေါက်ထိုးအား ကြည့်၍

" ဦးခေါက်ထိုး ရန်ကုန်မှာ ဘယ်လိုနေထိုင်စားသောက်





သလဲ၊ ရန်ကုန်မြို့ကြီးမှာ စားရေးသောက်ရေး ခက်ခဲတယ်နော်"

ဟု ပြောလေ၏။ ထိုအခါ ဦးခေါက်ထိုးက တဟားဟား ရယ်မော၍

" ဒါဟာ အတည့်သမားတွေအတွက်ကွ၊ ငါ့လိုခေါက်ထိုး သမားအတွက်တော့ ရန်ကုန်မြို့မှာ မခက်ခဲပါဘူးကွာ၊ ငါဟာ နေဖို့အတွက်ရော စားဖို့အတွက်ပါ ဘာအလုပ်မှ လုပ်စရာမလိုဘူး၊ ငါက အခမ်းနားဆုံးအိမ် ကြီးမှာနေပြီး ကောင်းပေ့ညွှန့်ပေဆိုတဲ့ အစားအစာတွေ စားသောက်နေရတာကွ "

ဟု ပြောလေရာ မြေကြီးသည် ဦးခေါက်ထိုးအား အလွန် အားကျဟန်ဖြင့်ကြည့်၍

" ဦးခေါက်ထိုးကတော့ ကံထူးပါပေ့ဗျာ၊ ကျုပ်တို့ ကတော့ ရန်ကုန်မြို့မှာ နေခွင့်ရဖို့အတွက် နဖူးကချွေး ခြေမကျအောင် အလုပ်လုပ်ရတယ်၊ အလုပ်ရှင် အဖိုးကြီးမကျေနပ်ရင်လည်း ဆူပူ ကြိမ်းမောင်းတာ ခံရတယ်၊ ကျုပ်တော့ အတည့်သမားဘဝကနေ ခေါက်ထိုးသမားဖြစ်ချင်လာပြီ "

ဟု ပြောလေ၏။ ဦးခေါက်ထိုးက ရယ်မော၍

" ခေါက်ထိုးသမားဖြစ်ဖို့ လုပ်ယူလို့မရဘူးကွ၊ အတု အယောင် မဖြစ်နိုင်ဘူး၊ အစစ်အမှန်မှဖြစ်မယ် "

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်မူ ဦးဓောက်ထိုးသည် ကောင်းကင်နှင့် မြေကြီးအား ဗီယာနှာ ကဖေးတိုက်သို့ ခေါ်ဆောင်သွားပြီး အစားအသောက်များကို အဝအလင် ကျွေးမွေးလေ၏။

ထို့နောက် ဦးဓောက်ထိုးက

" မင်းတို့ မြို့ကထွက်သွားတာ သူဌေးကြီး ဦးစိန်တစ်လုံးရဲ့ ရွှေတစ်ပိဿာဆုကြီးကို မက်လို့မဟုတ်လား၊ ရွှေတစ်ပိဿာပိုင်ဆိုင်ရဖို့ နီးနေပြီလား "

ဟု မေးမြန်းလေ၏။ ထိုအခါ ကောင်းကင်က ခေါင်းခါယမ်း၍

" ဦးစိန်တစ်လုံးရဲ့သမီး မာလာနဲ့ပတ်သက်တဲ့ သဲလွန်စတောင် မရသေးပါဘူးဗျာ၊ ကျုပ်တို့က ရွှေတစ်ပိဿာကိုမက်လို့ မဟုတ်ပါဘူး၊ လူငယ်ပီပီ စူးစမ်းရှာဖွေချင်တဲ့စိတ်ရှိလို့ပါ "

ဟု ပြောလေရာ ဦးဓောက်ထိုးက

" လူငယ်တွေဟာ လူကြီးတွေထက် ပိုပြီးတော့ တက်ကြွတယ်ကွ၊ ဒါပေမဲ့ လူကြီးတွေက ပိုပြီးတော့ဆင်ခြင်တတ်တယ်၊ မင်းတို့ဟာ ဦးစိန်တစ်လုံးရဲ့သမီးကို ရှာဖွေတဲ့နေရာမှာ အတက်ကြွဆုံး လူငယ်နှစ်ယောက်ပဲ၊ မင်းတို့တောင် ဘာသဲလွန်စမှမရဘူးဆိုရင် ကျန်တဲ့လူတွေ ပိုဆိုးနိုင်တယ် "

ဟု ပြောလေရာ ကောင်းကင်နှင့် မြေကြီးသည်





တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။ ထိုအခါ ဦးဓောက်ထိုးက

" သူဌေးကြီး ဦးစိန်တစ်လုံးရဲ့သမီးကိုတွေ့ဖို့ မင်းတို့မှာ သဲလွန်စတော့ ရှိနေပြီနဲ့တူတယ် "

ဟု ပြောလေရာ ကောင်းကင်က ခေါင်းညိတ်၍

" ဦးစိန်တစ်လုံးရဲ့သမီးကို ရှာဖွေတဲ့နေရာမှာ ကျွန်တော်တို့နှစ်ယောက်က ထူးထူးခြားခြား ကံလိုက်တယ်ဗျ။ မာလာရေးလှေ့ရှိတဲ့ ရောက်အောင်မသွားသရွေ့ ဝေးတဲ့လမ်းဟာ ဝေးနေဦးမှာပဲဆိုတဲ့ စာကြောင်းကို, ဂန္ဓလောကမဂ္ဂဇင်းထဲမှာ မကြာခဏ တွေ့နေရတယ် "

ဟု အစချီကာ သီလရှင်ကျောင်းနှင့် လမ်းခါးပြမျှားထံတွင် မာလာ ၏ သဲလွန်စမျှားရရှိခဲ့ပုံကို ဦးဓောက်ထိုးအား ပြောပြလေ၏။

ထိုအခါ မြေကြီးက ဝင်ရောက်၍

" ဦးစိန်တစ်လုံးရဲ့သမီးပျောက်ဆုံးမှုနဲ့ ပတ်သက်လို့ ကျုပ်တို့ မသင်္ကာစရာ တစ်ခုတော့ရှိတယ် "

ဟု ပြောလေရာ ဦးဓောက်ထိုးက

" မင်းတို့ထင်သလို ငါလည်း ထင်ပြီးသားပါပါ၊ သူဌေးကြီး ဦးစိန်တစ်လုံးက သူ့သမီးကို အန္တရာယ်တစ်ခုက လွတ်မြောက်အောင် မြို့ပေါ်ကနေ ရှောင်နေခိုင်းတာ ဖြစ်နိုင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ်၊ လောကမှာ အမှန်တရားဆိုတာ ဘယ်တော့မှ မပျောက်ပျက်နိုင်ပါဘူး၊ အပေးရှိရင်လည်း အယူရှိရမှာပဲ၊ သူတို့ မိသားစုဟာ လောကကြီးပေါ်မှာ အမှားလုပ်ထားခဲ့ရင် မိုးအဆုံး မြေအနှံ့ ပုန်းရှောင်နေလို့တောင် လွတ်ကင်းနိုင်မယ်မထင်ဘူး ''

ဟု ပြောကာ ကောင်းကင်တို့အနီးမှ ထွက်ခွာသွားလေ၏။ မြေကြီးက

'' ဦးဓောက်ထိုး နေပါဦးဗျ၊ ဦးဓောက်ထိုး ဘယ်မှာနေတယ်ဆိုတာ ပြောခဲ့ပါဦး ''

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးဓောက်ထိုးက နောက်သို့ လှည့်မကြည့်ဘဲ

'' ငါနေတဲ့နေရာဟာ မင်းတို့လာလို့မရလောက်အောင် ခမ်းနားကြီးကျယ်တဲ့အတွက် မင်းတို့သိလည်း မထူးပါဘူးကွာ၊ မင်းတို့နဲ့ငါ ပြန်တွေ့ဦးမှာပါ ''

ဟု ပြောကာ ထိုနေရာမှ ထွက်ခွာသွားလေ၏။

ကောင်းကင်သည် ပဟေဠိဆန်သော ဦးဓောက်ထိုး၏ နောက်ကျောကို ကြည့်၍

'' ဦးဓောက်ထိုးနဲ့တွေ့ရင်တော့ အမြဲတမ်း အထူးအဆန်း တွေချည်းပဲ၊ ငါတို့လာလို့မရအောင် ခမ်းနားကြီးကျယ်တယ်တဲ့၊ သူက ဘုရင်ခံအိမ်များ ရောက်နေလို့လား ''





ဟု ရေရွတ်လိုက်လေတော့၏။

လသာသော ညတစ်ညွှ် ကောင်းကင်နှင့်မြေကြီးသည် မအိပ်စက်နိုင်သေးဘဲ ဝါးခြေနိုင်ရှေ့တွင် ထိုင်၍ စကားပြောနေကြလေ၏။

ညဉ့်သန်းခေါင်အချိန်သို့ရောက်သောအခါ အဝေးဆီမှ ပြေးလွှားလာသောအသံများနှင့် အော်ဟစ်သောအသံများကို ကြားရသဖြင့် မြေကြီးက

'' လူသံတွေကြားရတယ်၊ သူခိုးလား မသိဘူး ''

ဟု ရေရွတ်လိုက်လေ၏။

ထိုအခိုက်မှာပင် လူသံသူသံများသည် တဖြည်းဖြည်း နီးကပ်လာပြီး ၎င်းတို့ဆိုင်ရှေ့သို့ ဦးတည်ပြေးလွှားလာသော လူတစ်ယောက်ကို မြင်တွေ့ရလေ၏။

ကောင်းကင်တို့သည် ထိုသူ ဆိုင်ရှေ့သို့ရောက်လျှင် မှန်အိမ် အလင်းရောင်ဖြင့် ကြည့်လိုက်သောအခါ အသက် (၁၀)နှစ်သာသာ ခန့်ရှိသော လူငယ်လေးတစ်ဦးဖြစ်ကြောင်း တွေ့လိုက်ရလေ၏။

ထိုလူငယ်လေးအား အံ့သြဟန်ဖြင့်ကြည့်၍ မြေကြီးက

'' ဟေ့ကောင်လေး… မပြေးနဲ့၊ ရပ်စမ်း၊ မင်း သူခိုး မဟုတ်လား ''

ဟု မေးမြန်းလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကောင်လေးက ခေါင်းခါယမ်း၍

" ကျုပ် သူခိုးမဟုတ်ပါဘူး၊ လူကောင်းပါ၊ ကျုပ်ကို ကမ်းနားက လူမိုက်တွေ လိုက်ပြီးဒုက္ခပေးနေတာဗျ၊ ဒီကောင်တွေနဲ့ကျုပ် ရန်ငြိုးရှိတယ်၊ ကျုပ်ကို ဝှက်ထားပေးပါဗျာ "

ဟု ပြောလေ၏။

လူငယ်သည် ဥပဓိရုပ်သန့်ပြန့်ပြီး မိကောင်းဖခင်သားသမီးဖြစ်ပုံရ၏။ ထို့ကြောင့် လူငယ်အား ဝါးကပ်များ၏နောက်တွင် ပုန်းကွယ်နိုင်းလိုက်၏။

ထိုအခိုက်မှာပင် ဆိုင်ရှေ့သို့ တုတ်၊ ဓါး၊ လက်နက် ကိုင်ဆောင်ထားသော လူတစ်စု ရောက်ရှိလာ၏။ ထိုသူများကို ဦးဆောင်လာသူက ကောင်းကင်နှင့် မြေကြီးအား ခက်ထန်စွာကြည့်၍

" ဟိုကောင်လေး ဆိုင်ထဲမှာဝင်ပုန်းတာ မြင်လိုက်တယ်၊ အခုချက်ချင်းထုတ်ပေးစမ်း "

ဟု လေသံမာမာဖြင့် အမိန့်ပေးလိုက်လေ၏။

ကောင်းကင်နှင့်မြေကြီးသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ပြီး တံခါးဝတွင် ထောင်ထားသော ငှက်ကြီးတောင်ဓါးနှစ်လက်ကို အသီးသီး ကိုင်ဆွဲလိုက်လေ၏။

ကောင်းကင်က ထိုသူအားကြည့်၍





" မင်းတို့ ဘာလို့ ကလေးတစ်ယောက်ကို အနိုင်ကျင့်ရတာလဲ၊ ငါတို့ရှေ့မှာ မတရားလုပ်နေတာတော့ လက်ပိုက်ကြည့်မနေနိုင်ဘူး၊ မင်းတို့ လူကောင်းတွေဆိုရင် ဥပဒေဘောင်ထဲက ရှင်းပါ "

ဟု ပြောလိုက်ရာ လူမိုက်များသည် ကောင်းကင်နှင့်မြေကြီးအား ခေါ်သူပုန်ထသွားပြီး

" ဟေ့ကောင်တွေ၊ မင်းတို့ ကြားထဲက အချောင်နာချင်လို့လား "

ဟု ခြိမ်းခြောက်လိုက်လေ၏။ ထိုအခါ ကောင်းကင်က ငှက်ကြီးတောင်ဓါးကို ကိုင်မြှောက်၍

" ငါတို့ကို တောသားတွေဆိုပြီး အထင်သေးတာလား၊ သတ္တိရှိရင် ရှေ့ထွက်ခဲ့ကြ၊ မတရားလုပ်တာတော့ လက်ပိုက်ကြည့်မနေနိုင်ဘူး၊ အမှန်တရားအတွက် အသက်ပေးဖို့ဝန်မလေးဘူး "

ဟု ဆိုကာ ငှက်ကြီးတောင်ဓါးများကို ကိုင်ဆွဲ၍ တိုက်ခိုက်ရန် အသင့်ပြင်လိုက်လေ၏။

လူမိုက်များသည် ကောင်းကင်နှင့်မြေကြီး၏ ရဲရဲတောက်အမူအရာကြောင့် ရွံ့တွန့်တွန့် ဖြစ်သွား၏။ ၎င်းတို့သည် အားကိုးပြီး မိုက်ဝံ့သော်လည်း ရဲရဲတောက် တိုက်ခိုက်မည့်သူနှင့် ကြုံသောအခါ ရှေ့မတိုးဝံ့ဘဲ ဖြစ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းတို့၏ခေါင်းဆောင်က

" ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတွေမှာ ဝင်ရှုပ်တဲ့ကောင်တွေ၊ နေနှင့်ဦးပေါ့ကွာ၊ မင်းတို့နဲ့ တကွေ့ကွေ့မှာတော့ ကြုံဦးမှာပဲ "

ဟု မကျေမချမ်း ကြုံးဝါးကာ ထိုနေရာမှ ထွက်ခွာသွားကြလေ၏။

လူမိုက်များ ထွက်ခွာသွားသောအခါ ဝါးကပ်များနောက်တွင် ပုန်းအောင်းနေသော လူငယ်လေး ထွက်လာ၏။ ကောင်းကင်က လူငယ်၏ ပခုံးကိုပုတ်၍

" ညကြီးသန်းခေါင် ဘယ်လိုဖြစ်တာလဲကွာ၊ ပြောပါဦး၊ မင်း ဥပဒေနဲ့ မလွတ်ကင်းတဲ့အလုပ်ကို မလုပ်ပါဘူးနော် "

ဟု ပြောလေရာ လူငယ်လေးက ကမန်းကတန်း လက်ကာပြ၍

" ကျုပ် လူကောင်းပါဗျာ၊ ကျုပ်က မိကောင်းဖခင်သားသမီးပါ "

ဟု ပြောလေရာ မြေကြီးက

" မင်းက မိကောင်းဖခင်သားသမီးဆိုရင် ညကြီးသန်းခေါင် လူမိုက်တွေနဲ့ ဘာလို့ရန်ဖြစ်ရတာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ လူငယ်လေးက သက်ပြင်းချ၍





" အဖေကို မကျေနပ်တဲ့အတွက် ကျုပ် အိမ်ကထွက်ပြေးခဲ့တာဗျ၊ အိမ်ကထွက်ပြေးပြီး အဖေတပည့်တွေရှိတဲ့ ကြည့်မြင်တိုင်တစ်ဖက်ကမ်းက ရွာလေးတွေမှာ သွားနေခဲ့တယ်၊ ရန်ကုန်ဘက်က လူမိုက်တွေက ကြည့်မြင်တိုင် တစ်ဖက်ကမ်းမှာ လောင်းကစားဝိုင်းတွေ အကြီးအကျယ် လာလုပ်လေ့ရှိတယ်၊ သူတို့ဟာ လောင်းကစားလုပ်ရင်း ရွာသူမိန်းမလေးတွေကို ငွေနဲ့ပေါက်ပြီး ဖျက်ဆီးတယ်၊ အနိုင်ကျင့်လို့မရတဲ့ မိန်းကလေးကိုတော့ အရှက်တကွဲဖြစ်အောင် လုပ်လေ့ရှိတယ်၊ ဒါကြောင့် ကျုပ်က လူမိုက်တွေကို ဒုက္ခပေးဖို့ ရည်ရွယ်ချက်နဲ့ ပုလိပ်တွေဆီမှာ လောင်းကစားဝိုင်းသတင်းကို တိတိကျကျ ပေးလိုက်တယ်၊ ဒါပေမဲ့ ကျုပ် ကံဆိုးသွားတာက ပုလိပ်တစ်ယောက်က လူမိုက်တွေရဲ့ဘက်တော်သားဖြစ်နေတယ် "

ဟု ပြောလေရာ မြေကြီးက သက်ပြင်းချ၍

" ကိုလိုနီခေတ်မှာ ပုလိပ်အချို့ဟာ လူမိုက်တွေရဲ့လက်ကိုင်တုတ်ဖြစ်နေတာ မဆန်းပါဘူးကွာ၊ ဒါကြောင့် လူမိုက်တွေက မင်းကို ရန်ငြိုးဖွဲ့ပြီး ဒုက္ခပေးတယ်ဆိုပါတော့ "

ဟု ပြောလေရာ လူငယ်လေးက ခေါင်းညိတ်၍

" ဟုတ်ပါတယ်၊ ညကြီးအချိန်မတော် ကျုပ်တည်းတဲ့ရွာမှာလာပြီး ရိုက်နှက်ဖို့ကြိုးစားတဲ့အတွက် ရန်ကုန်ဘက်ကမ်းကို



www.burmeseclassic.com

www.burmeseclassic.com



သမ္မာန်နဲ့ ကူးပြေးခဲ့တာပဲ၊ ဒီကောင်တွေ ကျုပ်ရဲ့ပယောဂကြောင့် လောင်းကြေးငွေ တော်တော်များများ ဆုံးရှုံးသွားတယ်၊ ဒါကြောင့် ကျုပ်ကို ရန်ငြိုးဖွဲ့နေတာဗျ ''

ဟု ပြောလေ၏။ ကောင်းကင်က လူငယ်လေး၏ပခုံးကို ပုတ်၍

'' မင်းရဲ့အသက်အရွယ်က မိဘရဲ့အုပ်ထိန်းမှုအောက်မှာပဲ နေသင့်တယ်ကွ၊ ဒီညတော့ အိပ်လိုက်တော့၊ မနက်ဖြန် မင်းမိဘတွေဆီ ပြန်ဖို့ ကြိုးစားပေတော့ ''

ဟု ပြောလေ၏။ မြေကြီးက

'' မင်းရဲ့မိဘတွေက ရန်ကုန်မြို့ကပဲလား၊ မင်း အိမ်က ဆင်းလာတဲ့ အကြောင်းကို ပြောပါဦး ''

ဟု ပြောလေ၏။ ထိုအခါ လူငယ်လေးက သက်ပြင်းချ၍

'' အိမ်ကအကြောင်းပြောရမှာ စိတ်ညစ်လိုက်တာဗျာ၊ အဖေက ရန်ကုန်ကပါပဲ၊ ကျုပ်အမေက မရှိတော့ဘူးဗျ၊ ကျုပ် ငယ်ငယ်လေးကတည်းက ဆုံးသွားပြီ၊ ကျုပ်အဖေက လွန်ခဲ့တဲ့လက သူ့ထက် အသက်အများကြီးငယ်တဲ့ မိန်းမတစ်ယောက်ကို ယူလိုက်တယ်၊ ဒီမိန်းမရောက်တဲ့အချိန်ကစပြီး ကျုပ် အိမ်မှာမပျော်တော့ဘူး၊ အဖေနဲ့ ကျုပ်ရဲ့ဘဝကို ဒီမိန်းမက ဝင်ဖျက်ဆီးတာပဲ၊ အဲဒီမိန်းမနဲ့ မယူဖို့ အဖေကိုတားလို့မရဘူး၊ ဒါကြောင့် အဖေ့ကိုစိတ်ကောက်ပြီး





ကျုပ် အိမ်ကထွက်ပြေးခဲ့တာပဲ၊ အဖေက ကျုပ်ကိုစိုးရိမ်ပြီး လိုက်ရှာနေတာတော့ သေချာတယ် ''

ဟု ပြောလေရာ ကောင်းကင်က လူငယ်၏ပခုံးကိုဖက်၍

'' ဘာပဲဖြစ်ဖြစ် မင်းရဲ့အသက်က ငယ်ပါသေးတယ်၊ ကိုယ့်မိသားစုနဲ့ သင့်မြတ်အောင် ကြိုးစားပါကွာ၊ အပြင်လောကကြီးမှာ အန္တရာယ်တွေ ဘယ်လောက်များတယ်ဆိုတာ မင်းလက်တွေ့ကြုံရပြီ မဟုတ်လား၊ မင်းမိဘလက်ထဲမှာသာရှိရင် လူမိုက်တွေက အခုလို ဘယ်စော်ကားရဲပါ့မလဲ ''

ဟု ပြောလေရာ လူငယ်လေးက လက်သီးဆုပ်၍

'' သိပ်ဟုတ်တာပေါ့ဗျာ၊ ကျုပ်အဖေသာရှိရင် လူမိုက်တွေ အနားကပ်ဝံ့မှာတောင် မဟုတ်ဘူး ''

ဟု ပြောလေ၏။

မြေကြီးသည် ပင်ပန်းနွမ်းနယ်နေသော လူငယ်လေးအား အိပ်စက်ရန် တိုက်တွန်းပြီး အိမ်အတွင်းသို့ ခေါ်ဆောင်သွားလေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ ကောင်းကင်တို့သည် လူငယ်လေးအား ထမင်းကြမ်းကို ပဲပြုတ်နှင့်ကြော်ပြီး ကျွေးမွေးလေ၏။

လူငယ်သည် ကောင်းကင်တို့ကျွေးမွေးသော နံနက်စာကို မြိန်ယှက်စွာ စားသောက်လေ၏။ ကောင်းကင်က လူငယ်လေးကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍

" ဒီနေ့ မင်းမိဘတွေဆီကို ပြန်ရမယ်၊ ငါတို့ အိမ်အရောက် လိုက်ပို့ပေးမယ် "

ဟု ပြောလေရာ လူငယ်လေးက

" အစ်ကိုတို့ ပို့စရာမလိုပါဘူးဗျာ၊ ကျုပ်မှာ နည်းလမ်းရှိပါတယ်၊ ကျုပ်ကို စာရွက်တစ်ရွက်နဲ့ ခဲတံသာပေးပါ "

ဟု တောင်းဆိုလိုက်လေ၏။

ထိုအခါ မြေကြီးက လူငယ်လေးအား စာရွက်နှင့်ခဲတံကို ပေးလိုက်လေ၏။ လူငယ်သည် စာရွက်ပေါ်၌ တစ်စုံတစ်ရာကို ရေးခြစ်လိုက်ပြီး ဝါး၊ ဓနိဆိုင်ရှေ့တွင် ကျားထိုးနေသော ကူလီတစ်ယောက်အား ထိုစာကို ပေးလိုက်လေ၏။

ကူလီသည် လူငယ်လေးပေးသော စာကိုယူကာ ထိုနေရာမှ ခပ်သုတ်သုတ် ထွက်ခွာသွားလေ၏။ အတန်ကြာသောအခါ ဝါး၊ ဓနိဆိုင် ရှေ့သို့ အနက်ရောင်အော်စတင်ကားကြီးတစ်စီး အလျှင်အမြန်ထိုးရပ်လာ၏။

ထို့နောက် ကားပေါ်မှ အလွန်ဥပဓိရုပ်ကောင်းသော အသက် (၄၀) ဝန်းကျင် တရုတ်ကပြား လူကြီးတစ်ဦး ဆင်းလာကာ လူငယ်လေးကိုမြင်သည်နှင့် ပြေးဖက်လိုက်ပြီး

" ဘယ်ကိုရောက်နေရတာလဲ လူလေးရယ်၊ စိုးရိမ်





လိုက်ရတာ၊ တပည့်တွေလွှတ်ပြီး လူလေးကိုရှာခိုင်းထားတာ မတွေ့တဲ့အတွက် အဖေ အတော်စိုးရိမ်နေတာ "

ဟု ပြောလေရာ လူငယ်လေးသည် ဖြစ်ကြောင်းကုန်စင်ကို ဖခင်ဖြစ်သူအား ပြောပြလေ၏။

ဖခင်ဖြစ်သူက လူငယ်လေး၏စကားကို စိတ်လှုပ်ရှားဟန်ဖြင့် နားထောင်ပြီး လက်သီးဆုပ်ကာ

" ငါ့သားကို ရန်ရှာဖို့ကြိုးစားတဲ့ကောင်တွေကို ပုလိပ်လက် အပ်ရမယ်၊ မသေကောင်း မပျောက်ကောင်း သားရယ် "

ဟု ဆိုကာ ကောင်းကင်နှင့်မြေကြီးအားကြည့်၍

" ကျုပ်သားရဲ့အသက်ကို ကယ်လိုက်တဲ့ မောင်ရင့်တို့ကို ကျေးဇူးတင်ပါတယ်၊ ညက မောင်ရင်တို့သာမကယ်ရင် ကျုပ်သားလေးအတွက် တွေးဝံ့စရာမရှိဘူး၊ မောင်ရင်တို့ဆီကို နောက်တစ်ကြိမ်လာပြီး ကျေးဇူးဆပ်ရဦးမယ် "

ဟု ပြောလေရာ ဝါး၊ ဓနိဆိုင်အတွင်းမှ အပျိုကြီးသည် ဒေါသတကြီး ထွက်လာပြီး

" ဒီမှာ၊ နောက်တစ်ကြိမ်လာပြီး ကျေးဇူးဆပ်စရာမလိုတော့ဘူး၊ ဒီကောင်နှစ်ကောင်ဟာ လူမိုက်တွေနဲ့ ရန်ငြိုးဖွဲ့လိုက်ပြီ၊ သူတို့ကို ဂျူင်ဂိုင်မှာ ဆက်မထားရဲတော့ဘူး၊ ဟဲ့... ကောင်းကင်နဲ့ မြေကြီး၊ ဒီနေ့ကစပြီး နင်တို့နှစ်ယောက်ကို အလုပ်ထုတ်လိုက်ပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့ဆိုင်က အမြန်ဆုံး ထွက်သွားပေတော့ ”

ဟု မောင်းထုတ်လိုက်လေ၏။

ကောင်းကင်တို့သည် အဖိုးကြီး၏ မောက်မာသော အမူအရာကြောင့် စောဒကမတက်တော့ဘဲ ဆိုင်မှထွက်ခွာရန် အထုပ်အပိုးများကို ပြင်လေ၏။

ထိုအခါ လူငယ်လေး၏အဖေက

“ မောင်ရင်တို့နှစ်ယောက်ကို ကျေးဇူးပြုချင်တာနဲ့အတော်ပဲ၊ လောလောဆယ် ကျုပ်နောက်ကိုသာ လိုက်ခဲ့ပေတော့ ”

ဟု ဆိုကာ ၎င်းနှင့်လိုက်ခဲ့ရန် ဖိတ်ခေါ်လေ၏။

ကောင်းကင်တို့သည် သွားစရာ နေရာမရှိသဖြင့် လူငယ်လေး၏ ဖခင်ခေါ်ဆောင်ရာသို့ လိုက်ပါလာခဲ့ရလေတော့၏။

၎င်းတို့လိုက်ပါလာသော အော်စတင်ကားလေးသည် ရန်ကုန်မြို့ရှိ လူကုန်ထံများနေထိုင်သော ကန်တော်ကြီးစောင်း ခြံကြီးတစ်ခြံရှေ့တွင်ရပ်ကာ ဟွန်းကိုတီးလိုက်ရာ ဒရဝမ်သည် ခြံတံခါးကို ဖွင့်ပေးလေ၏။

ကောင်းကင်နှင့် မြေကြီးသည် ခမ်းနားကြီးကျယ်သော ခြံနှင့်အိမ်ကြီးကို ကြည့်၍ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

လူငယ်လေးသည် ၎င်းတို့ထင်သည်ထက်ပင် ပိုမို၍ချမ်းသာ





ကြွယ်ဝသော အသိုင်းအဝိုင်းမှဖြစ်လေ၏။ ၎င်းတို့လိုက်ပါလာသော ကားဆင်ဝင်အောက်သို့ရောက်သောအခါ အိမ်ရှိလူများအားလုံးသည် လူငယ်လေးအား ဝမ်းသာအားရ ကြိုဆိုကြလေ၏။

ချောမောလှပသော မိန်းမတစ်ဦးသည် လူငယ်လေး၏အနီးသို့ ပြေးလာပြီး

“ ဘယ်ကိုရောက်နေတာလဲ သားရယ်၊ အမေ စိုးရိမ်လိုက်ရတာ ”

ဟု ပြောလေရာ လူငယ်လေးက မျက်နှာကိုရှုံ့မဲ့လိုက်၏။

ထိုမိန်းမသည် လူငယ်၏ဖခင် နောက်ထပ်ယူလိုက်သော မိန်းမဖြစ်ပုံရ၏။

ထို့နောက်တွင်မူ လူငယ်လေးက ကောင်းကင်နှင့်မြေကြီးအား အိမ်ကြီး၏ ဝရန်တာသို့ခေါ်ဆောင်သွားပြီး လက်ဖက်သုပ်၊ ချင်းသုပ်၊ ထန်းလျက် စသော စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံလေ၏။

ကောင်းကင်တို့သည် အိမ်ကြီး၏ဝရန်တာမှ ခြံကြီးတစ်ခြံလုံးကို စီးမြင်နေရသော ရှုခင်းကိုကြည့်၍ သဘောကျနေလေ၏။

ခြံထဲ၌ လှပသောမြက်ခင်းနှင့် ပန်းပင်များကို စနစ်တကျ စိုက်ပျိုးထားလေ၏။ ကောင်းကင်က လူငယ်၏ပခုံးကိုပုတ်၍

“ ငါ့ညီကို ညကစတွေ့တုန်းက ဒီလောက်ချမ်းသာမယ်မှန်း မသိဘူး ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ သူငယ်လေးက ရယ်မော၍

" ကျွန်တော့်အဖေနာမည်က ဦးဟုတ်စိန်တဲ့၊ တရုတ်တန်းမှာ ရွှေကျားပုံဆိုတဲ့ စားသောက်ဆိုင်ကြီး (၂)ဆိုင်ကို ပိုင်တယ်လေ၊ နောက်ပြီး ဆီစက်၊ ဆန်စက်နဲ့ ဒန်အိုးစက်တွေလည်း ရှိတယ် "

ဟု ပြောလေရာ မြေကြီးက ခေါင်းညိတ်၍

" တရုတ်တန်းက ရွှေကျားပုံစားသောက်ဆိုင်ကြီးကို ငါတို့ ကောင်းကောင်းသိတာပေါ့ကွ၊ တစ်ခါတုန်းက ဆိုင်ကြီးထဲဝင်စားချင် ပေမဲ့ ဈေးကြီးမယ်ထင်ပြီး ငါတို့နှစ်ယောက် တပ်ခေါက်ပြန်ခဲ့ရတာ ကွ "

ဟု ပြောလေ၏။

ထို့နောက်တွင်မူ သူငယ်လေးက ကောင်းကင်တို့အား အိမ် အောက်ထပ်ရှိ အခန်းတစ်ခန်းသို့ ခေါ်ဆောင်သွားကာ ခေတ္တ အနားယူစေပြီး ရေမိုးချိုးစေ၏။

ရေချိုးပြီး ခဏကြာလျှင် အစေခံမိန်းကလေးတစ်ဦးက နေ့လယ်စာစားရန် လာရောက်ခေါ်ဝေါ်လေ၏။ မိန်းကလေးသည် ကောင်းကင်တို့အား အိမ်ကြီး၏တစ်နေရာရှိ ခမ်းနားကြီးကျယ်သော ထမင်းစားခန်းသို့ ခေါ်ဆောင်သွားလေ၏။

ထမင်းစားခန်း၏ စားပွဲထိပ်တွင် သူဌေးကြီး ဦးဟုတ်စိန်ကို တွေ့ရပြီး ဦးဟုတ်စိန်၏နံဘေးတွင်ထိုင်နေသော လူငယ်လေးက





ကောင်းကင်တို့ အား ဖော်ရွေသော အမူအရာဖြင့် ဖိတ်ခေါ်လေ၏။

" ကိုယ့်အိမ်လိုသဘောထားပြီး အစ်ကိုတို့နှစ်ယောက် အားရ ပါးရ စားကြပေတော့ "

ဟု ပြောလေ၏။

ရှည်လျားသော ထမင်းပွဲစားကြီးပေါ်တွင် ဟင်းပွဲပေါင်းများ စွာ ပြင်ဆင်ထားသဖြင့် ကောင်းကင်တို့သည် သက်ပြင်းကိုယ်စီ ချလိုက်ကြလေ၏။

ငင်းတို့တစ်သက်တွင် ဤမျှများပြားသော ဟင်းပွဲများဖြင့် မစားခဲ့ဖူးချေ။ ထိုအခိုက်မှာပင် ဦးဟုတ်စိန်က

" မောင်ရင်တို့ ထိုင်ကြပါ၊ ဒါနဲ့နေပါဦး၊ ငါ့ရဲ့မိတ်ဆွေကြီး ရောက်မလာသေးပါလား "

ဟု ရေရွတ်လေ၏။

ထိုအခိုက်မှာပင် ထမင်းစားခန်းအတွင်းသို့ တစ်စုံတစ်ဦး ဝင်ရောက်လာပြီး

" ငါရောက်လာပါပြီ ဟုတ်စိန်ရာ၊ ငါ့ရဲ့မိတ်ဆွေလေး တွေကို တွေ့ဖို့အတွက် ဒီနေ့ထမင်းစားပွဲကို လက်လွှတ်လို့ ဘယ်ဖြစ် ပါ့မလဲကွ "

ဟူသောအသံကို ကြားရလေ၏။

ကောင်းကင်နှင့်မြေကြီးသည် ထိုအသံကို ကြားဖူးသလို



www.burmeseclassic.com

www.burmeseclassic.com



ရှိသဖြင့် အနောက်သို့ လှည့်ကြည့်လိုက်ရာ ၄င်းတို့မိတ်ဆွေကြီးကို အံ့သြဖွယ် မြင်တွေ့လိုက်ရ၏။

ကောင်းကင်နှင့် မြေကြီးသည် ဝမ်းသာအားရဖြင့်

" ဦးခေါက်ထိုး "

ဟု အော်ဟစ်ခေါ်ဝေါ်လိုက်လေ၏။

ဦးခေါက်ထိုးက တဟားဟားရယ်မော၍

" ဟား ဟား ဟား… မမျှော်လင့်တဲ့နေရာမှာ ငါ့ကိုတွေ့လို့ မင်းတို့ သိပ်အံ့သြသွားပြီလား၊ တကယ်တော့ ရွှေကျားပျံသူဌေး ဦးဟုတ်စိန်က ငါ့ရဲ့အရင်းနှီးဆုံးမိတ်ဆွေကွ၊ တစ်ခါတုန်းက မင်းတို့နဲ့တွေ့ပြီး လိပ်စာမပေးခဲ့တာ ငါဟာ ရွှေကျားပျံသူဌေးရဲ့အိမ်မှာ တည်းခိုနေလို့ပဲ၊ ရွှေကျားပျံရဲ့အိမ်ကို တော်ရုံတန်ရုံလူတွေ ဝင်ဖို့ မလွယ်ဘူးကွ၊ ဒါကြောင့် မင်းတို့ကို လိပ်စာမပေးခဲ့တာပဲ "

ဟု ပြောလေရာ ရွှေကျားပျံသူဌေးကြီး ဦးဟုတ်စိန်က ဦးခေါက်ထိုး၏ ပခုံးကိုဖက်၍ တဟားဟား ရယ်မောကာ

" ဟား ဟား ဟား… အစ်ကိုကြီးပြောတာနဲ့ ဟောဒီက မောင်ရင်လေးတွေက ကျုပ်ကို ကြီးကျယ်တဲ့လူလို့ ထင်သွားပါဦးမယ်ကွာ၊ တရုတ်တန်းမှာ ကျုပ်နဲ့ စီးပွားပြိုင်ဘက်တွေများပြီး ကျုပ်ကို ဒုက္ခပေးချင်တဲ့လူတွေများလို့ အိမ်အဝင်အထွက်ကို ကန့်သတ်ထားတာပါ "





ဟု ပြောလေ၏။

ထို့နောက်တွင်မူ ရွှေကျားပျံသူဌေး ဦးဟုတ်စိန်က ၄င်းတို့အား စားသောက်ဖွယ်ရာများအား အားရပါးရ စားသောက်ရန် ပြောလေ၏။

ကောင်းကင်တို့သည် ခမ်းနားကြီးကျယ်သော ထမင်းဝိုင်း၌ စားသောက်ရင်း ဦးခေါက်ထိုးနှင့် ရေးဟောင်းနှောင်းဖြစ်များကို ပြောဆိုရင်း ရယ်မောပျော်ရွှင်ကာ ၄င်းတို့၏လေထီးရှိဘဝများကို မေ့လျော့ထားလေ၏။

ဦးခေါက်ထိုးက ကောင်းကင်တို့၏ပန်းကန်ထဲသို့ ဟင်းများ ထည့်ပေးရင်း

" ဟဲ ဟဲ… ရွှေကျားပျံကြီးရဲ့သားကို ကယ်တင်ပေးလိုက်တဲ့အတွက် မင်းတို့ကို အပျိုကြီး ဒေါ်ဖောင်းပြီးတော့ ဝါးခနီဆိုင်က အလုပ်ဖြုတ်လိုက်ပြီလို့ကြားတယ်၊ ဒါဆိုရင် လောလောဆယ် မင်းတို့မှာ အလုပ်ဘာယ်ရှိတော့မလဲ၊ ငါ့ညီလေး ရွှေကျားပျံကြီးနဲ့ ခင်မင်ရင်းနှီးသွားရင် ရန်ကုန်မှာ မင်းတို့အတွက် အလုပ်အကိုင်ကို ပူပင်စရာမရှိတော့ပါဘူးကွာ၊ စိတ်မညစ်ပါနဲ့ "

ဟု ပြောလေ၏။ ရွှေကျားပျံသူဌေး ဦးဟုတ်စိန်ကလည်း ဝင်ရောက်၍

" ဟုတ်တယ် မောင်ရင်၊ ရန်ကုန်မြို့တစ်မြို့လုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်မိတ်ဆွေ သူဌေးတွေ အများကြီးရှိတယ်၊ မောင်ရင်တို့နဲ့ သင့်တော်မဲ့အလုပ်ကို ရှာဖွေပေးနိုင်တယ်၊ ဘာမှမပူနဲ့ ”

ဟု ပြောလေ၏။ ထိုအခါ ကောင်းကင်က သက်ပြင်းချ၍

“ ကျုပ်တို့က လူငယ်တွေပါဗျာ၊ စိတ်ဓါတ်မကျတတ်ပါဘူး၊ ကျုပ်တို့မှာ ရည်မှန်းချက်တစ်ခုရှိတဲ့အတွက် ရန်ကုန်မြို့မှာ အလုပ်လာလုပ်နေတာပါ ”

ဟု ပြောရင်း ဦးအောက်ထိုး၏မျက်နှာကို လှမ်းကြည့်လိုက်ရာ ဦးအောက်ထိုးက မျက်မှောင်ကြုတ်လိုက်ပြီး

“ မင်းတို့ရဲ့ဖွဲ့ကိုတော့ ချီးကျူးတယ်ကွာ၊ ပျောက်ဆုံးနေတဲ့ မိန်းကလေးတစ်ယောက်ကို ကျားကုတ်ကျားခဲ ရှာဖွေချင်တဲ့စိတ်ဟာ တော်ရုံတန်ရုံဖွဲ့နဲ့ မဖြစ်နိုင်ဘူးကွ၊ မြို့ပေါ်ကလူတွေက ဦးစိန့်တစ်လုံးပေးမဲ့ ရွှေတစ်ပိဿာကို မက်မောပေမဲ့ မင်းတို့လို ဖွဲ့မရှိတဲ့အတွက် အဆုံးထိရောက်အောင် စိတ်မကူးကြဘူး၊ ဟား ဟား ဟား··· ဆက်ပြီးရှာကြ၊ ခရီးတစ်ခုမှာ အစရှိသလို အဆုံးလည်းရှိနိုင်တာပဲ၊ အဆုံးကိုရောက်ရင်တော့ အားလုံးပြီးဆုံးသွားလိမ့်မယ်၊ အဲဒီအချိန်ရောက်ရင် မင်းတို့နဲ့ငါ ပြန်ဆုံတွေ့ဦးမှာပါ ”

ဟု ပြောလေတော့၏။

ထိုနေ့မှစ၍ ကောင်းကင်တို့သည် ရွှေကျားပွဲသူဌေး၏အိမ်၌ သောင်တင်နေလေ၏။ လူငယ်လေးသည် ကောင်းကင်တို့ အိမ်၌ရှိ





နေခြင်းကို အလွန်သဘောကျ၏။

သူသည် ကောင်းကင်တို့ကို ခေါ်ဆောင်၍ ရန်ကုန်မြို့အနှံ့ လျှောက်လည်လေ့ရှိ၏။ ထိုအချိန်၌ လူငယ်လေး၏လက်ထဲတွင် ငွေစက္ကူအထပ်လိုက်ပါသဖြင့် လက်ညှိုးညွှန်ရာ လိုရာဖြစ်လေ၏။

ကောင်းကင်တို့နှစ်ယောက်သည် ဆင်ဖြူတော်မှိုပြီး ကြဲစုပ်ကာ ကြီးပွားနေသော်လည်း သူဌေးဦးဟုတ်စိန်က ၎င်းတို့ကို ငြူစူခြင်းမရှိ။ နောက်မိန်းမယူထားသဖြင့် သူဌေးဦးဟုတ်စိန်သည် စိတ်ဆင်းရဲနေသော သူ၏သားကို ပျော်ရွှင်စေလို၏။

လူငယ်လေးသည် ကောင်းကင်တို့အား အစ်ကိုနှစ်ယောက်ကဲ့သို့ သဘောထားပုံရ၏။ ၎င်း၏အလိုလိုက်လေ့ရှိသော ကောင်းကင်တို့အား တစ်ခုပြီးတစ်ခု မရပ်မနား ပူဆာလေ့ရှိ၏။

လူငယ်လေးသည် ဖခင်ကြီးဖြစ်သူ၏ အော်စတင် ကားနက်ကြီးအား ယူ၍ ကောင်းကင်တို့နှင့်အတူ မြို့ပြင်သို့ထွက်၏။

မြေကြီးသည် လူငယ်နှင့်အတူ မြို့ပြင်သို့ထွက်၍ အမိုးဖွင့်ကားစီးရခြင်းကို အလွန်သဘောကျ၏။ သူသည် အမိုးဖွင့်ကားပေါ်၌ သီချင်းများကို အသံကုန်အော်ဟစ်သီဆိုပြီး လိုက်ပါလာလေ၏။

ရန်ကုန်မြို့၌ ကောင်းကင်တို့ဘဝသည် မည်သည့်အနှောင်အဖွဲ့မျှ မရှိဘဲ လွတ်လပ်ပျော်ရွှင်နေလေ၏။

တစ်နေ့သ၌ ကောင်းကင်သည် မြေကြီးအား ကန်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



စောင်းဘက်သို့ လမ်းလျှောက်ရန် ခေါ်သွားပြီးနောက်

" ဒီမှာ မြေကြီး၊ ငါတို့ဘဝရည်မှန်းချက်တွေ မင်းမေ့နေပြီလား၊ သူဌေး ဦးစိန်တစ်လုံးရဲ့သမီး မာလာကို ငါတို့ရှာရဦးမယ်လေ "

ဟု ပြောလေရာ မြေကြီးသည် ကောင်းကင်၏မျက်နှာကို ကြည့်၍ သက်ပြင်းချလိုက်ပြီး

" ငါတို့ဘဝမှာ လွတ်လွတ်လပ်လပ် မနေရတာ အတော်ကြာပြီကွ၊ ဒါကြောင့် ခဏလောက် လွတ်လွတ်လပ်လပ် နေကြည့်တာပါကွာ၊ မာလာ့ကို ရှာဖွေရမဲ့ကိစ္စကို ငါ သတိရပါတယ် "

ဟု ပြောလေရာ ကောင်းကင်က

" မင်း သေသေချာချာ စဉ်းစားကြည့်စမ်း၊ တကယ်တော့ ငါတို့နှစ်ယောက်ရဲ့စိတ်ဓာတ်ဟာ အတော်ထူးဆန်းတယ်ကွ၊ ကိုယ်နဲ့မဆိုင်တဲ့ ပဟေဠိဆန်တဲ့ကိစ္စတစ်ခုနောက်ကို ရေအဆုံး မြေအဆုံး လိုက်ရှာနေတယ်၊ တကယ်တော့ မာလာဟာ ငါတို့နဲ့ သွေးသားလည်း မတော်စပ်ဘူး၊ သူဟာ ငါတို့ကို မြင်တောင် မမြင်ဖူးဘူးကွာ၊ ငါတို့နှစ်ယောက်ဟာ ပျောက်ဆုံးနေတဲ့ မိန်းကလေး တစ်ယောက်ကို သဲကြီးမဲကြီး လိုက်ရှာနေတယ်၊ ဒါဟာ သူ့အဖေ ထုတ်ထားတဲ့ ဆုငွေရှေတစ်ပိဿာကြောင့်လည်း မဟုတ်ဘူးကွ၊ ငါတို့ရဲ့လူငယ်ပီပီ စူးစမ်းချင်စိတ်ကြောင့်ပဲ "





ဟု ပြောလေရာ မြေကြီးက သက်ပြင်းချ၍

" တစ်ခါတလေတော့လည်း ငါတို့ရဲ့ ရည်မှန်းချက်က သိပ်ပြီးတော့ စိတ်ကူးယဉ်ဆန်နေသလားလို့ တွေးမိတယ်၊ ဒါပေမဲ့ ငါ စိတ်မလျှော့ပါဘူး "

ဟု ပြောလေရာ ကောင်းကင်က သက်ပြင်းချ၍

" ငါတို့နှစ်ယောက်နဲ့ မာလာဆိုတဲ့မိန်းကလေးဟာ ထူးခြားတဲ့ တိုက်ဆိုင်မှုတွေ အများကြီးရှိတယ်၊ ဒီတိုက်ဆိုင်မှုတွေကြောင့် သူနဲ့ ငါတို့ တကွေ့ကွေ့မှာ တွေ့လိမ့်မယ်လို့ ငါယုံတယ်၊ ငါတို့နှစ်ယောက် မျှော်လင့်ဘဲ သီလရှင်ကျောင်းကို ရောက်သွားပြီးတော့ ဂန္ထလောကမဂ္ဂဇင်းထဲမှာ မာလာရေးလေ့ရှိတဲ့အကြောင်းကို ဖတ်မိတယ်၊ ဒေါ်စန္ဒာလို စိတ်သဘောထားတည်ကြည်တဲ့ သီလရှင်ဆရာမကြီးဟာ မာလာနဲ့ပတ်သက်တဲ့မေးခွန်းကို မေးမြန်းမိတဲ့အတွက် ငါတို့ကို ခါးခါးသီးသီး ငြင်းဆန်ခဲ့တယ်၊ နောက်ပြီးတော့ ငါတို့ဟာ ထူးခြားတဲ့တိုက်ဆိုင်မှုအနေနဲ့ တောထဲက ခါးပြတွေနဲ့ ရင်းနှီးပြီးတော့ တောထဲမှာလည်း မာလာရေးလေ့ရှိတဲ့ ရောက်အောင် မသွားသရွေ့ ဝေးတဲ့လမ်းဟာ ဝေးနေဦးမှာပဲဆိုတဲ့ စာသားကို ဖတ်ရှုမိပြန်တယ်၊ ဒီစာကြောင်းတွေကို မာလာဟာ ဂန္ထလောကမဂ္ဂဇင်းထဲက ဗညားနွဲ့ဝတ္ထုမှာပဲ ရှေးပြီးရေးခဲ့တာပဲ၊ ဒီလို တိုက်ဆိုင်မှုတွေ ဖြစ်ဖို့မလွယ်ဘူး၊ ဒါကြောင့် မာလာနဲ့ ငါတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကံစပ်တယ်ထင်တယ် ”

ဟု ပြောလေရာ မြေကြီးက ခေါင်းညိတ်၍

“ ငါတို့နှစ်ယောက် အားမလျှော့ဘဲ ဆက်ပြီးရှာဖွေရင် တစ်နေ့နေ့မှာ မာလာကိုတွေ့မှာပါကွာ၊ မာလာမြို့က ပျောက်ဆုံးသွားတာ ကြောက်စရာကောင်းတဲ့အန္တရာယ်တစ်ခုခုကို ရှောင်ပုန်းချင်လို့ဆိုတာ ပိုပြီး သေချာလာပြီ၊ ငါတို့ မာလာနဲ့တွေ့ဖို့ နီးလာတာနဲ့ အမျှ မာလာ့မှာလည်း အန္တရာယ်ရှိလာနိုင်တယ် ”

ဟု ပြောလေရာ မြေကြီးက ခေါင်းညိတ်၍

“ ဟုတ်တယ်၊ မာလာ့မှာ ကြောက်စရာကောင်းတဲ့ အန္တရာယ်ရှိတဲ့အတွက် မြို့ကနေ တစ်နည်းနည်းနဲ့ ရှောင်ပုန်းသွားတာပဲ၊ မာလာ့အဖေက သူဌေးကွ၊ သူ့သမီးကို အခြွေအရံတွေ အများကြီးထားပြီး ကာကွယ်ပေးနိုင်တယ်၊ ဒါပေမဲ့ သူတို့ရင်ဆိုင်ရမဲ့ ရန်သူဟာ အင်မတန် ကြောက်စရာကောင်းတဲ့အတွက် သူ့သမီးကို ဝေးရာထွက်ပြေးခိုင်းလိုက်တာ ဖြစ်မယ် ”

ဟု ပြောလေ၏။ ထိုအခါ ကောင်းကင်က ခေါင်းညိတ်၍

“ ဟုတ်တယ်၊ သနားစရာကောင်းတဲ့ မာလာဆိုတဲ့ မိန်းကလေးမှာ အန္တရာယ်ဆိုးကြီးတစ်ခုရှိတယ်၊ ငါတို့နှစ်ယောက် အကာအကွယ်မဲ့နေတဲ့ မိန်းကလေးကို ကာကွယ်ပေးရမယ် ”

ဟု ပြောလိုက်ရာ မြေကြီးက သက်ပြင်းချ၍





“ ငါတို့အစွမ်းရှိသလောက် ကာကွယ်တာပေါ့ကွာ၊ ဒါပေမဲ့ ကာကွယ်ဖို့နေနေသာသာ ဒီနေ့အထိ မာလာရဲ့အရိပ်အယောင်ကိုတောင် မမြင်ရသေးဘူးလေ၊ ဘာပဲဖြစ်ဖြစ် ရွှေကျားပုံသူဌေးရဲ့အိမ်မှာ ငါတို့ စည်းစိမ်ခံနေလို့မဖြစ်တော့ဘူး၊ ဒီအိမ်ကနေ ခွာမှဖြစ်တော့မယ် ”

ဟု ပြောလေတော့၏။

နောက်တစ်နေ့သို့ရောက်သောအခါ ဦးဇောက်ထိုးကြီးသည် ကောင်းကင်တို့နှင့်အတူ နေ့လယ်စာမစားဘဲ မြို့ထဲသို့သွားမည့် အကြောင်း ပြောလေ၏။

ထိုအခါ ကောင်းကင်က

“ အေးအေးဆေးဆေးပေါ့ ဦးဇောက်ထိုးရာ၊ ကျုပ်တို့နဲ့အတူ နေ့လယ်စာစားပြီးမှ သွားပါလားဗျ ”

ဟု ပြောလေ၏။ ထိုအခါ ဦးဇောက်ထိုးက ရယ်မော၍

“ ဟား ဟား ဟား … ရန်ကုန်မြို့မှာ ငါ့မိတ်ဆွေတွေ အများကြီးကွ၊ ငါ့အတွက် နေ့လယ်စာ စားစရာနေရာတွေ အများကြီးရှိတယ်၊ ငါ ရန်ကုန်ရောက်ပြီးတော့ သူတို့ဆီမှာ ထမင်းမစားလို့ စိတ်ဆိုးနေတဲ့ မိတ်ဆွေတွေ အများကြီးရှိတယ် ”

ဟု ပြောလေရာ မြေကြီးက ရယ်မော၍

“ ဦးလေးရဲ့မိတ်ဆွေတွေက ဘယ်သူလဲ ”



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေ၏။ ထိုအခါ ဦးဓောက်ထိုးက

" ဟဲ ဟဲ… ငါ့မိတ်ဆွေတွေက ရန်ကုန်မြို့မှာရှိတဲ့ ဆိုးပေ့မိုက်ပေ့ဆိုတဲ့ လူမိုက်တွေကွ "

ဟု ပြောလေရာ ကောင်းကင်နှင့်မြေကြီးသည် မျက်လုံးပြူး သွားလေတော့၏။

ကောင်းကင်တို့သည် နေ့လယ်စာကို ရွှေကျားပျံသူဌေး သားအဖနှင့် အတူ စားသောက်ရလေ၏။ ရွှေကျားပျံသူဌေးက ထမင်းဝိုင်း၌ ၎င်းနှင့် ဦးဓောက်ထိုး ပတ်သက်နေပုံကို ပြောပြလေ၏။

ရွှေကျားပျံသူဌေးက

" ဦးဓောက်ထိုးက ကျုပ်ရဲ့ အသက်သခင်ကျေးဇူးရှင်ပဲ၊ လွန်ခဲ့တဲ့ (၁၀)နှစ်လောက်က ရှမ်းပြည်နယ်ဘက်မှာ အလုပ်ကိစ္စနဲ့သွားလာတုန်း ကျုပ်ကို ဓါးပြတွေကဖမ်းဆီးပြီး ပြန်ပေးဆွဲတာ ခံရတယ်၊ အဲဒီတုန်းက အိမ်မှာကျန်တဲ့ ကျုပ်ရဲ့မိသားစုဟာ ဓါးပြတွေရဲ့ဆန္ဒအတိုင်း ပုလိပ်ကိုမတိုင်ဘဲ သူတို့တောင်းသမျှ ငွေကို ပေးခဲ့တယ်၊ ဒါပေမဲ့ ဓါးပြတွေက ငွေကို ယူရုံမကဘူး၊ တောထဲက စမ်းချောင်းလေးအနီးမှာ ကျုပ်ကို ဒူးထောက်ခိုင်းပြီးတော့ ပုဆိန်နဲ့ အဆုံးစီရင်ဖို့ကြံခဲ့တယ်၊ အဲဒီမှာပဲ တောထဲကို ဦးဓောက်ထိုး ရောက်လာပြီး ဓါးပြတွေကို တိုက်ခိုက်ပြီးတော့ ကျုပ်ရဲ့ အသက်ကို ကယ်တင်ခဲ့တယ် "





ဟု ပြောလေရာ မြေကြီးက မျက်မှောင်ကြုတ်၍

" ဦးဓောက်ထိုးကြီးက ဘာဖြစ်လို့ တောထဲကိုရောက် နေရတာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ရွှေကျားပျံသူဌေးက

" အဲဒီတုန်းက ဦးဓောက်ထိုးဟာ တောထဲကို မုဆိုးတွေနဲ့ အမဲလိုက်ဖို့ရောက်လာတယ်၊ ဒါကြောင့် ကျုပ်ကို မမျှော်လင့်ဘဲ ဓါးပြတွေလက်က ကယ်တင်ပေးခဲ့တာပဲ၊ ဦးဓောက်ထိုးရဲ့ကျေးဇူး ကြောင့် ဓါးပြတွေအားလုံး ပုလိပ်လက်မှာ အဖမ်းခံခဲ့ရတယ်၊ ဒီအချိန်ကစပြီး ဦးဓောက်ထိုးကို ကျုပ်ရဲ့ကျေးဇူးရှင်တစ်ယောက်လို့ သတ်မှတ်ပြီး လိုလေသေးမရှိအောင် ပြုစုခဲ့တာပေါ့၊ ကျုပ်အပေါ် ကျေးဇူးရှိတဲ့ ဦးဓောက်ထိုးကို ကူညီထောက်ပံ့ပေးဖို့ ကြိုးစားပေမဲ့ ဦးဓောက်ထိုးက လက်မခံဘဲ သူ့ရဲ့ ဓောက်ထိုးဝါဒအတိုင်း လောက ကြီးမှာ ပေပေတေတေ နေထိုင်ခဲ့တယ်၊ တကယ်တော့ သူ့ဘဝဟာ ရှေးဘဝက ဝဋ်ကြွေးကြောင့်လားမသိဘူး၊ သနားကရုဏာသက်စရာ အလွန်ကောင်းပါတယ် "

ဟု ပြောလေရာ ကောင်းကင်နှင့်မြေကြီးသည် ဦးဓောက်ထိုး ၏ ဘဝနောက်ကြောင်းကို သိရတော့မည်ဖြစ်သဖြင့် အလွန် စိတ်ဝင်စားသွားလေ၏။

ရွှေကျားပျံသူဌေးက ဆက်လက်၍



www.burmeseclassic.com

www.burmeseclassic.com



" ဦးခေါက်ထိုးရဲ့ဘဝမှာ လူတစ်သိန်းမှာတစ်ယောက် ကြုံရခဲတဲ့ နာကြည်းကြေကွဲစရာကောင်းတဲ့ ဖြစ်ရပ်ဆိုးတွေ ကြုံတွေ့ခဲ့ရတယ်၊ ဦးခေါက်ထိုးက တကယ်တော့... "

ဟု ပြောလိုက်စဉ် ထမင်းစားခန်းအတွင်းသို့ ရွှေကျားပျံသူဌေး၏ တပည့်နှစ်ဦးရောက်ရှိလာပြီး စိတ်လှုပ်ရှားသော အမူအရာဖြင့်

" ရွှေကျားပျံစားသောက်ဆိုင်မှာ မီးလောင်မှုဖြစ်တယ် ဆရာ "

ဟု ပြောလေရာ ရွှေကျားပျံသူဌေးသည် နေ့လယ်စာစားခြင်းကို ရပ်တန့်၍ ထိုင်ရာမှ ဝုန်းခနဲထကာ

" ငါ အခုချက်ချင်း လိုက်ခဲ့မယ် "

ဟု ဆိုကာ ထမင်းစားခန်းအတွင်းမှ ကမန်းကတန်း ထွက်သွားလေ၏။

ကောင်းကင်နှင့် မြေကြီးသည် လူထူးလူဆန်းကြီး ဦးခေါက်ထိုး၏ ဘဝနောက်ကြောင်းကို စိတ်ဝင်စားနေရာမှ ဆန့်တငင်ငင် ဖြစ်သွားလေ၏။

" ဦးခေါက်ထိုးရဲ့ လျှို့ဝှက်ထားတဲ့ဘဝနောက်ကြောင်းကို ကြားရခါနီးမှာ မီးလောင်တဲ့သတင်းကြောင့် ဆန့်တငင်ငင် ဖြစ်သွားတယ် "





ဟု ပြောလေရာ မြေကြီးက ခေါင်းညိတ်၍

" ဟုတ်တယ်ကွ၊ ဦးခေါက်ထိုးနဲ့ငါတို့ဟာ တိုက်လှေကားထစ်မှာ အတူအိပ်ပြီးတော့ ရင်းနှီးခဲ့တယ်ဆိုပေမဲ့ ဦးခေါက်ထိုးနဲ့ ငါတို့နဲ့ သိကျွမ်းတာ နှစ်အနည်းငယ်ပဲရှိသေးတယ်၊ ဦးခေါက်ထိုးက လူ့ဥစ္စာကြီးတစ်ယောက်ဆိုတာကလွဲလို့ သူ ဘယ်ကလာတယ်၊ ဘယ်ကိုသွားမယ်၊ လူဆိုးလား၊ လူကောင်းလား၊ ဟိုးအရင်တုန်းက ဘယ်လိုအလုပ်မျိုးနဲ့ အသက်မွေးဝမ်းကျောင်းခဲ့တယ်ဆိုတာ မသိခဲ့ဘူး "

ဟု ပြောလေရာ ကောင်းကင်က သက်ပြင်းချ၍

" သူဟာ လူ့ဥစ္စာကြီးတစ်ယောက်ဖြစ်ပေမဲ့ သူ့ခံစားချက်ကို မသိတာခက်တယ်ကွ၊ သူနဲ့တွေ့တိုင်း သူ့မှာ လျှို့ဝှက်ထားတဲ့ အရာတွေ အများကြီးရှိတယ်လို့ ခံစားရတယ်၊ ဘာပဲဖြစ်ဖြစ် ဦးခေါက်ထိုးက ငါတို့ အပေါ်မှာတော့ ကောင်းရှာပါတယ်၊ ချစ်တီးတိုက်လှေကားထစ်မှာ အတူနေခဲ့တုန်းက လူကြီးတစ်ယောက်အနေနဲ့ လူငယ်တွေကို ဆုံးမဩဝါဒတွေ ပေးခဲ့တယ်၊ သူဌေး ဦးဟုတ်စိန်ရဲ့ စကားအရ ဦးခေါက်ထိုးက လူတစ်သိန်းမှာ တစ်ယောက်ကြုံခဲ့တဲ့ နာကြည်းကြေကွဲဖွယ် အဖြစ်ဆိုးတွေနဲ့ ကြုံတွေ့ခဲ့တယ်တဲ့၊ ဦးခေါက်ထိုးကြီးရဲ့အတိတ်မှာ ဘယ်လိုနာကြည်းကြေကွဲစရာတွေရှိလဲ မသိဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်လေ၏။

ထိုနေ့ညသို့ရောက်သောအခါ လူငယ်လေးသည် မယ်လမုဘုရားပွဲသို့ သွားရောက်ကြည့်ရှုရန် ဖခင်ဖြစ်သူအား ပူဆာလေ၏။

ထိုအခါ ရွှေကျားပျံသူဌေးသည် ထုံးစံအတိုင်း ကောင်းကင်နှင့် မြေကြီးအားခေါ်၍ သားဖြစ်သူအား မယ်လမုဘုရားပွဲသို့ လိုက်လံပို့ဆောင်ပေးရန် မေတ္တာရပ်ခံလေ၏။

ရွှေကျားပျံသူဌေးသည် ချောမောလှပသော မယားငယ်လေးကို ယူထားသဖြင့် သားဖြစ်သူကို ဂရုစိုက်နေရ၏။ သူဌေး၏ ဒရိုင်ဘာသည် ကောင်းကင်တို့အား မယ်လမုဘုရားပွဲသို့ အော်စတင်ကားဖြင့် လိုက်လံပို့ဆောင်ပေးလေ၏။

မယ်လမုဘုရားပွဲတော်သည် အငြိမ့်ပွဲ၊ ဇာတ်ပွဲများ၊ မျက်လှည့်ပွဲများဖြင့် စည်ကားနေလေ၏။ လူငယ်လေးသည် ပျော်ရွှင်စွာဖြင့် (၁၂)ပွဲ ဈေးသည်များ ရောင်းချသောမုန့်များကို လိုက်လံစားသောက်၏။

၎င်း၌ ပိုက်ဆံအလျှံအပယ်ပေါများသဖြင့် စိတ်ရှိတိုင်း ဝယ်ယူစားသောက်နိုင်၏။ ကောင်းကင်တို့သည် ၎င်းတို့ဇာတိရပ်မြေရှိ ဘုရားပွဲကို သတိရသောကြောင့် မယ်လမုဘုရားပွဲတော်၌ ပျော်ရွှင်နေလေ၏။

လူငယ်လေးသည် မျက်လှည့်ပွဲတစ်ပွဲကို ဝင်ရောက်ကြည့်ရှု





၏။ ကောင်းကင်က မျက်လှည့်ပွဲပြီးသည်နှင့် အိမ်သို့ပြန်ရန် ပြောလေရာ လူငယ်လေးက

" ဒရိုင်ဘာကိုတောင် ပြန်လွှတ်လိုက်ပြီ၊ ဇာတ်ပွဲကြည့်ပြီးမှ ပြန်တော့မယ် "

ဟု ပြောလေရာ ကောင်းကင်တို့သည် မတတ်သာတော့ဘဲ လူငယ်လေး၏အလိုက်ကို လိုက်ရလေ၏။

လူငယ်လေးသည် မုန့်အမျိုးမျိုးကို ဝယ်ယူပြီးသောအခါ ဇာတ်ရုံအတွင်းသို့ ဝင်လေ၏။

အတန်ကြာသောအခါ ၎င်းအဖွဲ့၏ နာမည်ကြီးပြဇာတ်ဖြစ်သော ကောင်းကင်နှင့်မြေကြီးပြဇာတ်ကို ကလေ၏။ ကောင်းကင်တို့သည် ဇာတ်အဖွဲ့မှ ပြသသော ပြဇာတ်သည် တိုက်တိုက်ဆိုင်ဆိုင် ၎င်းတို့နာမည်နှင့် ဆင်တူနေသဖြင့် အံ့ဩနေလေ၏။

ထိုပြဇာတ်တွင် ဆင်းရဲနွမ်းပါးသော အနှိမ်ခံလူငယ်လေးတစ်ယောက်က ချမ်းသာအောင် ကြိုးစားသော ပြဇာတ်ဖြစ်၏။

ထိုပြဇာတ်သည် ဆင်းရဲသားလူငယ်လေးများ၏ နှလုံးအိမ်ကို တိုင်လှုပ်နိုင်သောပြဇာတ်ဖြစ်လေရာ လူအများစုနှစ်သက်သော ပြဇာတ်တစ်ပုဒ်ဖြစ်၏။

ပြဇာတ်၏အလယ်သို့ရောက်သောအခါ မင်းသားသည် မိမိချောင်းအနီးတွင်ထိုင်၍ ကြီးပွားချမ်းသာရေးပန်းတိုင်သို့ မရောက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်အောင် ကြိုးစားမည်ဟု အဓိဋ္ဌါယ်ရသည့် သီချင်းတစ်ပုဒ်ကို တယောဖြင့် ဖျော်ဖြေလေ၏။

ထိုသီချင်းသည် နားထောင်၍ အလွန်ကောင်းပြီး အဓိပ္ပါယ်လေးနက်သော သီချင်းဖြစ်၏။ သီချင်း၏ တစ်နေရာသို့ရောက်သောအခါ "ရောက်အောင်မသွားသရွေ့ ဝေးတဲ့လမ်းဟာ ဝေးနေဦးမှာပဲ" ဟူ သော စာသားကိုကြားလိုက်ရသဖြင့် ကောင်းကင်နှင့် မြေကြီးသည် အထိတ်တလန့် ကြည့်လိုက်ကြ၏။

" မာလာနဲ့ပတ်သက်တဲ့ သဲလွန်စလားမသိဘူး၊ ဒီစကားကို ကြားရပြန်ပြီ "

ဟု ပြောလေ၏။ မြေကြီးကလည်း

" အေးကွာ၊ ဒီစကားကို တိုက်တိုက်ဆိုင်ဆိုင် ငါတို့ ခဏခဏ ကြားနေရတယ်၊ ဘာပဲဖြစ်ဖြစ် ဒီသီချင်းက ပျောက်ဆုံးနေတဲ့ မာလာနဲ့ ပတ်သက်မှုရှိမရှိ ငါတို့စုံစမ်းရမယ်၊ ပြောနေကြာတယ်ကွာ၊ အခုပဲ ဇာတ်စင်အနောက်ကိုသွားပြီး ဇာတ်ဆရာနဲ့တွေ့ရမယ်"

ဟု ပြောကာ လှုငယ်လေးကို ခဏထားခဲ့ပြီး ဇာတ်စင်နောက်သို့ သွားလေ၏။

ဇာတ်စင်နောက်သို့ရောက်သောအခါ ဇာတ်ဆရာအားရှာဖွေ၍ ထိုသီချင်းနှင့်ပတ်သက်၍ စုံစမ်းလေရာ ဇာတ်ဆရာက

" ဒီသီချင်းဟာ လူငယ်တွေကို ယန်းတိုင်ကိုရောက်အောင်





သွားဖို့အတွက် စိတ်ဓါတ်မကျအောင် တိုက်တွန်းထားတဲ့သီချင်းပဲ၊ မောင်ရင်တို့က ဒီသီချင်းနဲ့ပတ်သက်ပြီး ဘာကြောင့်မေးမြန်းတာလဲ"

ဟု ပြောလေ၏။

ထိုအခါ ကောင်းကင်နှင့် မြေကြီးသည် ဇာတ်ဆရာအား အမှန်အတိုင်းပြောရန် မဖြစ်နိုင်သဖြင့် လူငယ်ပီပီ ထိုသီချင်းကို အလွန်နှစ်သက်သောကြောင့် မေးမြန်းခြင်းဖြစ်ကြောင်း ပြောလေ၏။

ထိုအခါ ဇာတ်ဆရာက

" ဒီသီချင်းကို လူငယ်တိုင်း နှစ်သက်လေ့ရှိပါတယ်၊ ကျုပ်တို့ ကောင်းကင်နဲ့မြေကြီးပြဇာတ်ဟာ ဒီသီချင်းကို စဆိုတဲ့ အချိန်ကစပြီး လူတွေ ပိုပြီးတော့နှစ်သက်လာကြတယ်၊ တကယ်တော့ ဒီသီချင်းကို ရေးတဲ့သူဟာ ကျုပ်တို့ဇာတ်အဖွဲ့က မဟုတ်ပါဘူး "

ဟု ပြောလေရာ ကောင်းကင်နှင့် မြေကြီးသည် စိတ်လှုပ်ရှားဟန်ဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြလေ၏။

ဇာတ်ဆရာက ဆက်လက်၍

" ဒီသီချင်းလေးကို မယ်လမုဘုရားတစ်ဖက်ကမ်းက အလျှူကို သွားရင်းနဲ့ မမျှော်လင့်ဘဲရခဲ့တာပါ၊ ကျုပ်ဟာ အလျှူက ပြန်လာပြီး ရွာပြင်မှာရှိတဲ့ သီလရှင်ကြီးတစ်ပါးနေထိုင်တဲ့ တဲကျောင်းလေးကို ဖြတ်သွားခဲ့တယ်၊ သီလရှင်ကျောင်းရှေ့ကို ရောက်တဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဒီသီချင်းကို တယောထိုးပြီး မိန်းကလေးတစ်ယောက် သီဆိုနေတာ ကြားလိုက်ရတယ် ''

ဟု ပြောလိုက်ရာ ကောင်းကင်နှင့် မြေကြီးသည် မာလာ၏ သဲလွန်စကို ရရှိပြီဟု ယူဆသဖြင့် အလွန်စိတ်လှုပ်ရှားသွားကြလေ၏။

၄င်းတို့ အနှစ်နှစ်အလလ ရှာဖွေနေသော မာလာနှင့် သီလဲရှင်ကြီးသည် မယ်လမုဘုရားတစ်ဖက်ကမ်းသို့ ရောက်ရှိနေပုံရ၏။

ဓာတ်ဆရာက ဆက်လက်၍

'' ကျုပ်လည်း ဒီသီချင်းတွေကိုကြားတဲ့အချိန်ကစပြီး ကျောင်းရှေ့မှာရပ်ပြီး နားဆောင်နေရာက အားမရဘဲ မိန်းကလေးရှိရာကိုသွားပြီး နောက်တစ်ကြိမ်သီဆိုပြဖို့ တောင်းပန်ခဲ့တယ်၊ မိန်းကလေးရဲ့သီချင်းဆုံးတော့ ကျုပ်ဟာ ဓာတ်ဆရာဖြစ်ကြောင်း မိတ်ဆက်ပြီးတော့ ကျုပ်တို့ ဓာတ်မှာကနေတဲ့ ကောင်းကင်နဲ့မြေကြီး ပြဇာတ်မှာ ဒီသီချင်းလေးကို သုံးချင်ကြောင်း မိန်းကလေးဆီမှာ ခွင့်တောင်းခဲ့တယ်၊ အင်မတန် စိတ်သဘောထားကောင်းမွန်တဲ့ မိန်းကလေးက အခကြေးငွေမယူဘဲ သူ့ရဲ့သီချင်းကို သုံးခွင့်ပေးခဲ့တယ်၊ ကျုပ်တို့ရဲ့ ကောင်းကင်နဲ့မြေကြီးပြဇာတ်နဲ့ ဒီသီချင်းဟာ အင်မတန်လိုက်ဖက်ပါတယ်၊ ရောက်လေရာအရပ်မှာ မောင်ရင်တို့လို





ပဲ ဒီသီချင်းကိုနှစ်သက်ပြီးတော့ ချီးမွမ်းစကားပြောတဲ့ လူတွေ မကြာခဏ ကြုံတွေ့ဖူးပါတယ် ''

ကောင်းကင်တို့သည် မမျှော်လင့်ဘဲ ၄င်းတို့ရှာဖွေနေသော မာလာ၏ သဲလွန်စကို ရရှိသဖြင့် ဓာတ်ဆရာထံမှ ထွက်ခဲ့လေ၏။

ကောင်းကင်နှင့် မြေကြီးသည် အလွန်စိတ်လှုပ်ရှားနေပြီး မြေကြီး က

'' ငါတော့ ဓာတ်ဆရာဆီက သဲလွန်စကို ရရချင်း မစောင့်နိုင်တော့ဘူး၊ မာလာရှိရာကို အမြန်ဆုံးသွားချင်စိတ်ပေါ်နေပြီ ''

ဟု ပြောလေရာ ကောင်းကင်ကလည်း

'' ဟုတ်တယ်၊ မာလာ့နောက်ကို လိုက်ဖို့အတွက် ငါတို့ အကြိမ်ကြိမ် အခက်အခဲတွေနဲ့ ကြုံတွေ့ရတယ်၊ အခု သဲလွန်စကို ရတဲ့အချိန်မှာ ချက်ချင်းလိုက်သွားချင်တယ်၊ မိုးလင်းအောင်တောင် စောင့်မနေချင်တော့ဘူး၊ မနက်အရုဏ်တက်တာနဲ့ မယ်လမု တစ်ဖက်ကမ်းကိုကူးပြီးတော့ မာလာ့ကို ရှာကြမယ် ''

ဟု ပြောလေ၏။

မနက်အရုဏ်တက်အချိန် ပွဲသိမ်းသောအခါ ကောင်းကင်သည် လှေငယ်လေးအား လန်ချားပေါ်သို့တင်ပြီး အိမ်သို့ပြန်ရန် ပြောလေ၏။ ထိုအခါ လှေငယ်လေးက အိပ်မှုန်စုံမွှားဖြင့်

'' ဟင်... အစ်ကိုကြီးတို့ ကျုပ်နဲ့မလိုက်ဘူးလား ''



www.burmeseclassic.com

www.burmeseclassic.com



ဟု နားမလည်ဟန်ဖြင့် မေးမြန်းလေ၏။ ထိုအခါ ကောင်းကင်က

" အစ်ကိုကြီးတို့ အင်မတန်အရေးကြီးတဲ့ကိစ္စတစ်ခုကြောင့် မယ်လမှတစ်ဖက်ကမ်းကို ကူးရမယ်၊ အစ်ကိုကြီးတို့ အနှစ်နှစ် အလလက ရှာဖွေနေတဲ့ မိန်းကလေးတစ်ယောက်ဟာ ဘုရား တစ်ဖက်ကမ်းမှာရှိတယ်၊ သူနဲ့လွဲသွားမှာစိုးတဲ့အတွက် အစ်ကိုကြီးတို့ မိုးလင်းအောင် မစောင့်နိုင်တော့ဘူး၊ အမြန်ဆုံးလိုက်သွားမှဖြစ်မယ်၊ ဒါကြောင့် ညီလေး အိမ်ကိုပြန်ပြီး အိပ်ပါတော့ "

ဟု ဆိုကာ လူငယ်အား ချော့မော့ပြီး ပြန်လွှတ်လိုက်လေ၏။

ကောင်းကင်တို့သည် အရေးထဲတက်အချိန်၌ မယ်လမှ တစ်ဖက်ကမ်းသို့ ကူးရန်ပြင်လေရာ ကူးတို့ပို့ပေးမည့်လှေသမားကို ရှာမရဘဲ ရှိနေလေ၏။

မြေကြီးက မျက်မှောင်ကြုတ်၍

" တစ်ဖက်ကမ်းကိုကူးဖို့ လှေလည်းမရှိသေးဘူး၊ ဘယ်လို လုပ်ကြမလဲ "

ဟု စိတ်လှုပ်ရှားဟန်ဖြင့် ရေရွတ်လေ၏။

ထိုအခိုက်မှာပင် နှင်းမှုံထဲရှိ လှေပေါ်တွင် ကျောခိုင်းထိုင်နေသော လှေသမားတစ်ယောက်ကို မြင်တွေ့ရလေ၏။ ကောင်းကင်က ဝမ်းသာအားရဖြင့်





" ဖိုးသရာကြီး၊ ကျုပ်တို့ တစ်ဖက်ကမ်းကို အမြန်ဆုံး ကူးချင်လို့ပါ၊ လှေခ ဘယ်လောက်ပဲကျကျ ပေးမယ်ဗျာ၊ ကျုပ်တို့ကို အမြန်ဆုံးသာ ပို့ပေးပါ "

ဟု ပြောလိုက်လေ၏။ ထိုအခါ မြက်ဦးထုပ်ဆောင်းထားသော လှေသမားက ကောင်းကင်တို့ကို လှည့်မကြည့်ဘဲ

" ဟား ဟား ဟား... လှေခဘယ်လောက်ပဲကျကျ ပေးမယ် ဟုတ်လား၊ မောင်ရင်တို့က ပိုက်ဆံစကားပြောလှချည်လား၊ ချမ်းချမ်းစီးစီး နှင်းမှုံထဲမှာ ကျုပ် တစ်ဖက်ကမ်းကို မကူးချင်ဘူး ဆိုရင် မောင်ရင်တို့ ဘယ်လိုလုပ်မလဲ "

ဟု ပြောလေရာ ကောင်းကင်နှင့်မြေကြီးသည် အခက်တွေ့ သွားလေ၏။

ကောင်းကင်က လှေသမားကိုကြည့်၍ စိတ်လှုပ်ရှားဟန်ဖြင့်

" ကျုပ်တို့ ပိုက်ဆံစကားပြောတာမဟုတ်ပါဘူးဗျာ၊ ကျုပ်တို့ တစ်ဖက်ကမ်းကိုသွားဖို့ သိပ်အရေးကြီးနေလို့ပါ၊ တောင်းပန်ပါတယ်ဗျာ၊ ဖြစ်နိုင်ရင် ပို့ပေးပါ "

ဟု ပြောလေ၏။

မြက်ဦးထုပ်ဆောင်းထားသော လှေသမားက ကောင်းကင်ကို ငဲ့စောင်းကြည့်၍

" ဒီလိုပြောစမ်းပါကွာ၊ မေတ္တာတရားကို ဦးစည်ထား



www.burmeseclassic.com

www.burmeseclassic.com



စမ်းပါ၊ ပိုက်ဆံကို ရေတွက်တန်းတင်ပြီးမပြောစမ်းပါနဲ့၊ ကျုပ်ကို လူတွေက လှေဆိပ်မှာ နိဗ္ဗာန်ဆော်လို့ခေါ်ကြတယ်၊ ဘာကြောင့်လဲဆိုတော့ ဘုရားကိုသွားမဲ့လူဆို ကျုပ်က အခကြေးငွေမယူဘဲ လှေခတ်ပေးလို့လေ၊ ကဲ... မောင်ရင်တို့ ဘယ်သွားချင်လဲ၊ ကျုပ်ပို့ပေးပါ့မယ်"

ဟု ပြောလေ၏။

ထိုအခါ ကောင်းကင်က

" တစ်ဖက်ကမ်းမှာရှိတဲ့ သီလရှင်ဆရာမကြီးတစ်ပါးရှိတဲ့ ရွာကို သွားချင်တယ် "

ဟု ပြောလေရာ နိဗ္ဗာန်ဆော်ဆိုသော လှေသမားကြီးက

" ကျုပ်သိပါတယ်၊ ရွာနဲ့အနီးဆုံးကို ပို့ပေးမယ်၊ မောင်ရင်တို့ တက်ကြ "

ဟု ဆိုကာ ကောင်းကင်နှင့်မြေကြီးကို လှေပေါ်သို့တင်ကာ စတင်လှော်ခတ်လေ၏။

ကောင်းကင်တို့သည် ၄င်းတို့ အနှစ်နှစ်အလလက ရှာဖွေခဲ့သော မာလာနှင့် တွေ့ရတော့မည်ဆိုသဖြင့် စိတ်လှုပ်ရှားနေလေ၏။

ကောင်းကင်က မြေကြီး၏လက်ကို ဆုပ်ကိုင်ကာ လေသံတိုးတိုးဖြင့်

" ဘယ်ကိစ္စပဲဖြစ်ဖြစ် အစရှိရင် အဆုံးရှိရမယ်ဆိုတာ သိပ်မှန်တယ် ကောင်းကင်၊ ငါတို့ ခွဲ၊ လုံ့လ၊ ဝီရိယ မလျှော့တဲ့အတွက်





နောက်ဆုံးမှာ မာလာနဲ့တွေ့ရတော့မယ်၊ စိတ်လှုပ်ရှားဖို့ကောင်းလိုက်တာ "

ဟု ပြောလေ၏။

ထိုအခါ မြေကြီးကလည်း

" ငါတော့ စိတ်လှုပ်ရှားလွန်းလို့ မာလာနဲ့တွေ့ရင် ဘာပြောရမှန်းတောင် မသိဘူး "

ဟု ပြောလေရာ ကောင်းကင်က

" စိတ်အေးအေးထားစမ်းပါ၊ မီးစင်ကြည့်ပြီး ကရတာပေါ့"

ဟု ပြောလေ၏။

လှေသမားကြီးသည် လှေကို ကမ်းစပ်တစ်နေရာတွင် ဆိုက်လိုက်ပြီး

" ဟောဒီလမ်းလေးအတိုင်း တည့်တည့်သွားရင် သီလရှင်ဆရာမကြီး ဒေါ်နန္ဒာရဲ့ကျောင်းကို ရောက်လိမ့်မယ်၊ ဒီလမ်းအတိုင်း လျှောက်သွားပေတော့ "

ဟု လမ်းညွှန်လေ၏။

ကောင်းကင်တို့က လှေသမားကြီးအား လှေခပေးရန် မေးမြန်းလေရာ ၄င်းက

" အခကြေးငွေထက် မေတ္တာတရားက ပိုအရေးကြီးတယ်ဆိုတာ သက်သေပြတဲ့အနေနဲ့ အခမဲ့ ပို့ပေးလိုက်တယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ငြင်းဆန်လေ၏။

ကောင်းကင်တို့သည် ရှာသို့ဦးတည်သော လမ်းလေးအတိုင်း လျှောက်လှမ်းခဲ့လေ၏။ အတန်ကြာအောင် လျှောက်လှမ်းပြီးသော အခါ တောရကျောင်းလေးတစ်ကျောင်းကို မြင်တွေ့ရလေ၏။

ထိုကျောင်းကလေး၏ အနီး၌ သစ်ရိပ်ဝါးရိပ်များ၌ အေးအေး မြမြ ရှိနေ၏။ ကောင်းကင်တို့သည် အရုဏ်တက်အချိန်၌ တောရ ကျောင်းကလေး၏အရှေ့သို့ ရောက်ရှိသွား၏။

ကောင်းကင်တို့ ကျောင်းဝန်းထဲသို့ရောက်သောအခါ ကျော နိုင်းလျက် အရိုက်လှဲကျင်းနေသော မိန်းမပျိုတစ်ဦး၏ နောက်ကျော ကို မြင်တွေ့ရ၏။

ထိုမိန်းမပျိုသည် မာလာဖြစ်မှာ သေချာ၏။ ကောင်းကင်တို့ သည် အရိုက်လှဲနေသော မာလာ့ကိုမြင်တွေ့သောအခါ အလွန် စိတ်လှုပ်ရှားသွား၏။

ထိုမိန်းမပျိုသည် ကြောက်မက်ဖွယ်အန္တရာယ်များနှင့် တွေ့ကြုံ ခဲ့ပုံမရသေး။ တောရကျောင်းကလေး၌ သူမ၏ဘဝ အေးအေး ချမ်းချမ်း ရှိပုံရ၏။

ကောင်းကင်တို့သည် သူမ၏အနီးသို့ရောက်သောအခါ ပြိုင်တူရပ်လိုက်ကြ၏။

မိန်းမပျိုသည် သူမအနောက်မှ ခြေသံကြားသဖြင့် လှည့်





ကြည့်ပြီး ကောင်းကင်တို့ကိုမြင်သောအခါ မျက်မှောင်ကြုတ် လိုက်၏။

ပြီးနောက် ရှုံစမ်းလိုဟန်ဖြင့်

" ရှင်တို့ ဘယ်သူတွေလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ကောင်းကင်က

" ရောက်အောင်မသွားသရွေ့ ဝေးတဲ့လမ်းဟာ ဝေးနေဦးမှာ ပဲဆိုတဲ့ စာကြောင်းလေးတွေကို ဂန္ဓလောကမဂ္ဂဇင်းတွေမှာ မြင်တွေ့ လို့ မြန်မာ ပြည်အနှံ့ တကောက်ကောက်လိုက်ရှာရာက နောက်ဆုံးမှာ မာလာဆိုတဲ့ မိန်းကလေးကို ကျုပ်တို့တွေ့ရပြီ၊ ရောက်အောင်လာ တော့လည်း လမ်းက နီးနီးလေးပါဗျာ "

ဟု ပြောလေရာ မာလာသည် ကောင်းကင်နှင့် မြေကြီးကို အံ့သြဟန်ဖြင့် ကြည့်၍ မျက်လုံးများဝိုင်းစက်သွားပြီး

" နောက်ဆုံးတော့ ရှင်တို့ ကျွန်မဆီကို ရောက်လာပြီပေါ့၊ ကျွန်မအဖေရဲ့ ရွှေတစ်ပိဿာကို မက်ပြီးတော့ ကျွန်မနောက်ကို တကောက်ကောက် လိုက်နေတဲ့သူတွေရှိတယ်၊ ဒါပေမဲ့ ခွဲ၊ လုံ့လ၊ ဝီရိယနည်းပါးတဲ့အတွက် ကျွန်မဆီကို ရောက်မလာကြဘူး၊ ရှင်တို့ နှစ်ယောက်ကတော့ လူစွမ်းကောင်းတွေပဲ "

ဟု ပြောလေရာ ကောင်းကင်က

" ကျုပ်တို့ကို ဒီလောက်လည်း မချီးကျူးပါနဲ့ဗျာ မာလာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ ကံထိုက်လို့တွေ့ရတာပါ၊ ကျုပ်တို့ရဲ့ထူးခြားတဲ့ ကံကြမ္မာက သီလရှင်ကျောင်းနဲ့ လမ်းခါးပြတွေဆီမှာ မာလာရေးခဲ့တဲ့ ဒဿန ဆန်ဆန် စာကြောင်းကို တွေ့နေရလို့ပါ ''

ဟု ပြောလေရာ မာလာက ကောင်းကင်နှင့် မြေကြီးကို ကြည့်၍

'' ရှင်တို့နှစ်ယောက် ကံထိုက်တဲ့အတွက် ကျွန်မအဖေ ချီးမြှင့်မဲ့ ရွှေတစ်ပိဿာကို ရတော့မယ်ပေါ့ ''

ဟု ပြောလေရာ ကောင်းကင်က လက်ကာပြ၍

'' ကျုပ်တို့ ရွှေတစ်ပိဿာကိုမက်လို့ မာလာ့နောက်ကို လိုက်နေတာ မဟုတ်ဘူး၊ ကျုပ်တို့က လူငယ်တွေပီပီ စူးစမ်းချင်စိတ်နဲ့ မာလာ့ကို လိုက်ရှာခဲ့တာပါ၊ နောက်ပြီး ကျုပ်တို့ဟာ မာလာတို့ သားအဖရဲ့လျှို့ဝှက်ချက်ကို ရိပ်စားမိနေတယ်၊ မာလာဟာ အလွန် ကြောက်စရာကောင်းတဲ့ အန္တရာယ်တစ်ခုကို ရှောင်တိမ်းနေတယ် ဆိုတာ ကျုပ်တို့ ရိပ်စားမိနေတယ်၊ ကျုပ်တို့ဟာ မာလာ့ကို မမြင်ဖူး ပေမဲ့ အန္တရာယ်နဲ့ကြုံတွေ့မှာကို စိုးရိမ်ခဲ့တယ်၊ ဒါကြောင့် မာလာ့ နောက်ကို တကောက်ကောက် လိုက်ရှာနေခဲ့တာပဲ၊ ဒီနေ့ဒီအချိန်ထိ မာလာ ဘေးမသီ ရန်မခဘဲ အေးအေးချမ်းချမ်းရှိနေတဲ့အတွက် ကျုပ်တို့ ဝမ်းသာပါတယ် ''

ဟု ပြောလေရာ မာလာဆိုသော မိန်းကလေးသည်





ကောင်းကင်တို့အား အံ့ဩဟန်ဖြင့် ကြည့်လိုက်လေ၏။ ပြီးနောက်

'' ရှင်တို့ တကယ်ပဲ ရွှေတစ်ပိဿာကို လိုချင်လို့ ကျွန်မ နောက်ကို လိုက်နေတာမဟုတ်ဘူးလား ''

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ ကောင်းကင်က

'' အမှန်အတိုင်းပြောရရင် ပထမပိုင်းတော့ ရွှေတစ်ပိဿာကို စိတ်ဝင်စားပါတယ်၊ နောက်တော့ မာလာတို့သားအဖမှာ ဘေး အန္တရာယ်နဲ့ ကြုံတွေ့မှန်း ရိပ်စားမိတဲ့အခါ ရွှေတစ်ပိဿာကို လိုချင်တပ်မက်တဲ့စိတ်နဲ့ ရေနစ်သူကို ဝါးကူထိုးတဲ့အပြုအမူမျိုး မလုပ်ချင်တော့ဘူး၊ မာလာ့နောက်ကို လိုက်ရှာခြင်းဟာ လူငယ်ပီပီ စူးစမ်းချင်စိတ်နဲ့ မာလာ့ရဲ့ အခက်အခဲတွေကို ဝိုင်းဝန်းကူညီပေးဖို့ပဲ၊ ဒါကြောင့် မာလာ့မှာရှိတဲ့ အန္တရာယ်တွေကို ကျုပ်တို့ကို ယုံယုံ ကြည်ကြည်နဲ့ ပြောပြပေးပါ၊ ကျုပ်တို့ လူငယ်တွေဖြစ်ပေမဲ့ ကြောက် စိတ်မရှိပါဘူး၊ အစွမ်းရှိသလောက် မာလာ့ဘက်က ကာကွယ်ပေး ပါ့မယ် ''

ဟု ပြောလေရာ မာလာဆိုသော မိန်းကလေးသည် ကောင်းကင်တို့အား ကျေးဇူးတင်ဟန်ဖြင့်ကြည့်၍

'' ကျွန်မဘဝ အခုလို အကူညီမဲ့ဖြစ်နေတဲ့အချိန်မှာ ရှင်တို့ရဲ့ စကားကိုကြားရတာ ကျွန်မ သိပ်ဝမ်းသာတယ်၊ ရှင်တို့ကို ကျွန်မ ဘဝရဲ့နောက်ကြောင်းကို ပြောပြချင်ပါတယ်၊ ဒါပေမဲ့ ခဏတော့



www.burmeseclassic.com

www.burmeseclassic.com



သည်းခံပြီး စောင့်ပေးပါ၊ ဘာကြောင့်လဲဆိုတော့ သီလရှင်ဆရာမကြီး ဒေါ်နန္ဒာ ခရီးထွက်နေလို့ပါ၊ ဆရာမကြီး ပြန်ရောက်လာရင် သူ့ဆီမှာ ခွင့်တောင်းပြီး ကျွန်မဘဝရဲ့နောက်ကြောင်းတွေကို ရှင်တို့ကို ပြောပြပါ့မယ်၊ လောလောဆယ် မပြောပြနိုင်တဲ့အတွက် ကျွန်မကို နားလည်ပေးပါ "

ဟု တောင်းပန်လေ၏။ ထိုအခါ ကောင်းကင်က

" ကျုပ်တို့ နားလည်ပါတယ်၊ မာလာရဲ့ကျေးဇူးရှင် ဆရာမကြီးရဲ့ ခွင့်ပြုချက်ရမှ ဘဝနောက်ကြောင်းတွေကိုပြောတာ ကောင်းပါတယ်၊ ကျုပ်တို့ကို သွားခွင့်ပြုပါဦး၊ နောက်တစ်ကြိမ် မာလာ့ဆီကို ရောက်အောင်လာခဲ့မယ်၊ မာလာ့မှာ ရန်အန္တရာယ်တွေရှိနေတဲ့အတွက် သတိနဲ့နေပါ"

ဟု ပြောကာ သူမကို နှုတ်ဆက်ပြီ ထွက်ခွာလာခဲ့လေ၏။

ကောင်းကင်တို့သည် မိမိတို့ အနှစ်နှစ် အလလက ရှာဖွေခဲ့သော မာလာ့ကို မမျှော်လင့်ဘဲတွေ့ရသဖြင့် ရင်ထဲရှိ လိုအင်ဆန္ဒများ ပြည့်ဝသွားလေ၏။

၄င်းတို့သည် ရွှေကျားပျံသူဌေး၏နေအိမ်သို့ ရောက်သောအခါ တစ်ညလုံး အိပ်ရေးပျက်လာသဖြင့် တစ်ရေးတစ်မော အိပ်စက်လိုက်ကြ၏။

၄င်းတို့ အိပ်ရာနိုးသောအခါ နေ့လယ်စာစားသော အချိန်သို့





ပင် ရောက်ရှိနေပေပြီ။ ခဏကြာလျှင် မိန်းကလေးတစ်ဦးက ကောင်းကင်တို့အား နေ့လယ်စာစားရန် လာရောက်ခေါ်ဝေါ်လေ၏။

ထမင်းစားခန်းသို့ရောက်သောအခါ ၄င်းတို့မိတ်ဆွေကြီး ဦးခေါက်ထိုးကို မတွေ့ရဘဲ ရွှေကျားပျံသူဌေးကိုသာ တွေ့မြင်ရလေ၏။

ရွှေကျားပျံသူဌေးက ကောင်းကင်နှင့် မြေကြီးကို မြင်သောအခါ

" လာကြဟေ့၊ အစ်ကိုကြီး ဦးခေါက်ထိုးတော့ စောစောတုန်းက ရှိနေသေးတယ်၊ ထမင်းစားခါနီးမှ အိမ်က ထွက်သွားပြန်ပြီ၊ ဦးခေါက်ထိုးလောက် ခြေများတဲ့လူ ရှိမှာမဟုတ်ဘူးဟေ့ "

ဟု ပြောကာ ကောင်းကင်တို့၏ ပန်းကန်ထဲသို့ စားသောက်ဖွယ်ရာများ ထည့်ပေးလေ၏။ ကောင်းကင်က စားသောက်ရင်း

" တစ်နေ့က ဦးခေါက်ထိုးရဲ့အကြောင်းကို သူဌေးပြောပြတာ တစ်ဝက်တစ်ပျက်နဲ့ ရပ်သွားတယ်၊ ဦးခေါက်ထိုးလို လူတစ်ယောက်ရဲ့ဘဝမှာ နာကြည်းကြေကွဲစရာကောင်းတဲ့ ဖြစ်ရပ်တွေ ရှိနေတယ်ဆိုတာ အံ့သြစရာပဲ "

ဟု ပြောလေရာ ရွှေကျားပျံသူဌေးက သက်ပြင်းချ၍

" ဟုတ်တယ်၊ ဦးခေါက်ထိုးလို နာကြည်းကြေကွဲစရာ ဘဝမျိုးကို လူတစ်သိန်းမှာတစ်ယောက် ကြုံတွေ့မှာမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူ့ရဲ့ဘဝကို မောင်ရင်တို့သိအောင် ပြောပြတာပဲ၊ တကယ်တော့ ဦးအောက်ထိုးရဲ့မျိုးနွယ်တွေက သီပေါမင်းပါတော်မူပြီးစအချိန်မှာ နယ်ချဲ့ကို ရှုရာလက်နက်စွဲကိုင်ပြီး တော်လှန်ပုန်ကန်ရာက တောကြောင်တွေဘဝကို ရောက်ခဲ့တယ်၊ နောက်တော့ နယ်ချဲ့စစ်ပုလိပ်တွေရဲ့ ဖမ်းဆီးတိုက်ခိုက်ခြင်းကို ခံခဲ့ရတယ်၊ ဦးအောက်ထိုး ငယ်စဉ်ကတည်းက ရွာမှာ သူပုန်သားဆိုပြီးတော့ အနှိမ်ခံခဲ့ရတယ်၊ တစ်ရွာလုံးက ဆေးဖော်ကြောဖက်လုပ်ပြီး အပေါင်းအသင်းမလုပ်ချင်ကြဘူး၊ ဦးအောက်ထိုးက ဆင်းရဲနွမ်းပါးလွန်းတဲ့အတွက် အများရဲ့ နှိမ့်ချဆူဆဲတာကို ပိုပြီးတော့ ခံရတယ်၊ ဒီတော့ ဦးအောက်ထိုးဟာ လူတွေကိုအရွဲ့တိုက်ပြီး ဆိုးမိုက်ရာက အများနဲ့ကွဲပြားခြားနားလာတယ်၊ အောက်ထိုးအယူဝါဒတွေ သူ့ရင်ထဲမှာ ဖြစ်ပေါ်ခဲ့တယ်၊ နောက်ဆုံးတော့ ဦးအောက်ထိုးရဲ့ဘဝဟာ ရွာမှာမနေနိုင်လောက်အောင် ဝိုင်းပြီးအနှိမ်ခံရတဲ့အတွက် ရွာပြင်ကို ရောက်ခဲ့တယ်၊ ရွာပြင်မှာ လူဆိုးလူမိုက်တွေနဲ့ အပေါင်းအသင်းဖြစ်ပြီး ရာဇဝင်လူဆိုးတစ်ယောက်ဖြစ်ခဲ့တယ် ''

ဟု ပြောလေရာ ကောင်းကင်နှင့် မြေကြီးသည် ဦးအောက်ထိုး၏ ဘဝကို သနားကရုဏာသက်သွားကြလေ၏။

၎င်းတို့၏မိတ်ဆွေကြီးသည် တစ်ချိန်က ရာဇဝင်လူဆိုးတစ်ယောက်ဖြစ်ခဲ့သည် ဆိုပါလား။





ရွှေကျားပျံသူဌေးက ဆက်လက်၍

'' ဦးအောက်ထိုးဟာ ဉာဏ်ရည်ဉာဏ်သွေး အလွန်ကောင်းတယ်၊ ပင်ကိုယ်အရည်အသွေးရှိတယ်၊ သူ့ရဲ့ အားနည်းချက်ကတော့ ငယ်ငယ်ကတည်းက အနှိမ်ခံဖြစ်တဲ့အတွက် ရန်ငြိုးရန်စကြီးတယ်၊ ဒေါသမထိန်းနိုင်ခဲ့ဘူး၊ သူ့ကိုလာထိရင် မြွေဟောက်တစ်ကောင်လို ဖြစ်ချင်ဖြစ်သွားတတ်တယ်၊ သူဟာ ပညာဉာဏ်ရှိပေမဲ့ သတိနဲ့ ထိန်းမထားနိုင်ဘူး၊ ဒါကြောင့် ဦးအောက်ထိုးဟာ မပြေနိုင်တဲ့ အမုန်းတရားတွေကို ရင်ထဲမှာ သိမ်းဆည်းထားခဲ့ရတယ် ''

ဟု ပြောရင်း ရွှေကျားပျံသူဌေးသည် ထမင်းစားခြင်းကို ရပ်တန့်ကာ

'' ကျုပ်တို့ ဝရန်တာကိုထွက်ပြီးတော့ ရေနွေးကြမ်းသောက်ရင်း အေးအေးဆေးဆေး ပြောကြတာပေါ့ ''

ဟု ပြောကာ ဝရန်တာဆီသို့ ဦးဆောင်ခေါ်သွားလေ၏။

ဝရန်တာသို့ရောက်သောအခါ ရွှေကျားပျံသူဌေးက ဆက်လက်ပြီး

'' ဦးအောက်ထိုးဟာ သမီးတစ်ယောက်သာ ကျန်ရစ်တဲ့အတွက် မိသားစုတာဝန်လည်း သူ့မှာမရှိဘူး၊ ဒါကြောင့် တစ်ကိုယ်တော်ဘဝနဲ့ ဆိုးချင်တိုင်းဆိုး၊ တောချင်တိုင်းတောခဲ့တာပေါ့၊ ဒီလိုနဲ့ ဦးအောက်ထိုးရဲ့လူဆိုးလူမိုက်ဘဝ နိဂုံးချုပ်မဲ့အချိန်ကို ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်၊ အဲဒီတုန်းက သူဟာ ရေဝတီမြစ်ကြောင်းသွား သင်္ဘောတစ်စီးကို တစ်ကိုယ်တော် ဓါးပြတိုက်ဖို့ ကြိုးစားခဲ့တယ်၊ သူ့ဘဝရဲ့ နာကြည်းကြေကွဲစရာကောင်းတဲ့ အဖြစ်ဆိုးတွေက သင်္ဘောပေါ်မှာ လိုက်လာတဲ့ အသက်(၁၀)နှစ်သာသာ ကလေးမလေးတစ်ယောက်ကြောင့် ဖြစ်ပေါ်ခဲ့တယ် ”

ဟု ပြောလေရာ ကောင်းကင်နှင့် မြေကြီးသည် အလွန်အံ့သြဟန်ဖြင့် ရွှေကျားပျံသူဌေးကို ကြည့်လိုက်ကြလေ၏။

ရွှေကျားပျံသူဌေးက ဆက်လက်၍

“ အဲဒီနေ့က ဦးဓောက်ထိုးက မော်တော်ပေါ်မှာ တစ်ကိုယ်တော် ဓါးပြတိုက်ပြီးတော့ ရွှေငွေလက်ဝတ်ရတနာတွေ စိတ်တိုင်းကျရခဲ့တယ်၊ သူဟာ သင်္ဘောတစ်စီးလုံးကို အားရအောင် ဓါးပြတိုက်ပြီးတော့ သင်္ဘောနဲ့ကပ်ချည်ထားတဲ့ သူ့ရဲ့လှေကလေးပေါ် ဆင်းဖို့ပြင်လိုက်တယ်၊ ဒီအချိန်မှာပဲ အင်မတန်သတ္တိကောင်းတဲ့ ကလေးမလေးတစ်ယောက်ဟာ အနီးကို ပြေးလာပြီးတော့ ဦးဓောက်ထိုးရဲ့ မျက်နှာမှာ စည်းနှောင်ထားတဲ့ပဝါကို ဆတ်ခနဲ ဆွဲဖြုတ်လိုက်တယ်၊ ဦးဓောက်ထိုးက သူ့ရဲ့ရုပ်ကို လူတွေမြင်မှာစိုးလို့ ကမန်းကတန်း ပဝါကို ပြန်စည်းနှောင်လိုက်တယ်၊ ဓါးပြတိုက်ခံရတဲ့ လူတွေဟာ ဦးဓောက်ထိုးရဲ့မျက်နှာကို သဲသဲကွဲကွဲ မမှတ်မိလိုက်ပေမဲ့ ကလေးမလေးကတော့ ကောင်းကောင်းမှတ်မိလိုက်တယ်၊





ကလေးမလေးရဲ့ ရဲဝံ့တဲ့အပြုအမူဟာ ဦးဓောက်ထိုးအတွက် ဂြိုဟ်ဆိုးဝင်လိုက်သလိုပါပဲ၊ ဒီလိုနဲ့ သင်္ဘောကို ဓါးပြတိုက်ပြီး တစ်လလောက်အကြာမှာ ဦးဓောက်ထိုးရဲ့ တစ်ဦးတည်းသောသမီးဟာ ရှာပြင်ကတဲကလေးမှာ မီးမဖွားနိုင်လို့ အခက်ကြုံနေတယ်၊ ဦးဓောက်ထိုးဟာ သမက်ဖြစ်သူမရှိတဲ့အတွက် သမီးအတွက် ရတက်မအေးပြီးတော့ မြို့ပေါ်တက်ပြီးတော့ ဆရာဝန်ခေါ်ဖို့ ကြိုးစားခဲ့တယ် ”

ဟု ပြောလေရာ ကောင်းကင်က ဝင်ရောက်၍

“ ဦးဓောက်ထိုးရဲ့သမီးမှာ ယောကျ်ားမရှိဘူးလား၊ ဒါမှမဟုတ် အဲဒီယောကျ်ားက သစ္စာပျက်သွားလို့လား ”

ဟု မေးမြန်းလေ၏။ ထိုအခါ ရွှေကျားပျံသူဌေးက မျက်မှောင်ကြုတ်လိုက်ပြီး

“ ဦးဓောက်ထိုးသမီးရဲ့ယောကျ်ားက အင်မတန်သစ္စာရှိပါတယ်၊ သူ့မိန်းမကိုလည်း အသက်လောက်ချစ်မြတ်နိုးတယ်၊ ဒါပေမဲ့ ဆင်းရဲလွန်းတဲ့ ဘဝကနေ သူ့မိန်းမကို ကယ်တင်ချင်တာနဲ့ တရုတ်ပြည်မကြီးကိုသွားပြီး စီးပွားရှာနေခဲ့တာပေါ့၊ သူဟာ မိသားစုကောင်းစားရေးအတွက် အနစ်နာခံကြိုးစားခဲ့ပေမဲ့ သူ့ဘဝရဲ့ အနာဂတ်ဟာ မလှပခဲ့ရှာဘူး ”

ဟု ပြောလေ၏။ ထို့နောက် ရွှေကျားပျံသူဌေးက မေ့ဆေး



www.burmeseclassic.com

www.burmeseclassic.com



သို့ မေးကြည့်၍

" ဦးအောက်ထိုးဟာ မြို့ထဲမှာလှည့်ပြီးတော့ သမီးကို မီးဖွားပေးနိုင်မဲ့ ဆရာဝန်ကိုရှာနေတုန်း ကံဆိုးချင်တော့ သဘောၤပေါ်မှာ ဓါးပြတိုက်ဖူးတဲ့ ကလေးမလေးနဲ့ သွားကြုံတယ်၊ ဒီကလေးမလေးဟာ ဦးအောက်ထိုးရဲ့မျက်နှာမှာ စည်းနှောင်ထားတဲ့ ပဝါကို ဆွဲဖြုတ်ဖူးတော့ ဦးအောက်ထိုးရဲ့မျက်နှာကို ကောင်းကောင်းမှတ်မိနေတယ်၊ ဦးအောက်ထိုးကို မြင်တာနဲ့ သဘောၤပေါ်မှာ တိုက်သွားတဲ့ဓားပြပဲဆိုတာ သေသေချာချာ ပြောနိုင်တယ်၊ ဒီကလေးမလေးဟာ အသက်(၁၀)နှစ် သာသာရှိပေမဲ့ ရဲဝံ့တဲ့စိတ်နဲ့ ပုလိပ်ဌာနကိုသွားပြီး ဦးအောက်ထိုးရဲ့သတင်းကို ပေးခဲ့တယ်၊ ဦးအောက်ထိုးဟာ မြို့ပေါ်က ဝမ်းဆွဲတစ်ယောက်ကိုခေါ်ပြီးတော့ မီးမဖွားနိုင်တဲ့သမီးရှိရာကို စိုးရိမ်တကြီးပြန်ခဲ့တယ်၊ သူ့သမီး မီးဖွားဖို့ ကြိုးပမ်းနေစဉ်မှာပဲ ဦးအောက်ထိုးရှိတဲ့ မြို့ပြင်ကတဲလေးကို ပုလိပ်တွေဝိုင်းလာပြီး လက်နက်ချဖို့ပြောတယ်၊ ဦးအောက်ထိုးက စိတ်ဓါတ်ပြင်းထန်ပြီးတော့ တဇွတ်ထိုးလုပ်တတ်တဲ့အတွက် လက်နက်မချဘဲ ပုလိပ်တွေကို ပြန်ပြီးတော့ပစ်ခတ်ခဲ့တယ်၊ ဦးအောက်ထိုးရဲ့မိုက်မဲမှုကြောင့် ပုလိပ်တွေနဲ့ အပြန်အလှန်ပစ်ခတ်ရင်း မီးမဖွားနိုင်တဲ့ သူ့သမီးဟာ မီးတွင်းထဲမှာပဲ ဆုံးခဲ့ရတယ်၊ ဦးအောက်ထိုးရဲ့မြေးကိုလည်း လက်လွှတ်လိုက်ရတယ်၊ သနားစရာ





ကောင်းတဲ့ ဦးအောက်ထိုးရဲ့ဘဝမှာ နာကြည်းကြေကွဲစရာတွေက ဒီလောက်နဲ့ရပ်မသွား ဘူး၊ ဦးအောက်ထိုး အင်မတန်ချစ်တဲ့ မြေးအကြီးမလေးဟာလည်း ပုလိပ်တွေနဲ့ အပြန်အလှန်ပစ်ခတ်ရင်း ကျည်ထိပြီးတော့ သေဆုံးခဲ့ရတယ်၊ နောက်ဆုံးတော့ ဦးအောက်ထိုးလည်း ပုလိပ်တွေရဲ့လက်မှာ အဖမ်းခံရပြီး တစ်သက်တစ်ကျွန်းကျသွားခဲ့တယ်၊ လွန်ခဲ့တဲ့သုံးလေးနှစ်လောက်တုန်းက ကျွန်းက အကျဉ်းသားတွေကို လွတ်ငြိမ်းချမ်းသာခွင့်ပေးတော့ ဦးအောက်ထိုးပြန်လွတ်လာခဲ့တယ်၊ ဦးအောက်ထိုး ကျွန်းကလွတ်လာပြီးမှ မင်းတို့နဲ့ တွေ့ဆုံပြီး ခင်မင်ရင်းနှီးခဲ့တာပဲ "

ဟု ပြောလေရာ ကောင်းကင်နှင့် မြေကြီးသည် ဆိုးဝါးလှသော ဦးအောက်ထိုး၏ဘဝနောက်ကြောင်းကို ကြားသိသောအခါ သနားကရုဏာ မျှားစွာဖြစ်နေလေ၏။

မြေကြီးက သက်ပြင်းချ၍

" သဘောၤပေါ်မှာ ဦးအောက်ထိုးနဲ့တွေ့ခဲ့တဲ့ ကလေးမလေးဟာ အတော်သတ္တိရှိတယ်နော်၊ လူဆိုးလူမိုက်တစ်ယောက်ကို မကြောက်မရွံ့ဘဲ မျက်နှာမှာစည်းထားတဲ့ပဝါကို ဖြုတ်ဝံ့တယ် "

ဟု ပြောလေရာ ကောင်းကင်က ဝင်ရောက်၍

" ဒါတင်ဘယ်ကဦးမလဲကွ၊ ဦးအောက်ထိုး မြို့ပေါ်ကိုတက်ပြီးတော့ ဆရာဝန်ရှာတုန်းကလည်း ကလေးမလေးက ရဲရဲဝံ့ဝံ့ ပုလိပ်

www.burmeseclassic.com



ဌာနကို သွားပြီးတော့ ဦးဓောက်ထိုးရဲ့သတင်းကို ပေးခဲ့တယ် ”

ဟု ပြောလေရာ ရွှေကျားပျံသူခိုးက အံကိုကြိတ်၍

“ တကယ်တော့ ဦးဓောက်ထိုးရဲ့ဘဝဟာ မလှမပဖြစ်သွားတာ ဒီကလေးမလေးကြောင့်ပဲ၊ သူဟာ မှန်တာလုပ်တယ်ဆိုပေမဲ့ သူ့ကြောင့် ဦးဓောက်ထိုး တစ်သက်တစ်ကျွန်း အကျခံရတယ်၊ ဦးဓောက်ထိုးရဲ့သမီးနဲ့ ခွေးလာမဲ့ကလေးလည်း အသက်ဆုံးခဲ့ရတယ်၊ နောက်ပြီးတော့ ဦးဓောက်ထိုးရဲ့မြေးအကြီးမလေးလည်း ပုလိပ်တွေရဲ့ ကျည်ဆန်ထိမှန်ပြီး အသက်ဆုံးရတယ်၊ ဒီကလေးမလေးရဲ့ လုပ်ရပ်ကြောင့် ဦးဓောက်ထိုးတို့ မိသားစုကြီးတစ်ခုလုံး နာကြည်းကြေကွဲစရာကောင်းတဲ့အဖြစ်နဲ့ ကြုံတွေ့ခဲ့ရတာပေါ့၊ ဒါကြောင့် ဦးဓောက်ထိုးက ဒီနေ့ထက်တိုင် ကလေးမလေးကို မုန်းတီးနာကြည်းနေတုန်းပဲ၊ ဒီကလေးမလေးကလည်း နယ်နယ်ရရတော့ မဟုတ်ဘူးကွ၊ သူဟာ လူကုံထံမိသားစုက ဆင်းသက်လာတဲ့ သူပဲ၊ သူ့အဖေက မြို့ပေါ်မှာ သူဌေးကြီး ဦးစိန်တစ်လုံးဆိုပြီးတော့ ထင်ရှားကျော်ကြားတယ် ”

ဟု ပြောလေရာ ကောင်းကင်သည် ရွှေကျားပျံသူခိုး၏ စကားကို နားထောင်ရင်း ဟိုက်ခနဲဖြစ်သွားပြီး

“ ဟင်... ဒါဆိုရင် ဦးဓောက်ထိုးကို ဒုက္ခပေးတဲ့ကလေးမလေးဟာ မာလာဖြစ်နေပြီပေါ့ ”



ဟု ရေရွတ်ကာ မြေကြီး၏မျက်နှာကို ကြည့်လိုက်လေ၏။

ထို့နောက် တစ်စုံတစ်ရာကိုတွေး၍ စိတ်လှုပ်ရှားဟန်ဖြင့်

“ မာလာ့မှာရှိနေတဲ့အန္တရာယ်ဆိုတာ ငါသိပြီ၊ မာလာ့ကို ဒုက္ခပေးမဲ့လူ ဘယ်သူလဲဆိုတာလည်း ငါရိပ်မိပြီ၊ လတ်စသတ်တော့ မာလာ့ကို အန္တရာယ်ပေးတဲ့သူဟာ ငါ့မိတ်ဆွေကြီး ဦးဓောက်ထိုးကိုး၊ ဒါဆိုရင်... ”

ဟု တွေးကာ ကောင်းကင်သည် ကမန်းကတန်း ဝရန်တာမှ ဆင်း၍ အိမ်အောက်ထပ်သို့ ပြေးလွှားသွားလေ၏။

သူသည် ဆင်ဝင်အောက်တွင် ဆော့ကစားနေသော လူငယ်လေးနှင့် တွေ့လေ၏။ ကောင်းကင်က လူငယ်လေး၏ပခုံးကို လှုပ်ခါ၍

“ ညက ငမိုးရိပ်ချောင်းတစ်ဖက်ကမ်းကို ကူးတဲ့သတင်းကို ဦးဓောက်ထိုးကို ပြောပြလိုက်သေးလား ”

ဟု မေးမြန်းလေရာ လူငယ်လေးက ခေါင်းညိတ်၍

“ မနက်က အစ်ကိုတို့ အိပ်ရာမနိုးသေးတဲ့အတွက် ဦးဓောက်ထိုးက ကျုပ်ကိုမေးတယ်၊ ဒါကြောင့် ညတုန်းက အစ်ကိုတို့ ငမိုးရိပ်ချောင်း တစ်ဖက်ကမ်းကိုကူးပြီးတော့ သီလရှင်ကျောင်းမှာ ပျောက်ဆုံးနေတဲ့ မိန်းကလေးတစ်ယောက်ကို သွားရှာတယ်ဆိုပြီး ပြောလိုက်တယ် ”

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ကောင်းကင်သည် အလွန်စိုးရိမ်ဟန်ဖြင့် မြေကြီးဘက်သို့လှည့်လိုက်ပြီး

" မြေကြီး၊ ငါတို့ အမြန်ဆုံး မာလာ့ဆီကို လိုက်သွားမှဖြစ်မယ်၊ မာလာနဲ့ငါတို့ တွေ့ဆုံပြီးတာ ဦးခေါက်ထိုး ရိပ်မိသွားပြီ၊ ဦးခေါက်ထိုးပျောက်နေတာဟာ ငမိုးရိပ်တစ်ဖက်ကမ်းကို ကူးသွားတာ ဖြစ်နိုင်တယ်၊ မာလာ့အသက်အန္တရာယ်ကို စိုးရိမ်နေတယ်၊ ငါတို့ အမြန်ဆုံးသွားမှဖြစ်မယ်၊ မာလာ့ရဲရန်သူဟာ ဦးခေါက်ထိုးကြီး ဖြစ်လိမ့်မယ်ဆိုတာ ငါတို့ လုံးဝမရိပ်စားမိဘူးကွ၊ ဦးခေါက်ထိုးဟာ ဒါကြောင့် မာလာနဲ့ တစ်မြို့တည်းမှာရှိတဲ့ ချစ်တီးတိုက် လှေကားထစ်မှာ လာပြီးတော့ ခိုကပ်နေတာကို၊ သူဟာ ကျွန်းက လွတ်လာပြီး မာလာ့ကို လက်စားချေဖို့အတွက် ချစ်တီးတိုက် လှေကားထစ်မှာ ခိုကပ်ပြီးစောင့်နေတာ ဖြစ်လိမ့်မယ် "

ဟု ပြောလေရာ မြေကြီးက

" ဟုတ်ပြီ၊ သူဌေးကြီး စိန်တစ်လုံးဟာ သူ့သမီးမာလာ့ကို မြို့ပေါ်ကနေ ပျောက်ဆုံးသွားတယ်လို့ ဘာကြောင့်သတင်းလွှင့်တယ်ဆိုတာ ငါရိပ်စားမိသွားပြီ၊ သူဌေးကြီး ဦးစိန်တစ်လုံးဟာ သူတို့ရဲ့ရန်သူ ဦးခေါက်ထိုးကြီး တစ်ကျွန်းကလွတ်လာကတည်းက သူ့သမီးအတွက် အန္တရာယ်ရှိတယ်ဆိုပြီးတော့ မြို့ကနေ ရှောင်တိမ်းပြေးနိုင်းတာ ဖြစ်လိမ့်မယ်၊ သူ့သမီး မြို့ကရှောင်ပြေးသွားတာ





လူတွေမရိပ်မိအောင် သူ့သမီးကို ရှာနိုင်တဲ့လူကို ရွှေတစ်ပိဿာ ပေးမယ်ဆိုပြီးတော့ သတင်းလွှင့်ခဲ့တာပဲ၊ ပြောနေကြာတယ်၊ ငါတို့ မာလာ့ကို မြန်မြန်သွားကယ်မှဖြစ်မယ် "

ဟု ပြောလေရာ ကောင်းကင်က ခေါင်းညိတ်၍

" ဟုတ်တယ်၊ မာလာဟာ ငမိုးရိပ်တစ်ဖက်ကမ်းမှာ အေးအေးချမ်းချမ်း ပုန်းအောင်းနေနိုင်ခဲ့တယ်၊ ငါတို့နဲ့တွေ့မှ ဦးခေါက်ထိုးက သဲလွန်စရပြီး မာလာ့ကို အန္တရာယ်ပြုတော့မယ်၊ မာလာတစ်ခုခုဖြစ်သွားရင် ငါတို့ရဲ့ ပယောဂမကင်းဘူး၊ အမြန်သွားမှ ဖြစ်မယ် "

ဟု ပြောကာ ရွှေကျားပျံသူဌေးကြီးအိမ်မှထွက်၍ ရထားလုံးကက်စီးကိုငှားကာ မယ်လမုဘုရားဆီသို့ အလျင်အမြန် မောင်းနှင်ခဲ့လေ၏။

ငမိုးရိပ်ချောင်းသို့ရောက်သောအခါ တစ်ဖက်ကမ်းသို့ကူးရန် လှေများ တစ်စီးမျှမရှိကြောင်း အံ့ဩဖွယ် မြင်တွေ့ရလေ၏။

ကောင်းကင်က မျက်မှောင်ကြုတ်လိုက်ပြီး

" အရင်တုန်းက ဒီဘက်ကမ်းမှာ လှေတွေအများကြီးပါ၊ အခု လှေတွေ တစ်စီးမှမရှိပါလား၊ ဘယ်လိုဖြစ်တာလဲ "

ဟု ရေရွတ်လေ၏။

ထိုအခိုက်မှာပင် လှေဆိပ်အနီးတွင် အကြော်ရောင်းသော



www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်တစ်ဦး အနီးသို့ရောက်လာပြီး

" မနက်က လှေတွေရှိသေးတယ် အစ်ကို၊ လူတစ်အုပ် ရောက်လာပြီး လှေသမားတွေကို ဓါတ်ရှင်ရိုက်ချင်တယ်ဆိုပြီး ခေါ် သွားကြတယ်၊ လှေသမားတွေက ဓါတ်ရှင်ရိုက်တာ ပိုက်ဆံပိုရတဲ့ အတွက် ဒီနေ့တော့ နေ့တွက်ကိုက်ပြီဆိုပြီး လိုက်သွားကြတယ်"

ဟု ပြောလေရာ ကောင်းကင်က မျက်မှောင်ကြုတ်၍ မြေကြီး ဘက်သို့လှည့်ကာ

" ဒါ သွေးရိုးသားရိုးကိစ္စမဟုတ်ဘူး ထင်တယ်၊ ဦးဇော်ထိုးက ငါတို့ရိပ်မိပြီးတော့ ငမိုးရိပ်တစ်ဖက်ကမ်းကို လိုက်မလာနိုင် အောင် လုပ်လိုက်တာဖြစ်မယ်၊ ဓါတ်ရှင်ရိုက်မယ်ဆိုပြီးတော့ လှေသမားတွေကို လာခေါ်တဲ့သူတွေက ဦးဇော်ထိုးရဲ့တပည့်တွေ ဖြစ်လိမ့်မယ်၊ တောက်... ဒီလူကြီး အတော်ယုတ်မာကောက်ကျစ်ပါ လား "

ဟု ပြောလေ၏။ ထိုအခါ အကြော်ရောင်းသော လူငယ်လေး က

" လှေသမားတွေအကုန်လုံး ဓါတ်ရှင်ရိုက်ဖို့လိုက်သွားပေမဲ့ နီဗွာန်ဆော်လို့ခေါ်တဲ့ လူကြီးကတော့ ဓါတ်ရှင်ရိုက်ဖို့ မလိုက်ဘူး"

ဟု ပြောလေရာ ကောင်းကင်က ဝမ်းသာအားရဖြင့်

" ဟင်... နီဗွာန်ဆော်ဆိုတာ မနက်က ငါတို့ကို ငမိုးရိပ်





တစ်ဖက်ကမ်းကို ပို့ပေးတဲ့ လှေသမားကြီးပဲ၊ သူ ဘယ်မှာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ အကြော်ရောင်းသော ကလေး ငယ်ကပင်

" နီဗွာန်ဆော်ရဲ့လှေကို စောစောကပဲ လူကြီးတစ်ယောက် ငှားပြီး တစ်ဖက်ကမ်းကို ကူးသွားတယ် "

ဟု ပြောလေရာ မြေကြီးက စိတ်လှုပ်ရှားဟန်ဖြင့်

" ဒီလူကြီးက ပင်နီအင်္ကျီအနီရောင်ကို ဝတ်ထားတယ် မဟုတ်လား "

ဟု မေးမြန်းလေရာ အကြော်ရောင်းသော ကလေးက ခေါင်း ညိတ်၍

" ဟုတ်တယ်၊ ပင်နီအင်္ကျီအနီရောင် ဟဖြဲဝတ်ထားတဲ့ လူကြီး၊ နီဗွာန်ဆော်လှေကိုငှားပြီးတော့ တစ်ဖက်ကမ်းကို ကူးသွား တာပေါ့ "

ဟု ပြောလေရာ ကောင်းကင်က

" ငါတို့နောက်ကျနေပြီ၊ မာလာ့အတွက် အန္တရာယ် သိပ်ရှိ နေပြီ၊ တို့ အမြန်ဆုံးလိုက်မှဖြစ်မယ်၊ ညီလေး လှေသမားတွေမရှိ တော့ပေမဲ့ အနီးဆုံးမှာ လှေတစ်စီးလောက် ဘယ်မှာရှိမလဲ "

ဟု မေးမြန်းလေရာ လူငယ်လေးက ခပ်လှမ်းလှမ်းရှိ တဲအိမ် ကလေးများရှိရာသို့ လက်ညှိုးညွှန်ပြ၍



www.burmeseclassic.com

" ဟိုနားက အကြော်ရောင်းတဲ့ တဲလေးနောက်မှာ လှေတစ်စီးကြိုးချည်ထားတာ တွေ့လိမ့်မယ် "

ဟု ပြောလေရာ ကောင်းကင်နှင့် မြေကြီးသည် လူငယ်၏ စကားမဆုံးမီ တဲလေးများရှိရာသို့ ကမန်းကတန်း ပြေးထွက်ခဲ့လေ၏။

ထို့နောက် လှေပေါ်သို့ ကမန်းကတန်းတက်၍ ငမိုးရိပ်တစ်ဖက်ကမ်းသို့ လှော်ခတ်ခဲ့လေ၏။ ကောင်းကင်တို့သည် မာလာ့အတွက် စိုးရိမ်လှသဖြင့် လှော်တက်ကိုယ်စီဖြင့် အားစိုက်ပြီး လှော်ခတ်သွားလေ၏။

အကြော်တဲအနီးတွင်ရှိသော လှေပိုင်ရှင်မှာ ကောင်းကင်တို့ကို လှေသူခိုးများဟု ထင်မှတ်ကာ အော်ဟစ်ပြီး ကျန်ရစ်ခဲ့လေ၏။

ကောင်းကင်တို့သည် တစ်ဖက်ကမ်းသို့ရောက်သောအခါ အသင့်ဆောင်ယူလာသော ဓါးရှည်ကိုယ်စီကို ကိုင်ဆွဲ၍ သီလရှင်ကျောင်းလေးဆီသို့ ဦးတည်ပြေးလွှားခဲ့လေ၏။

၎င်းတို့သည် ရင်ပွင့်မတတ် မောပန်းနေသော်လည်း လူသားတစ်ယောက်၏ အသက်အန္တရာယ်ကို ကာကွယ်ရန်အတွက် အစွမ်းကုန် ပြေးလွှားခဲ့လေ၏။

တောရကျောင်းလေး၏ ကျောင်းဝန်းအတွင်းသို့ ရောက်သောအခါ ကျောင်းဝန်းထဲတွင် မည်သူ့ကိုမျှ မတွေ့ရသဖြင့် ပိုမို၍





စိုးရိမ်သွားလေ၏။

ကောင်းကင်တို့သည် ကျောင်းလေးပေါ်သို့တက်၍ ရှာကြ၏။

ကျောင်းဝန်းအတွင်း ပြေးလွှားရင်း

" မာလာ... မာလာ "

ဟု အော်ဟစ်ခေါ်ဝေါ်ကြ၏။

ထို့နောက် ကျောင်းရှေ့တွင် ဖြတ်သန်းသွားသော နွားကျောင်းသားတစ်ဦးအား မာလာနှင့်ပတ်သက်၍ မေးမြန်းလေရာ နွားကျောင်းသားက

" သီလရှင်ကျောင်းက မိန်းကလေးဟာ ဟိုးခပ်ဝေးဝေးမှာ မှုန်ပျပျမြင်နေရတဲ့ စေတီလေးမှာ ရှိလိမ့်မယ်၊ စောစောတုန်းကလည်း ပင်နီအင်္ကျီနဲ့လူကြီးတစ်ယောက် ကျုပ်ကိုမေးလို့ လမ်းညွှန်ရသေးတယ် "

ဟု ပြောလေရာ ကောင်းကင်တို့သည် မာလာ့အတွက် ပိုမိုစိုးရိမ်သွားပြီး မြေကြီးက

" ငါတို့ အမြန်ဆုံးလိုက်မှဖြစ်မယ်ဟေ့၊ ဦးခေါက်ထိုးကြီး ငါတို့ရှေ့ကရောက်နေပြီ "

ဟု ပြောလေ၏။ ကောင်းကင်တို့သည် စေတီလေးရှိရာသို့ ဆက်လက်ပြေးလွှားခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



စေတီလေးသည် သစ်ရိပ်ဝါးရိပ်များဖြင့် အေးမြနေသော နေရာ၌ရှိ၏။

စေတီနှင့် ခပ်လှမ်းလှမ်းသို့ရောက်သောအခါ မျက်နှာချင်းဆိုင် ရပ်နေသော ဦးဓောက်ထိုးနှင့် မာလာ့ကို မြင်တွေ့ရ၏။

ကောင်းကင်တို့သည် မာလာ့ကို သက်ရှိထင်ရှား တွေ့မြင်ရသဖြင့် အလွန်စိတ်လှုပ်ရှားသွားပြီး ဓါးရှည်ကိုယ်စီကို ကိုင်ဆွဲ၍ မာလာ၏ရှေ့မှ ကာဆီးလိုက်ကြ၏။

ကောင်းကင်က ဦးဓောက်ထိုးအား ဓါးဖြင့် ချိန်ရွယ်၍

" ဦးဓောက်ထိုး၊ ခင်ဗျား နောက်ဆုတ်လိုက်စမ်း၊ ရှေ့ကို မတိုးနဲ့ "

ဟု ပြောလေရာ ဦးဓောက်ထိုးက ကောင်းကင်နှင့်မြေကြီးကို ကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

" မင်းတို့ကိုကြည့်ရတာ ငါ့ဘဝရဲ့အတိတ်ဇာတ်ကြောင်းကို သိသွားပြီနဲ့တူတယ် "

ဟု ပြောလေရာ မြေကြီးက ခေါင်းညိတ်၍

" ဟုတ်တယ်၊ ခင်ဗျားဟာ တစ်ချိန်တုန်းက ဆုငွေထုတ်ထားတဲ့ လူဆိုးလူမိုက်ကြီးဆိုတာ ကျုပ်တို့သိခဲ့ရပြီ၊ ခင်ဗျား ဘာကြောင့် မာလာတို့မြို့ကိုရောက်နေတယ်ဆိုတာလည်း ကျုပ်တို့ ရိပ်စားမိသွားပြီ၊ ဒီမှာ ဦးဓောက်ထိုး၊ ခင်ဗျားမှာ အပြစ်ရှိလို့





ကျွန်းဒဏ်လည်းခံခဲ့ပြီးပြီ၊ အခုအချိန်ထိ နောင်တမရသေးဘူးလား"

ဟု ပြောလေရာ ကောင်းကင်က ဝင်ရောက်၍

" ဟုတ်တယ် ဦးဓောက်ထိုး၊ ခင်ဗျား တစ်သက်လုံး ဆိုးမိုက်ခဲ့တာပဲ၊ ဒီအချိန်မှာ နောင်တရသင့်ပြီ၊ နောင်တမရဘဲ အပြစ်မဲ့တဲ့ မိန်းကလေးတစ်ယောက်ကို လက်စားချေမယ်ဆိုရင်တော့ ကျုပ်တို့ အသက်စွန့်ပြီး ကာကွယ်ပေးမှာပဲ၊ ခင်ဗျား မာလာ့ကို လက်ဖျားနဲ့ မတို့စေရဘူး "

ဟု ပြောလေရာ ဦးဓောက်ထိုးက သက်ပြင်းချ၍

" ဒီမှာ ကောင်လေးတွေ၊ မင်းတို့ ငါ့ကို အထင်မှားနေပြီ၊ ငါဟာ အတိတ်က လူဆိုးလူမိုက်ဖြစ်ခဲ့တာတော့ မှန်တယ်၊ ဒါပေမဲ့ မာလာ့ကို လက်စားချေမဲ့လူမဟုတ်ဘူးကွ "

ဟု ပြောလေရာ မြေကြီးက တဟားဟား ရယ်မော၍

" ဟား ဟား ဟား… ခင်ဗျားစကားတွေက ရှေ့ကဖုံး နောက်ကပေါ်သလို ဖြစ်နေပြီ၊ ခင်ဗျားမှာ လက်စားချေချင်စိတ်မရှိဘူးဆိုရင် မာလာ့ရဲ့သတင်းကိုကြားတာနဲ့ မိုးရိပ်တစ်ဖက်ကမ်းကို ဘာဖြစ်လို့ ကမန်းကတန်း ကူးလာလဲ၊ ဒီမှာ ဦးဓောက်ထိုး၊ ခင်ဗျားရဲ့အကြံ သိပ်ပက်စက်တယ်၊ ကျုပ်တို့ ဒီဘက်ကမ်းကို လိုက်မလာနိုင်အောင် လှေသမားတွေအားလုံးကို ခင်ဗျားပထုတ်လိုက်တာ မဟုတ်လား "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ကောင်းကင်ကလည်း

" ကျုပ်တို့ကို လက်တစ်လုံးခြား လိမ်ဖို့မကြိုးစားနဲ့တော့ ဦးအောက်ထိုး၊ ခင်ဗျားရဲ့ ရက်စက်ယုတ်မာနဲ့ အကြံအစည်တွေကို ကျုပ်တို့ ရိပ်စားမိသွားပြီ၊ ဒီနေ့ကစပြီး ခင်ဗျားဟာ ကျုပ်တို့ရဲ့ မိတ်ဆွေ မဟုတ်တော့ဘူး "

ဟု ပြောလေရာ ဦးအောက်ထိုးက သက်ပြင်းချ၍

" သွေးသားမတော်စပ်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ရှေ့မှာ မားမားမတ်မတ် ရပ်တည်ပံ့တဲ့ မင်းတို့နှစ်ယောက်ရဲ့စိတ်ဓါတ်ကိုတော့ ချီးကျူးပါတယ်ကွာ၊ သတ္တိကိုလည်း လေးစားပါတယ်၊ ဒါပေမဲ့ ငါ့မှာ မာလာ့ကိုထိခိုက်အောင်လုပ်မဲ့ ရည်ရွယ်ချက်မရှိဘူးကွ၊ ငါ့ကိုယ်ပေါ်မှာ မင်းတို့ရှာကြည့်၊ အန္တရာယ်ပြုဖို့ အပ်တို တစ်ချောင်းတောင် မပါဘူး "

ဟု ပြောလေရာ ကောင်းကင်က မယုံကြည်ဟန်ဖြင့်ကြည့်၍

" ခင်ဗျားက ကျွန်းပြန်လူဆိုးကြီးတစ်ယောက်ပဲ၊ ကိုယ့်သမီးအရွယ်လောက်ရှိတဲ့ မိန်းကလေးတစ်ယောက်ကို အသေသတ်ပစ်လို့ ရနိုင်တာပဲ "

ဟု ပြောလေရာ ဦးအောက်ထိုးက သက်ပြင်းချ၍

" မင်းတို့ရဲ့ခေါင်းကြီးကို ချလိုက်စမ်းပါ၊ မင်းတို့နှစ်ယောက်ကို ငါ အေးအေးဆေးဆေး ရှင်းပြပါရစေ၊ အဲဒီ မာလာဆိုတဲ့ ကလေးမ





လေးဟာ ငါ့ကိုမြင်မြင်ခြင်း ထိတ်လန့်ကြောက်ရွံ့နေခဲ့တယ်၊ ဒါပေမဲ့ ငါဟာ သူ့ရဲ့ရန်သူမဟုတ်ကြောင်း နားလည်အောင် ရှင်းပြခဲ့ရတယ်၊ ငါဟာ မာလာ့ဆီကို မင်းတို့ထက် အချိန်အများကြီးစောပြီး ရောက်ခဲ့တာကွ၊ ငါ မာလာ့ကို အန္တရာယ်ပြုချင်ရင် အခုအချိန်လောက်ဆိုရင် မိန်းကလေးက လူ့ပြည်မှာ မရှိနိုင်တော့ဘူး "

ဟု ပြောလေရာ ကောင်းကင်တို့သည် ဦးအောက်ထိုး၏ မျက်နှာကို နားမလည်နိုင်ဟန်ဖြင့် ကြည့်လိုက်၏။

မြေကြီးက ခေါင်းကိုမော့ကြည့်၍

" ဘာပဲဖြစ်ဖြစ် ခင်ဗျားဟာ လူဆိုးခေါင်းပြဖြစ်ခဲ့ဖူးတဲ့လူပဲ၊ ရန်ငြိုးရန်စရှိတဲ့ မိန်းကလေးတစ်ယောက်ဆီကို ဘာရည်ရွယ်ချက်မှ မရှိဘဲ ရောက်လာပါ့မလား "

ဟု ပြောလေရာ ဦးအောက်ထိုးက သက်ပြင်းချ၍

" မင်းတို့ပြောတာ မှန်တယ်၊ မိန်းကလေးနဲ့တွေ့ဖို့ အလွန်အရေးကြီးလို့ ရောက်လာခဲ့တာပဲ "

ဟု ပြောလေရာ မြေကြီးက ခေါင်းကိုမော့ကြည့်၍

" ခင်ဗျားရဲ့ အလွန်အရေးကြီးတဲ့ကိစ္စဟာ မာလာ့ကို လက်စားချေသတ်ဖြတ်ဖို့မဟုတ်လား၊ ဒီမှာ ဦးအောက်ထိုး၊ ကျုပ်တို့ကို လိမ်ညာလှည့်ဖြားမနေနဲ့၊ ကျုပ်တို့ အမှန်တရားကို သိချင်တယ်၊ အမှန်တရားကိုပဲ အလိုရှိတယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ၄င်းတို့အနောက်မှ တဟားဟား ရယ်မောသံကို ကြားလိုက်ရပြီး

" ဟား ဟား ဟား… မင်းတို့က တကယ်ပဲ အမှန်တရားကို အလိုရှိတဲ့လူတွေလား၊ အမှန်တရားကိုပဲ မြတ်နိုးတယ်ဆိုရင် အမှန်တရားဘက်ကပဲ ရပ်တည်ကြ "

ဟူသောအသံကို ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ ၄င်းတို့ကို ခြောက်လုံးပြူးသေနတ်တစ်လက်ဖြင့် ချိန်ရွယ်ထားသော ရွှေကျားပျံသူခွေးကို တွေ့လိုက်ရလေ၏။

ကောင်းကင်က ရွှေကျားပျံသူခွေးကိုကြည့်၍

" သူခွေးရောက်လာတာနဲ့ အတော်ပဲ၊ ဦးခောက်ထိုး မိန်းကလေးတစ်ယောက်ကို သတ်တော့မယ်၊ ဒီလူကြီးကို တားပါဦး "

ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးခောက်ထိုးက စိတ်ပျက်ဟန်ဖြင့် ခေါင်းခါယမ်းလိုက်ပြီး

" မင်းတို့ဟာ သမက်ကို သူခိုးထင်တဲ့ကောင်တွေပါလား၊ လူမိုက်ကို သူတော်ကောင်းထင်၊ သူတော်ကောင်းကို လူမိုက်ထင်တဲ့ ကောင်တွေပါလား၊ ငါနဲ့ ရွှေကျားပျံသူခွေး ဘယ်သူက လူဆိုးလဲ ဆိုတာ လက်တွေ့သိရတော့မယ် "

ဟု ပြောလေရာ ကောင်းကင်နှင့် မြေကြီးသည် အလွန်အံ့ဩ





သွားပြီး ရွှေကျားပျံသူခွေးအား နားမလည်နိုင်ဟန်ဖြင့် ကြည့်လိုက်လေ၏။

ရွှေကျားပျံသူခွေးက ရယ်မော၍

" ဟား ဟား ဟား… ဦးခောက်ထိုးကြီးပြောတာ မှန်တယ်ဟေ့၊ ဒီတစ်ခါတော့ ငါလူတို့ အလွဲကြီးလွဲသွားပြီ၊ မင်းတို့က အမှန်တရားကို မြတ်နိုးတယ်၊ အမှန်တရားကို အလိုရှိတယ်ဆိုရင် ငါ့ရဲ့လုပ်ရပ်ကို မတားကြပါနဲ့၊ ငါ့ဘဝတစ်ခုလုံး ဆုံးရှုံးခဲ့တဲ့ အကြီးမားဆုံး ဆုံးရှုံးမှုအတွက် ဒီမိန်းကလေးဆီမှာ အကြွေး ပြန်ယူပါရစေ "

ဟု ပြောလေရာ ကောင်းကင်နှင့်မြေကြီးသည် မိမိနားကိုပင် မိမိ မယုံနိုင်အောင် ဖြစ်သွားကြလေ၏။

ကောင်းကင်က ရွှေကျားပျံသူခွေးကို နားမလည်နိုင်ဟန်ဖြင့် ကြည့်၍

" သူခွေးက ဘာဖြစ်လို့ မိန်းကလေးကို ဒုက္ခပေးရမှာလဲ "

ဟု ပြောလေရာ ရွှေကျားပျံသူခွေးက မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့်ကြည့်၍

" ဒီမိန်းကလေးရဲ့ ပယောဂကြောင့် ငါ့ဘဝတစ်ခုလုံး အစိပ္ပါယ်ကင်းမဲ့သလို ခံစားခဲ့ရတယ်၊ သူ့ကြောင့် ငါ့မိသားစု တစ်ခုလုံး ပြိုကွဲခဲ့ရတယ်၊ ငါ့သမီးလေး သေခဲ့ရတယ်၊ ငါ့မိန်းမနဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်မွေးလာမဲ့ ငါ့ရဲ့ရင်သွေးလေးလည်း မီးတွင်းမှာပဲ သေဆုံးခဲ့ရတယ်၊ သူ့ရဲ့လုပ်ရပ်ဟာ ရက်စက်လွန်းပါတယ်၊ မင်းတို့ကို ပြောပြတဲ့ ဇာတ်လမ်းမှာ တရုတ်ပြည်မှာ စီးပွားရှာနေတဲ့ ဦးဇော်ထိုး သမီးရဲ့ ယောကျ်ားဟာ ငါပဲကွ၊ မင်းတို့နှစ်ယောက် ကယ်တင်ခဲ့တဲ့ ကောင်လေးက ငါ့သားအရင်းမဟုတ်ဘူး၊ မွေးစားထားတာကွ၊ ငါဟာ ဦးဇော်ထိုးရဲ့ သမက်တစ်ယောက်ပဲ၊ ငါ့မိသားစုကို ကောင်းစားစေချင်တဲ့ စိတ်ကြောင့် ပြည်မကြီးပြန်ပြီး ပင်ပင်ပန်းပန်းနဲ့ စီးပွားရှာခဲ့တယ်၊ ပစ္စည်းဥစ္စာပြည့်စုံလို့ နေရပ်ကိုပြန်လာတဲ့အခါ ငါ့မိသားစု ပြိုကွဲသွားပြီဆိုတာ သိလိုက်ရတယ်၊ ငါ့မိန်းမရော ငါ့ရင်သွေးလေးရော မရှိတော့ဘူး၊ ဒါတွေအားလုံးဟာ ဒီမိန်းမရဲ့ ပယောဂကြောင့်ပဲ၊ သူ့ရဲ့လုပ်ရပ်ဟာ ရက်စက်လွန်းပါတယ်၊ ဒီမိန်းမကို လက်စားမချေဖို့ ငါ့ယောက္ခမ ဦးဇော်ထိုးက ငါ့ကို အကြိမ်ကြိမ် နားချခဲ့တယ်၊ ဒါပေမဲ့ ငါ့မိသားစုအတွက် သူ့စကားကို နားမထောင်နိုင်ခဲ့ဘူး၊ ဒီမိန်းကလေးကို လက်စားမချေနိုင်သေးသရွေ့ ငါ့ဘဝဟာ အေးချမ်းမှာမဟုတ်ဘူး၊ သူ့ကို ငါ လက်စားချေဖို့ ကြံစည်နေတုန်းမှာပဲ သူ ပျောက်ဆုံးသွားခဲ့တယ်၊ နောက်ဆုံးတော့ ငါ့ရင်ထဲမှာ စစ်မှန်တဲ့ဆန္ဒတွေကြောင့် လက်စားချေဖို့ အခွင့်အရေးကို ရခဲ့ပြီ၊ မင်းတို့အားလုံး ငါ့ကိုတားဖို့ တစ်ယောက်မှမကြိုးစားနဲ့၊ ငါ့ရည်မှန်းချက်ကို တားဖို့ကြိုးစားတဲ့သူဟာ ငါ့ရန်သူပဲ၊ ငါ့အသက်





ကို ပေးရင်ပေးရပါစေ၊ ဒီမိန်းကလေးကို လက်စားချေဖို့အသင့်ပဲ”

ဟု ပြောလေရာ မာလာသည် ရွှေကျားပျံသူဌေးအား ကြောက်ရွံ့ခြင်းမရှိဘဲ ရဲဝံ့သောမျက်ဝန်းများဖြင့် ကြည့်၍

“ ရှင့်မိသားစု အဖြစ်ဆိုးနဲ့ကြုံတွေ့ခဲ့ရတဲ့အတွက် ကျွန်မ ဝမ်းနည်းလို့မဆုံးပါဘူး၊ ဒါပေမဲ့ ဒီလိုဖြစ်စေဖို့ ကျွန်မမှာ ရည်ရွယ်ချက်မရှိဘူး၊ ရှင့်ယောက္ခမ ဦးဇော်ထိုးဟာ အပြစ်ရှိတဲ့ လူဆိုးခါးပြတစ်ယောက်ပဲ၊ ကျွန်မ အပြစ်ရှိတဲ့လူတစ်ယောက်ကို လမ်းညွှန်လိုက်တာသာ ဖြစ်တယ် ”

ဟု ပြောလေရာ ရွှေကျားပျံသူဌေးက မာလာ့အား သေနတ်ဖြင့် ချိန်၍

“ ဘာပဲဖြစ်ဖြစ် မင်းရဲ့ပယောဂကြောင့် ငါ့မိသားစု ပြိုကွဲခဲ့ရတယ်၊ ငါ့မိသားစုနဲ့ငါ ရှင်ကွဲကွဲခဲ့ရတယ်၊ ငါ့အနာဂတ်တွေကို မင်း ဖျက်ဆီးခဲ့တာပဲ၊ ငါ့အိပ်မက်တွေက တစ်ခုမှ အဓိပ္ပါယ်မရှိတော့ဘူး၊ ငါ့မိသားစုပြိုကွဲသွားတဲ့အတွက် ကလေးတစ်ယောက်ကို မွေးစားခဲ့တယ်၊ ဒါပေမဲ့ ငါ့ဘဝဟာ အဓိပ္ပါယ်ရှိမလာခဲ့ဘူး၊ ငါ့ဘဝအဓိပ္ပါယ်ရှိလာအောင် မင်းကို လက်စားချေဖြစ်အောင်ချေရမယ်”

ဟု ဆိုကာ မာလာ့အား သေနတ်ဖြင့်ပစ်ရန် ချိန်ရွယ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးဓောက်ထိုးက မာလာ၏ရှေ့တွင် ကာဆီးလိုက်ပြီး

" ဒါတွေအားလုံးဟာ ငါ့အပြစ်ပါကွာ၊ ငါမိုက်တွင်းနက်ခဲ့လို့ ငါ့သမီးနဲ့ ငါ့မြေးတွေ ဘေးဒုက္ခရောက်ရတာပါ၊ ဒီမိန်းကလေးကို အသက် ချမ်းသာပေးလိုက်ပါ "

ဟု ပြောလေရာ ရွှေကျားပုံသူဌေးက

" ဒီမှာ ဦးဓောက်ထိုး၊ ကျုပ်ရှေ့က ဖယ်ပါ၊ ခင်ဗျားဟာ ကျုပ်ယောက္ခမဖြစ်နေပေမဲ့ ခင်ဗျားကိုလည်း ကျုပ် ပစ်ဖို့ ဝန်မလေးဘူး၊ ဒီနေ့ဟာ ကျုပ်တဝရဲ့ အကြီးမားဆုံးရည်ရွယ်ချက်တွေ ပြည့်ဝတဲ့နေ့ပဲ "

ဟု ဆိုကာ ဦးဓောက်ထိုးအား သေနတ်ဖြင့်ပစ်ရန် ချိန်ရွယ်လိုက်၏။

ထိုအခိုက်မှာပင် သေနတ်သံ ဒိုင်းခနဲကြားလိုက်ရပြီး ရွှေကျားပုံသူဌေးသည် မြေပေါ်သို့ ပြိုလဲကျသွားလေ၏။

ကောင်းကင်တို့သည် သေနတ်သံလာရာသို့ လှမ်းကြည့်လိုက်သောအခါ မြက်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားသည့် နီဗွာန်ဆော်ဟုခေါ်သော ကူးတို့သမားကို တွေ့လိုက်ရလေ၏။

ကူးတို့သမားသည် ခေါင်းတွင်ဆောင်းထားသော မြက်ဦးထုပ်ကို ဖြည်းညင်းစွာ ချွတ်လိုက်လေ၏။





ကောင်းကင်တို့သည် ကူးတို့သမား၏ မျက်နှာကိုမြင်သောအခါ အလွန်အံ့သြသွားပြီး

" ဦးစိန်တစ်လုံး "

ဟု အော်ဟစ်လိုက်လေ၏။

နိဗ္ဗာန်ဆော်ဆိုသော ကူးတို့သမားကြီးသည် သမီးဖြစ်သူအား ရှာဖွေရန် ဆုငွေပေးမည်ဆိုသော သူဌေးကြီး ဦးစိန်တစ်လုံး ဖြစ်နေလေ၏။

ဦးစိန်တစ်လုံးက ယမ်းငွေ့တလူလူထွက်နေသော သေနတ်ကို ကိုင်၍ အနီးသို့ လျှောက်လှမ်းလာပြီး

" ကျုပ်သမီးလေးရဲ့အသက်အန္တရာယ်ကို စိုးရိမ်လို့ ငမိုးရိပ်ချောင်းနံဘေးမှာ ကူးတို့သမားအဖြစ် လာပြီးဟန်ဆောင်နေရတာ"

ဟု တိုးတိုးပြောလိုက်လေ၏။

ထိုအခါ ဦးဓောက်ထိုးက

" ကျုပ်ကို မနက်က ဒီဘက်ကမ်းကို လိုက်ပို့ကတည်းက နိဗ္ဗာန်ဆော်ဆိုတဲ့ ကူးတို့သမားဟာ ဦးစိန်တစ်လုံးဆိုတာ ကျုပ် ရိပ်စားမိပါတယ်၊ ကျုပ်သမက်ရဲ့အမှန်တရားတွေ ဒီနေ့တော့ နိုင်းချုပ်သွားပါပြီ၊ သူဟာ ရွှေကျားပုံသူဌေးဖြစ်နေတဲ့အခါ ကျွန်းပြင်လူဆိုးတစ်ယောက်ဖြစ်ခဲ့တဲ့ ကျုပ်နဲ့ ဆွေမျိုးတော်စပ်ခဲ့တာကို ပြည်သူ့ကားချပြီး မိတ်ဆွေရင်းချာတွေလိုပဲ နေထိုင်ခဲ့တယ်၊ သူဟာ ပြေနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ရန်ငြိုးကို ရင်မှာပိုက်ထားခဲ့တယ်၊ ကျုပ်ရဲ့မိုက်ပြစ်တွေကြောင့် ဖြစ်ခဲ့တာမို့ သူ့ကို အကြိမ်ကြိမ်ဖျောင်းဖျဖို့ ကြိုးစားခဲ့ပေမဲ့ မအောင်မြင်ခဲ့ဘူး၊ အခုတော့ သူ့ရဲ့အမုန်းတရားတွေ အဆုံးသတ်သွားပြီ ”

ဟု ရေရွတ်လိုက်လေ၏။

ထိုအခိုက်မှာပင် မာလာသည် တယောအိုလေးတစ်လက်ကို ကိုင်ဆွဲ၍ လွမ်းမောဖွယ် တေးသွားတစ်ပုဒ်ကို ထိုးနေလေတော့၏။

အရာအားလုံး ပြီးဆုံးသွားချေပြီ။

သိမ်းပိုက်ခြင်းကင်းသော
မင်းမြတ်သူရ



www.burmeseclassic.com